လက်သမားအိုကြီးတစ်ယောက်

ပဲခွပ်တစ်လက်နှင့် သစ်သားကို ခုတ်လေ့ရှိတယ်။

ကာလကြာတော့ ပဲခွပ်ရိုးမှာ ပွန်းပြီး လက်မနှင့်

လက်ချောင်းရာ ထင်လာပါတယ်။ လက်သမားက

“ဒီနေ့ ငါ့ပဲခွပ်ရိုးမှာ ဒီမျှလောက်တော့ ပွန်းပြီ၊

လက်ရာ ဒီမျှထင်လာပါတယ်” လို့တော့မသိဘူး။

ကာလရှည်ကြာ သုံးပြီးဖြစ်လို့သာ ပဲခွပ်ရိုးမှာ

လက်ရာထင်တာပဲ သိသာနိုင်ပါတယ်။

ဒီအတိုင်းပဲ ဘာဝနာတရား ပွားတဲ့သူမှာလည်း

“ငါ့ သန္တာန်မှာ ဒီနေ့ ကိလေသာ အညစ်အကြေး

ဒီမျှ ကုန်စင်သွားပြီ” လို့တော့ မြင်ခဲ သိခဲပါတယ်။

ကိလေသာ ကင်းစင်လာတာကိုတော့

ယောဂီပုဂ္ဂိုလ်က သေသေချာချာကြီးကို သိနိုင်ပါတယ်။

ဥရောပယောဂီ၏ ဘဝနိဂုံး အပိုင်း(၁) ✲ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်



ရန်ကင်းတောင်စာစဉ်(၁၇)

# ဥရောပယောဂီ၏ ဘဝနိဂုံး

## အပိုင်း(၁)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

တတိယအကြိမ်

# ဥရောပယောဂီ၏ ဘဝနိဂုံး

## အပိုင်း-၁

တတိယအကြိမ်


**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်**

Email : ven.khemananda.brahmana@gmail.com

website:www.dhammatrainingcenter.com

## ရန်ကင်းတောင်စာစဉ် အမှတ် (၁၇)

**အဖုံးနှင့်အတွင်းပုံနှိပ်** = ရွှေနိုင်ငံ (၀၀၂၆၉) အမှတ်(၉၀)စီ၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ထုတ်ဝေသူ** = ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၀၄၄၇)

**ဖြန့်ချိရေး** = **ရန်ကင်းတောင်စာစဉ်**

**နေပြည်တော်**

ဖုန်း–၀၉–၄၃၀ ၇၅၇၀၄၊ ၀၉–၇၉၇ ၃၀၃၀၂၁၊

၀၉–၈၃၀ ၄၄၄၆

**ရန်ကုန်**

ဖုန်း–၀၉–၅၁၇၀ ၉၇၉၊ ၀၉–၇၃၀ ၇၀၇၈၁၊

၀၁–၆၄၅ ၈၉၄

**သစ္စာမဏ္ဍိုင်ပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဖက်မုခ်)**

ဖုန်း –၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉

**တန်ဖိုး** = ၂၀၀၀ ကျပ်

**ထုတ်ဝေသည့်အကြိမ်** = ပထမအကြိမ် ၂၀၁၀ အောက်တိုဘာလ ( ၂၀၀၀ )

ဒုတိယအကြိမ် ၂၀၁၁ ဇန်နဝါရီလ ( ၂၀၀၀ )

တတိယအကြိမ် ၂၀၁၅ စက်တင်ဘာလ ( ၂၀၀၀ )

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'** (CIP)

၂၄၉ ・၃

အရှင်ခေမာနန္ဒ(ရန်ကင်းတောရ) သပြေပင်။

ဥရောပယောဂီ၏ ဘဝနိဂုံး အပိုင်း(၁)၊ တတိယအကြိမ်

ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၁၅။ ၂၁၆ စာ၊ ၁၃ ・၉၇ x ၂၀ ・၃၂ စင်တီ။

(၁) ဥရောပယောဂီ၏ ဘဝနိဂုံး အပိုင်း(၁)

## မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၁ | ကျေးဇူးဥပကာရ မော်ကွန်း | က |
| ၂ | ကျေးဇူးရှင် ရွှေဥမင်ဆရာတော် ဘုရားကြီး၏ ဆုံးမသြဝါဒ | ခ |
| ၃ | ဤကောင်းမှုဆုတောင်း | ဂ |
| ၄ | သတိပဋ္ဌာန်ကြောင့် ရရှိမည့် အကျိုးကျေးဇူး | ဃ |
| ၅ | ဤစာအုပ်အကြောင်း | င |
| ၆ | ဥဒါန်း | ဌ |
| ၇ | ဆရာတော်နှင့် ဒါယိကာမတို့၏ ပေးစာပြန်စာများ | ၁ |
| ၈ | ကျမ်းညွှန်း | ၂၂၆ |

## ကျေးဇူးဥပကာရ မော်ကွန်း

ဥရောပယောဂီ၏ ဘဝနိဂုံး စာမူကြမ်းကို များပြားလှစွာသော သာသနာ့တာဝန်များကြားမှ မရှိသည့် အချိန်ထဲက ဖဲ့ယူ၍ စိတ်ရှည်စွာဖြင့် သတ်ပုံသတ်ညွှန်းမှအစ စာအထားအသိုထိ တည်းဖြတ် ပြုပြင်ပေးတော်မူသည့် မှော်ဘီသာသနာ့ဝန်ဆောင် ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ)နှင့် စာချဆရာတော် ဦးပညာဝံသ (သာသနဓဇဓမ္မာစရိယဝိနယပါဠိပါရဂူ)တို့အား ကျေးဇူးဥပကာရ တင်ရှိသည့်အကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရန်ကင်းတောင်စာစဉ် စီစဉ်သူများ

၂၈. ၁၀. ၂၀၁၀

## ဤစာအုပ်အကြောင်း

ဤစာရေးသူ အရှင်မြတ်သည် ရွှေဥမင်ဆရာတော်ဘုရားကြီး သက်ရှိထင်ရှား ရှိစဉ်အခါ ထံတော်ပါး၌ သီတင်းသုံးနေစဉ် ကာလက ကမ္ဘာကျော် ဝိပဿနာတရားပြဆရာကြီး Mr Joseph Goldstein ၏ The Experience of insight ကို မလေးရှားနိုင်ငံမှ ဥပါသကာများက ခက်ခဲနက်နဲသည့် ကျမ်းစာအုပ်ပါ အကြောင်းအရာများကို နားလည်လွယ်သည့် ကာတွန်းပုံငယ်များဖြင့် ဝေဝေဆာဆာ ဖတ်ရှုချင်စဖွယ် ရေးသားထားသည့် (Settling back into the moment) စာအုပ်ငယ်ကို တွေ့ရှိခဲ့ပြီးနောက် "မြန်မာနိုင်ငံက တရားဝါသနာပါတဲ့ ဒကာ၊ ဒကာမတွေလည်း ဝိပဿနာပညာကို အခုလို ပေါ့ပေါ့ပါးပါး လင်းလင်းရှင်းရှင်း လွယ်လွယ်ကူကူ ဖတ်ရှုခွင့်ရရင် သိပ်ကောင်းမှာပဲ။ ဒီလို စာအုပ်မျိုး ဒို့နိုင်ငံမှာ မရှိသေးဘူး" လို့ မိန့်တော်မူခဲ့ဖူးသည်။

ရွှေဥမင် ဆရာတော်ဘုရားကြီး လွန်တော်မူပြီးနောက် အရှင်မြတ်ထံ နည်းမှီပြီး တရား အားထုတ်နေကြသည့် ရန်ကင်းတောင်မှ ယောဂီတို့၏ မေးမြန်းလျှောက်ထားကြသည့် မေးခွန်းပေါင်းစုံကို (Short Question) အသွင်ပြောင်းကာ ကာတွန်းပုံကလေးများဖြင့် တန်ဆာဆင်၍ စာကြမ်း ပြုစုလာခဲ့ရာ ရက်ပေါင်း ငါးရာကျော်ခန့် ရှိလာသောအခါတွင်မူ စာအုပ်ပါးတစ်အုပ် ဖြစ်ပေါ်၍လာပါသည်။

ရတနာမွန် အယ်ဒီတာချုပ် ဆရာဦးထွန်းလွင်က ထိုစာမူကို ကြည့်ပြီး "ဒီစာအုပ်က ကလေးသူငယ်တွေသာမက ဝိပဿနာနှင့် စိမ်းနေတဲ့ လူကြီးတွေအတွက်ပါ အလွန်တန်ဖိုးရှိတဲ့ စာအုပ်ဖြစ်တဲ့ အတွက် အမြန်ဆုံး ထုတ်ဝေသင့်ကြောင်း" အကြံပြုသည့်အပြင် ထိုစာမူပါ စာလုံးပေါင်းသတ်ပုံ အမှားအယွင်းများကို ပြင်ဆင်ပေး

ပြီး အယ်ဒီတာချုပ်ကိုယ်တိုင် ကမကထပြုကာ စာအုပ်ပုံနှိပ်ရန်ထိ စီစဉ်နေပါသော်လည်း ထိုစာမူ၏ အမည်ကိုမူ စာရေးသူမှ မပေးရ သေးပါ။

ထို့ကြောင့် စာရေးသူအား စာအုပ်အမည်ကိစ္စ လျှောက်ထား အပြီး ဝိုင်းဝန်းကာ အမျိုးမျိုး စဉ်းစားလာရာမှ နောက်ဆုံးတွင် ဝိပဿနာ အခြေခံများကို ရုပ်ပုံများဖြင့် တန်ဆာဆင် ရေးထားသော စာမူဖြစ်နေသောကြောင့် ရိုးရှင်းသည့် *"ဝိပဿနာ သင်ပုန်းကြီး ဖတ်စာ"* ဟူသော အမည်ဖြင့် (၂၀၀၄) ခုနှစ်က စတင်ထုတ်ဝေခဲ့ရာ ယခုအခါ ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်းအဖြစ် စာအုပ်ရေ တစ်သောင်းကျော် ပုံနှိပ်ပြီး ဖြစ်ပါသည်။ "ဦးဇင်း ရွှေဥမင်ဆရာတော် ထံပါး သီတင်းသုံးခဲ့စဉ်က (Settling back into the moment) ဖတ်ရှုရာမှ ပေါ်ပေါက်လာခဲ့တဲ့ အကြံဉာဏ်လေး တစ်ခုကနေ ဒီဝိပဿနာ သင်ပုန်းကြီးဖတ်စာ ဖြစ်လာတာပါ"ဟု ဝိပဿနာ သင်ပုန်းကြီးစာအုပ် ဖြစ်ပေါ်လာပုံကို မေးမြန်းလျှောက် ထားရာတွင် ဤသို့ မိန့်ကြားဖူးပါသည်။

ဆက်လက်ပြီး ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော့် ကျောင်းတွင် သီတင်းသုံးခဲ့စဉ်က စာပေးစာယူ ပုံသဏ္ဍာန်ဟန်ပန်ဖြင့် ရေးသားထားသော (Freed Freedom) စာမူကို ဖတ်ရှုပြီးနောက် "ဒီ ရေးသားဟန်နဲ့ စာအုပ်မျိုး မြန်မာနိုင်ငံမှာ မရှိဖူးဘူး။ မေးတဲ့ပုဂ္ဂိုလ် လည်း ပေးစာတွေနှင့်ဆိုတော့ လွတ်လွတ်လပ်လပ်ကြီး မေးမြန်းခွင့် ရှိသလို ဖြေတဲ့ပုဂ္ဂိုလ်မှာလည်းပဲ ပြန်စာပေးတဲ့ ဟန်နဲ့ဆိုတော့ အားရပါးရ ခိုင်ခိုင်လုံလုံ ကျမ်းကိုးများနှင့်တကွ ဖြေနိုင်တယ်။ ဖတ်လို့ သိပ်ကောင်းတဲ့ စာအုပ်ပဲ" ဟု မိန့်တော်မူခဲ့ပါသည်။

ထိုစဉ်အခါက ထိုအင်္ဂလိပ်စာမူကို သီတင်းသုံးဖော်များ၏ တိုက်တွန်းမှုကြောင့် တစ်ပိုင်းတစ်စ ဘာသာပြန်ခဲ့ပြီးနောက် တရားအားထုတ်လို၍ ရွှေဥမင် ဆရာတော်ဘုရားကြီး ထံတော်ပါးကို ရောက်ရှိသွားသဖြင့် စာအုပ်များနှင့် လအတန်သာမက နှစ်အတန်ကြာပင် ကင်းကွာ၍ သွားခဲ့ပါသည်။ တစ်ပိုင်းတစ်စ ဘာသာပြန်ထားခဲ့မိသော ထိုစာမူ၏ အမည်ကိုမူ "ဥယောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ" ဟူ၍ ပဏာမအကြမ်းဖျင်း ကင်ပွန်းတပ်ထားခဲ့ပါသည်။ မပြီးပြတ်သေးသော ဘာသာပြန်လုပ်ငန်းဟု ဆိုကောင်း ဆိုနိုင်ပါသည်။

သို့သော် စာရေးသူအရှင် ရွှေဥမင် ဆရာတော်ဘုရားကြီး ထံတော်ပါးတွင် သီတင်းသုံး နေထိုင်ခဲ့သည့် ကာလ၌ ထိုတစ်ပိုင်းတစ်စ ဘာသာပြန်ထားသော စာမူကို ဒါယကာများမှ ကွန်ပျူတာ စာစီပြီး မိတ္တူများစွာပင် ပွား၍ ဖြန့်လျက်ရှိသည်ကို အရှင်မြတ် မသိရှိခဲ့ပေ။

ရွှေဥမင် ဆရာတော်ဘုရားကြီး လွန်တော်မူပြီး နောက်ပိုင်း လယ်ဝေးမြို့မှ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ ရန်ကင်းတောင်သို့ ရောက်ရှိသောအခါ ထိုစာအုပ်ပေါင်း မြောက်များစွာကို ဓမ္မဒါနပြုပြီး နေရာအနှံ့ ပြန့်နှံ့လျက်ရှိကြောင်း သိရှိရသောအခါ၌မူ စိတ်မသက်သာစွာဖြင့် "ဒီစာမူ ဒီလိုဖြန့်လို့ မသင့်တော်ပါဘူး။ ဒီစာမူနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေဆီကိုလည်း ဘာသာပြန်ခွင့် မတောင်းရသေးဘူး။ ဘာသာပြန်ထားတာလည်း မပြီးပြည့်စုံသေးဘူး။ ဒါကြောင့် ဒီစာမူဟာ ဒီလိုကြီး စာဖတ် ပရိသတ်ကြားထဲကို ပြန့်သွားတာဟာ ဦးဇင်းတာဝန် မကင်းဘူး။ မလိုလားအပ်တဲ့ကိစ္စပါပဲ" ဟု မိန့်တော်မူပါသော်လည်း စာမူကို လက်ဝယ်ရရှိပြီး ဖတ်ရှု

မိသည့် ပရိသတ်များက ထိုစာမူပါ သူတို့ စိတ်ဝင်စားကြသည့် အကြောင်းအရာများကို အရှင်မြတ်ထံ လာရောက် မေးမြန်း လျှောက်ထားမှုများပင် ရှိလာပါသည်။

ထိုအခါ စာရေးသူ အရှင်မြတ်သည် "ဒီ မပြီးပြည့်စုံတဲ့ စာမူကြောင့် စာဖတ်သူတွေအပေါ် တာဝန်မကျေပွန်ဘူးလို့ ခံစား ရတယ်။ ဒါကြောင့် ဒီစာမူကို စနစ်တကျလုပ်မှပဲ ဖြစ်တော့မယ်" ဟု မိန့်ကြားကာ ဘာသာရေး မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသား လျက်ရှိနေသည့် လုပ်ငန်းကို ရပ်ဆိုင်းထားပြီး ယောဂီနှင့် ဆရာတော် တို့၏ အကြား Freed Freedom ၏ ရေးဟန် စာပေးစာယူပုံစံ ဖြင့် စာမူ ပြုစုတော်မူခဲ့ပါသည်။ "ဒီစာမူက ဘာသာပြန်စာမူ မဟုတ်တော့ပါဘူး။ Settling Back into the moment ထဲက ရေးဟန်နှင့် ကာတွန်းပုံကို နည်းမှီပြီး ဝိပဿနာ သင်ပုန်းကြီးဖတ်စာ ဖြစ်လာသလို ဒီစာမူကလည်း Freed Freedom ထဲက စာပေး စာယူ ပုံဟန်ကို နည်းမှီထားတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် မူရင်းစာအုပ်ရဲ့ ဩဇာလွှမ်းမိုးမှုတော့ ဒီပထမစာအုပ်မှာ အတော်ကြီး ပါသွား ပါသေးတယ်" ဟု ပြောကြားရင်း စာမူကြမ်းကို စီစဉ်သူများ လက်သို့ ပေးအပ်ခဲ့ပါသည်။

တရား မြတ်နိုးသူများကြားသို့ မိမိတို့နည်း မိမိတို့ဟန်ဖြင့် မိတ္တူကူး၍ ပွားနေသော စာမူကို အစားထိုးရန် ရေးသားအပ်သော စာမူဖြစ်သဖြင့် ဤစာမူ၏ ခေါင်းစဉ်ကိုလည်း မဟာမြိုင်တောရ၌ သီတင်းသုံးစဉ် တစ်ပိုင်းတစ်စ ဘာသာပြန်ခဲ့မိသည့် စာမူခေါင်းစဉ် အတိုင်း ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာဟူသော အမည် ကိုပင် ဆက်လက် အသုံးပြုခဲ့ပါသည်။ ဤသို့ အသုံးပြုခဲ့ရသည့်

အဓိက အကြောင်းရင်းမှာ မိတ္တူကူး၍ ဖတ်ရှုနေကြသော စာဖတ် ပရိသတ်များအား ဤစာမူဖြင့် ကျေနပ် နှစ်သိမ့်စေလိုသော စေတနာ အရင်းခံကြောင့်ပင် ဖြစ်ပါသည်။

သို့သော် တစ်နှစ်ခန့် ကြာသောအခါတွင်မူ "စာမူတွေ မိတ္တူ ကူးပြီးတော့မှ ပြန့်ပွားတာ မနိုင်မနင်း ဖြစ်လွန်းလို့သာ ဥရောပ ယောဂီ၏ ကိုယ်တွေ့ဝိပဿနာကို ကမန်းကတန်း ရေးလိုက်ရတယ်။ စိတ်ထဲ တယ်လဲအားမရဘူး"ဟု မိန့်တော်မူရာမှ ကပ္ပိယများက "နောက်ထပ်များ ရေးလို့ရရင် ရေးပေးပါရန်" လျှောက်ထားကြရာ လအတန် ကြာသောအခါတွင်မူ စာမူတစ်စုံ ထွက်လာပါသည်။ ထို စာမူ၏ အမည်ကိုမူ မသိရသေးပါ။ ရေးဟန်မှာ (Freed Freedom) ၏ ဟန်အတိုင်းပင် စာပေးစာယူပုံစံဖြင့် တရားအားထုတ်သော ယောဂီနှင့် ဆရာ၏ အပြန်အလှန် ရေးသားထားသော စာမူပင် ဖြစ်ပါသည်။

သို့သော် ထိုစာမူကို ပုံနှိပ်နိုင်ရန် စာရေးသူမှာ တွန့်ဆုတ်နေ သည်မှာ ကာလပင် အတန်ကြာသွားပါသည်။ ထိုအခါ တရားကို လိုလားကြသည့် စာဖတ်ပရိသတ်များက "ဒီစာမျိုးကို ဖတ်ရဖို့ အလွန် တမ်းတနေတဲ့ ပရိသတ် များစွာ ရှိပါတယ်ဘုရား။ ဒီစာအုပ် ထွက်သင့်ပါတယ်"လို့ မကြာခဏ အားပေး လျှောက်ထားသော ကြောင့် စာအုပ်ထုတ်ရန် သဘောတူပြီး ဤစာအုပ်ကိုလည်းပဲ ဥယောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) ဟူ၍ပင် အမည် ပေးလိုက်ရပါသည်။ ပထမထုတ်ခဲ့သော စာအုပ်မှာ အလို အလျောက် ဥယောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) ဖြစ်သွားရပါတော့သည်။

ထိုအချိန်မှစ၍ စာဖတ်ပရိသတ်များက "ဥရောပယောဂီ တတိယပိုင်း ဘယ်တော့ထွက်မလဲ" ဟု အတန်တန် မေးလျှောက်လာကြပါသည်။ "ဥရောပယောဂီ ဒါယိကာမကြီး သက်ရှိထင်ရှား ရှိပါသေးသလား"ဟု မေးလာကြပါသည်။ ဥရောပယောဂီ ဒကာမကြီးကို အားကျပြီး "ဒို့လည်း အသက်မကြီးသေးဘူး။ အားထုတ်ဦးမယ်" ဟု ဆိုကြရင်း တတိယပိုင်းကို မျှော်လင့်တကြီး စောင့်စားကာ နေကြပါတော့သည်။

ဤအခြေအနေ အရပ်ရပ်ကို စာရေးသူအရှင်အား လျှောက်ထားရာတွင် "ရေးမှပဲ ကျေးဇူးများမယ်ဆိုရင်တော့ မတွန့်မဆုတ် ရေးရုံပါပဲ။ ဒီစာမျိုးက တွန့်ဆုတ်ပြီး ရေးလို့လည်း မဖြစ်ဘူး။ ကျန်းမာရေးကောင်းအောင် စောင့်နေလို့လည်း မဖြစ်နိုင်တော့ပါဘူး။ ဒါဆိုလည်း တတိယပိုင်းကို ရေးကြတာပေါ့" ဟု မိန့်ကာ ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ ပထမပိုင်း၊ ဒုတိယပိုင်း၏ ရေးနည်းရေးဟန် အတိုင်းပင် ရေးသားခဲ့ပါသည်။ သို့သော် အရှင်မြတ်မှ "ပထမဦးဆုံး (ပထမပိုင်း) စာအုပ်ထုတ်တဲ့ အခါမှာ နိဒါန်းပိုင်း စာမျက်နှာအချို့ စီစစ်မှု အားနည်းပြီး အရင်စာမူအတိုင်းပဲ ပါသွားတယ်။ ဒါကြောင့် စာဖတ် ပရိသတ်တွေရဲ့စိတ်ထဲ မရှင်းမလင်းများ ဖြစ်နေကြရော့သလားပဲ။ ဒီစာမူတွေဟာ ဘာသာပြန်မှ မဟုတ်တာ၊ ဘာသာပြန်လို့ပဲ ထင်နေတာ များဟန်တူတယ်။ ဒါကို ဖြေရှင်းချက်ပေးဖို့ လိုအပ်တယ်နော်" ဟု မိန့်တော်မူပါသည်။

ထိုအကြောင်းကြောင့် ဤမျှ ရှည်လျားစွာ စာအုပ်အကြောင်းကို ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် (Settling Back into the moment) စာအုပ်၏ ရေးနည်းရေးဟန် အယူအဆမှ ဝိပဿနာ သင်ပုန်းကြီးဖတ်စာ ဖြစ်လာသကဲ့သို့ (Freed Freedom)

၏ ရေးနည်းရေးဟန်မှသည် ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ ဖြစ်ပေါ်၍ လာခြင်းဖြစ်သည့်အပြင် စာရေးသူမှ ဤစာများ ဖြစ်ပေါ် လာပုံအတွက်လည်း "ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး ထံပါး တရား လျှောက်ထားနေတဲ့ စိတ်ကိုသွင်းပြီး ဒီစာတွေရေး ဖြစ်တာပါ" ဟု မိန့်တော်မူဖူးပါသည်။

ဥရောပယောဂီ တတိယပိုင်းသည်သာ နိဂုံး ဖြစ်ချင်ဖြစ် ပါစေ အရှင်မြတ်၏ စာများမှာမူ နိဂုံး အပြီးသတ် မဖြစ်ပါစေနဲ့ဟု ဒါယကာများက ဆုတောင်း ဆန္ဒပြုခဲ့ကြရာ ယခုအခါ အရှင်မြတ် ၏စာများ နိဂုံးမချုပ်သေးဘဲ ဥရောပယောဂီ၏ ဘဝနိဂုံးဟူသော စာမူ ပေါ်ထွက်၍ လာပါသည်။

ဤဥရောပယောဂီ၏ ဘဝနိဂုံးမှာမူ ဥရောပယောဂီ၏ ကိုယ် တွေ့ဝိပဿနာစာမူနှင့် တဆက်တည်းဟု ဆိုလျှင်လည်း ရပါသည်။ သီးခြားစီ ယူလိုကလည်း ယူနိုင်ပါသည်။ ဤစာအုပ်၌ ပါသော စာမျက်နှာတစ်ခုခုကို ကြုံသလို ဖတ်ရှု၍ ရနိုင်ပါသည်။ အစဉ် အတိုင်း ဖတ်ရမည့် စာမျိုးမဟုတ်ပါ။ တနည်းပြောရလျှင် အစဉ် အတိုင်း ဖတ်မှသာလျှင် အရသာပေါ်သော စာမျိုးမဟုတ်ဘဲ မိမိ ဖတ်လိုသော စာမျက်နှာကို ကောက်ဖတ်လိုက်လျှင်ပင် တရား အားထုတ်သော ယောဂီအဖို့ အမိပ္ပါယ် ပေါ်နိုင်ဖွယ် ရှိပါသည်။

စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်တိုင် အထောက်အပံ့ ကောင်း ဖြစ်နိုင်ပါစေသား။

စီစဉ်သူများ
ရန်ကင်းတောင်စာစဉ်
၁၈-၄-၂၀၁၀

# ဥဒါန်း

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ သမီးသည် ဤကမ္ဘာလောက၌ ယသောဓရာပြီးလျှင် ဘုန်းကံပါရမီအလျောက် ရုပ်ဆင်းအင်္ဂါပြေပြစ်ကာ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့်ပြင်၊ လူ့အဆင်းကိုကျော်၍ နတ်အဆင်းတမျှ လှပပြေပြစ်ကာ ဇနပုဒ်၌ အဆင်းဂုဏ်၊ အတတ်ပညာဂုဏ်နှင့် ပြည့်စုံသူဖြစ်သောကြောင့် ဇနပဒကလျာဏီဟု အမည်ရပါသည်။ ထို့ပြင် သုန္ဒရီနန္ဒာ၊ ရူပနန္ဒာ၊ နန္ဒာဟူ၍လည်း အမည်ရသူ ဘုရင့်သမီးတော်တစ်ပါး၏ ပြီးပြည့်စုံကာ သာယာလှပသော ဘဝကို လူသားတိုင်း အတွေးကိုယ်စီဖြင့် ခံစား နားလည်နိုင်ပါသော်လည်း၊ သူ၏နှုတ်မှ ပြောကြားခဲ့သည့် အောက်ပါစကားကိုမူ နားလည်ရန် ကြိုးစားရပေဦးမည်။

သဗ္ဗံ သရီရသဉ္ဇာတံ၊ ပူတိဂန္ဓံ ဘယာနကံ။
သုသာနမိဝ ဗီဘစ္ဆံ၊ ရမန္တေ ယတ္ထ ဗာလိသာ။

"ကိုယ်၌ဖြစ်သော အရာအားလုံးသည် ပုပ်သော အနံ့ရှိ၏၊ သုသာန်ကဲ့သို့ ကြောက်မက်ဖွယ် ရွံရှာဖွယ်ဖြစ်၏။ ယင်းရုပ်(အဆင်း)၌ အမိုက်မတို့သည် ပျော်မွေ့ကုန်၏။"[၁]

၁။ (၂၁၀) နန္ဒာထေရီအပဒါန။

**ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား ထံတော်ပါးကို ဘုရားတပည့်တော်၏ စာအဆက်အသွယ် ပြတ်သွားသည်မှာ ကာလ အတန်ကြာသွားပါပြီဘုရား။ ဘုရားတပည့်တော် စာရေးမလျှောက်ဖြစ်သော်လည်း မြတ်စွာဘုရား၏ တပည့်သား အရှင်မြတ်ဘုရား၏ စကားကို မြေဝယ်မကျ နာခံလျက် ရှိပါသည်ဘုရား။

*ဘုရားတပည့်တော် ဆိုဆုံးမလွယ်သူ ဖြစ်ချင်လှပါတယ်ဘုရား။ ဘုရားတပည့်တော် ရောင့်ရဲလွယ်သူ ဖြစ်ချင်လှပါတယ်ဘုရား။ သူတော်ကောင်း ပညာရှိများရဲ့အမြင်မှာ အပြစ်ဆိုစရာ တစ်စုံတစ်ရာမျှ မရှိသူလည်း ဖြစ်ချင်လှပါတယ်ဘုရား။*

ဘုရားတပည့်တော်မ ဘဝဟာ နေဝင်ချိန် ရောက်နေပါပြီဘုရား။ ကံမကုန်သေးလို့ လူ့လောကမှာ နေခွင့်ရနေသေးတဲ့ တစ်နေ့တာ တစ်နေ့တာဘဝမှာ မာန်မာန မကြီးချင်တော့ပါဘုရား။ ဆိုဆုံးမခက်သူ မဖြစ်ချင်ပါဘုရား။ သူတော်ကောင်းပုဂ္ဂိုလ်တို့ရဲ့ အမြင်မှာ အပြစ်တင်စရာဆို မြူတစ်မှုန်မှ မပြောလို မလုပ်လိုတော့ပါဘုရား။ ဗုဒ္ဓသာသနာနဲ့ ကြုံရတဲ့ဘဝမှာမှ ဖြည့်ကျင့်ခွင့် ရနိုင်တဲ့ ကုသိုလ်ကောင်းမှုတို့ကို ဘုရားတပည့်တော် လက်မလွတ်တမ်း ရချင်ပါတယ်ဘုရား။ နောက် နောင် ဘဝတွေ ရှိသေးရင်လည်းပဲ ဗုဒ္ဓမြတ်စွာဘုရားရှင် သာသနာနဲ့တော့ လက်တွဲ မဖြုတ်လိုတော့ပါဘုရား။

တရားလျှောက်ထားပါရစေဘုရား။ ဘုရားတပည့်တော်မ မနက် အိပ်ရာနိုးလာတော့ မောပန်းနွမ်းနယ်ပြီး ပင်ပန်းသလို ရုတ်တရက် ခံစားရပါတယ်ဘုရား။ တပည့်တော် ပြုအပ်တဲ့ပြုဖွယ်

ကိစ္စများကို ဆောင်ရွက်ပြီးတဲ့ နောက်မှာတော့ ခါတိုင်းလိုပဲ စကြံ လျှောက်မယ်လို့ လှမ်းလိုက်တာ ခြေလှမ်း သုံးလေးလှမ်းထက် ပိုပြီး လျှောက်လို့ မကောင်းတော့ပါဘူးဘုရား။ ခြေလှမ်းက လျှောက်လှမ်း နေပါတယ်။ ဒါပေမယ့် ဉာဏ်က စကြံ ဆက်မလျှောက်သင့်တော့ ဘူးလို့ သတိပေးနေပါပြီ။

ဒါကြောင့် ဘုရားတပည့်တော် သက်သာသလိုပဲ နေပြီး ခန္ဓာမှာ ဖြစ်နေတာကို သိသိပေးနေပါတယ်။ အဲဒီအချိန်လေးမှာ မေတ္တာကမ္မဋ္ဌာန်း ရှုပွားလိုစိတ် ပေါ်လာတာနဲ့ ရှုပွားကြည့်တော့ တစ်ခုခု အာရုံစူးစိုက်ရတာကို ပင်ပန်းလှပါတယ်ဘုရား။ ဘုရား တပည့်တော် မေတ္တာကမ္မဋ္ဌာန်းကို မစွမ်းဆောင် နိုင်တော့ပါဘူး ဘုရား။ ဒါကြောင့် ကျွမ်းကျင် နှံ့စပ်တယ်လို့ ထင်ထားတဲ့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြည့်တော့လည်း တစ်ခုခုကို အာရုံမပြုနိုင်သလို ဖြစ်နေ ပြန်တယ်။ ဒါနဲ့ ခန္ဓာမှာ ပေါ်ရာပေါ်ရာ ကိုပဲ အလိုက်သင့်လေး သိအောင်ကတော့ ရဦးမယ်ထင်ပြီး တပည့်တော် စမ်းသပ်တဲ့အခါမှာ ပေါ်ရာ ပေါ်ရာကိုတော့ အလိုက် သင့်ပဲ သိနေနိုင်စွမ်းသေးတာကို သတိပြုမိပါတယ်ဘုရား။

*ဒါကြောင့် ဝိပဿနာသည် ခန္ဓာရဲ့ ခံနိုင်ရည် စွမ်းအား နည်းနေသော်လည်း ရှုပွားလို့ရနိုင်လောက်ပြီး သမထကိုတော့ အလေ့အကျင့် ဘယ်မျှထိ ကောင်းမှသာလျှင် သေခါနီးမှာ အသုံးပြုနိုင်မယ်ဆိုတာကို တပည့်တော် ကောင်းကောင်း မှန်း ဆလို့ မရနိုင်သေးပါဘုရား။* ဒါကြောင့် ဘုရားတပည့်တော်၏ အဖော်၊ ဘုရားတပည့်တော်၏ မိတ်ဆွေ၊ ဘုရားတပည့်တော်၏ လဲလျောင်း အားထားရာသည် ဝိပဿနာပဲ ဖြစ်နေပါပြီဘုရား။

သို့သော် အမြဲတမ်း ဝိပဿနာနဲ့လည်းပဲ တပည့်တော် မနေနိုင်သေးပါဘုရား။ ဒါကြောင့် ရံခါလည်း ဗုဒ္ဓါနုဿတိကို ပွားပါတယ်ဘုရား။ ရံခါလည်း မေတ္တာကမ္မဋ္ဌာန်းကို ရှုပွားပါတယ်ဘုရား။ အရှင်မြတ်ဘုရား ဆုံးမပေးတော်မူထားတဲ့ စတုရာရက္ခတရား (၄)ပါးထဲက အသုဘကမ္မဋ္ဌာန်းကိုတော့ ရှုပွားလို့ မရနိုင်သေးပါဘုရား။ အလေ့အကျင့် ဝါသနာ နည်းခဲ့လို့ပဲလား တပည့်တော် မလျှောက်တတ်ပါဘုရား။ တပည့်တော် ကျွမ်းကျင်နိုင်နင်းသည့် ကမ္မဋ္ဌာန်းများဖြစ်တဲ့ မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းကိုတော့ တပည့်တော် တလှည့်စီ၊ တလှည့်စီ၊ တလှည့်စီလှည့်လည်ပြီး လေ့ကျင့်နေပါတယ်ဘုရား။

ဘုရားတပည့်တော်ရဲ့ မနီးမဝေးမှာ တပည့် မိတ်ဆွေတွေ တစ်ဦး၊ နှစ်ဦး တရား အားထုတ်ကြပါတယ်။ သူတို့တတွေနဲ့တော့ ရံခါ တရားစကား ပြောဆို ဆွေးနွေးဖြစ်ပါတယ်ဘုရား။ သူတို့ မလိုအပ်ဘဲနဲ့ ပင်ပန်းနေကြပါတယ်။ တရား ထိုင်တော့မယ်ဆိုရင်ကို သူတို့မှာ ပြင်ကြ ဆင်ကြရသေးတယ်။ အဝတ်အစားတွေ ခပ်တင်းတင်းလေး ပြင်ပြီးတော့မှ ဒီအချိန်ကနေ ဒီအချိန်အထိ ထိုင်မယ်ဆိုပြီး စိတ်ကိုလည်းတင်း၊ ရုပ်ကိုလည်း တင်းထားပြီးတော့မှ ထိုင်ကြပါတယ်။ စင်္ကြံ လျှောက်မယ်ဆိုရင်လည်း သတိဉာဏ်ယှဉ်ပြီး ပေါ့ပေါ့ပါးပါး လျှောက်လို့ ရလျှက်သားနဲ့ ပင်ပင်ပန်းပန်းကြီးကို လုပ်ကြပါတယ်။ ဒါကြောင့် သူတို့ခမျာ စင်္ကြံကို စလည်းလျှောက်ရော ကိုယ်ရော စိတ်ရော ပင်ပန်းပြီး မျက်နှာလည်း တင်းလို့နေပါပြီ။ စိတ်တွေလည်း ပျံ့လွင့်လိုက်တာ မနိုင်အောင်ပဲ ဖြစ်ကြရှာတယ်။ "သြော် . . . တပည့်တော်လည်း ဟိုတုန်းက ဒီလိုပဲ ဖြစ်ခဲ့ဖူးပါတယ်

ဘုရား။ တကယ်တမ်း တရား အားထုတ်တတ်လာတော့မှ ဘေးက ကြည့်ရင် အားမထုတ်သလိုလိုကြီးကို ဖြစ်နေတယ်” ဆိုတာ ခုမှ ကောင်းကောင်းကြီး နားလည်ပါပြီဘုရား။ တရားအားထုတ်တာ စိတ်အလုပ်ဆိုတာကို ဆက်ပြီး လျှောက်ထားခွင့် ပြုတော်မူပါ ဘုရား။ အင်္ဂလန်နိုင်ငံက Amaravati ကျောင်းမှာ တရားအားထုတ် ခဲ့တဲ့ ဓမ္မမိတ်ဆွေ တစ်ယောက်က ထိုင်းနိုင်ငံက ဆရာတော် Ajahn Ccha ရဲ့ စာအုပ် တစ်အုပ်ကို မေတ္တာလက်ဆောင် လာပေး ပါတယ်ဘုရား။ စာအုပ်ထဲမှာ ဆရာတော်က သူ့ရဲ့ တပည့်တစ်ပါး ဖြစ်တဲ့ ဆရာတော် Ajahn Sumedho ကို စံထားပြီး နိုင်ငံခြားသား ရဟန်းတွေကို ဆရာတော်ကြီးက ဩဝါဒပေးတဲ့ထဲမှာ ဆုံးမတာ တစ်ခု ဖတ်ရပါတယ်ဘုရား။ <u>*“တပည့်တော်တို့ပဲ အမြဲလုပ်နေရ တယ်။ သူက တရားလည်း မထိုင်ဘူး။ စင်္ကြံလည်း မလျှောက်ဘူး။ ကိစ္စဝိစ္စတွေ များလိုက်တာလို့ပဲ အရှင်ဘုရားတို့ မြင်ကြတယ်။ ဆရာတော် Ajahn Sumedho စိတ်က ဘယ်ကမ္မဋ္ဌာန်းကို နှလုံး သွင်းပြီး နေတယ်ဆိုတာကို ကာယကံရှင်ပဲ သိပါတယ်။”*</u> ဆိုပြီးသတိ ပေးတဲ့စကားကို တပည့်တော် သိပ်ကို နှစ်သက်ပါတယ်ဘုရား။[၁]

<u>*တကယ်တမ်းတရားအားထုတ်တတ်လာရင် အားမထုတ် သလိုလိုနဲ့ အားထုတ်နေတယ်ဆိုတာကို တပည့်တော် ပိုပိုပြီး သဘောပေါက်လာပါပြီဘုရား။*</u>

အားမထုတ်တတ်ခင်တုန်းကတော့ တရားထိုင်တော့မယ် ဆိုလိုက်တာနဲ့ စင်္ကြံလျှောက်တော့မယ် ဆိုလိုက်တာနဲ့ စိတ်က အားစိုက်ထားပြီးပြီ။ တင်းကြပ်နေပြီ။ အဲသလို အားမစိုက်ဘဲနဲ့လည်း မလုပ်တတ်ခဲ့ပါဘူးဘုရား။ ဒါပေမယ့် အဲဒီတုန်းက အသိဉာဏ်နဲ့

---

၁။ *A Still Forest Pool by Ajahn Ccha (1985)USA*

ဝီရိယတွေ လွန်နေပြီဆိုတာကို ဘယ်လိုမှ နားမလည်ခဲ့ပါဘူး။ ခုတော့ သမာဓိနှင့် ဝီရိယ၊ သဒ္ဓါနှင့် ပညာကို ချိန်ဆပြီး အတော်အတန် နေတတ်လာပါပြီဘုရား။ ခုလို နေတတ်လာတော့ စိတ်ကလေးက ညီညွတ် မျှတနေပါတယ်။ ကာယကိုလည်း သိနေပါတယ်။ ဝေဒနာကိုလည်း သိနေပါတယ်။ စိတ်တွေကိုလည်း သိနေပါတယ်ဘုရား။ အရင်တုန်းက ပြောဆိုနေထိုင်ခဲ့တာတွေလည်း တွေးကြံနေတာမဟုတ်ဘဲနဲ့ ရံခါ ရံခါ အမှတ်မထင် ပေါ်ပေါ် နေပါတယ်ဘုရား။ ဒါကိုလည်း သိ သိနေတာပါပဲဘုရား။

<u>*ဘုရားတပည့်တော် တရားအားထုတ်တာ မကျွမ်းကျင်သေးပါဘုရား။ အခုမှ အားထုတ်တတ်ခါစပဲ ရှိပါသေးတယ်ဘုရား။*</u> ဒါကြောင့် ဘုရားတပည့်တော်မ ဘာတော့ဖြစ်ပြီ။ ဘာဉာဏ်တော့ ရပြီဆိုတဲ့ မာန မကြီးဝံ့ပါဘူးဘုရား။ တချို့ တပည့်တော်ရဲ့ အားထုတ်ဖော် မိတ်ဆွေများက “ဘာဉာဏ်ရောက်ပြီ” “ဘယ်အဆင့်ရောက်နေပြီ။” “ဘယ်လောက် အားထုတ်လာတာ ဒီလောက်ဆိုရင်တော့ ဘယ်အဆင့်တော့ ရောက်ဖို့ ကောင်းနေပြီပေါ့။” “အဘွားကို ကြည့်ရတာ အလွန် တည်ငြိမ် အေးချမ်းတာပဲ။ ဒါဆိုလို့ရှိရင် ဒါလောက်တော့ ဖြစ်လောက်ပြီထင်တယ်” လို့ အထင်နဲ့ ပြောကြပါတယ်ဘုရား။ ဘုရားတပည့်တော် အခု နားလည်ပါပြီဘုရား။ ဘုရားတပည့်တော် ဘာမှ မသိသေးပါဘူးဘုရား။ ဓမ္မလုပ်ငန်းမှာ တပည့်တော် ချာတိတ်ငယ်ကလေး ပေစိပါဘုရား။

ဆက်လက် လျှောက်ထား ပါရစေဘုရား။ တပည့်တော် မာယာတွေ များခဲ့ပါတယ်ဘုရား။ အရင်က မျက်နှာမှာတင် ဟန်ဆောင်ပြီး ပြုံးပြခဲ့သလို မျက်နှာ မမဲ့ချင်ပဲ ဟန်ဆောင် မဲ့ပြခဲ့ဖူး

ပါတယ်။ *အခုမှပဲ စိတ်မှာလည်း ပြုံးပြီး မျက်နှာမှာလည်း ပြုံးတတ်လာပါပြီဘုရား။ မျက်နှာမှာ ပြုံးတာကိုလည်း သိပါပြီဘုရား။ စိတ်မှာ ပြုံးတာကိုလည်း သဘောပေါက်ပါပြီဘုရား။*

ဘုရားတပည့်တော် တရားကို အားထုတ်တတ်လာတာနဲ့ အမျှ ကျေးဇူးတင်စရာတွေ ပိုပြီး များလာပါတယ်ဘုရား။ တပည့်တော်ဘဝအပေါ်မှာ ကျေးဇူးရှိတဲ့သူတွေ အများကြီး ပါပဲလား ဆိုတာကို ခုမှ မြင်လာပါတယ်ဘုရား။ ဟိုတုန်းက ဒီလို သဘောမပေါက်ခဲ့ပါဘူး။ ဒါကြောင့် ကျေးဇူး မတင်တတ်ခဲ့ပါဘူး။ တလောကလုံး အားလုံးဟာ ငါ့အပေါ် ကျေးဇူးရှိကြတယ်ဆိုတာကို ခုတလော နက်နက်နဲနဲ နားလည် ခံစားလို့ ရလာပါတယ်ဘုရား။

*ဒါကြောင့် ဘုရားတပည့်တော် အရင်က မောက်မောက်မာမာ မော်ကြွားနေမိခဲ့တာတွေကို အလျှဉ်းသင့်တဲ့အခါမှာ တောင်းပန်ဖို့လည်း ဝန်မလေးတော့ပါဘူးဘုရား။ နောက် နောင်တော့ အဲဒီလို ညံ့ဖျင်း သေးသိမ်တဲ့ စိတ်နဲ့ ယုတ်ညံ့တဲ့ စိတ်ကို မလိုလားတော့ပါဘူးဘုရား။ ဘယ်ဘဝပဲရရ အဆင့်အတန်းမြင့်တဲ့စိတ် ကောင်းမွန်တဲ့ စိတ်ထားရှိတဲ့ ဘဝမျိုးကိုပဲ လိုလားပါတယ်ဘုရား။*

ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

ရှိသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခု၊ အောက်တိုဘာလ (၂၄) ရက်။

စာမျက်နှာ (၈)၌ ဖော်ပြမည့်
ဆရာတော်၏ ပေးစာသည်
ဒါယိကာမကြီး၏
အောက်တိုဘာ (၂၄)
ရက်စွဲပါ စာ၏
ပြန်ကြားစာ ဖြစ်ဟန်မတူပါ။
သို့ဖြစ်ပါ၍ ဖြည့်စွက်ကာ
နားလည်ပေးရန်
မေတ္တာရပ်ခံပါသည်။

**ဒါယိကာမကြီးထံ ပြန်ကြား အသိပေးလိုက်ပါတယ်။**

သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်ရဲ့ ဘဝလွတ်မြောက်ရေးလမ်းစဉ်မှာ တစ်စုံတစ်ရာကို ထိန်းချုပ်ရန်သော်လည်းကောင်း၊ စိတ်လွတ် ကိုယ်လွတ် လုပ်ဆောင်ရန်ကိုသော်လည်းကောင်း၊ သင်ကြားမပေးခဲ့ပါဘူး။ အဲဒီနည်းနှစ်မျိုးနဲ့ ရှာမှီးလို့ရှိရင် စိတ်ချမ်းသာမှုကို မရနိုင်ပါဘူး။ အစွန်းနှစ်ပါးကို ရှောင်ဖို့ကိုသာ မြတ်စွာဘုရားရှင် သတိပေးတော်မူပါတယ်။[၁]

ဒါပေမယ့် ကမ္ဘာ့လူသားအများစုဟာ မူလ လမ်းစဉ်တွေနဲ့ပဲ ဘဝချမ်းသာကို ရှာဖွေနေကြပါတယ်။ စိတ်အလိုအတိုင်း ကာမဂုဏ်ခံစားပြီး နေကြတာဟာ အစွန်းတဖက်၊ စိတ်ကို ချုပ်တည်းလွန်းတာလည်းပဲ အစွန်းတဖက်ပါပဲ။

တရားအားထုတ်တဲ့ နေရာမှာလည်း ဒီသဘောမျိုးဖြစ်တတ်တဲ့ သာဓကတွေ ရှိပါတယ်။ တချို့ ရဟန်းတော်များဟာ ကျောင်းမှာ တရား အားထုတ်တယ်။ ငါ တရားအားထုတ်တာ ဒီနေရာမှာ အဆင်မပြေသေးပါဘူး။ တောထဲမှာ သွားအားထုတ်ဦးမယ်ဆိုပြီး တောထဲကို သွားတယ်။ တောထဲ နေရာအသစ်ကို ရောက်တော့ အစမှာ နည်းနည်း ဟုတ်သေးတယ်။ စိတ် ငြိမ်းချမ်းသေးတယ်။ တော်တော်ကြာတော့ တောကို ငြီးငွေ့လာပြန်ပါတယ်။ ဒါနဲ့ ဂူထဲမှာ သွားအားထုတ်မှပဲ ဆိုပြီး သွားပြန်တယ်။ ဂူထဲဝင်အားထုတ်လိုက်တာ သုံးရက်၊ လေးရက်ကတော့ တော်တော် ငြိမ်းချမ်းသေးတယ်၊ ကြာတော့ ငြီးငွေ့လာပြန်တာပါပဲ။ ဂူကို ငြီးငွေ့သွားပြန်ပြီ၊ ဒါနဲ့ အင်း. . . ဒီနေရာတော့ သိပ်မဟန်သေးဘူး။ ပင်လယ်

---

၁။ (၁၀၈၁) ဓမ္မစက္ကပ္ပဝတ္တနသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

ကမ်းခြေကို သွားပြီး အားထုတ်ရင်တော့ သိပ်ကောင်းမှာပဲ၊ လေပြည်၊ လေညင်းလေးနဲ့ ရှုခင်းတွေလည်း သာယာတယ်” ဆိုပြီး နေရာပြောင်းပြီး အားထုတ်ပြန်တယ်။ အဲဒီမှာလည်းပဲ အထင်နဲ့ မကိုက်ပြန်ဘူး။ ရောက်ခါစ သုံးလေးရက်ကတော့ တော်တော် ပျော်တယ်၊ ကြာလာတော့ ပျင်းလာပြန်တာပါပဲ။ *တကယ်တမ်း ပြင်ပ အရာဝတ္ထုတွေက ပဓါန မဟုတ်ပါဘူး။ ကိုယ့်စိတ်က ပဓါနပါ။*

တရားသဘောက ဒီလိုမဟုတ်ပါဘူး။ အာရုံတွေကို ထွက်ပြေး တိမ်းရှောင်လို့တော့ ဘာအသိဉာဏ် ပညာမှ ဖြစ်မလာတတ်ပါဘူးလို့ ကမ္ဘာကျော် တရားပြဆရာတော် (Ven. Ajahn Ccha) ခုလို မိန့်ခဲ့ဖူးပါတယ်။ “ရဟန်းငယ်ဘဝ တရား စအားထုတ်တုန်းက ကမ္မဋ္ဌာန်းထိုင်ရင် အသံတွေ သိပ်အနှောင့်အယှက် များလွန်းတယ်၊ ဒါနဲ့ အသံ မကြားရအောင် နားကို ဆို့ပြီးတော့မှ အားထုတ်လိုက်တော့ ညည်းသံ သေးသေးလေးပဲ ကျန်တော့တယ်။ တော်တော် ငြိမ်းချမ်းပြီ။ တော်တော် ဟန်ကျပြီ ဆိုပြီးတော့မှ အားထုတ်လာတာ နောက်တော့ ဘယ်ဟုတ်မလဲ၊ *အတွေးတွေ မရှင်းလင်းတာတွေက နားမှာပေါ်တာမှ မဟုတ်ဘဲ၊ စိတ်မှာပေါ်နေတာ၊ ငြိမ်းချမ်းမှု ရှာရမယ့်နေရာက စိတ်မှာ။ နားမှာ ရှာရမှာမှ မဟုတ်တာ ဆိုတာကို နားလည်လာတယ်။*[၁] ငြိမ်းချမ်းမှုကို စိတ်မှာရှာရမှာပါ။ စိတ်ရဲ့ငြိမ်းအေးမှုကို ရှာရမှာပါ။ ပြင်ပ အရာဝတ္ထု ပစ္စည်းတွေကို ပြောင်းပြီးရှာတာဟာ အနည်းငယ်တော့ အထောက် အပံ့ ဖြစ်ကောင်း ဖြစ်ပါတယ်။ ဒါကြောင့် သပ္ပါယမျှတဖို့ စာပေမှာ အလေးအနက် ပြဆိုထားပါတယ်။

---

၁။ *A Tree in a forest : A collection of Ven, Ajahn Chah's similes.*

အာဝါသော ဂေါစရော ဘဿံ၊
ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊
အသပ္ပါယေ ဝိဝဇ္ဇယေ။[၁]

| | |
|---|---|
| ၁။ အာဝါသ သပ္ပါယ | ကျောင်းနေရာထိုင်ခင်း မျှတမှု |
| ၂။ ဂေါစရ သပ္ပါယ | ဆွမ်းခံရွာ မျှတမှု |
| ၃။ ဘဿ သပ္ပါယ | စကားပြောဆိုရာမှာ မျှတမှု |
| ၄။ ပုဂ္ဂလ သပ္ပါယ | ပုဂ္ဂိုလ်ရေးဆက်ဆံမှုမှာ မျှတမှု |
| ၅။ ဘောဇန သပ္ပါယ | အစားအစာပေါ်မှာ မျှတမှု |
| ၆။ ဥတု သပ္ပါယ | ရာသီဥတု အပူအအေး မျှတမှု |
| ၇။ ဣရိယာပထသပ္ပါယ | ဣရိယာပုတ်ပေါ်မှာ မျှတမှုတွေ ဖြစ်ပါတယ်။ |

မိမိနေရာထိုင်ခင်း ကျောင်း စတာတွေဟာ တရားတိုးတက်ဖို့ သပ္ပါယ ဖြစ်ရပါမယ်။ ရဟန်းအတွက် ဆွမ်းခံရွာ မျှတဖို့လိုပါတယ်။ မလိုအပ်တဲ့ စကားတွေကို အများကြီး ပြောနေမယ်ဆိုရင်လည်း တရား တိုးတက်မှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် မပြောသင့်တဲ့ စကားကို မပြောရပါဘူး။ တရားကို အထောက်အကူဖြစ်စေတဲ့ စကား အနည်းငယ်မျှကိုသာ ပြောရပါမယ်။

ပုဂ္ဂလသပ္ပါယ ဆိုတာကလည်း အရေးကြီးပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် အဆင်မပြေမှု တစ်ခုခု ဖြစ်ထားရင် တရား အားထုတ်ရင် ဒါပဲ ပေါ်ပေါ်နေတတ်ပါတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်နှင့် အနည်းငယ်မျှဖြစ်စေ အဆင်မပြေတာရှိရင် အဲဒီ စိတ်ဒဏ်ရာကို ဖြည်တတ်ရတယ်။ ကိုယ့်ဖက်က မှားရင်

---
၁။ (၅၉) သတ္တသပ္ပါယ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမ)

လည်းပဲ တောင်းပန်နိုင်ဖို့ အရေးကြီးပါတယ်။ ကိုယ်က မှန်နေတယ် သူ့ဘက်က မှားတယ်ဆိုရင်တောင်မှ ကိုယ်ကပဲ ခေါ်ပြောပြီးတော့မှ ဆက်ဆံဖို့ လိုပါတယ်။ *သူကောင်းကောင်း မကောင်းကောင်း ကိုယ့်ဘက်က ကောင်းဖို့လိုပါတယ်။* ဒါမှသာလျှင် စိတ်ကြည်လင်အေးချမ်းနိုင်ပြီး တရားလည်း တိုးတက်နိုင်ပါတယ်။

ထိုနည်းတူ ဘောဇနေသပ္ပါယ ဆိုတာကလည်းပဲ အစားအသောက်နဲ့ ပတ်သက်ပြီး မျှမျှတတ စားသောက် မှီဝဲတတ်ဖို့ လိုအပ်ပါတယ်။ မျှတတဲ့ ဥတုကိုလည်း ဂရုပြုရပါတယ်။ ဣရိယာပထသပ္ပါယဆိုတာ ရှိပါသေးတယ်။ အဲဒါက တစ်ခုတည်းသော ဣရိယာပုထ်နှင့် အကြာကြီး နေလိုက်လို့ရှိရင် နာကျင်ကိုက်ခဲလာမယ်၊ ပင်ပန်းလာမယ်၊ ညောင်းညာလာမယ်၊ အဲဒါကို လိုအပ်သလို ပြုပြင်ပေးရပါမယ်။ *ခန္ဓာကိုယ်ကို ဣရိယာပုတ်က နှိပ်စက်တတ်တဲ့အတွက်ကြောင့် ဣရိယာပုတ်ကို ပြောင်းလဲ ပြောင်းလဲပြီးတော့မှ ကျင့်သုံးရပါတယ်။ စိတ်ကိုတော့ ကိလေသာက နှိပ်စက်တတ်တဲ့အတွက်ကြောင့် စိတ်မှာ ကိလေသာ မခိုအောင် အသိသတိမြဲဖို့ ကျင့်ရပါမယ်။*

လူ့ဘောင် လောကကြီးကတော့ ဒီလိုပဲ လောဘတိုက်ပွဲ၊ ဒေါသတိုက်ပွဲ၊ မောဟတိုက်ပွဲတွေနဲ့ ဒဏ်ရာ ဒဏ်ချက်တွေ ရနေကြပါတယ်။ မာနတိုက်ပွဲကြောင့် ပင်ပန်း နွမ်းနယ်နေကြပါတယ်။ ကိလေသာရဲ့ စိန်ခေါ်မှုကြောင့် အင်အားတွေ ကုန်ခမ်းနေကြပါတယ်။ အဲဒီကြားထဲမှာ သဘာဝ ဘေးအန္တရာယ်တွေကလည်း ကမ္ဘာလောကကြီးကို အင်အားနည်းသွားအောင် ကျီစယ် လိုက်ပါသေးတယ်။ ဆက်လက်ပြီး လူသားတွေ တီထွင်ထားတဲ့ အမျိုးမျိုးသော ဆန်းပြားတဲ့ ဓါတုပစ္စည်းတွေကလည်းပဲ ကမ္ဘာကြီးကို အရုပ်

ဆိုး အကျည်းတန်သွားအောင် သဘာဝအလှတွေ ပျက်စီးသွားအောင် အမျိုးမျိုး ခြိမ်းခြောက်နေပါတယ်။ *ဒါကြောင့် ယနေ့ ကမ္ဘာကြီးဟာ ကုမရတဲ့ နာတာရှည် ရောဂါဆိုးကြီး ဖြစ်နေရှာတယ်လို့ ပညာရှင်များ သုံးသပ်နေပါပြီ။*

ဒါတွေကို မိမိအနေနဲ့ ပြုပြင်လို့ မရနိုင်ပါဘူး။ မိမိပြုပြင်နိုင်တဲ့ ကိစ္စလည်း မဟုတ်ပါဘူး။ ပြုပြင်ရမှာက မိမိစိတ်ပါ။ မိမိစိတ်ရဲ့ ငြိမ်းအေးမှုကိုသာ ရှေးရှုသင့်ပါတယ်။ စိတ်မှာ လောဘကိလေသာ ရှိသလား၊ စိတ်မှာ လောဘကိလေသာ မရှိဘူးလား၊ စိတ်မှာ ဒေါသကိလေသာ မရှိဘူးလား၊ ဒေါသကိလေသာ ရှိသလား၊ စိတ်မှာ မာနကိလေသာ ရှိသလား၊ စိတ်မှာ မာနကိလေသာ မရှိဘူးလား၊ စိတ်မှာ သောက ကိလေသာတွေ ရှိသလား၊ စိတ်မှာ သောကကိလေသာ မရှိဘူးလား။ ဒါတွေကို သိလာအောင် ကြိုးစားရပါမယ်။

*ဒါက ခက်ခဲလိုက်တာ မသိနိုင်ပါဘူးဆိုရင် စိတ်မှာပူသလား၊ စိတ်အေးသလား၊ ဒါကို သိအောင် ကြိုးစားရပါမယ်။ ဒါကိုမှ မသိနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်များ အဖို့လည်း စိတ်ရှုပ်သလား၊ စိတ်ရှင်းသလား၊ ဒါကို သိအောင် ကြိုးစားရပါမယ်။ စိတ်ပူရင် ဘာလို့ပူတာလဲ၊ ပူတဲ့ အကြောင်းရင်းကိုသိရင် အေးအောင် နေတတ်လာမှာပါ။ စိတ်ရှုပ်ရင် ဘာလို့ရှုပ်တာလဲ၊ စိတ်ရှင်းအောင်နေဖို့ ကြိုးစားရပါမယ်။ စိတ်မှာ လောဘ ဒေါသ ဘာလို့ အဖြစ်ခံနေသလဲ။ သတိ ဝီရိယ ဉာဏ်နှင့် နေနိုင်အောင် ကြိုးစားရပါမယ်။*

လူ့ပြည်နတ်ရွာ အပါအဝင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အလုံးစုံသော (၃၁) ဘုံဌာန အားလုံးဟာ အမှိုက်ပုံကြီးပါ။ *(၃၁)ဘုံအမှိုက်ပုံ၊ ဘာကိုရှာနေကြတာတုန်း။ (၃၁)ဘုံအမှိုက်ပုံမှာ၊ ဘာမှရစရာမရှိပါဘူး။ ကိလေသာက မောင်းနှင်နေလို့သာလျှင်*

*(၁၁)ဘုံကြီးဟာ လုပနေတာပါ။ လှည့်စား ခံထားရတာပါ။* ဒါပေမယ့် ဒါကို နားလည်နိုင်ဖို့ နက်နဲပါတယ်။ ဒါကို လက်ခံနိုင်ဖို့ ပိုပြီး ခက်ခဲပါတယ်။ ဒါကို သဘောကျနိုင်ဖို့ ဆိုတာကတော့ အလွန့် အလွန် ပါရမီကံလည်းထူး အသိဉာဏ်လည်းထူးပြီး ပစ္စုပ္ပန်ဘဝ မှာလည်း ဆရာကောင်း သမားကောင်းတွေနှင့် တွေ့မှသာ ဖြစ် ကောင်းပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ ပုဏ္ဏိကာထေရီမ အကြောင်း ကို သိစေအပ်ပါတယ်။ ပုဏ္ဏိကာထေရီမဟာ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား တည်းဟူသော (၆) ဆူသော ဘုရားရှင်ရဲ့ ထံတော်ပါးမှာ ရဟန်းပြုပြီးတော့မှ သီလနဲ့ ပြည့်စုံပြီး ရင့်ကျက်တဲ့ ဉာဏ်ပညာရှိတဲ့ ရဟန်းမိန်းမ ဖြစ်ခဲ့ဖူး ပါတယ်။

ဒါပေမယ့် အဲဒီဘဝတွေမှာ သီလကို မြတ်နိုးတဲ့ ဘိက္ခုနီ ထေရီမတွေကို မထီမဲ့မြင် ပြုခဲ့တဲ့အတွက်ကြောင့် ဘဝါ ဘဝ ကျွန်မဖြစ်ခဲ့ရပြီး ဒီဘဝမှာလည်း အနာထပိဏ်သူဌေးရဲ့အိမ်က ကျွန်မရဲ့ ဝမ်းထဲက မွေးလာလို့ ကျွန်မရဲ့သမီး သပေါက်မ ဖြစ်ရ ရှာတယ်။

ကျွန်သပေါက်မလေးက သူဌေးအိမ်က ညစာစားပြီးတဲ့ ပန်းကန် ခွက်တွေဆေးဖို့ တာဝန်ရှိနေပါတယ်။ ဒါကြောင့် ဆောင်း တွင်းကာလ မနက်အစော ချမ်းအေးသော်လည်း ပန်းကန်မဆေးရင် အဆူ အရိုက် ခံရမှာစိုးလို့ မြစ်ဆိပ်ကို သွားရပါတယ်။ တစ်နေ့ မနက်မှာတော့ သူတို့မြို့မှာ ဉာဏ်ပညာ ကြီးကျယ်တယ်လို့ ထင်ရှား ကျော်ကြားတဲ့ ပုဏ္ဏားအိုကြီး တစ်ယောက်က ရေခဲလုမတတ်

အေးစက်နေတဲ့ အစိရဝတီမြစ်ရေထဲကို ငုတ်ခြည် ပေါ်ခြည် ရေ၌ မေးခိုက်အောင် ချမ်းတုန်နေတာကို မြင်ရတော့ "အဘ ကျွန်မ ကတော့ ကျွန်မရဲ့သမီး ဖြစ်နေလို့ သူဌေးရဲ့အိမ်က ပန်းကန် ခွက် ယောက်တွေကို ဆောင်းတွင်းကာလ ချမ်းချမ်းအေးအေးနှင့် ဒီမြစ် ထဲ လာဆေးကြောနေရပါတယ်။ အဘက ဘာဖြစ်လို့များ ဒီလောက် အေးခဲနေတဲ့ရေကို ဆင်းချိုးရတာပါလဲ" လို့ မေးလိုက်တယ်။

ပုဏ္ဏားအိုကြီးက "ချစ်သမီး ပုဏ္ဏိကာ အကုသိုလ်တွေကို ရေနဲ့ မျှောချဖို့အတွက် အစောကြီးလာပြီး ရေချိုးတာပါ။ ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ အကုသိုလ်ကံတွေ ပြုမှားမိလို့ရှိရင် အခုလိုပဲ ရေနဲ့ မျှောချရတယ်ကွဲ့" လို့ ပုဏ္ဏားအိုက သူ့ရဲ့ဒဿနကို ရှင်းလင်းပြောပြ ပါတယ်။

အဲဒီအခါမှာ ကျွန်မပုဏ္ဏိကာက "ဘဘဆရာကြီး ဒါဆိုရင် ရေထဲမှာ အမြဲနေကြတဲ့ လိပ်တွေ၊ ငါးတွေ၊ မိကျောင်းတွေ၊ ငါးမန်း တွေ အားလုံးဟာ အကုသိုလ် ကင်းစင်ပြီးတော့မှ နတ်ပြည်ကို ရောက်ကြမှာပေါ့နော်"[၁] လို့ သူတွေးမိသလိုပဲ မေးလိုက်တော့တယ်။ အဲဒီအမေး စကားကြောင့် ပုဏ္ဏားအိုကြီး ထိတ်လန့် တုန်လှုပ်သွားရှာ တယ်။ ဆံပင်သာမက မုတ်ဆိတ်တွေ မျက်ခုံးမွေးတွေပါ ဖွေးဖွေး ဖြူနေပြီဖြစ်တဲ့ ပုဏ္ဏားဆရာအိုကြီးက အကုသိုလ်တွေမျှောဖို့ ဒီမြစ်ရေထဲ အကြိမ်ကြိမ် ရေငုပ်ခဲ့ပြီး ဖြစ်ပါသော်လည်း ပုဏ္ဏိကာ ကျွန်မတွေးသလို တစ်ခါမှ မတွေးခဲ့ဖူးဘူး။

ပုဏ္ဏိကာက အကုသိုလ်ကံ တစ်ခုကြောင့် ကျွန်သပေါက်မ ဖြစ်နေရှာသော်လည်း သူ ဘဝ ဘဝမှာ ဘုရားအဆူဆူထံပါးကနေ

---

၁။ (၂၃၆-၂၅၁) ပုဏ္ဏာထေရီဂါထာ၊ သောဠသနိပါတ၊ ထေရ ထေရီ ဂါထာပါဠိ။

အဆုံးအမတွေ ရဖူးထားလို့ *"ရေနှင့် အကုသိုလ်မျှောရင် အကုသိုလ် အားလုံး စင်ကြယ်တယ်ဆိုတဲ့ ဒဿနက သဘာဝမကျကြောင်း"* ထိုးဖောက် မြင်နိုင်ခဲ့ပြီး ထင်ရှားကျော်ကြားလှတဲ့ ပုဏ္ဏားဆရာ အိုကြီးရဲ့ ဒဿနကို အစိရဝတီမြစ်ကမ်းထိပ်မှာ ဝေဖန်နိုင်ခဲ့ခြင်း သာလျှင် ဖြစ်ပါတယ်။

အိပ်မပျော်သူအဖို့ ညတာရှည်လျားတတ်တယ်။ ခရီးပန်းသူ အဖို့ တစ်ယူဇနာခရီး ရှည်လျားတယ်လို့ ထင်ရသလို သူတော် ကောင်းတရား မသိသူအဖို့ သံသရာခရီး ရှည်လျားလှတယ်လို့ နီတိ စကား ရှိပါတယ်။[၁]

မြတ်စွာဘုရားရှင်၏ ဥဒါန်း ပါဠိတော်ဂါထာမှာ ဤဂယာ မြစ်ဆိပ်၌ များစွာသော လူအပေါင်းသည် ရေချိုး၏။ ရေကြောင့် စင်ကြယ်ခြင်းကား မဖြစ်နိုင်၊ အကြင်ပုဂ္ဂိုလ်၌ သစ္စာသည်လည်း ကောင်း၊ မဂ် ဖိုလ် တရားသည်လည်းကောင်း ရှိ၏။ ထိုပုဂ္ဂိုလ်သည် စင်ကြယ်၏။ ထိုပုဂ္ဂိုလ်သည်သာ ရဟန္တာမည်၏လို့ မြတ်ဘုရား ဟောတော်မူပါတယ်။[၂]

ဒါယိကာမကြီးလည်း သာသနာ့ အဆုံးအမတွေရတဲ့ ဘဝမှာ အမှားအမှန်ကို နက်နဲစွာ ပိုင်းခြား ဝေဖန်ကာ ဘဝသံသရာ လွတ် မြောက်တဲ့ထိ ကြိုးစား ဖြည့်ကျင့်နိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉ ခု၊ အောက်တိုဘာ (၂၉)ရက်။

---

၁။ (၆၀) ဗာလဝဂ္ဂ၊ ဓမ္မပဒပါဠိ။
၂။ (၉) ဇဋိလသုတ္တ၊ ဥဒါနပါဠိ။

**ရှိသေးလေးမြတ်စွာ လျှောက်ထားပါတယ်ဘုရား။**

ဘုရားတပည့်တော် တရားမနာဘဲ တရားစာ မဖတ်ဘဲနေလို့ မရတော့ပါဘုရား။ ဒါကြောင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ အနောက်တိုင်းသား ရဟန်းတော်များရဲ့ အတ္ထုပ္ပတ္တိတွေကို ခုရက်ပိုင်း ဖတ်ရှုနေပါတယ်ဘုရား။ ရူပဗေဒ သိပ္ပံပညာရှင်ဘဝမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့တဲ့ အင်္ဂလိပ် ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျအကြောင်း၊ ဂီတဆရာ ဘဝကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာခဲ့တဲ့ ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောက အကြောင်းတွေဟာ အလွန် စိတ်ဝင်စားစရာ ကောင်းပြီး အားကျစရာလည်း ကောင်းပါတယ်ဘုရား။

သိပ္ပံပညာရှင်ကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းခဲ့တဲ့ အီတလီ ဘုန်းတော်ကြီး ဦးလောကနာထ အတ္ထုပ္ပတ္တိကိုလည်း အစအဆုံး ဖတ် ပါတယ်ဘုရား။ သူက မြန်မာနိုင်ငံမှာပဲ ပျံလွန်တော်မူတဲ့ထိ သီတင်း သုံးသွားတယ်လို့ ဖတ်ရတော့ ကြည်ညိုမိပါတယ်ဘုရား။

အငြိမ်းစား ဗိုလ်မှူးကြီး ဘဝကနေ ဗုဒ္ဓဘာသာကို ကူးပြောင်း ပြီး သာသနာပြန့်ပွားရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ အမေရိကန် လူမျိုး ဗိုလ်မှူးကြီး အော့လကော့(တ်) ရဲ့ အတ္ထုပ္ပတ္တိကိုလည်း ဖတ်ဖြစ် ပါသေးတယ်။ *ဆရာတော် သံဃာတော်များ ကိုယ်ကျိုးကို ဆုံး ခန်းတိုင် စွန့်လွှတ် စွန့်စားပြီးတော့မှ တရားတော်ကို ရှာဖွေခဲ့ တာပဲဆိုတာ ထဲထဲဝင်ဝင် သိရှိခဲ့ရလို့ တပည့်တော် ဦးညွှတ် ကန်တော့ပါတယ်ဘုရား။*

ဥရောပနိုင်ငံတွေဟာ တိုင်းပြည်လည်း အလွန် ကျယ်ဝန်း ပြီး လူဦးရေလည်း အလွန်ပဲ များလွန်းသလို အတွေးအခေါ် အယူ အဆ အရာမှာလည်း အမျိုးမျိုး တွေးခေါ်ကြံဆကြတဲ့ တိုင်းပြည်

ကြီးတွေ ဖြစ်တဲ့အတွက်ကြောင့် လက်တွေ့ကျင့်မှုရတဲ့ ဗုဒ္ဓရဲ့ တရားတော်နဲ့တော့ အလွန်ပဲ ကွာဟလွန်းပါတယ်ဘုရား။ ဒါကြောင့် ဗုဒ္ဓဘာသာက လူအများ နှစ်သက်သဘောကျတဲ့ ဘာသာ တစ်ခု အနေနှင့် အနောက်တိုင်းမှာ မဖြစ်လာသေးပါဘုရား။

သိပ္ပံပညာ ထွန်းကားလာလို့ သိရှိလာသမျှဟာ စကြဝဠာကြီး အနိစ္စတရား စိုးမိုးနေတယ်ဆိုတာ ပိုပြီး ထင်ရှားလာပါတယ်။ ကမ္ဘာကျော် ဒဿနိကပညာရှင် ဘာထရန်ရပ်ဆယ်က *"အကယ်၍ သင်က ဒီကုလားထိုင်ဟာ မနေ့က ကုလားထိုင်ပဲ ဖြစ်တယ်လို့ ရှင်းပြလို့ရှိရင် ရှေးဟောင်း ရူပဗေဒပညာကို ထောက်ပြရ လိမ့်မယ်။ ဒါပေမဲ့ အဲဒီ ရှေးဟောင်း ရူပဗေဒပညာနှင့် အညီဆိုတဲ့ စကားဟာ တိကျ မှန်ကန်ခြင်းမရှိတဲ့ လောကဝေါဟာရ စကားသာ ဖြစ်တော့မယ်။ အမှန်ဆိုရင် ကုလားထိုင်ရဲ့ အသေးငယ်ဆုံး အစိတ်အပိုင်း ကလေးသည်ပင် တစ်စက္ကန့်ကို အစိတ်ပေါင်း တစ်သိန်း စိတ်ပြီးတော့မှ တစ်စိတ်မျှသော ကာလအတွင်းမှာ ပြောင်းလဲပြီး တော့နေတယ်။"*[၁] ဆိုတဲ့အဆိုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်ကာလက ဗုဒ္ဓရဲ့ တွေ့ရှိချက်နှင့် ညီညွတ်နေပါတယ်ဘုရား။ *ဒါကြောင့် သိပ္ပံပညာတိုးတက်လေ ဗုဒ္ဓတရားတော်ကို ထောက်ခံလေ ဖြစ်လာပါတော့မယ်လို့ အချို့ပညာရှင်ကတော့ ကောက်ချက်ချ နေကြပါတယ်ဘုရား။*

ဆက်လက်ပြီး လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ ဘုရားတပည့်တော် မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရင်းကို သက်ရှိထင်ရှား ပမာ ရိုသေစွာ ရှိခိုးပါတယ်ဘုရား။ အသက်အရွယ် အိုမင်းပြီ ဖြစ်တဲ့ အတွက်ကြောင့် အပြင်ကိုလည်း သိပ်မထွက်ဖြစ်ပါဘုရား။

၁။ *BERTRAND RUSSELL "PORTRAITS FROM MEMORY etc..(P-145-146)*

တပည့်တော် ပေ ၄၀ x ၂၀ လောက်ရှိတဲ့ ဘုရားခန်းထဲမှာပဲ ရံခါ စကြံလျှောက်ပါတယ်ဘုရား။ ရံခါလည်း တရားစာပေများကို ဖတ်ရှုပါတယ်။ ရံခါလည်း တရားနာပါတယ်ဘုရား။ *တရားကို အားထုတ်လျက် ရှိပါတယ်လို့တောင် မပြောဝံ့တော့ပါဘူးဘုရား။ အချိန်ပြည့် ဘုရားတပည့်တော် တရားနဲ့ပဲ နေနေပါတယ်ဘုရားလို့တော့ လျှောက်ထားအပ်ပါတယ်ဘုရား။*

တပည့်တော်ရဲ့ တရားခန်းထဲကို မနေ့က လေဝင်လေထွက်ကောင်းဖို့နဲ့ စိုထိုင်းစများ သက်သာအောင် နေရောင်ရှိတဲ့ အရှေ့တောင်အရပ်ဘက်က ခြင်ဇကာများကို ဖွင့်လိုက်တော့ ပိတုန်းတစ်ကောင်က ဘယ်လိုလုပ် အခန်းထဲကို ရောက်နေတယ် မသိလိုက်ပါဘုရား။ တပည့်တော် အိမ်ခေါင်းရင်းဘက်ရဲ့ တောင်ဘက်မှာကျယ်ဝန်းတဲ့ ပန်းခြံများ ရှိတဲ့အတွက်ကြောင့် ပန်းခြံကနေ လိပ်ပြာကလေးများက အခန်းထဲက ခြင်ဇကာဖွင့်လိုက်တာနှင့် ရောက်ရောက် လာတတ်ပါတယ်ဘုရား။ အခန်းထဲ ရောက်လာတဲ့ လိပ်ပြာကလေးတွေဟာ ခြင်ဇကာ တပ်ထားတာကို မသိရှာလေတော့ အလင်းရောင် ရှိတဲ့ဘက်ကို အတင်းတိုးရင်း ရံခါ တောင်ပံများကြွေကျပြီးတော့မှ သေဆုံးကြရှာတယ်။ ရံခါလည်း ခြေထောက်များကျိုးကာ သေဆုံးကြရှာတာကို တွေ့တော့ တပည့်တော် လိပ်ပြာကလေးတွေကို မကြာခဏ ကယ်တင်ပေးရပါတယ်ဘုရား။

လိပ်ပြာကလေးတွေရဲ့ တောင်ပံက အလွန်ပဲ နူးညံ့တဲ့အတွက်ကြောင့် လက်နဲ့ကိုင်ရင် ပျက်စီးတတ်ပါတယ်။ ဒါကြောင့် ညာဘက် ခြင်ဇကာပေါ်မှာ ပိတ်မိနေရင် ဘယ်ဘက် ခြင်ဇကာအသေးကို လှပ်ပြီးတော့မှ သာသာယာယာလေး ယပ်ခပ်ပေးလိုက်ရင်

ထွက်သွားတတ်ပါတယ်ဘုရား။ ဘုရားတပည့်တော် စိတ်ထဲ လိပ်ပြာလေးတွေ အဲသလို ပိတ်မိနေရာက တပည့်တော်လက်နှင့် ဆောင်ရွက်ပေးရလို့ လွတ်မြောက်သွားတာကို စိတ်ထဲမှာ ဖော်မပြနိုင်လောက်အောင်ဘဲ ဝမ်းမြောက် ကြည်နူးလေ့ ရှိပါတယ်ဘုရား။ *"သြော် . . . သူ့ခမျာ လွတ်မြောက်သွားပြီ၊ သူ Free ဖြစ်သွားပြီ၊ သူ့ဘဝ လွတ်လပ်သွားပြီ သူမသေရတော့ဘူး"* လို့ တပည့်တော် စိတ်ထဲမှာ ကြည်နူး ဝမ်းမြောက်စိတ် မကြာ မကြာ ဖြစ်တဲ့ အတွက်ကြောင့် ခြင်ဇကာထဲကို ရောက်နေတတ်တဲ့ လိပ်ပြာများကို ဖြစ်စေ၊ ခြင်ကလေး၊ ပိုးနှံကောင် စိမ်းစိမ်းကလေးများကို ဖြစ်စေ လွတ်မြောက်အောင် ကူညီပြီး စိတ်ထဲ ဝမ်းမြောက်မှုကို ရယူလေ့ ရှိပါတယ်ဘုရား။

သို့သော် မနေ့က ပြတင်းပေါက် ဖွင့်တဲ့အခါမှာတော့ လိပ်ပြာ မဟုတ်ဘဲ ပိတုန်းမည်းမည်း တစ်ကောင် အခန်းထဲ ရောက်နေပါတယ်။ တပည့်တော်လည်း တရားစာများကို ဖတ်ရှုရင်း ခြင်ဇကာတိုးသံ ကြားတဲ့အခါ ကြည့်လိုက်တော့မှ ပိတုန်းမည်းမည်း ဖြစ်နေပါတယ်။ လက်မထိပ်သာသာ ပိတုန်းငယ်ငယ်လေးပါဘုရား။ ပွင့်နေတဲ့ ခြင်ဇကာကိုတော့ မတိုးတော့ဘဲနဲ့ ပိတ်ထားတဲ့ ခြင်ဇကာကို တိုးတိုးပြီး အားနဲ့ ရုန်းနေပါတယ်။ တပည့်တော်စိတ်ထဲက လိပ်ပြာကလေးကို ကယ်တင်ခဲ့တုန်းကလို သူ့ကိုကယ်ဖို့ စိတ်က တက်ကြွမှု မရှိဘူးဖြစ်နေပါတယ်။ အဲဒီအချိန်မှာ နောက်ကစိတ်က *"ဟော့ . . . မင်းမကယ်ရင် သူ့ခမျာသေသွားရှာမှာပေါ့"* လို့ ပြောတာကို တပည့်တော် ကြားပါတယ်ဘုရား။

ဒါကြောင့် ဘုရားတပည့်တော် ပြတင်းပေါက်ကိုသွားတယ်။ ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ ပိတုန်းက တပည့်တော်ဖွင့်ထားတဲ့ ခြင်ဇကာပြတင်းကနေ အခြားသော ပြတင်းပေါက်ဖက်ကို ပျံသွားပါတယ်။ ဒါကြောင့် တပည့်တော်လည်း ကုလားထိုင်ပေါ် ပြန်ထိုင်ပြီး တရားစာအုပ် ဖတ်နေရင်း ပိတုန်းကို ကြည့်လိုက်တယ်။ *"ငါကယ်ပြီးပြီ သူမှ မထွက်တာ သူ့ကံနဲ့သူပဲ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲလို့" စိတ်တစ်ခုက ဆင်ခြေပေးနေပါတယ်ဘုရား။ နောက် စိတ်တစ်ခုက "မင်းမကယ်ရင် ခြင်ဇကာတိုးရင်း တိုးရင်း သူ့ခမျာ တောင်ပံပွဲ့ရင်ပွဲ့မယ်၊ ခြေထောက် ကျိုးရင်လည်း ကျိုးမယ်၊ သနားပါတယ် ကယ်လိုက်ပါ"လို့ ဒုတိယစိတ်က ပြောနေပါတယ်။ ဘယ်သူ့စကားနားထောင်ရမလဲ။ တပည့်တော်စိတ်က လွန်ဆွဲနေတယ်ဘုရား။*

ပိတုန်းအသက် ကယ်ရေးနှင့် မကယ်ရေးကိစ္စ စိတ်ထဲ စကားတွေ များကုန်ပြီ။ ပိတုန်းကလည်း ခြင်ဇကာကို အတင်း တိုးဝှေ့တာ ပင်ပန်းနေရှာပြီ။ ဒါနဲ့ ဘုရားတပည့်တော်လည်း ပိတုန်းကိုကယ်တင်ဖို့ သူရှိနေတဲ့ ခြင်ဇကာရဲ့အနားမှာ ကပ်နေတဲ့ ပြတင်းတစ်ပေါက်ကို ဖွင့်ပေးလိုက်တော့ ပိတုန်းက တပည့်တော်ရဲ့ ဘယ်ဘက်လက်ကို ရန်မူတဲ့လက္ခဏာမျိုးနဲ့ ပျံလာတယ်။ "ဒါကြောင့် ပြောတာ သူ့ကံနဲ့သူ နေပါစေတော့လို့ ပိတုန်းကိုက်ရင် အဆိပ်တက်ပြီး ဖျားလိမ့်မယ်လို့" စိတ်က ပြောနေပြန်တယ်။

*ဘုရားတပည့်တော် လိပ်ပြာနဲ့ ပိတုန်းအပေါ် တပြေးညီတဲ့ စိတ် မထားနိုင်ပါလားလို့ အဲဒီအခါကျတော့မှ သဘောသိလိုက်ပါတယ်ဘုရား။ တပည့်တော်က သတ္တဝါတွေကို မေတ္တာသာ ပို့နေတာ ပိတုန်းအပေါ်မှာတော့ မေတ္တာနည်းနေပြီး လိပ်ပြာတွေ အပေါ်မှာသာ မေတ္တာတွေ များနေတာဟာ မေတ္တာအင်အားတွေ*

*မမျှမတ ဖြစ်နေပါလား။ ချစ်သူ၊ မုန်းသူ ရှိနေပါလား ဆိုတာကို တပည့်တော် နားလည်လိုက်ပါတယ်ဘုရား။*

*အဲဒီ တဒင်္ဂတခဏမှာပဲ လက်ပေါ်မှာနားတဲ့ အလုပ်က သူ့အလုပ်၊ ရန်ရှာတဲ့အလုပ်က သူ့အလုပ်၊ ကိုက်တဲ့အလုပ်က သူ့အလုပ်၊ ကယ်တင်တဲ့အလုပ်က တပည့်တော်အလုပ်ပဲ ဆိုတာကို ရုတ်တရက်ပဲ အသိသတိ ဝင်လာပါတယ်ဘုရား။*

ဆရာတော်မိန့်ဖူးတဲ့ ဂင်္ဂါမြစ်ကမ်းဘေးက ရသေ့အကြောင်းလည်း ပေါ်လာပါတယ်ဘုရား။ ဂင်္ဂါမြစ်ရေ ကြီးလာတဲ့အခါမှာ ရေစီးထဲပါလာတဲ့ ကင်းမြီးကောက်တစ်ကောင်ကို မြစ်ကမ်းမှာ ရေချိုးနေတဲ့ ရသေ့က ရေကူးပြီးတော့မှ လက်နှစ်ဖက်နဲ့ ဆယ်ယူပါတယ်။ ပြီးတော့ ကုန်းပေါ် တင်မယ်လုပ်တော့ ကင်းမြီးကောက်က ရသေ့ရဲ့လက်ကို ရုတ်တရက် ထိုးလိုက်လို့ ရသေ့ကလည်း လက်နာလွန်းတာနှင့် လက်ကို ခါချလိုက်ပါတယ်။ ကင်းမြီးကောက်က လည်း ရေထဲကျပြီး ပြန်မျောသွားပြန်ရော။

ဒါနဲ့ ရသေ့လည်း တစ်ခါပြန်ပြီး ရေထဲမျောသွားတဲ့ ကင်းမြီးကောက်ကို ဆယ်ပြီးတော့မှ ကမ်းပေါ်တင်မယ် ကြိုးစားပြန်တော့ တစ်ခါ ဒုတိယအကြိမ် ထိုးခံရပြန်တယ်။ သူလည်းပဲ မလျှော့တဲ့ လုံ့လနဲ့ တတိယအကြိမ် ထပ်ပြီးတော့မှ ဆယ်ပြန်တော့ ဂင်္ဂါမြစ်ကမ်းနံဘေးမှာ ရေချိုးနေကြတဲ့ လူတွေက “ဪ . . . ဒီရသေ့နှယ် သနားပါတယ်။ သူ့ကို ဒီလောက် အကြိမ်ကြိမ် ထိုးတဲ့ ကင်းမြီးကောက်ကိုများ သွားကယ်တင်နေသေးတယ်။ အသိဉာဏ် နည်းလိုက်တာ” လို့ ဝိုင်းပြီး အပြစ်တင်ကြသတဲ့။

ရသေ့က သူ့ကို သုံးကြိမ်ထိုးခဲ့တဲ့ ကင်းမြီးကောက်ကို ရေစပ် သဲသောင်ပြင်ပေါ် အောင်မြင်စွာ ကယ်တင်ခဲ့ပြီး သူ့ကို အပြစ်

တင်နေကြတဲ့ မြစ်ကမ်းဘေးက ရေချိုးနေတဲ့ လူတွေကို ပြောလိုက်တာက *"ထိုးတဲ့အလုပ်က ကင်းမြီးကောက်ရဲ့အလုပ်၊ ကယ်တင်တဲ့အလုပ်က သူတော်ကောင်း ရသေ့ရဲ့အလုပ်"တဲ့၊* ဘုရားတပည့်တော် နားလည်ပါပြီဘုရား။ ဘုရားတပည့်တော်လည်း သူတော်ကောင်း ဖြစ်ချင်ပါတယ်ဘုရား။

တပည့်တော် ပိတုန်းကို ကယ်တင်လိုက်ပါတယ်။ *ပိတုန်းက ဖွင့်ပေးလိုက်တဲ့ ပြတင်းပေါက်ကနေ ထွက်သွားတဲ့ အခါမှာ ဘုရားတပည့်တော် ဝမ်းသာလိုက်တာဘုရား။ အကယ်၍ သူ့ကို သာလျှင် ဘုရားတပည့်တော် မကယ်လိုက်မိလို့ ခြင်ဇကာတွေကို တိုးရင်း တိုးရင်း သေသွားခဲ့ရင် အခုလို ဝမ်းမြောက် ပီတိဖြစ်မိမှာ မဟုတ်တာ သေချာပါတယ်ဘုရား။*

ဝမ်းမြောက်တဲ့စိတ်၊ ကိလေသာကင်းတဲ့စိတ်၊ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲ ကျန်ရှိနေသေးတဲ့ ဘဝတာကို နေချင်ပါတယ်။ ဒါကြောင့် ဘုရားတပည့်တော်ရဲ့ ကာယကံ အပြုအမူ၊ ဝစီကံ အပြုအမူ တွေဟာ ဗုဒ္ဓတရားတော်ပါ လမ်းညွှန်မှုအတိုင်း ဖြစ်နိုင်ရန်အတွက် အရှင်ဘုရားတည်းဟူသော သူတော်ကောင်းမှ သွန်သင်ဆုံးမ စောင့်ရှောက် ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား။

ဘုရားတပည့်တော်ရဲ့စိတ်ထား အမြဲထာဝရ ဖြူစင်ယဉ်ကျေးချင်လှပါပြီဘုရား။

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခု၊ အောက်တိုဘာလ (၂၈) ရက်

**ဒါယိကာမထံ ပြန်ကြားအသိပေးပါတယ်။**

(၂၈-၁၀-၈၉) ရက်စွဲပါစာကို လက်ခံရရှိပါတယ်။ *ကိလေသာဖြစ်ဖို့ရော၊ ဉာဏ်ပညာ ဖြစ်ဖို့ပါ* Data Information *တွေ ရှိဖို့လိုပါတယ်။* Data Information *တွေ မရှိဘူးဆိုရင်တော့ ဉာဏ်ပညာလည်း မဖြစ်နိုင်သလို ကိလေသာလည်း မဖြစ်နိုင်ပါဘူး။*

ဉာဏ်ဖြစ်ဖို့ ရုပ်နာမ်သင်္ခါရ သဘောတရားတွေဟာ မခိုင်ခံ့တဲ့ သဘော၊ အစိုးမရတဲ့သဘော၊ အနှစ်မရှိတဲ့သဘောလို့ ကြိုတင်သိထားရမယ်။ နောက်တစ်နည်းပြောရရင် "ချစ်ခင် စုံမက် စွဲလမ်းနှစ်သက်ဖွယ်ဟူသရွေ့နှင့် တစ်နေ့ကျရင် မုချ ကွေကွင်းရမှာပဲလို့ ငါ ပြောပေါင်းများလှပြီ အာနန္ဒာ၊ မြဲတယ်ဆိုတာ မရှိဘူး" လို့ ဖတ်ဖူးရင်၊ နာကြားဖူးရင်ကိုပဲ ပါရမီ ပြည့်တဲ့ပုဂ္ဂိုလ်အဖို့ Data လုံလောက်ပါပြီ။

*လောဘဖြစ်ဖို့လည်း* Data *ရှိရပါမယ်။ ဒေါသ ဖြစ်ဖို့လည်း* Data *ရှိရမယ်။ မနာလိုဝန်တိုဖြစ်ဖို့လည်း* Data *ရှိရမှာပဲ။ မာနဖြစ်ဖို့လည်း* Data *ရှိရမှာပဲ။ သောကဖြစ်ဖို့လည်း* Data *ရှိရပါမယ်။*

လောဘဖြစ်ဖို့လည်း Data ရှိရမယ်ဆိုတာကို ဥပမာ ပြုပေးပါဦးမယ်။ တစ်ခါတုန်းက တောကျောင်းက စေတီတော်မြတ်ကြီးကို ဆေးသုတ်နေတဲ့ အလုပ်သမားတစ်ယောက်က ဆေးပုံးအသစ်ကို ဖွင့်ဖို့ ပြင်ဆင်နေပါတယ်။ ဒါပေမယ့် အဲဒီဆေးပုံးအရောင်ဟာ အဖြူမဟုတ်ပါဘူး။ စေတီတော်အတွက် အသုံးပြုလို့ မရနိုင်ပါဘူး။ အရောင်ကို ပြထားတဲ့ ဆေးပုံးအပြင်က Catlog နံပါတ်လည်း သူကြည့်ပြီးပြီ။ ပုံးအပြင်မှာ နမူနာ ပြထားတဲ့ အရောင်ကိုလည်း သူမြင်ပြီးပြီ။ ဒါပေမယ့် သူဆေးပုံးကို ဇွတ်ဖွင့်လိုက်တယ်။ ပြီးတော့မှ

လက်သွားဆေးတယ်။ လက်ထဲ ပေနေတဲ့ ဆေးရောင်ဟာ အဖြူ မဟုတ်ဘူး၊ လွဲမှားနေမှန်း မြင်နေလျက်နဲ့ကို သူမသိရှာသေးဘူး။

ဘာကိုပဲ သူသတိပြုနေတာလဲဆိုရင် ဆေးပုံးထဲမှာ မဲကဒ်ပြားလေးတစ်ခု ပါနေတတ်လို့ ဆုမဲ ကဒ်ပြားလေးပေါ်မှာ ဖော်ပြထားတဲ့ ငွေကြေးပမာဏ အတိုင်းအတာကို သူ အလွန့်အလွန် စိတ်ဝင်စားနေတယ်။ ကဒ်ပြားကို ရေဆေးပြီးတဲ့အခါမှာ သူ့မျက်နှာပြုံးပြီး ကျေနပ်သွားတယ်။ သူ ဆုမဲပေါက်သွားပြီ။

ဒါပေမယ့် သူဖောက်လိုက်တဲ့ ဆေးပုံးဟာ အမှားအယွင်းကြီး တစ်ခုဖြစ်သွားပြီ။ စေတီဂေါပကအတွက် ဆုံးရှုံးမှု၊ နစ်နာမှုဖြစ်သွားပြီ။ သူ့လက်ထဲက ဆုငွေပမာဏထက် အဆရာပေါင်းများစွာ ဆုံးရှုံးသွားပြီ။ အံ့ဩစရာက ဆုမဲလက်မှတ်ပေါ် ပေနေတဲ့ဆေးကို ဆေးတဲ့ထိကို ဆေးအရောင်လွဲနေတာ သူမသိရှာသေးဘူး။

သူ ဘာဖြစ်သွားတာလဲဆိုရင် ဒီဆေးပုံးအသစ်တွေမှာ ဆုမဲကဒ်ပြား ပါတတ်တယ်ဆိုတဲ့ Data ကြောင့် သူ့ရဲ့လောဘက ဝေဖန်ပိုင်းခြားနိုင်တဲ့ ဉာဏ်မျက်စိကို လုံးလုံး ကန်းပစ်လိုက်ပါတော့တယ်။

တိရစ္ဆာန်တွေလည်းပဲ တစ်ခုခုမှာ ဇောကပ်သွားရင် အန္တရာယ် မမြင်နိုင်တော့တဲ့ အလားတူ ဥပမာ တစ်ခုရှိပါသေးတယ်။ ကျောင်းမှာ ခွေးကလေးတွေ၊ ကြောင်ကလေးတွေ ရှိတယ်။ ကျောင်းဝင်းတောထဲမှာလည်း ငှက်ကလေးတွေ ရှိပါတယ်။ သူတို့ နေ့စဉ်လာပြီး အစားအစာ တောင်းကြပါတယ်။

တစ်နေ့မှာတော့ တစ်ယောက်ယောက်က စားစရာတစ်စုံတစ်ရာ ထည့်ထားခဲ့တဲ့ ပလပ်စတစ် အိတ်ခွံ သေးသေးတစ်ခုကို

ကျောင်းဘေးမှာ ပစ်ချထားခဲ့တယ်။ ဒီပလပ်စတစ် အိတ်ခွံထဲမှာ စားစရာ အနံ့ကလွဲပြီး စားစရာ မရှိတော့ပါဘူး။

ကြောင်ဝါကလေးတစ်ကောင်က အိတ်ထဲက သူကြိုက်တဲ့ အနံ့ တစ်ခုခုရတယ်နဲ့ တူပါတယ်။ သူက တဖြည်းဖြည်း ချဉ်းကပ်လာပြီး ညာလက်နှင့် အိတ်ခွံကို ဖိထားပြီးတော့ အနံ့ခံနေတယ်။ သူ့ရဲ့ မျက်နှာချင်းဆိုင် တည့်တည့်မှာတော့ ကြောင်ကလေးထက် ခန္ဓာကိုယ် သုံးလေးဆလောက်ကြီးတဲ့ ခွေးကလေး တစ်ကောင်ကလည်း အဲဒီ ပလပ်စတစ်အခွံကိုပဲ စိတ်ဝင်စားပြီး ကြည့်နေတယ်။ သူလည်း သူ ကြိုက်တတ်တဲ့အနံ့ အဲဒီထဲက ရထားဟန်တူပါတယ်။

အဲဒီ ခွေးနဲ့ကြောင်က ရင်းနှီးမှု သိပ်မရှိကြသေးပါဘူး။ ဒါကြောင့် ကြောင်ကလေးက ခွေးရဲ့အန္တရာယ်ကို မျက်ခြည် မပြတ် ဂရုတစိုက် စောင့်ကြည့်ရင်း အိတ်ခွံကိုတော့ သူ့လက်နဲ့ မိမိ ရရ ဖိထားစဲပါ။

တစ်ချိန်ထဲမှာ ကြောင်ရဲ့နောက်မှာက တခြား ခွေးကလေး တစ်ကောင်ရောက်နေပြီး ကြောင်ရဲ့ အမြီးကို နမ်းနေတယ်။ တွေးကြည့်မိတယ်။ “ဒီကြောင်က နောက်မှာရောက်နေတဲ့ ခွေးနဲ့တော့ မိတ်ဆွေ ဖြစ်နေပြီနဲ့တူတယ်။ နားလည်မှု ရထားပုံပေါ်တယ်၊ ဒါကြောင့် သူ့ရှေ့က ခွေးကိုပဲ ရန်မူလာရင် တုံ့ပြန်ဖို့ ပြင်ဆင်တာ နေမယ်” လို့ တွေးထင်မိတယ်။

စက္ကန့် တော်တော်ကြာသွားပါတယ်။ ကြောင်ရှေ့က ခွေးက အမြီးနှန့်နှန့်ပြီး ကြည့်ရုံကြည့်တယ် ရှေ့ကို မတိုးဝံ့ဘူး။ ကြောင်နောက်က ခွေးကလေးကတော့ ကြောင်ရဲ့အမြီးဖျားကို ဘယ် ညာ နမ်းပြီးတော့ ဇတ်ကနဲ သာသာလေး ဆွဲလိုက်တော့မှပဲ ကြောင်

ကလေးက နောက်ပြန်လှည့်ကြည့်ပြီး တချိုးထဲခုန်ပြီး ကျောင်းထဲကို ထွက်ပြေးပါတယ်။

ကြောင်က ပလပ်စတစ်အိတ်ခွံကို ငမ်းနေလိုက်တာ သူ့ရဲ့ ရန်သူက အမြီးကိုဆွဲတော့မှပဲ သိနိုင်ရှာတော့တာကိုး။ အိတ်ခွံထဲက သူနှစ်သက်သဘောကျတဲ့ အနံ့ဆိုတဲ့ Data ကြောင့်ပဲ ကြောင်ရဲ့ ပေ့ါပါး လျှင်မြန်လှတဲ့ မျက်စိ နားတွေ လုံးလုံးကို ကန်းသွားတာပါပဲ။

ဒါကြောင့် *ကိလေသာမဝင်နိုင်အောင် စိတ်ကို Engage ဖြစ်အောင် လေ့ကျင့်သင့်ပါတယ်။ မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိ၊ အသုဘကမ္မဋ္ဌာန်း၊ မရဏာနုဿတိ၊ ဝိပဿနာကမ္မဋ္ဌာန်း တစ်ခုမဟုတ်တစ်ခု ပွားများနေသင့်ပါတယ်။ ဒ့ါအပြင် တရားတွေနာနေသင့်တယ်။ တရားစာတွေ ဖတ်နေသင့်တယ်။ စိတ်ကိုမအားအောင် Planning တွေ အပြည့် ရှိထားသင့်ပါတယ်။ ဒါမှသူက မပျင်းမှာ၊ ဒါမှကိလေသာ ကြားဝင်မခိုမှာ။*

တောရကျောင်းတစ်ခုမှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်ကြီးတစ်ပါးက "ငါ့မှာ အချိန်ပြည့် အလုပ်ရှိတယ်" လို့ စာတမ်းတစ်ခု ကျောင်းရှေ့မှာ ရေးထားသတဲ့။ အဲဒါကိုဖတ်မိတဲ့ ရွာသားတစ်ယောက်က "ဒို့မှာတော့ သားမယားကျွေးရ၊ ကျွဲကျောင်းရ၊ နွားကျောင်းရ၊ ထယ်ထိုးရ၊ ပျိုးနှုတ်ရနဲ့ အလုပ်များတာ ထားလိုက်ပါတော့ ဘုန်းကြီးတွေပဲ ဘာများ ဒီလောက်ကြီး အလုပ်များတာလဲ" လို့ ငယ်ငယ်တုန်းက တွေးခဲ့ဖူးတယ်လို့ လျှောက်ထားဖူးတယ်။

အချိန်ပြည့် အလုပ်ရှိအောင် နေတတ်ဖို့ လိုပါတယ်။ ခန္ဓာကိုယ် ပင်ပန်းလွန်းလို့ နောက်ဆုံး ကုတင်၊ အိပ်ရာပေါ် လှဲတာတောင်မှ ကမ္မဋ္ဌာန်းတန်းလန်း အလုပ်တန်းလန်းနဲ့ပဲ ဖြစ်သင့်ပါတယ်။

ဒါလည်း အလုပ်ပဲ။ စာတစ်ခုကိုဖတ်တယ်။ ဒါလည်း အလုပ် လုပ်တာပဲ။ စာထဲကနေ အသိတွေရနိုင်တယ်။ အဲဒီလိုပဲ တရားနာတယ်။ ဒါလည်း အလုပ်လုပ်တာပဲ။ ဆွမ်းဘုဉ်းတယ်။ ဒါလည်း အလုပ်လုပ်တာပဲ။ ရေချိုးတယ်။ ဒါလည်း အလုပ်လုပ်တာပဲ။ မြတ်သော အကျင့် ကျင့်နိုင်ဖို့ ဦးတည်ချက်နဲ့ လုပ်သမျှ၊ ပြောသမျှ၊ တွေးသမျှ၊ ကြံသမျှ ဘဝ လွတ်မြောက်ရေးအလုပ် လုပ်နေတာပါပဲ။

သူ့အသက်ကို ကယ်တာလည်း သူတော်ကောင်း အလုပ်ပဲ။ ပိတုန်းကို ကယ်တင်လို့ ဝမ်းမြောက်တာ ကောင်းပါတယ်။ မိမိချမ်းသာကို လိုလားသလို အခြားသတ္တဝါတွေကိုလည်း မနှိပ်စက်၊ မညှင်းပန်းသူသည်သာ တမလွန်ဘဝမှာ ချမ်းသာကို ရရှိနိုင်ပါတယ်။[၁]

ဒီနေရာမှာ လွတ်မြောက်ကြောင်း ဝိမုတ္တိငါးပါးကို အသိပေးလိုက်ပါတယ်။ (က) တရားကို နာကြားလို့ဖြစ်စေ၊ (ခ) သူတပါးကို တရား ဟောကြားလို့ဖြစ်စေ၊ (ဂ) နာကြား မှတ်သားဖူးထားတဲ့ စာကို နှုတ်နှင့် သရဇ္ဈာယ်လို့ဖြစ်စေ၊ (ဃ) နာကြား မှတ်သားဖူးတဲ့ တရားကို စဉ်းစားသုံးသပ်လို့ပဲ ဖြစ်စေ၊ (င) ကမ္မဋ္ဌာန်း တမျိုးမျိုးကို သင်ယူထားပြီး ဖြစ်စေ၊ ဒီအကြောင်းအရာ ငါးမျိုးအနက် တမျိုးမျိုးကို ဆောင်ရွက်ရင်း အနက်သဘောတွေကို ထိုးထွင်းသိလာတဲ့ ရဟန်းအဖို့ ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်တယ်။ ဝမ်းမြောက်တဲ့စိတ်မှာ နှစ်သက်မှု ပီတိဖြစ်တယ်။ နှစ်သက်မှုပီတိဖြစ်တဲ့သူမှာ ကိုယ်စိတ်ငြိမ်းအေးတဲ့ ပဿဒ္ဓိဖြစ်တယ်။ ပဿဒ္ဓိဖြစ်တဲ့သူမှာ ချမ်းသာမှုသုခ ဖြစ်တယ်။ ချမ်းသာသူမှသာ ယထာဘူတဉာဏ်ကို သိနိုင်စွမ်းတဲ့ တည်ကြည်မှု သမာဓိဖြစ်ပါတယ်။

---

၁။ (၁၃) ဒဏ္ဍသုတ္တ၊ ဥဒါနပါဠိ။

လွတ်မြောက်ကြောင်းတရား (ငါး) ပါးအနက် တစ်ပါးပါးမှာ မမေ့မလျော့အားထုတ်ရင် ကိလေသာ အာသဝတရားတို့မှ လွတ်မြောက်နိုင်ပါတယ်။[၁]

ဒါကြောင့် ငြိမ်းအေးတဲ့စိတ်နှင့်ပဲ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပါ။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလို့လည်းပဲ စိတ်ငြိမ်းအေးနေပါစေ။ ဘယ်သူ့ကြောင့်မှ ဘာကြောင့်မှ စိတ်မှာ အပူမခံဘဲနေဖို့ ကြိုးစားတာကကို လွတ်မြောက်မှုဆီကို သွားနေတာပါပဲ။

ဒါယိကာမကြီးသည် ဘဝသံသရာက လွတ်မြောက်ရေးကို ဦးတည်တဲ့အလုပ် စဉ်ဆက်မပြတ် လုပ်နိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉ ခု၊ နိုဝင်ဘာလ (၂) ရက်

**ရှိသေစွာ လျှောက်ထားအပ်ပါသည်။**

ဆရာတော်ဘုရား ထံတော်ပါးမှ (၂-၁၁-၈၉) ရက်စွဲပါစာကို ဖတ်ရှုရသဖြင့် ရင်ထဲ အတိုင်းမသိ ဝမ်းမြောက် လှပါတယ်ဘုရား။ အခုလို အသိအမြင်များကို သင်ကြား ပြသ ပေးသနားတော်မူသည့် အတွက် ကျေးဇူးတင်စကားကို လောကဝေါဟာရဖြင့် ဤမျှသာ

၁။ ဝိမုတ္တာယတနသုတ္တ၊ အင်္ဂုတ္တရပါဠိ (ဒုတိယ)။

ရေးသားနိုင်သည်ကို ခွင့်လွှတ် သည်းခံပေးတော်မူပါဘုရား။ နားလည်ပေးတော်မူပါဘုရား။

ဘုရားတပည့်တော် ပြီးခဲ့တဲ့လက ပင်လယ်ကမ်းစပ်မြို့မှာ ကျင်းပတဲ့ Conference တစ်ခုကို တက်ရောက်ခဲ့ပါတယ်ဘုရား။ Conference မှာ နိုင်ငံပေါင်းစုံက ပညာရှင်များကို ဆုံတွေ့ခဲ့ရပါတယ်။ အာရှနိုင်ငံများက ပုဂ္ဂိုလ်များလည်း တက်ရောက်ကြပါတယ်။ ဘုရားတပည့်တော် အချို့ပုဂ္ဂိုလ်များနှင့် ရင်းရင်းနှီးနှီးရှိခဲ့ပြီး သူတို့နှင့် အသိအမြင်များကို ဖလှယ်ခွင့်လည်း ရခဲ့ပါတယ်။

တပည့်တော်တို့ ပညာရပ်ဆိုင်ရာ စာတမ်းများကိုလည်း စုပေါင်းပြီး အုပ်စုလိုက် ရေးသားပြုစုခဲ့ရသလို အလွတ်သဘောဖြင့်လည်း ပြောဆို ဆွေးနွေးမှုများ ပြုခွင့်ရခဲ့ပါတယ်။ တပည့်တော်တွေ့ဆုံခွင့်ရခဲ့တဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ရင်ထဲမှာ ဘဝလွတ်မြောက်မှုနှင့် စပ်လျဉ်းပြီး ထူးခြားလေးနက်တဲ့ သဘောထားတွေ မတွေ့ခဲ့ရလို့ အားမလို အားမရ ဖြစ်မိပါတယ်ဘုရား။

ဒါပေမယ့် တကယ်တမ်းကတော့ လူသားတိုင်းဟာ ဒီလိုပါပဲ၊ တစ်ကမ္ဘာလုံးကလည်း ရုပ်ဝတ္ထုပစ္စည်းရဲ့ တိုးတက်မှုကိုသာလျှင် အံ့မခန်း အံ့ဩပြီးတော့မှ ရင်သပ်ရှုမောပြီး နေနေကြပါတယ်။ စိတ်ဓာတ်ရေးရာ စာရိတ္တရေးရာ တိုးတက် ဖွံ့ဖြိုးမှုကိုတော့ အမှတ်တမဲ့ ဖြစ်နေကြပါတယ်။ ဘုရားတပည့်တော်လည်း ဟိုတုန်းက သူတို့နှင့် စိတ်ချင်းတူ၊ တန်ဖိုးထားပုံချင်း တူတူပဲဆိုတာကို ခု ပိုပြီး နားလည်လာပါတယ်ဘုရား။

သာယာလှပတဲ့ ပင်လယ်ကမ်းစပ်မြို့လေးမှာ Conference ပြီးတဲ့နောက် ကိုယ်ပိုင်အချိန် ငါးရက်ယူပြီး ဟိုတယ်မှာနေခဲ့ ပါတယ်

ဘုရား။ ပတ်ဝန်းကျင် ရာသီဥတုမျှတမှု သပ္ပါယဖြစ်မှုဟာလည်း တရားတိုးတက်မှုကို အများကြီး အထောက်အကူဖြစ်တတ်တယ် ဆိုတာကို ဘုရားတပည့်တော် မှတ်သား ထားဖူးပါတယ်ဘုရား။ ဘုရားတပည့်တော်မကို သွန်သင် ဆုံးမခဲ့ဖူးတဲ့ အာဝါသသပ္ပါယ၊ ဥတုသပ္ပါယ၊ ဘောဇနသပ္ပါယ၊ ဣရိယာပထသပ္ပါယတွေလည်း ပါမယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား။

ဘုရားတပည့်တော် တရားလျှောက်ထားခွင့် ပြုတော်မူပါ ဘုရား။ ပင်လယ်ကမ်းစပ်မှာ တစ်နေ့တာ တစ်နေ့တာဟာ စိတ်မှာ ဘာခံစားမှုမှ သိသိသာသာ မရှိလိုက်ဘဲ ကုန်လွန်နေပါတယ် ဘုရား။ *စိတ်ထဲ အကြည်ဓာတ်ကလေးကတော့ လွှမ်းမိုးလျက်ပါပဲ။ စိတ်ရော ကိုယ်ပါ ညီညွတ်မျှတပြီး လန်းလန်းဆန်းဆန်း ရှိနေပါတယ်။ အခုလို စိတ်ငြိမ်းချမ်းတာကို ဘုရားတပည့်တော် ဘဝမှာ မတွေ့မကြုံ ခဲ့ဘူးသေးပါဘုရား။* အကယ်၍ အရင် ကြုံဖူးရင်လည်း ခုလောက် မနက်ရှိုင်းဘူးဆိုတာ လျှောက်ဝံ့ပါတယ်ဘုရား။

ဓမ္မသတ္တိတွေက အံ့သြစရာ ကောင်းပါတယ်ဘုရား။ အရွယ်အိုမင်းနေတဲ့ ခန္ဓာဟာလည်း ကျန်းမာရေးကောင်းတယ်လို့ မပြောဝံ့ပါ။ စောင့်ရှောက်နေရပါတယ်ဘုရား။ *ဒါပေမယ့် ဒီခန္ဓာကြီးဟာ ဘာဖြစ်သွားနိုင်မလဲ။ ဘာပဲဖြစ်သွား၊ ဖြစ်သွား စိတ်ကလက်ခံနေပါတယ်။ ဘာမှ ဖြစ်မလာဘူးဆိုရင်လည်း ရနေပြန်တယ်။ လူတစ်ယောက်ယောက်ကို ပြောပြရင် လက်ခံပေးနိုင်မယ် မထင်မိပါဘုရား။* ဘုရားတပည့်တော်မရဲ့ လျှောက်ထားချက်များကို ဆရာတော်ဘုရား နားလည် ပေးနိုင်စွမ်းရှိတာမို့ ဆက်လက်ပြီး လျှောက်ထားပါရစေဘုရား။

တစ်နေ့တာဘဝရဲ့ အရာရာတိုင်းဟာ ညီညွတ်မျှတနေပါတယ်။ ပြီးပြည့်စုံနေပါတယ်။ အစီစဉ်ကျနေပါတယ်။ ဘဝမှာ လိုအပ်ချက်ရယ်လို့ ဘာမှ စဉ်းစားကြံစည်လို့ မရအောင်ကို ပြီးပြည့်စုံနေပါတယ်။ ဘာဖြစ်လို့ ဒီအတွေး ပေါ်နေတာလဲလို့ အကဲခတ်ကြည့်တော့ *"အရာအားလုံးဟာ ဘာမှမဟုတ်ဘူး"* ဆိုတာကို ပိုင်ပိုင်ကြီး လက်ခံထားတာကို ပိုပြီး နက်နက်ရှိုင်းရှိုင်း သိလာရပါတယ်ဘုရား။

*စိတ်က ကြည်လင် တောက်ပနေတယ်။ ညီညွတ်မျှတနေတယ်။ တုန်လှုပ်မှု ကင်းနေသော်လည်း ရူနေတာ၊ မှတ်နေတာ၊ ပွားနေတာ မဟုတ်ပါဘုရား။ သိနေရုံမျှပါဘုရား။ နောက်ထပ်တစ်နည်း လျှောက်ထားရရင် သဘောပေါက် နေတာမျှပါဘုရား။ အဲဒီလို သဘောပေါက်တဲ့ အင်အားကြောင့် စိတ်တည်ကြည် ခိုင်ခံ့တာ၊ ငြိမ်းအေးနေတာလို့ တပည့်တော် ခုပိုပြီး နားလည်နိုင်လာပါပြီဘုရား။*

*စိတ်က ကျောက်ဆောင် ကျောက်သားပမာ မတုန်မလှုပ်ဘဲနေတယ်လို့ပြောရင် မှားမယ် မထင်ပါဘုရား။ ဝေါဟာရအားဖြင့်တင်ပြဖို့ ခက်ခဲပါတယ်ဘုရား။* ဘုရားတပည့်တော် အဲဒီစိတ်ရဲ့ Quality နဲ့ပဲ ပင်လယ်ကမ်းစပ်မှာ နေခဲ့ပါတယ်။ အဲဒီစိတ်ရဲ့ Quality နဲ့ပဲ လေယာဉ်ပျံ စီးခဲ့ပါတယ်။ အဲဒီစိတ်ရဲ့ Quality နဲ့ပဲ အိမ်ကို ရောက်ခဲ့ပါတယ်။ အဲဒီစိတ်ရဲ့ Quality နဲ့ပဲ အိမ်ရဲ့ ဝေယျာဝစ္စတွေကို မနေ့က ဆောက်ရွက်ခဲ့ပါတယ်။ အဲဒီစိတ်ရဲ့ Quality နဲ့ပဲ တပည့်တော်ရဲ့ တစ်နေ့တာ တစ်ညတာ အချိန် ကုန်လွန်နေပါတယ်ဘုရား။

ရဟန္တာ ထေရီ ထေရာ အရှင်မြတ်များရဲ့ နှုတ်မှ မြွက်ကြားခဲ့ဖူးတဲ့ *"ကိလေသာကင်းတာ ချမ်းသာပါတကား"* ဆိုတာကို

ဘုရားတပည့်တော် အခုတော့ အနည်းငယ် ပိုပြီး တိုးပြီးတော့ ရိပ်စား မိလာပါပြီဘုရား။ ဘုရားတပည့်တော်အား ဆက်လက်ပြီး လျှောက်ထားခွင့် ပေးတော်မူပါဘုရား။

ဘုရားတပည့်တော် ခေတ္တတည်းခိုနေတဲ့ ဟိုတယ်ပေါ်ကနေ ပင်လယ်ကမ်းစပ် ပတ်ဝန်းကျင်ရှုခင်းကို ကြည့်တဲ့အခါမှာ မတူညီတာကို သတိ ပြုမိပါတယ်ဘုရား။ *မိုးများရွာလေ မလားလို့ မျှော်ကြည့်မိတာရယ်၊ နေကလည်း ပူလိုက်တာနော် ဆိုပြီး ကြည့်တာရယ်၊ စိတ်ထဲ ဘာမျှော်လင့်ချက်မှမပါဘဲ ကြည့်တာရယ်မှာ ရင်ထဲ အပူကွာတာကို သတိပြုမိပါတယ်ဘုရား။ မျှော်လင့်တာလည်း ကိလေသာပါပဲဆိုတာ သိလာပါပြီဘုရား။*

ဘုရားတပည့်တော် ပင်လယ်ကမ်းစပ်ကို လမ်းလျှောက်သွားတဲ့တစ်ရက်မှာ ခွေးတစ်ကောင်က အထုပ်တစ်ခုကို ချီလာတယ်။ တပည့်တော် လျှောက်နေတဲ့ နေရာနဲ့ မလှမ်းမကမ်းမှာ အထုပ်ကို သူက နှုတ်သီးနဲ့ရော လက်နှစ်ဘက်နဲ့ ကြိုးစားပြီးတော့မှ ဖြည်နေပါတယ်။ အစက ညီညွတ် မျှတနေတဲ့ တပည့်တော်ရဲ့ စိတ်က ဘယ်အချိန်ကမှန်း မသိဘူး။ “ဒီခွေးရဲ့ လက်ထဲက အထုပ်ထဲမှာ ဘာများ ပါလာမလဲ” ဆိုတာကို စူးစမ်းစိတ် သိချင်စိတ်က လွှမ်းမိုးလာပါတယ်။ ဟိုတယ်ပေါ်မှာတုန်းကစိတ် မဟုတ်တော့ဘူး။ ခွေးနှင့် အထုပ်ကို ဘာခံစားမှုမှ မပါတဲ့ အကြည့်နှင့် ကြည့်နေတာ မဟုတ်တော့ပါဘုရား။ *“အထုပ်ထဲက ဘာထွက်လာမလဲ၊ ဘာများရှိသလဲ၊ ဘယ်လိုဟာလေးလဲ” ဆိုတာ စပ်စုနေတဲ့ တပည့်တော်စိတ်က မလွတ်လပ်တော့ပါဘူးဘုရား။ စိတ်ရဲ့ Quality ကျသွားပြီဘုရား။*

ခွေးစားဖို့ ကြိုးစားနေတဲ့ အထုပ်နဲ့ မိမိ ဘာမှမပတ်သက်ဘူး။ သို့သော် ဘာလေးလဲဆိုတာကို သူက မျက်ခြည်မပြတ်ကြည့်ချင်နေတယ်။ ဘယ်လိုဟာလေးလဲ ဆိုတာကို သူက သိချင်နေတယ်။ အဲဒါကို ကိလေသာလို့ပဲ ဆိုမလားတော့ မသိပါဘုရား။ *ကိလေသာလို့ ဆိုရင်လည်းပဲ အင်မတန်ပါးလွှာတဲ့ ကိလေသာပါပဲဘုရား။ သို့သော် ဒီမျှပါးလွှာတဲ့ ကိလေသာ ရှိနေတာသည်ပင်လျှင် ဘုရားတပည့်တော်ရဲ့စိတ် မလွတ်လပ်တော့ပါဘူးဘုရား။ ဒီကိလေသာတွေ လုံးဝမရှိတော့မှပဲ ပြည့်ပြည့်ဝဝကြီးလွတ်လပ်တော့မယ်ဆိုတာကို တပည့်တော် တထစ်ချ ယုံကြည်ပါပြီ အရှင်ဘုရား။*

ဆက်လက်ပြီး လျှောက်ထားပါရစေဘုရား။ လူ့ဘဝကို ဘုရားတပည့်တော် မကြာခဏ သုံးသပ်ခဲ့ဖူးပါတယ်ဘုရား။ *မပြီးဆုံးနိုင်တာကို လုပ်နေတာပါလားလို့လဲ စိတ်ထဲ ဖြစ်ခဲ့ဖူးပါတယ်။ အဓိပ္ပါယ် မဲ့လှချည်လား၊ အနှစ်သာရ မရှိသလိုပဲလို့လည်း ခံစားခဲ့ဖူးပါတယ်။ ဒါပေမယ့် လူ့ဘောင်လောကရဲ့ ရေစီးကြောင်းထဲက နေပြီး ကြည့်ရတာဆိုတော့ မရှင်းဘူး၊ မသဲကွဲဘူးဘုရား။ မပြောရဲ သလိုလိုပဲ။ မတွေးရဲသလိုလိုပါပဲ။ ဒါကြောင့် ရံခါတော့ What is the meaning of life? ဆိုပြီးတော့မှ တိုးတိုးကလေး ကြိတ်ပြီးတော့မှ စိတ်ထဲ မေးကြည့်ခဲ့ဖူးပါတယ်။* အဲဒီတုန်းက အဖြေကိုတော့ မယ်မယ်ရရ ရအောင် မကြိုးစားခဲ့ဖူးပါဘူး။

အခုတော့ ဘဝကို ဘေးကကြည့်ရသလို လောကကို အပေါ်စီးကကြည့်ရသလို၊ လူ့ဘောင်ကို အမြင့်ကကြည့်ရသလို မြင်တတ်လာပါပြီဘုရား။ အရင်က အထင်နဲ့ မဝံ့မရဲရှိနေခဲ့တာ ခုတော့ ရဲရဲတင်းတင်း ကြည့်နိုင်လာပါပြီ။ *လူသားထုကြီး တစ်ခုလုံးက*

*မနေမနား ပင်ပင်ပန်းပန်း အကောင်အထည် ဖော်နေတဲ့ ဘဝဆိုတာကြီးက လုံးဝကို အဓိပ္ပါယ် မဲ့လှပါလား။* အမှောင်ထုကို မီးထွန်းပြီးတော့မှ ရှာနေတာနဲ့ တူနေပါလား။ ငှက်ပျောပင်၊ လက်ပံပင်ရဲ့ အနှစ်ကို ရှာနေတာနဲ့ တူနေပါလား။ လောကမှာ မရှိတဲ့ ရေသဖန်းပင်ရဲ့ အပွင့်ကို တစ်ယောက်က အပွင့်ဖြူတယ်၊ တစ်ယောက်က ပြာတယ်နှင့် ငြင်းခုန်ပြီး ရန်ဖြစ်နေတာပါလား။ *"သြော် . . ဒါကြောင့် သူတော်ကောင်းတွေဟာ လောကကို အရူးလို့ပြောတယ်ဆိုတာ ပြောထိုက်လှပါပေတယ်လို့ သိလာပါတယ်။ ရင်ထဲ ပိုပိုပြီးတော့မှ ရှင်းလာသလို သဘောလည်း ပိုပိုပြီး ပေါက်လာပါတယ်ဘုရား။* ဒါကို လက်ခံပြီးတဲ့နောက်တော့ ဝန်ထုပ်တစ်ခု ချလိုက်သလို လောကကို ပိုပြီး နားလည်လာတယ်ဘုရား။ meaning of life ကလဲ အလိုလို ပေါ်လွင်ထင်ရှားပြီး လာပါတော့တယ်ဘုရား။

စာက ရှည်သွားသော်လည်း ဘုရားတပည့်တော်ကို ဆက်လက်ပြီး လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ ဘုရားတပည့်တော် ဘဝမှာ ယခင်က ရဖို့ပဲ လုပ်တတ်ခဲ့ပါတယ်ဘုရား။ ရဖို့ ရဖို့ပဲ ကြိုးစားခဲ့ဖူးပါတယ်။ ရလာရင် သေတ္တာထဲထည့် သော့ခတ်ပြီးတော့ တွေးတွေးပြီး စမြုံ့ပြန်ကာ ပျော်ရွှင်ခဲ့ဖူးပါတယ်ဘုရား။ တကယ် ပျော်ခဲ့တာပါဘုရား။ အထင်နဲ့ ပျော်ခဲ့တာ မဟုတ်ပါဘူး။ အမှန်ပျော်ခဲ့ဖူးတာပါ။ အိပ်မက်ထဲ ပျော်ခဲ့တာ မဟုတ်ပါဘူး။ တကယ့် Real life မှာပဲ ပျော်ရွှင်မြူးခဲ့တာပါဘုရား။

အခု သိပါပြီဘုရား။ တပည့်တော်ရဲ့ ကျန်ရှိနေသေးတဲ့ ဘဝတစ်ခုလုံးဟာ အများအတွက်ပါဘုရား။ သာသနာအတွက်ပါဘုရား။ ဘဝလွတ်မြောက်ရေး အတွက်ပါဘုရား။ ရဖို့လုပ်နေတာ

မဟုတ်တော့ ပါဘုရား။ ဒါကြောင့် သော့ခတ်ထားစရာလည်း မလိုတော့ပါဘူး။ မီးခံသေတ္တာ လုံလုံလည်း မရှာတော့ပါဘူး။

ဟိုယခင်ကာလက ရွှေကို အနှစ်ထင်ခဲ့တယ်။ ငွေကို အနှစ်ထင်ခဲ့တယ်။ ရာထူး စီးပွားကိုလည်း အနှစ်ထင်ခဲ့တယ်။ သားသမီး ခင်ပွန်းတွေကို အနှစ်ထင်ခဲ့ဖူးတယ်ဘုရား။ အခြွေအရံ ပေါတာကို *အနှစ်ထင်ခဲ့တာတွေက အခုအသိနှင့်တော့ တော်တော်ရယ်စရာကောင်းအောင် ရူးခဲ့တာပါလားလို့ ကောင်းကောင်း သိလာပါတယ်။ ခုလို နားလည်လာမှပဲ လွတ်လပ်တော့တယ်ဘုရား။ ခုမှ တကယ်ချမ်းသာအစစ်နှင့် တကယ်ပျော်တာကို သိပါပြီဘုရား။*

အရင်ကလည်း ပျော်ခဲ့တယ်။ လွတ်လပ်ခဲ့တယ်။ ပျော်တာကိုလည်း သိခဲ့တယ်၊ လွတ်လပ်တာကိုလည်း သိခဲ့ပါတယ်။ ဒါပေမယ့် အဲဒါဟာ အထင်ပျော်၊ အထင် လွတ်လပ်တာပါလား ဆိုတာ သဘောပေါက်ပါပြီ။ ပမာလျှောက်ထားရရင် အိပ်မက်ထဲမှာ ရှင်ဘုရင် ဖြစ်နေတာ၊ နိုးလာတော့ ဘာမှ မဟုတ်သလို *တပည့်တော်ရဲ့ ဘဝတာမှာလည်း အရင်က တန်ဖိုးထား မြတ်နိုးခဲ့တာတွေဟာ ခုဘာမှမဟုတ်ဘူးဆိုတာ သေသေချာချာကို သိလိုက်နိုင်ပြီမို့ ဝမ်းမြောက်လှပါတယ်ဘုရား။ တရားတော်ဟာ အလွန်ပဲနက်နဲလှပါတယ်။ တပည့်တော် အားထုတ်လာတဲ့ တရားလမ်းကြောင်းဟာ တဖြည်းဖြည်း ပို၍ ပို၍ ရှင်းသည်ထက်ရှင်းလာပါပြီဘုရား။* ခုလို အသိရှင်းလာမှပဲ ဟိုတုန်းက အဲဒီနေရာမှာ အသိမရှင်းဘဲ ဇဝေဇဝါ ရှိခဲ့တာပဲဆိုတာ နားလည်လာပါပြီဘုရား။

တချို့ကိလေသာက လျှပ်စီး လက်လိုက်သလောက်လေး ပေါ်ရုံမျှပဲပေါ်ပြီး တချို့ကတော့ နည်းနည်း ကြာပါသေးတယ်။ တချို့

ကိလေသာကတော့ တော်တော်လေးကို ကြာပါသေးတယ်ဘုရား။ ဘုရားတပည့်တော်ရဲ့ သန္တာန်မှာ ကိလေသာ ရှိတာကိုလည်း သိပါတယ်။ ကိလေသာဖြစ်ပြီး နည်းနည်း ကြာတာကိုလည်း သိပါတယ်။ ကိလေသာဖြစ်တာ တော်တော်ကြာတာကိုလည်း သိပါတယ်ဘုရား။ *တပည့်တော် နားလည် သဘောပေါက်ပြီးတော့ လက်ခံနိုင်တဲ့ အကြောင်းအရာပေါ်မှာ ကိလေသာဖြစ်တာ နည်းပါးပါတယ်ဘုရား။ သဘောမပေါက်သေးတဲ့ အကြောင်းအရာ ကိစ္စများပေါ်မှာတော့ ကိလေသာ ဖြစ်သေးတာပဲဆိုတာ သတိပြုမိ လာပါတယ်။ အရာရာတိုင်းကိုသာ နားလည် လက်ခံနိုင်ရင်တော့ ပိုပြီး လွတ်လပ်တော့မယ်ဆိုတာ ရိပ်မိလာပါပြီဘုရား။*

*ကိလေသာကနေ လွတ်မြောက်တာကို လွတ်မြောက်တယ်လို့ သိပါတယ်ဘုရား။ ဒါကို Reference ထားပြီး ကြည့်လိုက်တော့ မလွတ်မြောက်တာကိုလည်း ရှင်းရှင်းလင်းလင်း သိလာပါတယ်။ လွတ်မြောက်တာကိုလည်း ရှင်းရှင်းလင်းလင်း သိလာပါတယ်။ လွတ်ဖို့ လိုသေးတာကိုလည်း လိုသေးတယ်လို့ ရှင်းရှင်းလင်းလင်း သိလာပါတယ်။ လွတ်လပ်တဲ့ အကြောင်းရင်းလည်း သိလာတဲ့အတွက် ငြိရတဲ့ အကြောင်းရင်းကိုလည်း သိလာပါတယ်။ လွတ်ရာကို သွားရမယ့် လမ်းကိုလည်း လမ်းမှန်းသိလာပါတယ်။ ငြိလို့ ပင်ပန်းတာကိုလည်း ပင်ပန်းမှန်း သိလာပါတယ်။ ငြိတာ လွတ်သွားလို့ ချမ်းသာတာကိုလည်း သိလာတယ်။ ဒီဘဝခြားသည့်တိုင် ငြိတွယ်ပြီး ပါဦးမယ့် ငြိကပ်မှု (သို့) ဒီဘဝမှာ ဖြည်မရတော့မယ့် ငြိကပ်မှုကိုလည်း သေသေချာချာ သိလာပါပြီဘုရား။*

*လုံးဝ ဖြည်မရတာတော့ မဟုတ်ပါဘူးဘုရား။ တချို့ ငြိကပ်တာတွေက ဒီဘဝ မဖြည်ချင်သေးတဲ့သဘော၊ ငြိကိုငြိချင်*

*နေတဲ့သဘောကိုလည်း ဘုရားတပည့်တော် ရှင်းရှင်းလင်းလင်း သိနေပါတယ်ဘုရား။ ခုလို ရှင်းရှင်းလင်းလင်း သိရသော်လည်း မဖြည်ချင်သေးပါ။ ငြိကို ငြိချင်နေပါတယ်ဘုရား။* စိတ်ရဲ့ သဘာဝဟာ အံ့သြစရာလည်း ကောင်းပါတယ်။ သေးငယ်တဲ့ ပါးလွှာတဲ့ ကိလေသာလို့ပဲ ထင်ပါတယ်ဘုရား။ ဒါပေမယ့် *ကိလေသာက ပါးလွှာပေမယ့် အားကြီးလှပါတယ်ဘုရား။*

နိဗ္ဗာန်ရဲ့သဘောကိုလည်း ပို၍ ပို၍ နားလည်လာပါတယ်လို့ လျှောက်ထားပါရစေ။ ဘုရားတပည့်တော် ဒီထက်လွန်ပြီး ဝေါဟာရ စကားလုံး တင်လျှောက်ထားရင် မှားယွင်းမှာ စိုးရိမ်ပါသဖြင့် ဆက်လက်ပြီး ကြိုးစား အားထုတ်နေပါတယ်ဘုရား။ *ရရှိထားတဲ့ ဒီခန္ဓာကို ပိုင်ရှင်ဖြစ်တဲ့ သေမင်းလက်ဝယ် မအပ်နှံသေးခင် ဘုရားတပည့်တော် ကြိုးစား အားထုတ်ပါ့မယ်ဘုရား။*

ဘုရားတပည့်တော်မ၏ လျှောက်ထားချက်များ မှားယွင်းလျှင် သွန်သင် ဆုံးမပေးတော်မူပါဘုရား။ အရိယာပုဂ္ဂိုလ်တိုင်း မိမိ ပယ်ပြီး ကိလေသာ၊ မပယ်ရသေးတဲ့ ကိလေသာကို သိနိုင်ပါသလားဘုရား။ တပည့်တော်၏ မှီခို အားထားရာသည် အရှင်ဘုရားသာလျှင် ဖြစ်ပါသည်ဘုရား။

ဆရာတော်ဘုရား ကျန်းမာ ချမ်းသာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင် နိုင်ပါစေကြောင်း အမြဲတမ်း ဆန္ဒပြုကာ မေတ္တာ ပို့သအပ်ပါသည်ဘုရား။

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခု၊ နိုဝင်ဘာလ (၆) ရက်။

**ဒါယိကာမထံ ပြန်ကြားအသိပေးအပ်ပါသည်။**

(၆-၁၁-၈၉) ရက်စွဲမှာ ရေးသားဆက်ကပ်လာတဲ့ စာကို ဖတ်ရှုပြီး ပြန်ကြား အသိပေးအပ်ပါတယ်။ သိပ္ပံပညာရှင်တွေဟာ လူရဲ့ အကြောင်းကို အတော်ကြီး ထဲထဲဝင်ဝင် စူးစမ်းလေ့လာကြပါတယ်။ သတ္တဗေဒပညာရှင်က လူရဲ့ အသက်ဇီဝအကြောင်းကို သုတေသနပြု ကြတယ်။ စိတ္တဗေဒပညာရှင်တွေဟာ လူတွေရဲ့ စိတ်သဘာဝကို သိရှိနားလည်ဖို့ လေ့လာကြတယ်။ သမိုင်းပညာရှင်တွေက လူသတ္တဝါတွေရဲ့ သမိုင်းကို လေ့လာကြတယ်။ သိပ္ပံပညာရပ် အသီးသီးက လူ့အကြောင်းကို စူးစမ်းလေ့လာမှု အတော်အတန်တော့ လုပ်ပြီးနေကြပါပြီ။

*ဒါပေမယ့် သိပ္ပံရဲ့ တွေ့ရှိချက်တွေ အားလုံးကို စုပေါင်းလိုက်လို့ရှိရင်လည်းပဲ လူသားရဲ့ ပရမတ္ထဂုဏ်ကိုတော့ ပေါ်လွင်ထင်ရှားလာအောင် မစွမ်းနိုင်ပါဘူး။ ဘာကြောင့်လဲဆိုလို့ ရှိရင် ပရမတ္ထသဘောဟာ သိပ္ပံပညာရဲ့ တွေ့ရှိချက်တွေ အားလုံးကို လွန်နေလို့ပါပဲ။*

ဒါဟာ မြတ်စွာဘုရားရှင်သည်သာလျှင် သိရှိနိုင်တဲ့ဂုဏ်မျိုး ဖြစ်ပါတယ်။ အတ္တအရာမှာ တည်နိုင်တဲ့ ဂုဏ်မဟုတ်ပါဘူး။ အနတ္တအရာမှာ တည်နိုင်တဲ့ ဂုဏ်ဖြစ်ပါတယ်။ နိစ္စအရာမှာ တည်တဲ့ ဂုဏ်မဟုတ်ပါဘူး။ အနိစ္စအရာမှာ တည်တဲ့ ဂုဏ်ဖြစ်လို့ပါပဲ။

ခုလို ဝိပဿနာတရားကို စနစ်တကျ နည်းမှန် လမ်းမှန် အားထုတ်လာတာနှင့်အမျှ အသိအမြင်တွေ ပြောင်းလာတာက နည်းလမ်း မှန်ကန်ပါတယ်။ တချို့အသိအမြင်တွေဟာ ပြုန်းကနဲ

လျှပ်စီးများ လက်လိုက်သလို တခဏချင်း သဘောပေါက် သွားတာလည်း ရှိတတ်ပါတယ်။ တချို့အသိတွေကတော့ တဖြည်းဖြည်းချင်း တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်ပြီး သဘောပေါက်သွားတာလည်း ရှိတတ်ပါတယ်။ ဒီသဘောပေါက်မှု နှစ်မျိုးလုံးဟာ ပြည့်စုံပါတယ်။ မှန်ကန်ပါတယ်။

လောကလူသားတွေခမျာ ပင်ပန်းဆင်းရဲတာကို မသိကြရှာပါဘူး။ လူလေးစားခံရဖို့လုပ်ရတာ ပင်ပန်းလိုက်တာ၊ သြဇာတိက္ကမကြီးမားအောင် လုပ်ရတာ ပင်ပန်းလိုက်တာ။ မိသားစုလုံခြုံဖို့ စီးပွားဖြစ်ဖို့ ငွေကြေးဥစ္စာ ပြည့်စုံဖို့ ရှာရတာ ပင်ပန်းလိုက်တာ၊ မရသေးတဲ့ ဥစ္စာတွေရဖို့ ရှာရတာ၊ ရပြီးဥစ္စာတွေ မပျောက်ပျက်ဖို့ စောင့်ရှောက်ရတာ၊ မိသားစုတွေ ဘေးရန်အန္တရာယ် မကျရောက်ဖို့ ကာကွယ် စောင့်ရှောက်ရတာ ပင်ပန်းလိုက်တာ။

*ခုလို ပင်ပန်း ဆင်းရဲကြီးစွာနဲ့ ရှာဖွေစုဆောင်းကာ စောင့်ရှောက်ပြီးတော့မှ နေတာဟာ နိဗ္ဗာန်ရကြောင်း လုံးဝ မဟုတ်ပါဘူး။ နိဗ္ဗာန်ရကြောင်းနဲ့ လားလားမှ မပတ်သက်ဘဲ နိဗ္ဗာန် ဦးတည်ချက်ရဲ့ ဆန့်ကျင်ဘက်မှာသာ ရှိပါတယ်။* တနည်းပြောရရင် ဘဝသံသရာလွတ်မြောက်ရေးကို ဦးတည်တဲ့ လမ်းကြောင်းရောက်ဖို့ နေနေသာသာ ဦးတည်ချက် အစကိုတောင် မစမိသေး တာပါ။ ဒီလောက်ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ အသက်နဲ့ရင်းပြီး ရှာဖွေစုဆောင်းပေမယ့် တစ်နေ့ကျတော့ အားလုံး ခွဲခွာခဲ့ရမှာပါ။ ဘာမှ ပါမသွားနိုင်ဘူး။

ဒါကြောင့် "အပ္ပသာဒါ အာဝုသော ကာမာ ဝုတ္တာ ဘဂဝတာ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အဋ္ဌိကင်္ကလူပမာ ကာမာ . . . .။"

ကာမဂုဏ်တွေဟာ အသားမကပ်တဲ့ အရိုးနှင့်တူတယ်။ ကာမဂုဏ်တွေဟာ အိပ်မက်နှင့် တူတယ်။ ဆင်းရဲကြီးတယ်။ ပင်ပန်းမှုများတယ်။ အပြစ်များလှတယ်လို့ မြတ်စွာဘုရား ဟော တော်မူပါတယ်။[၁]

ဘယ်မျှပင် ကြီးကျယ်တဲ့ ဧကရာဇ် ရှင်ဘုရင်ကြီးတစ်ပါးပင် ဖြစ်လင့်ကစား တစ်ဘဝတစ်သက်တာ တစ်ခဏလေးနေရပြီး ကိုယ့် လမ်းကိုယ် သွားကြရတာ ဓမ္မတာပါ။ မလွန်ဆန်နိုင်တဲ့ သဘာဝ။

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
မင်းစည်းစိမ်ကား
သမုဒ္ဒရာ
ရေမျက်နှာထက်
ခဏတက်သည်
ရေပွက်ပမာ တစ်သက်လျှာတည်း။

(အနန္တသူရိယအမတ်)

ဒါပေမယ့် ဒီတသက်တာမှာ လူးလိမ့်ခံစားခဲ့ရတဲ့ သောက ဒဏ်ရာတွေ၊ မကျေမနပ် ဖြစ်ခဲ့ရတဲ့ ဒေါသ အာဃာတ ဒဏ်ရာတွေ၊ လုပ်တိုင်းဖြစ်ခဲ့တုန်းက မာနဒဏ်ရာတွေ၊ ငါ့ဟာ ငါ့ဟာ ဖြစ်ခဲ့တဲ့ ဒိဋ္ဌိဒဏ်ရာတွေ၊ ဒါတွေရဲ့ အကြောင်းသတ္တိကတော့ ဘဝ ဘဝကို ပါသွားရမှာက နိယာမပါ။

---

၁။ (၇၆) ဒုတိယယောဓာဇီဝသုတ္တ၊ အင်္ဂုတ္တရပါဠိ (ဒုတိယ)။

စဉ်းစားဖို့ကောင်းတာက *ဘဝ ဘဝတွေသာ ပြောင်း၊ ပြောင်းပြီးသွားခဲ့တယ်။ ခန္ဓာကိုယ် အသွင်သဏ္ဌာန်တွေသာ ပြောင်းပြောင်းပြီးသွားခဲ့တယ်။ အမိအဖတွေသာ ပြောင်းပြောင်းပြီးတော်စပ်သွားတယ်။ မောင်နှမ အသိုက်အဝန်း ပြောင်း၊ ပြောင်းပြီးသွားသော်လည်းပဲ ပုထုဇဉ် စိတ်ဓါတ်က နည်းနည်းလေးမှကို မပြောင်းပါဘူး။*

ဒီဘဝ ဒီပတ်ဝန်းကျင်မှာ ဒီအမိ၊ ဒီအဖ၊ ဒီမောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ ဒီသား၊ သမီး သံယောဇဉ်တွေနှင့် ဟုတ်နေသလိုလိုပဲ။ ဒါပေမယ့် အရင်ဘဝ ဘဝတွေကလည်း အမေ၊ အဖေ၊ မောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ သား၊ မယားတွေနဲ့ ဒီလို သံယောဇဉ်တွေဖြစ်ပြီး နေခဲ့တာပဲနော်။ ဒါကို မမှတ်မိတော့ဘူးလေ။ မခွဲနိုင် မခွာနိုင်ဖြစ်နေပြီး လွန်ဆွဲတုန်းမှာပဲ မရဏသေမင်းက အနိုင်ပိုင်းပြီး ခွဲပစ်လိုက်လို့ ငိုငိုယိုယိုနှင့် ခွဲခဲ့ရတာနော်။ ဒီဘဝပါဝင် နောင်ဘဝ ဘဝ များစွာမှာလည်းပဲ သံယောဇဉ်တွယ်ပြီး ဒီအတိုင်းပဲနေပြီး ဒီအတိုင်းပဲ ငိုငိုယိုယိုနှင့် သေကြရဦးမှာပါ။ ခွဲခွာရဦးမှာပါ။ မမှတ်မိတော့လို့သာ။ *ဘာဖြစ်လို့ အခုလို ဖြစ်နေရတာလဲဆိုရင် ပုထုဇဉ်စိတ် မကုန်နိုင်လို့ပါပဲ။*

ပုထုဇဉ်ဘဝမှာ အကုသိုလ်တွေ အများကြီး ပြုရတယ်။ သို့သော် ဒီအလုပ်ဟာ အကုသိုလ်ဖြစ်တယ်။ ယုတ်ညံ့တယ်။ နောင်မှာ စပ်ရှား ခါးသီးတဲ့အကျိုးကို ပေးမယ်ဆိုတာကို ပုထုဇဉ်လူသား မသိရှာဘူး။ သူ့ကိုသူ လုပ်နေတာ သူပြောနေတာ သူကြံစည်နေတာတွေ အကုသိုလ်ပါလို့ ရှင်းပြရင်လည်း နားခါးရင် ခါးလိမ့်မယ်။ ပျက်ရယ်ပြုချင် ပြုလိမ့်မယ်။ အစဉ်မသင့်ရင် ရန်ရှာနိုင်သေးတယ်။

သာသနာရဲ့ အဆုံးအမကို ရထားတဲ့ တချို့ပုဂ္ဂိုလ်မှာတော့ အကုသိုလ်မှန်း ရိပ်မိနေတာတောင်မှ မထူးဇာတ်ခင်းပြီး ဆက်ပြီးတော့ မိုက်မြဲမိုက်၊ ရမ်းမြဲရမ်းပြီးတော့ အကုသိုလ်နှင့်ပဲ ဒီဘဝ မွေ့လျော်ပြီး နေတော့တာဟာ ပုထုဇဉ်ရဲ့ အသိဉာဏ် နည်းပါးတဲ့ ပြယုဂ်ပါပဲ။

အန္ဓဗာလ ပုထုဇဉ်ကတော့ အကုသိုလ် ဖြစ်စရာမှန်းလည်း မသိရှာဘူး။ အကုသိုလ်ဖြစ်ဖွယ်ရာကို ရှာမှီးရမှန်းလည်း မသိရှာဘူး။ မွေ့လျော့နေလိုက်တာ အကုသိုလ် ဆိုတာကိုလည်း မသိနိုင်ရှာဘူး။ ဒီလိုနဲ့ပဲ တစ်သက် ကုန်ဆုံးသွားကြရှာတယ်။ ဒီမှာ ကုသိုလ်၊ အကုသိုလ် မကွဲတာက ပဓာနဖြစ်နေပါတယ်။ ဒီတော့ ကုသိုလ်ကို အကုသိုလ်ထင် အကုသိုလ်ကို ကုသိုလ်ထင်ကြတယ်။ ကုသိုလ်ကို အကုသိုလ်ထင်တဲ့ ပုထုဇဉ်ဘဝဟာ မတွေးဝံ့အောင် အပြစ်များလှပါတယ်။ ဒါကြောင့် တောင်မြို့ဆရာတော်ဘုရားကြီးက-

“အကယ်၍သာ ဘုရားရှင်တော်
မပွင့်ပေါ်လျှင် လူတော်အများ
စိတ်ကောင်းထားလည်း
ဤကားကုသိုလ် အကုသိုလ်နှင့်
ထိုထိုဘုံဘဝ မသိရ
များလှ အပြစ်တွေ”။
“ယခုသော်ကား ဘုရားရှင်တော်
ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား
မြတ်တရားကြောင့်

ဤကားကုသိုလ် အကုသိုလ်နှင့်
ထိုထိုဘုံဘဝ သိကြရ
များလှ ကျေးဇူးတွေ”။

ယောဂီတစ်ယောက် တရားလျှောက်ခဲ့ဖူးတယ်။ ဆုံးရှုံးလို့၊ နစ်နာလို့ဆိုပြီး ဝမ်းနည်းခဲ့ဖူးတယ်တဲ့။ ဆုံးရှုံးမှာ နစ်နာမှာ စိုးရိမ်ပြီးတော့လည်း ဝမ်းနည်းခဲ့ဖူးပါတယ်ဘုရား။ ခုတော့ ဝမ်းနည်းပူဆွေး သောကဖြစ်ဖို့ မလိုတော့ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် “ဘယ်ဟာမှ ဘာမှမဟုတ်မှန်း” အတန်အသင့် သဘောပေါက်လာလို့ပါဘုရားတဲ့။ ဟိုတုန်းက မသိလို့ ဘုရားတပည့်တော် အဲဒီလိုပူဆွေးသောက ဖြစ်ပြီးတော့မှ ဝမ်းနည်း ကြေကွဲခဲ့ရတာပါတဲ့။ ဒါကြောင့် ဘယ်ဟာမှ ဘာမှ မဟုတ်ဘူး။ Just that much ဒီထက်မပိုပါဘူး။ Just that dreaming ဒါဟာ အိပ်မက်တမျှပါပဲ ဆိုတာတွေကို နားလည်ဖို့အတွက် တရားအားထုတ် ရတာပါ။ သဘောပေါက်ဖို့အတွက် တရားတွေ ဆွေးနွေးရတာပါ။ တရားတွေ နာရတာပါ။ ဒါကို များများသိလေ ကောင်းလေပါပဲ။ အများကြီးသိလာရင် အကောင်းဆုံးပါ။

*ဘာမှမဟုတ်တဲ့ ကိစ္စမှန်း မသိလို့ ငြင်းခုံ နေကြတာပါ။ ဘာမှမဟုတ်တဲ့ ကိစ္စကို သဘောမပေါက်သေးလို့ ဝါကြွား နေကြတာပါ။ ဘာမှ မဟုတ်ဘူးဆိုတာကို မသိသေးလို့ ဝန်တိုပြီးတော့မှ မနာလို ဖြစ်ကြတာပါ။ ဘာမှမဟုတ်တဲ့ ကိစ္စမှန်း မသိလို့ သောကတွေ ဆူဝေနေကြတာပါ။ ဘာမှမဟုတ်မှန်းကို မသိလို့ဘဲ လိုချင်၊ လိုချင်တာတွေ ဖြစ်နေကြတာပါ။* တကယ်တမ်း ဘာမှ

မဟုတ်ဘူးဆိုတာကို သိလိုက်နိုင်ရင် ဘာဖြစ်လို့ ငြင်းခုံရမှာလဲ။ ဘာဖြစ်လို့ ဝါကြွားရမှာလဲ။ ဘာဖြစ်လို့ မနာလို ဝန်တိုရမှာလဲ၊ ဘာအတွက်ကြောင့် သောကဖြစ်ရမှာလဲ။

ကောင်းမယ်ထင်လို့ ကြိုက်နေတာပါ။ ခန္ဓာ အာယတန တွေရဲ့ သဘောကို အမှန်အတိုင်းသိရင် ကြိုက်စရာမရှိတော့ပါဘူး။ နှစ်သက် သဘောကျစရာလည်း မရှိတော့ပါဘူး။

ခုလို ပိုင်ပိုင် မသိသေးသမျှတော့ ဘာအာရုံနဲ့ဆုံဆုံ ကြိုက်ရမှာကို ကြောက်ပါ။ ဒီအသိကိုတော့ မပျောက်စေချင်ဘူး။ ဒါကြောင့် တရားလျှင် မွေ့ပျော်ရာရှိသော တရား၌ မွေ့လျော်တတ်သော၊ တရားကို ကြံစည်တတ်သော၊ တရားကို အစဉ်အောက်မေ့သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။ သွားသော်လည်းကောင်း၊ ရပ်သော်လည်းကောင်း၊ ထိုင်သော်လည်းကောင်း၊ အိပ်သော်လည်းကောင်း ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ထား၍ ကိလေသာတို့မှ ငြိမ်းအေးစေသော ရဟန်းသည် ငြိမ်းအေးရာ (နိဗ္ဗာန်)သို့သာလျှင် ရောက်၏ဟု မြတ်ဘုရား မိန့်တော်မူပါတယ်။[၁]

အရိယာပုဂ္ဂိုလ်တိုင်း မိမိရဲ့သန္တာန်မှာ ပယ်ပြီး ကိလေသာ မပယ်ရသေးတဲ့ ကိလေသာကို အမှန်အတိုင်း သိကြပါတယ်။ ဒါပေမယ့် ဘယ်မဂ်က ဘယ်ကိလေသာ ပယ်တယ်ဆိုတာ ဒေသနာဝေါဟာရ မကျွမ်းကျင်တဲ့ အရိယာကတော့ မသိနိုင်ပါဘူး။ “မဟာနာမော နာမ ဘဂဝတော စူဠပိတုပုတ္တော-----အရိယသာဝကော”။[၂]

---

၁။ (၈၆) ဓမ္မာနုဓမ္မပဋိပန္နသုတ္တ၊ ဣတိဝုတ္တကပါဠိ။
၂။ (၃၀၃) မဟာနာမသိက္ခာပဒဝဏ္ဏနာ၊ ပါစိတျာဒိအဋ္ဌကထာ။

"မဟာနာမောတိ အနုရုဒ္ဓတ္ထေရဿ ဘာတာ------သကဒါဂါမီ အရိယသာဝကော။[၁] မဟာနာမ် သာကီဝင်မင်းသား သကဒါဂါမ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပါသော်လည်း ဒေသနာဝေါဟာရအရာ မကျွမ်းကျင်တဲ့အတွက် ပယ်ပြီးကိလေသာ မပယ်ရ သေးတဲ့ ကိလေသာကို မသိနိုင်ခဲ့ပါဘူး။

"ကိံတဿ ပစ္စဝေက္ခဏာ နတ္ထီတိ၊ အတ္ထိ၊ သာ ပန န-----အကောဝိဒတ္တာ ဧဝံ ဟောတိ"[၂] လို့ ပြတဲ့ အဋ္ဌကထာစကားအရ အရိယာပုဂ္ဂိုလ်တို့ရဲ့ ပစ္စဝေက္ခဏာဉာဏ်ကလည်း အဲဒီဉာဏ်ရဲ့ အာရုံဖြစ်တဲ့ (၁)မဂ် (၂)ဖိုလ် (၃)နိဗ္ဗာန် (၄)ပဟီန ကိလေသာနှင့် (၅)အပ္ပဟီန ကိလေသာငါးမျိုးလုံးကို တချို့အရိယာက သိနိုင်စွမ်းပြီး တချို့အရိယာက မသိနိုင်ကြပါဘူး။ ငါးမျိုးလုံးသိတဲ့ အရိယာရှားတယ်လို့ ဆိုပါတယ်။

ဒါကြောင့် တချို့သောအရိယာက ပယ်အပ်ပြီး ကိလေသာကို ဆင်ခြင်ကြပြီး၊ တချို့က မပယ်ရသေးတဲ့ ကိလေသာကို ဆင်ခြင်ကြတယ်။ တချို့က မဂ်ကို ဆင်ခြင်ပြီး၊ တချို့က ဖိုလ်ကို ဆင်ခြင်ကြပါတယ်လို့ ပြန်ကြား အသိပေးအပ်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉၊ နိုဝင်ဘာလ (၁၁)ရက်။

---

၁။ (၁၇၅) စူဠဒုက္ခက္ခန္ဓသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသဋ္ဌကထာ။
၂။ (၁၇၅) စူဠဒုက္ခက္ခန္ဓသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသဋ္ဌကထာ။

**ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဘုရားတပည့်တော် ဒီနှစ်ပိုင်းမှာ မေတ္တာကမ္မဋ္ဌာန်း ပွားများအားထုတ်ရတာကို အထူး စိတ်ပါဝင်စားလျက် ရှိပါတယ်ဘုရား။ ဝိပဿနာတရား၊ မေတ္တာတရားတွေမှာ အလေ့အကျင့်ကောင်းလာလို့နှင့် တူပါတယ်၊ *စိတ်မှာ ဒေါသတွေ ပါးလာတာနှင့်အမျှ မေတ္တာစိတ်ကပဲ နေရာယူတာ များနေပါတယ်ဘုရား။* မြတ်စွာဘုရားနှုတ်ကပါတ်တော် မေတ္တာသုတ် ပရိတ်တော်မြတ်ကိုလည်း ကျက်မှတ်ခဲ့တာ အခုတော့ သုံးပုံပုံ နှစ်ပုံလောက်တော့ ရပါပြီဘုရား။ သုံးပုံပုံ တစ်ပုံကိုတော့ စာအုပ်ထဲ ကြည့်ပြီးတော့မှ ပူဇော်ပါတယ်ဘုရား။ မေတ္တာကို လက်တွေ့ မပွားများပဲ မေတ္တာသုတ်ပရိတ်တရားကို ရွတ်ဖတ်ခြင်းအားဖြင့် အထူး ကျေးဇူးများလှကြောင်း ဘေးအန္တရာယ်တွေနဲ့ ဝေးခဲ့ကြောင်းကို ဖတ်ရှုရပါတယ်ဘုရား။ အလွန် အံ့သြစရာပါပဲဘုရား။

ဘုရားတပည့်တော်မ တပည့်တစ်ဦး၏ ဘကြီးက ဗုဒ္ဓဘာသာဝင်ပါဘုရား။ သူ့သား မြေးတွေကတော့ ဘာသာမဲ့လိုလို နေကြပါတယ်။ ဘကြီးက စိုက်ပျိုးရေး လုပ်ငန်းကို ဝါသနာပါပြီး ဥယျာဉ်ခြံစိုက်ပျိုးပါတယ်ဘုရား။ နေ့စဉ် အကြိမ်ရာပေါင်း ထောင်ပေါင်းများစွာမေတ္တာသုတ်ကိုပဲ ရွတ်ဖတ် ပူဇော်လေ့ ရှိတယ်လို့ ပြောပါတယ်ဘုရား။ တစ်ခုသော ညနေစောင်း အချိန်မှာတော့ သူ့ရဲ့ဥယျာဉ်ထဲမှာ သန့်ရှင်းရေးလုပ်ရင်း လမ်းဘေး တစ်နေရာမှာ မြက်ဖုတ်လေးတစ်ခု သေးသေးလေး ရှိနေတာကြောင့် ကားသွားကားလာလည်း မလွတ်လပ်လို့ ဘကြီးက ဖယ်ရှားပစ်ဖို့ ကြိုးစားလိုက်ပါတယ်။ မြက်ဖုတ်က သေးသေးလေး ဆိုတော့လည်း အလုပ်သမားကို မခေါ်ဘဲနဲ့ ကိုယ်တိုင် ခုတ်ထွင် ရှင်းပစ်ဖို့ ကြိုးစားလိုက်တယ်

ဘုရား။ သစ်မြစ်အုံ ကြားထဲမှာက မြွေတစ်ကောင် ရှိနေတာကို သူမသိလိုက်ပါဘူး။ မြက်ဖုတ်ကို ဆွဲနုတ်ဖို့ ကြိုးစားလိုက်တဲ့ ညာဘက် လက်ညှိုးထိပ်ကို ဆေးထိုးအပ်ကို အရှိန်နှင့် ပစ်ပေါက်လိုက်သလို ခန္ဓာကိုယ်တစ်ခုလုံး ကျင်ခနဲဖြစ်သွားအောင်ကို မြွေက လှမ်းပေါက်လိုက်ပါတယ်ဘုရား။

_အဲဒီတဒင်္ဂအချိန်လေးမှာ ဘကြီးက သန့်ရှင်းရေးလုပ်ဖို့ ဇောကြီးပြီးတော့မှ မေတ္တာသုတ်ကို တခဏတာကလေး မျက်ခြေပြတ်သွားလို့ သူ မြွေကိုက်ခံရတာတဲ့။_ မေတ္တာသုတ် အပေါ်မှာ ဘယ်လောက်ထိ သူယုံကြည်သလဲဆိုရင် အဲဒီမြွေကိုလည်း မသတ်ဘူးတဲ့။ ဆေးရုံဆေးခန်းလည်း မသွားပဲ မေတ္တာသုတ်ကို ရွတ်ရင်းပဲ "ငါက မင်းရဲ့အိမ်ကိုလာပြီး ဖျက်ဆီးမိတာကိုး။ လူတွေနဲ့ ဝေးရာကို လွတ်ရာကို သွားပြီးနေပါဟယ်" လို့ ပြောပြီး မေတ္တာသုတ် ပရိတ်ကိုပဲ ရွတ်နေပါသတဲ့။

ဘကြီးက မြွေအမျိုးအစားနှင့် မြွေတွေရဲ့ အကြောင်းကိုတော့ ကောင်းကောင်း နားလည်ပါတယ်ဘုရား။ _သူ့ကို ကိုက်လိုက်တဲ့မြွေဟာ သေစေနိုင်လောက်တဲ့အထိ အဆိပ်ပြင်းတဲ့ မြွေဆိုးတစ်မျိုး ဖြစ်ပါတယ်ဘုရား။ ဒါပေမယ့် သူက မြွေကို သတ်ဖို့ နေနေသာသာ မေတ္တာမပျက်ခဲ့ဘူးလို့ ပြောပါတယ်ဘုရား။ အံ့သြစရာကောင်းတဲ့ ဖြစ်စဉ်တစ်ခုက သူ့ရဲ့လက်ညှိုးထိပ်မှာ ကိုက်လိုက်တဲ့ မြွေရဲ့အဆိပ်က ဘယ်မှမပျံ့ဘဲ ကိုက်တဲ့ နေရာမှာတင် ခဲသွားတယ်တဲ့ဘုရား။_ မနက် (၈)နာရီလောက်မှာ မြွေကိုက်ခံရပြီး ညနေ (၃) နာရီလောက်မှာ သူ အိမ်ကို ပြန်ရောက်လာပါတယ်။

မြွေကိုက် ခံရတဲ့အကြောင်း ပြောတဲ့အခါမှာ အားလုံးက ပြာပြာသလဲဖြစ်ပြီး "ဘယ်လိုမြွေမျိုးက ကိုက်တာလဲ"၊ "ဘယ်နား

ကိုက်တာလဲ”၊ “မြွေကိုသတ်ပြီး ယူလာသလား”၊ “ဘယ်လိုဖြစ်တာလဲ”ဆိုပြီး စိတ်ပူပြီးတော့ ဝိုင်းပြီး မေးမြန်းကြသတဲ့။ “မနက် (၈) နာရီက ကိုက်တာကို ဘာဖြစ်လို့ ဒီလို ပေါ့ပေါ့ဆဆ နေရသလဲ”။ “စောစောလာပြီး ဆေးထိုးရမှာ”လို့လည်း ဝိုင်းပြီး အပြစ်တင်ကြသတဲ့။ ဘကြီးက အေးအေးဆေးဆေး ပြောပြတယ်။ “ဟောဒီ လက်ညှိုးထိပ်မှာ ကိုက်လိုက်တာ။ သိပ်ပြီး အရေးမကြီးတော့ပါဘူး။ မေတ္တာသုတ် ပရိတ်တရားကို ရွတ်ဆိုနေရင်းပဲ မြွေဆိပ်တွေက ဒီတစ်နေရာမှာတင် စုပြီး ခဲသွားပါတယ်။ လက်ညှိုးထိပ်မှာ လက်သည်း တစ်ခွံစာလောက် မဲနေတာက မြွေဆိပ်ခဲသွားတဲ့ လက္ခဏာပါပဲလို့” မိသားစုကို အေးအေးဆေးဆေးပဲ ပြောပြတယ်တဲ့။ “မြွေကို မသတ်ခဲ့ဘူးလားလို့” သူ့ရဲ့မြေးတွေက မေးတဲ့အခါမှာ ဘကြီးက “မြွေကို ဘေးကင်းရာ သွားနေဖို့ပဲ ပြောခဲ့ပါတယ်” လို့ ပြန်ပြောပြတော့ အားလုံးက အံ့အားသင့်နေကြသတဲ့။

ဆေးရုံကိုသွားပြီး မြွေဆေးအမြန်ဆုံးကုဖို့ လိုတယ်ဆိုပြီး ခေါ်သွားကြတဲ့အခါမှာတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ မြွေဆိပ်ပျံ့တဲ့ လက္ခဏာ တစ်စုံတစ်ခု မတွေ့ရတဲ့အတွက် လက်ညှိုးထိပ်မှာရှိတဲ့ မြွေဆိပ်ကိုပဲ အသာလေး ခွဲထုတ် ပေးလိုက်ပါသတဲ့။ ဘကြီးကတော့ ဒါဟာ မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ဖတ်ခြင်းရဲ့ တန်ခိုးဆိုပြီး ဝမ်းမြောက်ဝမ်းသာ ယုံယုံကြည်ကြည် ပြောပြပါတယ်ဘုရား။

နောက်တစ်ခုက သူ့ရဲ့ဥယျာဉ်ထဲမှာ အလွန်မျိုးကောင်းပြီး ဈေးကြီးတဲ့ ဇီးသီးမျိုးတွေကို စိုက်ပျိုးပြီး နှစ်စဉ် ပြည်ပနိုင်ငံကို တင်ပို့ရောင်းချတဲ့ လုပ်ငန်းကို သူလုပ်ပါတယ်ဘုရား။ ဇီးပင်က တစ်ချို့နှစ်တွေမှာ ရာသီဥတု အဆင်မပြေလို့ရှိရင် ပိုးတွေ ကျတတ်ပါတယ်ဘုရား။ တခြားခြံသမားတွေက ပိုးသတ်ဆေး ဖြန်းတဲ့အခါ

မှာ *ဘကြီးက ပိုးသတ်ဆေး မဖြန်းဘဲနဲ့ မေတ္တာသုတ် ရွတ်ထားတဲ့ရေတွေကို ဆေးဖျန်းပုံးထဲ ထည့်ပြီးတော့မှ ဖျန်းလိုက်တာ ဇီးပင်မှာရှိတဲ့ ပိုးတွေအားလုံး ပျောက်ကွယ်သွားပြီး ဇီးသီးတွေ နဂိုအတိုင်းပဲ ဖွံ့ဖွံ့ဖြိုးဖြိုး လှလှပပ ကောင်းကောင်းမွန်မွန် သီးတယ်တဲ့ဘုရား။*

မေတ္တာသုတ်ရဲ့ ကျေးဇူးဟာ ရွတ်ဖတ်ရုံနှင့်ကို ခုလို လက်ငင်း အကျိုးသက်ရောက်နေတာကို အံ့သြစဖွယ် လက်တွေ့ ကြားသိရတဲ့ နောက်မှာတော့ တပည့်တော်လည်း မေတ္တာသုတ် ပရိတ်ကို ရွတ်ဖတ်ပါတယ်ဘုရား။ ဘုရားတပည့်တော် ဆရာတော်ဘုရား ဟောကြားပေးထားတဲ့ မေတ္တာအကျိုး (၁၁)ပါးကိုလည်းပဲ မှတ်မိပါတယ်ဘုရား။ မေတ္တာအကျိုး (၁၁)ပါးကို ဘုရားတပည့်တော် လိုလားပါတယ်ဘုရား။ တချို့ အကျိုးတွေကတော့ အခုလည်း ရနေတယ်လို့ ထင်ပါတယ်ဘုရား။ ပြည့်ပြည့်ဝဝ (၁၁)ပါးလုံး ရတယ်လို့ တပည့်တော် ခံစားလို့ မရသေးပါဘုရား။[၁]

အဓိပ္ပါယ် တိတိကျကျ ပြည့်ပြည့်စုံစုံ မသိသေးသော်ငြားလည်းပဲ ဒါကို ရွတ်ဖတ်ပြီးနေရတာ စိတ်ထဲ ဝမ်းမြောက် ကြည်နူးလှပါတယ်ဘုရား။ စိတ်လည်း ရွှင်လန်း ချမ်းမြေ့ပါတယ်ဘုရား။ မေတ္တာအကြောင်းလည်း ပိုသိချင်လာပါတယ်ဘုရား။

ဆရာတော်ဘုရား၏ မေတ္တာကို ခံယူလျက်
ကြည်ညိုလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်။

---

၁။ (၁၅) မေတ္တာသုတ္တံ၊ ခုဒ္ဒကပါဌ၊ အင်္ဂုတ္တရပါဠိ(တတိယတွဲ)

**ဒါယိကာမကြီး၏ (၁၀.၁၁.၇၉) ရက်စွဲပါစာကို ရရှိပါတယ်။**

မေတ္တာသုတ်ကို ရွတ်ဖတ် ပူဇော်နေတယ်ဆိုတာ ဖတ်ရလို့ ဝမ်းမြောက်ပါတယ်။ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်၏ နှုတ်ကပါတ်တော်ကို ခြောက်တန်သော သင်္ဂါယနာတင်ထားတဲ့ ပါဠိတော်များကို အခုလို လေးလေးစားစား ရွတ်ဖတ်ပြီးနေတာ အလွန် ကောင်းမွန်ပါတယ်။ မြတ်စွာဘုရားရှင်က မေတ္တာအကျိုးနဲ့ ပတ်သက်ပြီး ဟောကြားထားတာ အများကြီး ရှိပါတယ်။ လူတစ်ယောက်က နံနက်အခါမှာ ထမင်းအိုးကြီး အလုံးတစ်ရာ၊ နေ့လယ်အလုံးတစ်ရာ၊ ညနေအလုံးတစ်ရာ လှူဒါန်းပြီးရတဲ့ ကုသိုလ်ထက် မနက်ပိုင်း နွားနို့ တစ်ညှစ်စာမျှ မေတ္တာပွား၊ နေ့လယ်ပိုင်းလည်း နွားနို့တစ်ညှစ်စာ အချိန်မျှ မေတ္တာပွား၊ ညနေပိုင်းမှာလည်း နွားနို့ တစ်ညှစ်စာမျှ မေတ္တာပွားတဲ့သူဟာ ထမင်းအိုးကြီး အလုံးတစ်ရာစီ တစ်နေ့သုံးခါလှူတဲ့ ဒါနကုသိုလ်ထက် အကျိုးကြီးလှပါတယ်။[၁]

ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ မိမိရဲ့ တပည့်သာဝကများကို မေတ္တာပွားကြဖို့ အထူး လိုလားတော်မူပါတယ်။ ဘာကြောင့်လဲဆိုရင် မေတ္တာဟာ အကျိုး သိပ်ကြီးကျယ်လွန်းလို့ပါပဲ။ စတုရာရက္ခ ကိုယ်စောင့်တရားလေးပါးမှာ အသုဘကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်းအပြင် မေတ္တာကမ္မဋ္ဌာန်းလည်း ပါဝင်ပါတယ်။ ဒါယိကာမကြီး မေတ္တာကမ္မဋ္ဌာန်းနဲ့ ပတ်သက်လို့ မေးလျှောက်ခဲ့တုန်းကလည်း တော်တော် ပြည့်ပြည့်စုံစုံကို ဖြေကြားပေးခဲ့ပြီးပါပြီ။

သတ္တဝါအားလုံးအပေါ် မေတ္တာယှဉ်တဲ့စိတ် ရှိတဲ့သူဟာ တစ်စုံတစ်ယောက်ကို ကိုယ်တိုင်လည်း မညှဉ်းဆဲဘူး၊ မသတ်

၁။ (၂၂၃-၂၂၇) ဩပမ္မသံယုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

ပုတ်ဘူး၊ အနိုင်အထက် ပြုပြီးတော့လည်း အနိုင်မယူဘူး။ သူတပါးကိုလည်း မဆုံးရှုံးစေတဲ့သူကို တစ်စုံတစ်ခုသော အကြောင်းကြောင့်မှ ဘေးရန် မဖြစ်နိုင်ဘူးလို့ ဣတိဝုတ်ပါဠိတော်မှာ လာရှိပါတယ်။[၁]

မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသူဟာ မြတ်စွာ ဘုရားရှင်၏ အဆုံးအမကို လိုက်နာတဲ့သူတဲ့။ လက်ဖျစ် တစ်ချက်တီးအချိန်မျှ မေတ္တာပွားတဲ့သူဟာ ဈာန်နဲ့ မဆိတ်သုဉ်းတဲ့ရဟန်း၊ ဘုရားရှင်ရဲ့ အဆုံးအမကို လိုက်နာနေတဲ့ရဟန်း၊ ပြည်သူလူထုအများရဲ့ ဆွမ်းကို အကျိုးမဲ့ အချည်းနှီးမဖြစ်အောင် သုံးဆောင်တဲ့ရဟန်းလို့ ချီးမွမ်းကာ ဟောတော်မူထားတာ ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်ဟာ ဆွမ်းလှူဒါန်းသူ ပြည်သူလူထုအတွက် အကျိုးကျေးဇူး ကြီးမားစေပါတယ်။[၂] မြတ်စွာဘုရားရှင်က အင်္ဂုတ္တရပါဠိတော် ဝေလာမ သုတ္တန်မှာ ဒါနနဲ့ သရဏဂုံ သီလတို့ထက် နွားနို့တစ်ညှစ်စာမျှ မေတ္တာပွားခြင်းက ပိုလို့ အကျိုးကြီးတယ်လို့ ဟောတော်မူပါသေးတယ်။

မေတ္တာသုတ်က ရွတ်ရုံနဲ့တော့ မပြီးသေးပါဘူး။ လိုက်နာကျင့်ကြံရမှာပါ။ လိုက်နာရမယ့် အပိုင်းဆိုတာ တရားအားထုတ်တဲ့သူအနေနဲ့ အလွန်ပဲ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ ဖြစ်နေလို့မို့ ဒါကို အသိပေးချင်ပါသေးတယ်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူတိုင်း ပြုသင့် ပြုထိုက်တဲ့ သိက္ခာ(၃)ပါး အကျင့်မြတ် ရှိတယ်လို့ ဒီမေတ္တာသုတ်မှာ မြတ်စွာဘုရား ဟောတော်မူပါတယ်။ သိက္ခာ(၃)ပါးဆိုတာကတော့ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာပါပဲ။ အဲဒီသိက္ခာ(၃)ပါးကို

---

၁။ (၂၇) မေတ္တာဘာဝနာသုတ္တ၊ ဣတိဝုတ္တကပါဠိ။

၂။ (၅၃) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကကနိပါတ်၊ အင်္ဂုတ္တရပါဠိ။

ပြုကျင့်နိုင်ဖို့အတွက် ဘာတွေ လိုအပ်သလဲဆိုရင်-

၁။ သက္ကောစ စွမ်းနိုင်သူ ဖြစ်ရမယ်တဲ့။
၂။ ဥဇုစ ဖြောင့်မတ်သူ ဖြစ်ရမယ်။
၃။ သုဟုဇုစ အလွန် ဖြောင့်မတ်ရမယ်။
၄။ သုဝစောစ ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်။
၅။ မုဒုစ နူးညံ့ပျော့ပျောင်းသူ ဖြစ်ရမယ်။
၆။ အနတိမာနီ မာန်မာန ထောင်လွှားခြင်းမရှိသူ ဖြစ်ရမယ်။
၇။ သန္တုဿကောစ တင်းတိမ် ရောင့်ရဲလွယ်သူ ဖြစ်ရမယ်။
၈။သုဘရောစ မွေးမြူလွယ်သူ ဖြစ်ရမယ်။
၉။ အပ္ပကိစ္စောစ ကိစ္စနည်းသူ ဖြစ်ရမယ်။
၁၀။ သလ္လဟုကဝုတ္တိ ပေါ့ပါးသောအဖြစ်မျိုးရှိသူ ဖြစ်ရမယ်။
၁၁။ သန္တိန္ဒြိယောစ ငြိမ်သက်သော ဣန္ဒြေရှိသူ ဖြစ်ရမယ်။
၁၂။ နိပကောစ ရင့်ကျက်သောပညာရှိသူ ဖြစ်ရမယ်။
၁၃။ အပ္ပဂဗ္ဘော မကြမ်းတမ်း မရိုင်းပြသူ ဖြစ်ရမယ်။
၁၄။ ကုလေသွနနုဂိဒ္ဓေါ အိမ်သူ အိမ်သား လူအပေါင်းတို့၌ တွယ်တာ မက်မောခြင်းမရှိသူ ဖြစ်ရမယ်။
၁၅။ ပညာရှိ သူတော်ကောင်းတို့ရဲ့ အမြင်မှာ ကဲ့ရဲ့ ပြစ်တင်စရာ ယုတ်ညံ့တဲ့ ဒုစရိုက်အမှုမျိုးကို အသေးအဖွဲ့ အနည်းငယ်မျှ ဖြစ်စေ မပြုတဲ့သူ ဖြစ်ရပါမယ်။[၁]

ဒါတွေက နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ဖို့အတွက် ကျင့်တဲ့ အကျင့်လည်း ဟုတ်ပါတယ်။ ဒီလောက် အကျဉ်းမျှနဲ့တော့ နားလည်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် အနည်းငယ်မျှ ဒါကိုချဲ့ပြီး အသိပေးချင်ပါသေးတယ်။

၁။ (၉) မေတ္တသုတ္တ၊ ခုဒ္ဒကပါဌပါဠိ။

စွမ်းနိုင်ရမယ် ဆိုတာကတော့ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာကို ကျင့်နိုင်တဲ့သူ ဖြစ်ရမှာပါ။ တနည်း ပြောရရင် အကျင့်မြတ်တရားတွေကို ယုံကြည်ချက်မရှိသူ မစွမ်းဆောင်နိုင်ပါဘူး။ မကျန်းမာတဲ့သူ မစွမ်းဆောင်နိုင်ပါဘူး။ လိမ်လည် လှည့်ဖြားတတ်တဲ့ မာယာပရိယာယ် မကင်းရင် မစွမ်းဆောင်နိုင်ပါဘူး။ ဝီရိယညံ့တဲ့သူ မစွမ်းဆောင်နိုင်ပါဘူး။ အသိဉာဏ်မရှိတဲ့သူ မစွမ်းဆောင်နိုင်ပါဘူး။ ဒါကြောင့် ယုံကြည်၊ ကျန်းမာ၊ မာယာကင်းကာ၊ ထက်သန်ဝီရိယ၊ ဉာဏ်မြင့်မားရပါမယ်။ ဒီအင်္ဂါ(၅)ပါးဟာ စွမ်းဆောင်နိုင်တာပါပဲ။[၁] ဒါကို ပဓါနအင်္ဂါ(၅)ပါးလို့ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ လာရှိပါတယ်။

ဥဇုစ၊ သုဟုဇုစကတော့ မသိတာကို သိသယောင်ယောင်၊ မတတ်တာကို တတ်သယောင်ယောင်၊ မရှိတာကို ရှိသယောင်ဆောင်ပြီး မာယာပရိယာယ် မများရဘူး။ ကောက်ကျစ်စဉ်းလဲမှု မရှိရပါဘူး။ တနည်းပြောရရင် တဖက်သားကို မလှည့်ဖြားရပါဘူး။ ရိုးသားမှသာလျှင် တရားကို သိနိုင်ပါတယ်။ မရိုးသားရင်တော့ တရားကို မသိနိုင်ပါဘူး။ သတိထားစရာ တစ်ခုကတော့ ဥဇုစနဲ့ သုဟုဇုစလို့ တစ်ကြိမ် တစ်ခါမက မြတ်စွာဘုရားရှင် နှစ်ကြိမ်ပင် ထပ်ကာ ဟောတော်မူတာကို ကြည့်ခြင်းအားဖြင့် မာယာ ပရိယာယ် ကင်းဖို့ဆိုတာ ဘယ်မျှ အရေးကြီးသလဲဆိုတာ ရိပ်စားမိနိုင်ပါပြီ။ အဋ္ဌကထာမှာ ဒီနှစ်ပုဒ်ကို ပြပုံကတော့ အသက်ငယ်ငယ်တုန်းက ဖြောင့်မတ်ခဲ့တာလောက်ကို ကျေနပ်မနေဘဲ အသက်ထက်ဆုံးတိုင် အောင်ပဲ ကိုယ်စိတ်နှစ်ပါးလုံး ရိုးသား ဖြောင့်မတ်အောင် စိတ်ထား

---

၁။ (၃၂၇) ဗောဓိရာဇကုမာရသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။

ကောင်းမွန်အောင် ပြုကျင့် နေခြင်းသည်သာလျှင် သူဟူဇူစဖြစ်ပါတယ်။

ဆိုဆုံးမလွယ်သူ ဖြစ်ရမယ်တဲ့။ ဆိုဆုံးမဖို့ ခက်ခဲတဲ့သူဟာ တရားမတိုးတက်နိုင်ပါဘူး။ ဒါဟာ မျက်မြင်ဒိဋ္ဌပါပဲ။ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က မိမိကို ဆုံးမလာပါပြီတဲ့။ မိမိက ဆုံးမစကား နာယူလွယ်တဲ့သူ မဟုတ်ခဲ့ရင် နောက်နောင် အဖိုးတန်တဲ့ ဆုံးမစကားတွေ ရမှာမဟုတ်တော့ပါဘူး။ ဒါကြောင့် တစ်ဦးဦးက ဆုံးမလာရင် "ဩော် . . . ငါ့ကို သတိပေး ဖော်ရတယ်။ ငါ့ကို ဂရုစိုက်ဖော်ရတယ်။ ငါ မသိမလိမ္မာလို့ လုပ်မိတဲ့ အမှားအယွင်းတွေလည်းပဲ စောင့်ကြည့်နေဖော်ရတာ သိပ်အရတော်တာပဲ" ဆိုပြီးတော့မှ ဝမ်းမြောက်ဝမ်းသာ လက်ခံတတ်မှသာလျှင် စိတ်နှလုံးနူးညံ့ ပျော့ပြောင်းပြီး တရားထူးရဖို့ အတွက်လည်း နီးကပ်ပြီးရင်းနီးကပ်နိုင်ပါတယ်။ ဆုံးမခက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျင့်က "ငါ့ကို သက်သက် ဆရာလာလုပ်တယ်" ဆိုပြီး ပြောဆို သွန်သင် ဆုံးမတဲ့ ပုဂ္ဂိုလ်တွေကို မနှစ်သက်ကြပါဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေအနေနဲ့ တရားရဖို့ အလွန် ဝေးကွာလှပါတယ်။ အလွန့်အလွန်ကို မလွယ်လှပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော[၁] အမှန်တရားသိဖို့ရာ ဆရာရှာရမယ်လို့ မြတ်စွာဘုရား မိန့်တော်မူပါတယ်။ ဆရာကောင်း သမားကောင်းနဲ့ တွေ့တာတောင်မှ ဆိုဆုံးမမှုကို မလိုက်နာလို့ရှိရင် လိုက်နာဖို့ ဝန်လေးနေမယ်၊ တွန့်ဆုတ်နေမယ်။ မနှစ်သက်ဘဲ နေမယ်။ မျက်နှာမသာမယာ ဖြစ်နေမယ်ဆိုလို့ရှိရင် ဒါဟာ နိဗ္ဗာန်နဲ့ ပိုလို့ ပိုလို့ကို ဝေးကွာသွားပြီလို့ ပြောလို့ရပါပြီ။

---

၁။ (၇၃) သတ္တုသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

ဆက်ပြီးတော့မှ နူးညံ့ သိမ်မွေ့မှု မရှိတဲ့သူဟာလည်းပဲ တရားရဖို့ မလွယ်လှပါဘူး။ မေတ္တာကို ပွားဖို့လည်း ခက်ခဲပါတယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့တဲ့ပုဂ္ဂိုလ်များမှာ ချစ်မြတ်နိုးဖွယ်ရာ ဆိပ်ကမ်းကောင်းသဖွယ် ဖြစ်ပါတယ်တဲ့။ အဲဒီပုဂ္ဂိုလ်မျိုးဟာ မျက်မှောင်မကြုံ့ဘူး။ ပေါ်လွင်ရှင်ပြတဲ့မျက်နှာနဲ့ ချိုမြပြီးတော့မှ နားချမ်းသာအောင် စကားပြောတတ်တယ်။ ရိုးသား ပွင့်လင်းတဲ့ မျက်နှာနှင့် ဧည့်ဝတ် ကြိုဆိုတယ်။ ဧည့်ဝတ် ပြုတယ်။ အဲဒီဂုဏ်တွေက မေတ္တာဘာဝနာဖြစ်ဖို့ရာ အကြောင်းတွေပါပဲ။ တရားထူး တရားမြတ် ရဖို့အတွက်လည်းပဲ ဒါ အကြောင်းအထောက်အပံ့ကောင်း ဖြစ်နေပါပြီ။

ဒီနေရာမှာ မာနကြီးတယ်ဆိုတဲ့ သဘောက မေတ္တာရဲ့ ဆန့်ကျင်ဘက်တရား ဖြစ်နေပြန်တယ်။ တရားအားထုတ်တဲ့ နေရာမှာလည်းပဲ တိုးတက်မှု မရနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် မာနကြီးတဲ့သူဟာ မိမိထက် သီလအရာ သမာဓိပညာအရာမှာ ကြီးမြင့်တဲ့သူ လေးစားအပ်တဲ့သူ အသက်အရွယ်အားဖြင့် ကြီးမားတဲ့သူကိုလည်းပဲ လေးစားဖို့ ဝပ်တွားဖို့ အလွန် ဝန်လေးတတ်ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ ကာယကံမှု ဝစီကံမှုတွေဟာ မေတ္တာနဲ့ ဆန့်ကျင်တတ်ပါတယ်။ တရားထူး တရားမြတ်နှင့်လည်း ဆန့်ကျင်နေပါတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးဟာ ဆရာကောင်းတွေ့ဖို့ မလွယ်လှပါဘူး။ ဒီအချက်တွေက တရားအားထုတ်သူအနေနဲ့ အလွန်ပဲ ဆင်ခြင်ဖို့ လိုအပ်ပါတယ်။ အလွန် သိမ်မွေ့တဲ့ မာနကလေးကပင် တရားရရေးမှာ အနှောင့်အယှက် ဖြစ်တတ်သေးတယ်ဆိုရင် ကြီးကျယ်တဲ့ မာနဆိုရင်တော့ ဘယ်လိုမှ ပြောလို့ မဖြစ်နိုင်တော့

ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင်က အမျိုး ဇာတိမာန် ဥစ္စာခနေ မာန် ခက်ထန်ပြီး လူသားပတ်ဝန်းကျင်ကို မထီမဲ့မြင် ပြုတတ်သူရဲ့ ပျက်စီးဆုတ်ယုတ်ကြောင်းကို သူကိုယ်တိုင်ကပဲ လုပ်နေတာလို့ သုတ္တနိပါတ် ပါဠိတော်မှာ ဟောတော်မူပါတယ်။[၁]

ဆက်လက်ပြီး လိုက်နာရမှာက ရသမျှနဲ့ မရောင့်ရဲနိုင်တဲ့ သူဟာ ကြောင့်ကြဗျာပါရ များတတ်ပါတယ်။ ရှာရတယ်၊ ဖွေရတယ်၊ ရှာလို့မရတဲ့အခါမှာ စိတ်မချမ်းမသာ ဖြစ်ရတယ်။ စိတ်ဆိုးရတယ်။ ရပြန်ရင်လည်း ငါမို့ရနိုင်တာ၊ သူတို့ ငါ့လို စွမ်းနိုင်လို့လားဆိုပြီး မာနတက်ပြန်တယ်။ ဒါတွေက မေတ္တာနဲ့ဆန့်ကျင်တဲ့ သဘာဝ တွေပါပဲ။ ဒါကြောင့် ရသမျှလေးနဲ့ပဲ ရောင့်ရဲ တင်းတိမ်ပြီး နေကျင့် ရပါမယ်။ ဒါဆိုရင် ပစ္စည်း လာဘ်လာဘ ရတာ၊ မရတာနဲ့ စပ်လျဉ်း ပြီး တစ်စုံတစ်ရာ စိတ်မချမ်းမမြေ့ မဖြစ်တာသည်ပင်လျှင် တရား တိုးတက်ဖို့ရာအတွက် အထောက်အပံ့ကောင်း တစ်ခုပါပဲ။ ဒါ တွေဟာ ယောဂီပုဂ္ဂိုလ်အနေနဲ့ လိုက်နာကာ ဆန်းစစ်ကာနေမှ သာလျှင် ကိလေသာ နီဝရဏ တိုက်ပွဲကို နိုင်နင်းမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မွေးမြူလွယ်သူ ဖြစ်ရမယ်တဲ့။ ဒါက ရဟန်းတွေနဲ့ ပိုနီးစပ်မယ် ထင်ပါတယ်။ အသက်အရွယ် ကြီးသူများ နဲ့လည်း ပတ်သက်ပါလိမ့်မယ်။ ဒီနေရာမှာ မိမိကိုယ်ကို မွေးမြူ ခက်တာနှင့် လွယ်တာကို ဆန်းစစ်ရပါမယ်။ ကိုယ်က အချိုကို စားချင်တယ်၊ ရလာတာက အချဉ်ဖြစ်နေတယ်။ ကိုယ်က အချဉ် ရချင်တယ်။ ရတာက အချိုဖြစ်နေတယ်။ အဲဒါဟာ ကိုယ့်ကိုကိုယ် မွေးမြူရခက်တာပါ။ ကိုယ်က အဖြူရတယ်။ ကြိုက်တာက အပြာ

---

၁။ (၁၀၄) ပရာဘဝသုတ္တ၊ သုတ္တနိပါတ္တပါဠိ။

ဖြစ်နေတယ်။ ကိုယ်က အပြာရတယ်။ ကြိုက်တာက အနီဖြစ်နေတယ်။ အဲဒီလိုစိတ် ရှိနေတဲ့သူ ဘယ်လိုနည်းနှင့်မှ စိတ်မချမ်းသာနိုင်တော့ပါဘူး။ မကျေနပ်နိုင်တော့ပါဘူး။ စိတ်မငြိမ်းချမ်းတော့ပါဘူး။ ရဟန်းဆိုတာ အလှူခံရတဲ့ပုဂ္ဂိုလ်ဖြစ်တော့ အလှူရှင်များက လှူဒါန်းလိုက်တာကို ကြည့်ပြီးတော့ "ဒီသေးသေးကလေး ဘာလုပ်ရမှာလဲ၊ ဒို့မသုံးတတ်ပါဘူး" ဆိုပြီး ရှေ့တင် ကိုရင် ကျောင်းသားတွေကို လွှင့်ပစ်ပေးလိုက်တော့ ဒါယကာတွေက ဒီပစ္စည်းကသေးလို့ ဘုန်းကြီး မကြိုက်တာဖြစ်မယ်၊ ကြီးကြီး ဝယ်လှူရအောင်ဆိုပြီးလှူပြန်တော့ "ဒီလောက်ကြီးတာကို ဘယ်လိုလုပ် သုံးရမှာတုန်း" ဆိုပြီးတော့မှ မျက်နှာ မသာမယာ ဖြစ်တာမျိုးက သူတပါးအနေနဲ့ မိမိကို မွေးမြူရခက်တယ်လို့ ဆိုရပါတယ်။

အသက်ကြီးပိုင်းဖြစ်တဲ့ ဒါယိကာမကြီးအနေနဲ့လည်း ကိုယ့်ရဲ့ သားတွေ သမီးတွေ မြေးတွေကနေပြီးတော့မှ ပေးကမ်းထောက်ပံ့လာတာလေးကို ပြုံးပြုံးရွှင်ရွှင် မျက်နှာလေး ချိုချိုသာသာလေးနဲ့ "ဩော် . . . ငါ့ကို သတိထားဖော်ရတယ်။ ကျေးဇူးတင်လိုက်တာ၊ ဝမ်းသာစရာကောင်းလိုက်တာ"လို့ တုန့်ပြန်ပေးမယ်ဆိုရင် မိမိအတွက်ကြောင့် သူတို့မှာလည်း စိတ်အနှောင့်အယှက် မဖြစ်ရပါဘူး။ အဲဒီ ဝတ္ထုပစ္စည်းက အသုံးမတည့်ရင်လည်းပဲ သင့်တော်သလို ထားလိုက်ရုံပဲပေါ့။ အသုံးတည့်ရင်လည်းပဲ သုံးရုံပဲပေါ့၊ ဒါဆိုရင်တော့ မွေးမြူလွယ်သူ ဖြစ်ပါပြီဗျာ။

ကိစ္စနည်းသူ ဖြစ်ရပါမည်။ သိပ်ပြီးတော့မှ ကိစ္စဝိစ္စများနေလို့ရှိရင် တရားတိုးတက်ဖို့အတွက် အခက်အခဲ ရှိနိုင်ပါတယ်။ ဒါကြောင့် စကားပြောတာကို ပျော်မွေ့နေတာ၊ အပေါင်းအသင်း

တွေနဲ့ ပျော်မွေ့နေသူကို "အပ္ပကိစ္စ = ကိစ္စနည်းသူ"လို့ ဆိုလို့ မရပါဘူးတဲ့။ ဒါကြောင့် တတ်နိုင်သလောက် ကိစ္စနည်းအောင် နေခြင်းသည် ပင်လျှင် တရားတိုးတက်ရာ တိုးတက်ကြောင်းအတွက် အထောက် အပံ့ကောင်း တစ်ခုပဲဆိုတာကို မှတ်သားထားရပါမယ်။

ဆက်ပြီးတော့ ပေါ့ပါးတဲ့အဖြစ် ရှိရဦးမယ်တဲ့။ ဆိုလိုတာက တော့ကိုယ့်မှာ လိုအပ်တဲ့ အသုံးအဆောင်ထက် ပိုပြီးများနေရင် သိမ်းဆည်းရတဲ့ ဒုက္ခ၊ ပြုပြင်ရတဲ့ ဒုက္ခ၊ ကြောင့်ကြရတဲ့ ဒုက္ခ၊ စီမံ ခန့်ခွဲရတဲ့ ဒုက္ခတွေ အလွန် များလှပါတယ်။ မိမိတို့ ကြည်ညို လေးစား အားထားရတဲ့ ဆရာတော်ဘုရားကြီးထံပါးမှာ နေစဉ်အခါ ဆရာတော် ဘုရားကြီးက အလွန်ပဲ ပစ္စည်းပစ္စယ နည်းပါးလှပါ တယ်။ သပိတ် သင်္ကန်းအပြင် အခြားလိုအပ်တဲ့ သွားတိုက်ဆေး၊ ခေါင်းရိတ်ဓားနဲ့ မီးခြစ်လေးတစ်လုံး၊ ဓာတ်မီးလေး တစ်လက်ပဲ ထားပါတယ်။ ပစ္စည်းပစ္စယ အနည်းဆုံးနဲ့ပဲ ဘဝကို နေတော်မူသွား ပါတယ်။ ဒါယကာ တစ်ယောက်က ဆရာတော်ဘုရားကြီးထံ ဓါတ်မီး လေးတစ်လက် လာလှူဒါန်းတယ်။ "ဒီဓာတ်မီးက အလွန် ကောင်းပါ တယ်ဘုရားတဲ့။ ဓာတ်ခဲထည့်စရာ မလိုတော့ပါဘူးတဲ့။ လျှပ်စစ်မီး နဲ့ ပလပ်ထိုးလိုက်လို့ရှိရင် အားဝင်ပါပြီ"လို့ လျှောက်တယ်။ "ခရီးကြွစဉ်ကာလ အကယ်၍ ဓာတ်ခဲထည့်ပြီး သုံးမယ်ဆိုရင်လည်း ဓာတ်ခဲအသေးလေး သုံးလုံးထည့်ရင် ရပါသေးတယ်ဘုရား။ ဓာတ် မီးမှာ နာရီလည်းပါတယ် ဘုရား"ဆိုပြီး ပြည့်ပြည့်စုံစုံ လျှောက် သွားတယ်။ ဆရာတော်ဘုရားကြီး ဓာတ်မီးလေး ရပြီးတဲ့နောက် "ပစ္စည်းက လိုတာထက်ပိုရင် သိပ်ပြီး အလုပ်ရှုပ်တယ်။ ခု ဓာတ်မီး တစ်လက်လာလှူတယ်။ ဒီဓာတ်မီးကို ဘယ်နားထားရမလဲ။ ခရီး

သွားရင် ဒီခေတ်မီးယူရမလား၊ ဟိုခေတ်မီးပဲ ယူရမလား၊ ခု ခေတ်ခဲလေးတွေက သေးသေးလေးတွေတဲ့၊ ခေတ်ခဲ အားကုန်ရင် ဘယ်သူ့ဆီ အလှူခံရမလဲ၊ လျှပ်စစ်မီးနဲ့ ပလပ်ထိုးရမယ်ဆိုတော့ ဘယ်မှာ သွားထိုးရမလဲ၊ ဘယ်သူ့ထိုးခိုင်းရမလဲ၊ ရွာက ကပ္ပိယ ဒကာကြီးကို ပလပ်ထိုးခိုင်းရင်ကော ထိုးတတ်ပါ့မလား။ ပျက်စီး သွားလေမလားဆိုပြီး ပူပန်နေရတယ်။ ဒါကြောင့် အရှင်ဘုရားတို့ ခေတ်မီးလိုအပ်တဲ့ ပုဂ္ဂိုလ်ရှိရင် ဒီခေတ်မီးကို တပည့်တော် လှူဒါန်း ပါတယ်။ တပည့်တော်မှာက သုံးနေကျ ခေတ်မီးအဟောင်း တစ်လက် ရှိတယ်။ အဲဒီခေတ်မီးက ခေတ်ခဲကြီးကြီးနှစ်လုံး ထည့်ရတယ်။ ချွေချွေတာတာလေးသုံးရင် အကြာကြီး သုံးရတာ"လို့ မိန့်တော် မူပါတယ်။ ပစ္စည်းတစ်ခုကနေ နှစ်ခုရှိလိုက်ရင် ပူလောင်ပင်ပန်းလာ တာကို သူတော်ကောင်းကြီးတွေ သိတော်မူကြတဲ့ သာဓကတစ်ခုပါပဲ။

နောက်ထပ်သာဓကဝတ္ထုတစ်ခု ပြပါဦးမယ်။ ရှေးရှေးအခါက ယိုးဒယားနိုင်ငံရဲ့ သံဃရာဇာ မဟာထေရ်မြတ်ကြီးအား တရုတ် နိုင်ငံမှ ဒါယကာများက ပင့်လျှောက်တဲ့အတွက် ဒေသစာရီ ကြွတော် မူပါတယ်။

တရုတ်ပြည်မကြီးကို ရောက်ရှိ သီတင်းသုံးတော်မူစဉ်အခါ အလွန် လှပဆန်းကျယ်ပြီး အနုပညာ လက်ရာပြောင်မြောက်တဲ့ ကြွေလွှတ်ရည် ပန်းကန်လုံးကို ဒါယကာများက လှူဒါန်းကြပါသတဲ့။

သံဃရာဇာ မဟာထေရ်လက်ဝယ် တန်ဖိုးကြီးမြင့်ပြီး လက် ရာပြောင်မြောက်တဲ့ ပန်းကန် ရောက်ရှိပြီးတဲ့နောက် အဲဒီပစ္စည်း မကွဲအောင် မပျက်အောင် ထားစရာနေရာ ရှာမတွေ့အောင်ကို ဖြစ်တော်မူပါသတဲ့။

ဒါနှင့် တိုင်းပြည်အပြန်ခရီးမှာလည်းပဲ ကပ္ပိယတွေကို "ဒီ ပစ္စည်း ဂရုစိုက်ကြပော့" "ဒါသတိထားနော် ကွဲတတ်တယ်ကွဲ့" လို့ တတွတ်တွတ် မှာကြားရုံမက ဒီကပ္ပိယတွေ ငါပြောသလိုမှ ဂရု တစိုက် လုပ်ပါ့မလားဆိုပြီး ကြောင့်ကြနေတော်မူပါသတဲ့။

ဒါပေမဲ့ အဲဒီပစ္စည်းက မကွဲမရှ မပျက်မဆီးဘဲ ယိုးဒယား နိုင်ငံ မထေရ်မြတ် သီတင်းသုံးရာကျောင်းကို ကောင်းမွန်စွာ ရောက် ရှိလို့လာပါတယ်။ လအတန်ကြာပြီး တစ်ခုသော မနက်ခင်းမှာ ကိုရင် ငယ်လေးတစ်ပါးက အဲဒီပစ္စည်းကို ဆရာတော်ထံ ယူလာတုန်း ကိုရင့်လက်ထဲက လွတ်ကျပြီး ကွဲပါလေရောတဲ့။

ဒီကျမှ သံဃရာဇာမထေရ်မြတ်က "ဒီပစ္စည်း ကွဲမှာပူရ၊ ပျက်မှာပူရနှင့် ကြောင့်ကြခဲ့ရတာ ရက်တွေ လတွေ ကြာခဲ့ပြီ။ ကိုရင် လေးနှင့်မှပဲ ငါလွတ်လပ်တော့တယ်ကွာ" လို့ မိန့်တော်မူပါသတဲ့။[၁]

ဆက်လက်ပြီး ငြိမ်သက်တဲ့ဣန္ဒြေရှိရမယ်။ ဣန္ဒြေဆိုတာ ဒီနေရာမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒွါရ (၆)ပါးကို ဆိုလိုတာပါ။ အနိဋ္ဌာရုံနဲ့ပဲကြုံကြုံ၊ ဣဋ္ဌာရုံနဲ့ပဲကြုံကြုံ၊ စိတ် မတုန် လှုပ်ဖို့ပါ။ အနိဋ္ဌာရုံနဲ့ ကြုံတဲ့အခါ ဒေါသမဖြစ်အောင် ဣဋ္ဌာရုံနဲ့ ကြုံတဲ့အခါ လောဘမဖြစ်အောင် အဲဒီလို ဣန္ဒြေကို ထိန်းသိမ်း စောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ ဒါ ဘုရားအဆုံးအမပဲ။ အဲဒီလို ထိန်းသိမ်း စောင့်ရှောက်ပြီး နေခြင်းသည်ပင် တရားတိုးတက် ကြောင်းပဲ။ ဒါဟာလည်း ဘာဝနာ တစ်ခုခုရှိမှသာ ဣန္ဒြေက ငြိမ်သက်နိုင်ပါတယ်။

နောက်တစ်ချက်ကတော့ ရင့်ကျက်တဲ့ပညာ ရှိရမယ်တဲ့။ တရား အားထုတ်တဲ့သူမှာ မဖြစ်မနေ လိုအပ်တဲ့ ကိစ္စပါပဲ၊ မိမိကျင့်

---

၁။ Right view by VEN. Ajan  Ccha. (Page-62)

ရမယ့် ပဋိပတ်လုပ်ငန်းနဲ့ ပတ်သက်လာလို့ ဒီအကျင့်မှန်သလား၊ မှားသလား ကိုယ်အားထုတ်လာတဲ့ တရားလုပ်ငန်းစဉ် တိုးတက်မှုရှိသလား၊ မရှိသလား ဒါတွေ အမြဲတမ်းသိအောင် ကြိုးစား နေရမှာပါ။

နောက်တစ်ခုက လူအများနဲ့ သံယောဇဉ်ကြီးစွာ မခင်တွယ်ရဘူးဆိုတာကတော့ ရဟန်းတင် မကပါဘူး။ လူ၊ ဒကာ၊ ဒကာမတွေလည်းပါပါတယ်။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ တူ၊ တူမတွေ အပေါ်မှာ သံယောဇဉ် ကြီးလွန်းလို့ရှိရင် တရားရဖို့ မလွယ်ကူလှပါဘူး။ သူတို့တတွေ ပူပင်စရာကြုံလို့ရှိရင် ကိုယ်လည်း ပူပင်လိုက်၊ သူတို့ဝမ်းသာရင် ကိုယ်လည်း ဝမ်းသာလိုက်၊ သူတို့မလာရင် မျှော်လိုက်၊ သူတို့ပြန်သွားတော့ ဟာတာတာ ကျန်ခဲ့လိုက်နှင့် ဖြစ်နေတာဟာ ယောဂီရဲ့ တရားတိုးတက်ရာလမ်းကြောင်း မဟုတ်ပါဘူး။

နောက်ဆုံး တစ်ခုအနေနဲ့ကတော့ ပညာရှိ သူတော်ကောင်းတွေရဲ့အမြင်မှာ ပြစ်တင်ကဲ့ရဲ့မယ့်၊ ယုတ်ညံ့တဲ့ ဒုစရိုက် အသေးအဖွဲ သေးသေးကလေးကိုမှ မပြောရပါဘူး။ မပြုရပါဘူး။ *ဒါက မေတ္တာကို အားထုတ်မည့် ပုဂ္ဂိုလ်လို့ စာမှာ ပြငြားသော်လည်းပဲ တကယ်တမ်းကျတော့ ဒါဟာ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို အားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်းလည်း လိုက်နာကြရမယ့် အချက်တွေပဲလို့ ကျေးဇူးရှင် သပြေကန်ဆရာတော် ဘုရားကြီးရဲ့ ပရိတ်ကြီး နိဿယကျမ်းမှာ ပြတော်မူပါတယ်။*

ကျွမ်းကျင် လိမ္မာစွာ အားထုတ်တတ်သူဟာ နောက်ဆုံး ပုထုဇဉ် အဖြစ်ကနေ စုတေမယ် ဆိုလို့ရှိရင်လည်းပဲ ဗြဟ္မာပြည်ကို ရောက်နိုင်ပါတယ်။ ဈာန်အရှိန် ကုန်တဲ့အခါမှာတော့ အပါယ်

လေးပါးကို လားနိုင်တာပါပဲ။ သို့သော် အရိယာပုဂ္ဂိုလ်မှာ အနည်း ဆုံးအားဖြင့် သောတာပန်ဖြစ်စေကာမူ မေတ္တာချောန်စိတ်နှင့်တကွ စုတိစိတ်ကျမယ် ဆိုလို့ရှိရင် ဗြဟ္မာပြည်ကနေ အဆင့်ဆင့် ပရိနိဗ္ဗာန် စံရတဲ့အကြောင်း အဋ္ဌကထာဆရာမြတ်က ဖော်ပြတော်မူပါတယ်။[၁]

*သာသနာကြုံတဲ့အခါမှာ လုပ်ခွင့်ရှိတဲ့ကုသိုလ်၊ လုပ်နိုင် တဲ့ကုသိုလ်မှန်သမျှ လုပ်ကို လုပ်ထားသင့်ပါတယ်။* မေတ္တာ ကမ္မဋ္ဌာန်းလည်း အားထုတ်သင့်တာပါပဲ။ အသုဘကမ္မဋ္ဌာန်းလည်း အားထုတ်သင့်တာပါပဲ။ မရဏာနုဿတိလည်း ပွားသင့်ပါတယ်။ ဗုဒ္ဓါနုဿတိလည်း ပွားသင့်တာပါပဲ။ သီလကို ပြည့်ပြည့်စုံစုံ ဆောက်တည်သင့်တယ်။ ရဟန်းတော်တွေမှာတော့ ဓုတင်ဆိုင်ရာ အကျင့်မြတ်ကိုလည်း သာသနာနဲ့ ကြုံသခိုက် မလုပ်ရမရှိရအောင် အားလုံး ပြည့်ပြည့်စုံစုံ လုပ်ကို လုပ်သင့်ပါတယ်။ ကျင့်ကို ကျင့်သင့် ပါတယ်။

သတိရှိရင် အခါခပ်သိမ်း ကောင်းမြတ်တယ်။ သတိရှိသူ ချမ်းသာရာရတယ်။ သတိရှိသူ အမြဲမြတ်တယ်။ ရန်လည်းလွတ် တယ်လို့ မြတ်ဘုရားထံပါး မဏိဘဒ္ဒဘီလူးက လျှောက်ထားတာကို မြတ်စွာ ဘုရားရှင်က-

သတီမတော သဒါ ဘဒ္ဒံ၊
သတိမာ သုခမေဓတိ။
သတီမတော သုဝေ သေယျော၊
ဝေရာ စ ပရိမုစ္စတိ . . . . လို့ ဖြေကြားတော်မူပါတယ်။[၂]

---

၁။ (၁၂၄) ပဌမနာနာကရဏသုတ္တဝဏ္ဏနာ၊ အင်္ဂုတ္တရအဋ္ဌကထာ(ဒုတိယတွဲ)။
၂။ (၂၃၈) မဏိဘဒ္ဒသုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။

ဆိုလိုတာက သတိရှိရုံနှင့် ရန်က မလွတ်မြောက်သေးဘူး။ သတ္တဝါတိုင်းပေါ် မေတ္တာရှိမှသာ ဘယ်ပုဂ္ဂိုလ်နှင့်မှ ခိုက်ရန်မရှိနိုင်တာပါ။

ဒါကြောင့် ဒါယိကာမကြီး မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ဖို့လည်း ဘုန်းကြီး တိုက်တွန်းပါတယ်။ မေတ္တာကမ္မဋ္ဌာန်းကို ပွားများဖို့လည်း တိုက်တွန်းပါတယ်။ ကျန်ရှိနေသေးတဲ့ အသက်ခန္ဓာနှင့် စွမ်းနိုင်သမျှ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်တွေ ပြုသွားဖို့လည်း အထူး တိုက်တွန်းပါတယ်။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉၊ နိုဝင်ဘာလ (၁၅)ရက်။

## ရှိသေလေးမြတ်စွာ သျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။

ဘုရားတပည့်တော် မေတ္တာကမ္မဋ္ဌာန်းကို အထူးကြိုးစားကာ ရှုပွား နေပါတယ်ဘုရား။ ဘုရားတပည့်တော် တရားထိုင်နေတဲ့ နေရာကနေ မေတ္တာစက်ဝန်းတွေ အဝန်းလိုက်၊ အဝန်းလိုက်၊ အဝိုင်းလိုက်၊ အဝိုင်းလိုက်၊ အကွင်းလိုက်၊ အကွင်းလိုက် ဖြန့်ဖြန့်ပြီး ပွားပါတယ်ဘုရား။ ပမာပြုရရင် ငြိမ်သက်နေတဲ့ ရေပြင်ပေါ်ကို

ကျောက်ခဲတစ်လုံး ချလိုက်တဲ့အခါမှာ လှိုင်းလုံးများ ငယ်ရာကနေ ကြီးကြီးပြီး အဝန်းလိုက်၊ အဝန်းလိုက်၊ အဝိုင်းလိုက်၊ အဝိုင်းလိုက် ချဲ့ချဲ့သွားသလို ဘုရားတပည့်တော်၏ မေတ္တာလှိုင်းတွေလည်း တပည့်တော် ထိုင်တဲ့နေရာမှစပြီး မိုးကောင်းကင် အထက်အောက် အရပ်မျက်နှာ အားလုံးကို အဝိုင်းလိုက်၊ အဝိုင်းလိုက် ချဲ့ချဲ့ပြီး သွားလိုက်တာ နောက်ဆုံး ကောင်းကင်ပြာနှင့် ရောယှက် ပူးပေါင်း သွားပါတော့တယ်။ အဲဒီချိန်မှာတော့ ဘုရားတပည့်တော်မဟာ မေတ္တာစက်ဝိုင်းအောက်မှာ နေရသလို သတ္တဝါဝေနေယျ အားလုံး လည်းပဲ တပည့်တော်မရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံ ရောက်ရှိ နေပြီလို့ ခံစားရပြီး စိတ်ထဲမှာ နှစ်သက်မှု၊ ဝမ်းမြောက်မှု၊ ပျော်ရွှင်မှုတွေ ရင်နှင့်အမျှ တလှိုက်လှိုက် ကြက်သီးတဖြန်းဖြန်း ဖြစ်ပေါ် ခံစား နေရတတ်ပါတယ်ဘုရား။

ဆရာတော်ဘုရား ထံတော်ပါး ရောက်ရှိစဉ် သမထယာနိကပုဂ္ဂိုလ်နှင့် ဝိပဿနာယာနိကပုဂ္ဂိုလ်လို့ ရှင်းလင်း မိန့်ကြားပေးတော်မူပါသော်လည်း ရှင်းသယောင်ယောင်သာ ရှိခဲ့ပါတယ်ဘုရား။ ယခုအခါ အဲဒီမေးခွန်းရဲ့အဖြေ ရပါပြီဘုရား။ သမထယာနိကရဲ့ သဘောကိုလည်း သဘောပေါက်ပါပြီဘုရား။ ဝိပဿနာယာနိက သဘောကိုလည်း သေသေချာချာကို ရှင်းပါပြီဘုရား။

အမှန်မှာတော့ သမထနှင့် ဝိပဿနာက ဖိလာဆန့်ကျင် အဝေးကြီးမှ မဟုတ်ဘဲကိုး၊ *ဒီစိတ်အိမ်မှာပဲ သမထလည်း ဖြစ်ခွင့်ရှိပြီ။ ဒီစိတ်အိမ်မှာပဲ ဝိပဿနာလည်း ဖြစ်ခွင့်ရှိတယ် ဆိုတာကို သဘောပေါက်ပါပြီဘုရား။ ကွာတော့ ကွာခြားတယ်။ ဒါပေမယ့် ကပ်ကပ်ကလေးပါပဲလို့ ဘုရားတပည့်တော် နားလည်သလို လျှောက်ထားပါရစေဘုရား။*

_ဝိပဿနာ အားထုတ်စဉ်မှာပဲ ရံခါ မေတ္တာဘက်ကို စိတ်က အလိုလိုဆိုရမလောက် ရှန်းပြီး ဆွဲပါသွားတယ်ဘုရား။ ရံခါလည်း မေတ္တာကမ္မဋ္ဌာန်း ရှုပွားနေရာကနေ ဝိပဿနာဘက်ကို ညွတ်မိ လျက်သား ပါသွားပါတယ်ဘုရား။ မသိ နားမလည်ခင်တုန်းက သိချင်လွန်းပြီး ကတ်ကတ်သပ်သပ် မေးခွန်းများစွာ မေးလျှောက် ခဲ့မိတာကို ခွင့်လွှတ်ပေးပါရန် တောင်းပန် လျှောက်ထားအပ်ပါ တယ်ဘုရား။_

ဒီနှစ်ပိုင်းမှာတော့ ဗုဒ္ဓါနုဿတိကနေလည်း ဝိပဿနာကို ကူးပြောင်းတတ်အောင် လေ့ကျင့်နေပါတယ်ဘုရား။ _ဗုဒ္ဓါနုဿတိ ကြောင့်လည်းပဲ စိတ်ကကြည်၊ စိတ်ကငြိမ်း၊ စိတ်ကရွှင်နေတော့ ဘုရားတပည့်တော် ဝိပဿနာကို ဗုဒ္ဓါနုဿတိကနေ ကူးပါတယ် ဘုရားလို့ လျှောက်ရတာသည်ပင် စကားလုံး ဝေါဟာရမျှပဲ ဖြစ်နေ ပါတော့တယ်ဘုရား။ စိတ်ကို ညွတ်လိုက်တာပါဘုရား။ စိတ်ညွတ် ရုံမျှပါဘုရား။_

ဘုရားတပည့်တော် ရံခါ ဝိပဿနာနှင့် နေပါတယ်။ ရံခါ ဗုဒ္ဓါနုဿတိနှင့်နေပါတယ်။ ရံခါ မေတ္တာကမ္မဋ္ဌာန်းနှင့် နေပါတယ် ဘုရား။ ရံခါလည်း စိတ်မှာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလည်း ဖြစ်နေတတ်ပါတယ်ဘုရား။

_ခုလို စိတ်မှာဖြစ်တာတွေကို အသေးစိတ် သိနေသူက တစ်ဦး ရှိပါတယ်ဘုရား။ သူက သိနေ သိနေတာပါပဲ။ ဒါကိုလည်း သေသေချာချာ သိနေပါတယ်ဘုရား။ ခုလို အားလုံးကို သိနေ တာတော့ ဉာဏ်ပဲ ဖြစ်ရမယ်လို့ တပည့်တော်ထင်မိပါတယ်ဘုရား။_ မှားရင် ခွင့်လွှတ်ပေးတော်မူပါဘုရား။

သမထက အာရုံတစ်ခုထဲကို ယူတယ်။ ဝိပဿနာက အာရုံ မရွေးဘူးဆိုတာ တဖြည်းဖြည်း ပိုနားလည်လာပါပြီဘုရား။ သမထက ဖော်ကြည့်ရတာ ဆိုတာလည်း နားလည်ပါပြီ။ မေတ္တာကမ္မဋ္ဌာန်းမှာ မေတ္တာခံယူမယ့် အာရုံက မရှိရင်မှ မဖြစ်ပဲဘုရား။ ဒါပေမယ့် မေတ္တာ စိတ်မျှပဲဖြစ်ပြီး စိတ်ထဲ အပူအရှုပ်တွေ ရှင်းပြီး၊ ကြည်ပြီး၊ လင်းပြီး၊ အေးပြီးနေတဲ့ စိတ်ကို ဝိပဿနာ ပြောင်းရတာမှာ ဖော်ပြီးကြည့် ရတာ မဟုတ်တော့ပါဘူး။ ဝိပဿနာက ပေါ်သိ ပေါ်သိဖြစ်ပြီး အာရုံ ကို မရွေးတာ ရှင်းပါပြီဘုရား။ ပေါ်ရာအာရုံနှင့်ပဲ အလုပ်လုပ်သွား လို့ ရနေပါတယ်ဘုရား။

မေတ္တာကမ္မဋ္ဌာန်းရဲ့ သတ္တိကြောင့် ထင်မိပါတယ်။ တွေ့ကြုံ ရတာကို လျှောက်ထားပါရစေဘုရား။ ဘေးသူစိမ်း တစ်ဦးနှင့် တစ်ဦး ချစ်ခင်မှု ပျက်ပြားတာကို ကြားရတာထက် စည်းလုံးညီ ညွတ် ချစ်ခင်နေတယ်ဆိုတာကိုပဲ တပည့်တော်စိတ်က အမြဲ လိုလား နေပါတယ်ဘုရား။ နောက်ဆုံး ငှက်ကလေးတွေကအစ ထိုးဆိတ်ပြီး ရန်ဖြစ်ကြရင် “ဘာလို့ ရန်ဖြစ်ကြရတာလဲကွယ် ချစ်ခင် သင့်မြတ် နေကြပါတော့လား”လို့ စိတ်က ဖြစ်နေမိပါတယ်ဘုရား။ လူတစ်ဦး နှင့်တစ်ဦး မညီညွတ်တာကို ကြားရရင်လည်းပဲ အမြန်ဆုံး အဆင် ပြေစေချင်လိုက်တာ ငါ ဘာလုပ်ပေးနိုင်မလဲဆိုတာ တွေးမိ နေတတ် ပါတယ်ဘုရား။

ဘုရားတပည့်တော် တစ်စုံတစ်ခု လိုလားလို့ မေတ္တာပို့နေ ခြင်း မဟုတ်ပါဘုရား။ တစ်စုံတစ်ခုခု ရယူချင်လို့ မေတ္တာပို့နေ ခြင်းလည်း မဟုတ်ပါဘူးဘုရား။ တစ်စုံတစ်ရာ အခက်အခဲရှိလို့ မေတ္တာပို့နေခြင်းလည်း မဟုတ်ပါဘူးဘုရား။ <u>*သတ္တဝါတွေ အား လုံးကို*</u>

*အမှန်တကယ် ချမ်းသာစေချင်တယ်။ သတ္တဝါတွေ အားလုံးကို အမှန်တကယ် စိတ်ငြိမ်းအေးစေချင်တယ်။ သတ္တဝါတွေအားလုံးကို တကယ်ပဲ ဆင်းရဲကနေ လွတ်ငြိမ်း စေချင်လို့ မေတ္တာ ပို့သနေခြင်းသာ ဖြစ်ပါတယ်ဘုရား။*

ဘုရားတပည့်တော် မေတ္တာကမ္မဋ္ဌာန်းကို ရှုပွားပြီးနေတဲ့ အခါမှာ စိတ်က ကိလေသာ နီဝရဏလို့ခေါ်တဲ့ ကာမဂုဏ်တွေကို လိုချင်မှု၊ တစ်စုံတစ်ယောက်ကို ပြစ်မှားမှု၊ သို့လော သို့လော တွေဝေမှု၊ နောင်တ တဖန် ပူလောင်မှု၊ တွေဝေ ထိုင်းမှိုင်းမှု အသီးအသီးကနေ လွတ်ငြိမ်းပြီး စိတ်မှာ ကြည်လင် အေးချမ်းနေပါတယ်ဘုရား။ ဒ့ါအပြင် အတ္တဆန်တယ်လို့များ ဖြစ်နေမလား မသိပါဘုရား။ *ဘုရားတပည့်တော် မေတ္တာကမ္မဋ္ဌာန်း ရှုပွားခြင်းရဲ့ ရည်ရွယ်ချက်က စိတ်မှာ ပူလောင်မှုကင်းပြီး ငြိမ်းအေးချင်လို့ပါဘုရား။ ဘုရားတပည့်တော် ထိုင်နေရင်းလည်း စိတ်ကို ငြိမ်းအေးအောင် ထားပါတယ်ဘုရား။ ဘုရားတပည့်တော် သွားလာတဲ့အခါမှာလည်း စိတ်ကို ငြိမ်းအေးအောင် ထားပါတယ်ဘုရား။ ဘုရားတပည့်တော် အိမ်မှာနေရင်းလည်း စိတ်ကို ငြိမ်းအေးအောင် ကြိုးစားပါတယ်ဘုရား။ ပြင်ပကို အကြောင်းကိစ္စနဲ့ သွားရင်လည်းပဲ ငြိမ်းအေးတဲ့ စိတ်နှင့်ပဲ သွားပါတယ်ဘုရား။*

*တစ်ယောက်ထဲ နေရင်လည်းပဲ စိတ်ကို ငြိမ်းအေးအောင် ကြိုးစားပါတယ်ဘုရား။* အများနဲ့ *နေတဲ့အခါမှာလည်းပဲ စိတ်မှာ ကိလေသာ နီဝရဏတွေ ကင်းအောင် ကြိုးစားပြီး နေပါတယ်ဘုရား။ မေတ္တာကမ္မဋ္ဌာန်း ရှုပွားသည့် အခါမှာတင် မဟုတ်ပဲ ဒါနပြုတဲ့ အခါမှာလည်းပဲ ငြိမ်းအေးတဲ့ စိတ်နဲ့ ဒါန ပြုတတ်ဖို့ တပည့်တော်*

*လေ့ကျင့်နေပါပြီဘုရား။ ဒါတင်မက အသက်အရွယ် အိုမင်းပြီး မီးစာကုန် ဆီခန်းနေတဲ့အရွယ် ဖြစ်တဲ့အတွက်ကြောင့် သေတဲ့ အခါမှာလည်း ငြိမ်းအေးတဲ့ စိတ်နဲ့ပဲ သေနိုင်အောင်လို့ ဘုရား တပည့်တော် လေ့ကျင့်နေပါတယ်ဘုရား။ မသေခင် အခုကတည်းက စိတ်ကို ငြိမ်ထား၊ အေးထား မှ သေခါနီးအချိန်မှာ ငြိမ်းအေးမယ်ဆိုတဲ့ အရှင်မြတ်ဘုရားရဲ့ သွန်သင် ဆုံးမမှုဟာ ဘုရားတပည့်တော်ရဲ့ နားထဲက မထွက်ပါဘုရား။*

*Beautiful mindကို တပည့်တော် အခု ခံစားလို့ရလာ ပါပြီဘုရား။ မေတ္တာတရားနဲ့ ပြည့်ဝနေတဲ့ စိတ်က Beautiful mind ပါဘုရား။ အသိ၊ သတိ ဆက်ပြီးတော့မှ ငြိမ်းအေးနေတဲ့ စိတ်က လည်း Beautiful mind ပါပဲဘုရား။ ဘုရားတပည့်တော် Beautiful mind နဲ့ လောကကြီးကို ကြည့်လိုက်တဲ့အခါမှာ ပတ်ဝန်းကျင် ကလည်းပဲ Beautiful world ဖြစ်နေပါတယ်ဘုရား။*

ဒီနေ့မနက်အစော အရှေ့ဘက် မိုးကောင်းကင်ကို ကြည့်တဲ့ အခါမှာ အရုဏ်တက်ချိန်ရောက်ပါပြီ။ ရောင်နီ၊ ရောင်ဝါတွေ ပျိုးလာ တယ်။ ရှုမဆုံးနိုင်တဲ့ ရှုခင်းကြီးပါပဲဘုရား။ တဖြည်းဖြည်းနဲ့ အရောင် တွေ ပြောင်း ပြောင်း ပြောင်း ပြောင်းပြီးတော့မှ နေဝန်းနီနီကြီး တစ်စတစ်စချင်း ထွက်ပေါ်ပြီး လာပါတယ်။ ထွက်ပြူစ နေရောင် အောက်မှာ စိမ်းလန်းစိုပြေနေတဲ့ ယာခင်းပြင်ကြီး ကြည့်လို့မဆုံး ပါဘုရား။ ညနေပိုင်းမှာလည်းပဲ ကျယ်ပြန့်တဲ့ ပင်လယ်ပြင်ကြီးရဲ့ အလှတွေ အိပ်တန်းပြန်တဲ့ ကျေးငှက်တွေ အုပ်စုဖွဲ့ပြီးတော့မှ လာခဲ့တဲ့ သဘာဝ အလှတရားတွေနဲ့ ပြည့်စုံနေတဲ့ လောကကြီးကို တပည့်တော် Beautiful world လို့ပဲ တင်စားပြီး စိတ်ထဲမှာ ခေါ်မိ ပါတယ်ဘုရား။ *ဒီလောက်လှပတဲ့ ကမ္ဘာကြီးပေါ်မှာ တပည့်တော်*

*နေခွင့်ရတာဟာ အလွန် ကံကောင်းလှပါလား။* အရင်က ဒီအလှ တရားတွေကို တပည့်တော် ဘာဖြစ်လို့ မမြင်မိပါလိမ့်လို့ ကိုယ့်ကို ကိုယ်လည်း ဆင်ခြင် မိပါတယ်ဘုရား။ တပည့်တော် စိတ်တွေရှင်း လို့ ပြင်ပ ပတ်ဝန်းကျင် အာရုံတွေ ရှင်းတယ်လို့ ယူဆပါတယ် ဘုရား။ တပည့်တော် စိတ်တွေ ရှုပ်ခဲ့တုန်းက ပြင်ပ ပတ်ဝန်းကျင် အာရုံတွေပါ ရှုပ်နေခဲ့တယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား။

*စိတ်တွေရှင်းမှ ပတ်ဝန်းကျင် ရှင်းတယ်ဆိုတာကို နားလည်လာတာနှင့်အမျှ အာရုံရှုပ်လို့ စိတ်ရှုပ်တာ မဟုတ်ဘဲ ဘုရားတပည့်တော် စိတ်တွေ ရှုပ်ခဲ့လို့သာလျှင် အာရုံတွေ ရှုပ်နေတာပါလား။ အခုလည်း အာရုံရှင်းလို့ တပည့်တော် စိတ်တွေ ရှင်းတာမဟုတ်ဘဲနဲ့ အာရုံဟာ နဂိုအတိုင်းပဲ၊ ဒါပေမယ့် ဘုရား တပည့်တော်ရဲ့ စိတ်က ငြိမ်းနေလို့၊ အေးနေလို့ ကိလေသာ နီဝရဏတွေ ကင်းနေလို့သာလျှင် ပြင်ပ ပတ်ဝန်းကျင် အာရုံတွေဟာ ရှင်းနေတာပဲဆိုတာကို ဘုရား တပည့်တော် နားလည်လာပါပြီဘုရား။*

ဘုရားတပည့်တော်မ ဆရာတော်ဘုရားအတွက် လိုအပ်မယ်လို့ယူဆတဲ့ ဆေးဝါး (၁၂)မျိုးနဲ့ အာဟာရကို ဖြစ်စေမယ့် သင့်တော်တဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းများကို တဆင့် လှူဒါန်းလိုက် ပါတယ်ဘုရား။ ဘုရားတပည့်တော် လူကြုံဖြင့် တဆင့်ခံပြီး လှူဒါန်း တာဟာ မရိုမသေ လှူဒါန်းခြင်း မဟုတ်ပါဘုရား။ ဘုရားတပည့်တော် အိုမင်းနေတဲ့ ခန္ဓာကိုယ်နဲ့ ရှည်လျားတဲ့ ခရီးကိုသွားဖို့ ရာသီဥတု မသင့်တော်သေးဘူးလို့ ယူဆမိလို့ပါဘုရား။ နောက် တစ်ခုက ဒီကြားထဲ သေသွားခဲ့ရင် မလှူဒါန်းလိုက်ရပဲ ဖြစ်မှာကိုလည်း တွေးထင် မိလို့ပါဘုရား။ ဒါကြောင့် ဘုရားတပည့်တော်မ ကိုယ်တိုင်လာ

ရောက်ပြီး မလှူဒါန်းဘဲ တဆင့် လှူဒါန်းတာကို အဂါရဝသဘော မျိုးများ သက်ဝင်နေပါလျှင် ခွင့်လွှတ် ပေးသနားတော်မူပါရန် ရှိသေစွာ လျှောက်ထား အပ်ပါတယ်ဘုရား။ အရှင်မြတ်ဘုရား လိုအပ်ချက်များ ရှိခဲ့လျှင်လည်း ဘုရားတပည့်တော်ကို ချီးမြှောက် သောအားဖြင့် အလှူခံပေးတော်မူပါဘုရား။

ဘုရားတပည့်တော် ဘဝအတွက် အလင်းရောင်ကို ပေးတော် မူတဲ့ အရှင်မြတ်ဘုရားနှင့် မြတ်စွာဘုရား သာသနာတော်မှာရှိတဲ့ သံဃာတော်များကို ရည်မှန်းပြီး ဒါနကုသိုလ်များကို မသေသေးမီ ငြိမ်းအေးတဲ့စိတ်နှင့် ပြုခွင့်ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

ရှိသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်။

## ဘုရားတပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော် အသက်အရွယ်ငယ်စဉ်က လူ့ဘဝရဲ့ အဓိပ္ပါယ်ကို ကာမဂုဏ်လမ်းစဉ်အတိုင်း ရှာဖွေခဲ့ဖူးပါတယ်ဘုရား။ တွေ့လည်း တွေ့ခဲ့ဖူးပါတယ်ဘုရား။ တပည့်တော်လျှောက်ထားတာ မှားရင် သည်းခံခွင့်လွှတ်ကာ ပြုပြင် ပေးတော်မူပါဘုရား။ ဘုရား တပည့်တော် တွေ့ခဲ့တဲ့ လူ့ဘဝရဲ့အဓိပ္ပါယ်ကို အများကလည်း အား ပေးရုံမက ထောက်လည်း ထောက်ခံခဲ့ကြပါတယ်။ သဘောတူရုံ

မက တပည့်တော်ဘဝကို အားကျခဲ့တဲ့ ပရိသတ်တွေပါ ရှိခဲ့တာကို ဘုရားတပည့်တော် ကြုံခဲ့ဖူးပါတယ်ဘုရား။

ဒါပေမဲ့ မကြာမြင့်မီ ကာလမှာပဲ ဘုရားတပည့်တော် တွေ့ထားတဲ့ လူ့ဘဝရဲ့ အဓိပ္ပါယ်ဟာ မှေးမှိန်သွားတယ်။ တဖြည်းဖြည်း ပျက်ပြယ်လာပါတယ်။

ဘာကြောင့် ယခုလို ရဲရဲဝံ့ဝံ့ လျှောက်ထားရသလဲဆိုရင် ဘုရားတပည့်တော် *ကာမဂုဏ်လမ်းစဉ်မှာ ရရှိခဲ့တဲ့ ချမ်းသာမှုတွေဟာ တပည့်တော်ရဲ့ စိတ်ကျေနပ်မှု မရခဲ့လို့ပါဘုရား။ ပျော်ရွှင်မှု မရတော့ဘဲ စိတ်ပူလောင်မှု ပင်ပန်းမှုတွေ အလွန် ဖိစီးခဲ့လို့ပါဘုရား။*

တပည့်တော်ရဲ့ဘဝမှာ တစ်ခုခုတော့ လုပ်ဖို့လိုပြီလို့ တွေးမိလာပါတယ်။ ဘဝရဲ့ပန်းတိုင်၊ ဘဝရဲ့ ရည်ရွယ်ချက်ဟာ ဒါတော့ မဟုတ်သေးဘူး၊ တခြားဟာ ရှိရဦးမယ်ဆိုတာ တပည့်တော် တွေးမိခဲ့ဖူးပါတယ်ဘုရား။

ဝိပဿနာတရားကို တစ်စ တစ်စ တိုးတိုးပြီး အားထုတ်လာတဲ့ အခါမှာတော့ လူ့ဘဝရဲ့ အဓိပ္ပါယ်တစ်မျိုးကို တွေ့လာပြန်ပါတယ်ဘုရား။ *ယနေ့ ဘုရားတပည့်တော် တွေ့ရှိထားတဲ့ လူ့ဘဝရဲ့ အဓိပ္ပါယ်ကိုလည်းပဲ လူတွေက သဘောတူနေပြန်ပါတယ်။ အားကျနေပြန်တယ်၊ ထောက်ခံနေကြပြန်ပါတယ်ဘုရား။* ဒါပေမဲ့ ဒီလမ်းစဉ်ဟာ မှားစရာမရှိဘူး၊ ဒီလမ်းစဉ်ဟာ တပည့်တော်စိတ်ကို ကျေနပ်မှု အပြည့်အဝ ပေးနိုင်မယ်ဆိုတာ တပည့်တော် လုံးဝ သံသယ မရှိတော့ပါဘူးဘုရား။ ဘဝလွတ်မြောက်ရေး လမ်းစဉ်သည်သာ သန္တိသုခကို သွားတဲ့လမ်း ဖြစ်ပါတယ်၊ သွားရင် သွားသလောက် ခရီးရှေ့ကို ရောက်နေတယ် ဆိုတာကို

ဘုရားတပည့်တော် ကိုယ်တိုင် သေသေချာချာ သိနေပါပြီဘုရား။ တပည့်တော် အထူး လျှောက်ထားလိုတာကတော့ ပရိသတ် လူအများရဲ့ အားပေး မှု ထောက်ခံမှု စိတ်သဘောထား တိုက်ဆိုင်မှု တစ်ခုတည်းနဲ့ အဖြေမှန်ပြီလို့ ယူမိရင်တော့ မှားနိုင်တယ်ဆိုတဲ့ သင်ခန်းစာ ရပါတယ်ဘုရား။

လုပ်တဲ့လုပ်ရပ်ပေါ် မူတည်ပြီး သူ့ပရိသတ်နဲ့သူ၊ သူ့အခြေ အနေနဲ့သူ အားပေး ထောက်ခံ နေကြတာပါပဲဘုရား။ အားရတဲ့ သူလည်း အားရနေကြတာပါပဲ။ နည်းမှီ အတုယူတဲ့သူလည်း အတုယူနေကြတာပါပဲ။ လောကကြီးမှာ ဘယ်ဟာမှားတယ်၊ ဘယ်ဟာ မှန်တယ်ဆိုတာကို ဝေဖန်နိုင်ဖို့ရန်တော့ အလွန်ကြီး ကျယ်တဲ့ အသိဉာဏ်ရှိမှပဲ ဖြစ်နိုင်မယ်ဆိုတာကို ဘုရားတပည့် တော် ပိုပြီး နားလည်လာပါပြီဘုရား။

ဘုရားတပည့်တော်အား အရှင်မြတ်ဘုရားထံပါးမှ *"လူ့ ဘဝ၏ အဓိပ္ပါယ်ဟူသည် ဘဝသံသရာ လွတ်မြောက်ရေး အတွက် ဆောင်ရွက်ရန်မျှသာ ဖြစ်သည်။ အကယ်၍ တစ်စုံ တစ်ဦးဦးက အခြားတာဝန်များလည်း လူ၌ ရှိပါသေးသည်ဟု ဆိုလာပါမူ ထိုတာဝန်တို့သည် ပဓါနတာဝန်မဟုတ် သာမည တာဝန်မျှသာ ဖြစ်သည်"* ဆိုပြီး အလွန် တိကျပြတ်သားတဲ့ ဩဝါဒ စကားကို မှတ်သားရပြီးတဲ့ နောက်ပိုင်းမှာတော့ အနောက်တိုင်းနိုင်ငံ ပညာရှင်ကြီးများက ဖွင့်ဆိုထားတဲ့ ဘဝရဲ့ အဓိပ္ပါယ်တွေကို တပည့်တော် စိတ်ထဲ အားရ ကျေနပ် နှစ်သက်မှုမရတော့ဘဲ စိတ်ထဲ ပေါ့ရွှတ်ရွှတ်ကြီး ခံစားနေမိပါတော့တယ်ဘုရား။

ပမာအားဖြင့် နပိုလီယံ Napolean Bonaparte (1769-1821) က "ဘဝဆိုတာ သင်ရော ကျွန်ုပ်ပါ ဘာမှ ခြေခြေမြစ်မြစ်မသိတဲ့ ခံတပ်ကြီး တစ်ခုဖြစ်တယ်" လို့ ဆိုပါတယ်ဘုရား။[၁]

ရှေးဟောင်းဂရိကဗျာဆရာ ဟိုးမား Hoomers (C-900 BC - C 850 BC) ကတော့ "လူတစ်ယောက်ရဲ့ ဘဝက သစ်ပင်ပေါ်က သစ်ရွက်တွေလိုပါပဲ" ဆိုပြီးတော့မှ နှိမ့်နှိမ့်ချချပဲ အဓိပ္ပါယ်ကို ဖွင့်ဆို ခဲ့ပါတယ်ဘုရား။[၂]

ကမ္ဘာကျော်စာရေးဆရာ ဝီလျံရှိတ်စ်ပီးယား William Shake speare (1564-1616)က "ဘဝဆိုတာ အရူးအနှမ်းတစ်ယောက်က ပြောပြတဲ့ ပုံပြင်တစ်ပုဒ်ပါပဲ။ ချေချေမြစ်မြစ် မရှိတာနဲ့ ပြည့်နှက်နေပြီး ဘာကိုမှလည်း မဖော်ဆောင်ပါဘူး"လို့ အားငယ်စွာ အဓိပ္ပါယ်ဖွင့်ဆို ခဲ့ပါသေးတယ်ဘုရား။

"ဘဝဆိုတာ ငြီးငွေ့စရာကောင်းတဲ့ အချိန်တွေကို ဖြုန်းတီးခြင်းပဲ" ဆိုပြီးတော့မှ အိုင်ရစ်ကဗျာဆရာ Thomas Moore (1779-1852) က ဆိုခဲ့ပါသေးတယ်။[၃] ဘုရားတပည့်တော်မှာ ခိုင်မာပြတ်သားတဲ့ ရပ်တည်ချက် မရှိခင်တုန်းကတော့ ခုလို ပညာရှင်များရဲ့ ဘဝအပေါ် အမြင်သုံးသပ်ချက်ကို အားရခဲ့ဖူးသော်လည်း ဗုဒ္ဓတရားတော်ရဲ့ ဆိုဆုံးမမှုများ ရင်ဝယ် ခိုင်မြဲလာတဲ့ နောက်တော့ ဒါတွေကို လေးနက်တယ်လို့ မခံစားရတော့ပါဘူးဘုရား။

ဆက်လက်ပြီး လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ သဘာဝပတ်ဝန်းကျင် ကာကွယ်တားဆီးရေးအဖွဲ့က နွားသားသတ်ရုံမှာ နွားတွေသတ်နေတာ၊ ဆိတ်သားသတ်ရုံမှာ ဆိတ်သတ်တာ၊ သိုးသားသတ်ရုံမှာ သိုးသတ်တာ၊ ကြက်၊ ဘဲသတ်ရုံမှာ ကြက်၊ ဘဲတွေ

၁။ ၂။ ၃။ The meaning of life.

သတ်နေတာ ဗွီဒီယိုရိုက်ပြီး TV Channel ကနေ လွှင့်တာကို အရင့် အရင်ကလည်း ကြည့်ဖူး မြင်ဖူးပါတယ်ဘုရား။ ဒါဟာ ဖြစ်ရိုး ဖြစ်စဉ် ဓမ္မတာပဲလို့ ခံစားလာရာကနေ ဒီနေ့မှာတော့ အသတ်ခံရ စဲစဲ တိရစ္ဆာန်တွေကို အထူး သနားကရုဏာ ဖြစ်နေမိပါတယ်။ သူတို့ကို သက်သက်မဲ့ လူတွေက အနိုင်ကျင့်ပြီး သတ်နေကြတယ်။ သူတို့ခမျာ ခုလို အသတ်ခံရတာကို လုံးဝ သဘောတူမှာတော့ မဟုတ်ပါဘူးဘုရား။ မရုန်းသာလို့၊ မပြေးသာတော့လို့၊ မတတ်သာလို့သာ လည်စင်း ပေးလိုက်ရတာပါ။

ကြက်မကြီးလည်း သူ့သားသမီး ကြက်ကလေးတွေနဲ့ နေချင်ရှာဦးမှာပဲ၊ ဘဲကြီးခမျာလည်း သူ့ဘဲအုပ် သူငယ်ချင်းတွေနဲ့ ရေကန်ထဲ ရေကူးချင်ဦးမှာပါပဲ၊ နွားမကြီးလည်း သူ့သားသမီး မိတ်ဆွေနွားတွေနဲ့ နွေးနွေးထွေးထွေး နေချင်ရှာမှာပဲ။ သိုးတွေလည်း သိုးအုပ်နဲ့ မကွဲမကွာ နေချင်ဦးမှာပါပဲ။ လူက မတရားဘူးဘုရား။ တိရစ္ဆာန်တွေခမျာ ဘယ်သူ့ထံပါး အသနားခံရပါ့မလဲ။ ဘယ်သူ့ဆီကိုများ ထုချေရပါ့မလဲ၊ မသေချင်ဘဲ သေနေကြရရှာတော့ သနားစရာပါပဲဘုရား။

ငါလည်း ဘဝတစ်ခုခုမှာ တိရစ္ဆာန်ဖြစ်ရင် ဒီလိုပဲ အသတ်ခံရပြီး ဒုက္ခရောက်ရဦးမှာလို့ ရုတ်တရက် အတွေးပေါ်လာပြီး ထိတ်လန့် တုန်လှုပ်မိပါတယ်။ ဒါကြောင့် ဘဝသံသရာ လွတ်မြောက်ရေးကိုသာ အားသွန်ပြီး ကြိုးစားကာ မနေမနား လုပ်ရုံမှအပ လူ့ဘောင်လောကကြီးမှာ အခြား ဘာမှကို လုပ်စရာ မရှိတော့ဘူးဆိုတာလည်း ဘုရားတပည့်တော် ရာနှုန်းပြည့် လက်ခံလာပါပြီဘုရား။

၁။ The meaning of life.

ဒုက္ခဆင်းရဲရောက်မှာကို ကြောက်ကြရင် မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲဖြစ်ဖြစ် မကောင်းမှု မပြုရဘူးလို့[၁] အရှင်မြတ်၏ ဆိုဆုံးမစကားရဲ့ လေးနက်မှု၊ အရေးပါမှုကို ခု ပိုပိုပြီး သိနိုင်လာပါပြီဘုရား။ အရှင်ဘုရား၏ ဆိုဆုံးမမှုကို မြေဝယ်မကျ နာခံလျှက်ပါ အရှင်မြတ်ဘုရား။

ကြည်ညိုလေးစားစွာဖြင့်
ဒါယိကာမကြီး
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်။

**ဒါယိကာမထံ ပြန်ကြားအသိပေးအပ်ပါတယ်။**

*ဘဝရဲ့ အနှစ်သာရကို ဉာဏ်ပညာနဲ့ စူးစမ်းရှာဖွေ ဆန်းစစ်မယ်ဆိုလို့ရှိရင် ဘဝအနှစ်သာရမှ မရနိုင်ပါဘူး။* ပမာပြုရရင် သဘာဝကိုက အပွင့်မရှိတဲ့ ရေသဖန်းပင်ရဲ့ အပွင့်ကို ရှာတဲ့သူနဲ့ အတူတူပါပဲ။ ဘဝရဲ့အနှစ်သာရဟာ တကယ်တမ်း ဘဝမှာကို မရှိပါဘူး။[၂]

မစင် ကျင်ကြီး ကျင်ငယ် သွေး ပြည် သလိပ် တံတွေးဟာ နည်းနည်းလေးဖြစ်စေကာမူ မကောင်းတဲ့ အနံ့ပဲ ရှိသလို ရဟန်းတို့

---

၁။ (၄၄) ကုမာရကသုတ္တ၊ ဥဒါနပါဠိ။
၂။ (၁) ဥရဂသုတ္တ၊ သုတ္တနိပါတပါဠိ။

ငါဘုရားသည် အနည်းငယ်မျှသော ဘဝကိုပင်လျှင် မချီးမွမ်းဘူး၊ လက်ဖျစ် တစ်ချက်တီး ကာလမျှရှိတဲ့ဘဝကိုတောင်မှ မြတ်စွာဘုရား ချီးမွမ်းတော်မမူပါဘူး။[၁]

*ဒါကြောင့် ရရှိထားတဲ့ဘဝကို အရင်းအနှီး လုပ်ပြီးတော့မှ ဘဝသံသရာ လွတ်မြောက်ရေးကို လုပ်ဖို့ပါပဲ။* ဘဝလွတ်မြောက်ရေးကို မလုပ်ဘဲနဲ့ တခြားသော နည်းလမ်းတွေနဲ့ အနှစ်သာရ ရှာမယ် ဆိုလို့ရှိရင်တော့ နှစ်တစ်ရာ၊ နှစ်တစ်ထောင်၊ နှစ်တစ်သောင်းမက နှစ်ပေါင်းများစွာ အနှစ်ကို ရှာဖွေသော်လည်း ဘယ်တော့မှ တွေ့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဘယ်ဘုံဘဝမှာမှ အနှစ်သာရက ရှိကိုမရှိလို့ပါပဲ။ *ဘဝဟာ ယာယီတည်းခိုဖို့သာ ဖြစ်ပါတယ်။ ထာဝရ နေရာစခန်းသာ မဟုတ်ပါဘူး။*

ဘဝလွတ်မြောက်ရေးကို တန်းဖိုးထားပြီးတော့ ဘဝလွတ်မြောက်ရေးဆီကို ဦးတည်ပြီး သွားနေတဲ့သူအဖို့ သီလဆောက်တည်ရတာ မပင်ပန်းတော့ပါဘူး။ တရားအားထုတ်ရတာ မပင်ပန်းတော့ပါဘူး။ ခြိုးခြံချွေတာပြီးနေရတာ မပင်ပန်းတော့ပါဘူး။ သည်းခံပြီးနေရတာ မပင်ပန်းတော့ပါဘူး။ ရောင့်ရဲပြီး နေရတာလည်း မပင်ပန်းတော့ပါဘူး။

ဒါကြောင့် လူ့ဘဝခဏတာမှာ သာသနာနဲ့ ကြုံသခိုက် ဘဝလွတ်မြောက်ရေးကို ရည်မှန်းပြီးတော့ မပြုဖူးတဲ့ ကုသိုလ်ကောင်းမှုတွေ မကျန်မရှိအောင်ကို ပြုနေတာသည်ပင်လျှင် ခုလို လူ့ဘဝကို ယာယီနားခိုဖို့ ရောက်ရှိနေခြင်းရဲ့ ပြည့်ဝတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။

---
၁။ (၃၂၁) ဓကေမ္မ၊ အင်္ဂုတ္တရပါဠိ (ပထမတွဲ)

တရားအားထုတ်လာလေ ပိုပြီးတော့မှသိလေ ဘဝအဓိပ္ပါယ် ပိုပြီး ပေါ်လွင်လေ ပတ်ဝန်းကျင် လောကကို ပိုပြီး ကျေးဇူးတင်စရာ ဖြစ်လေပါပဲ။ နောက်ဆုံး သက်ရှိ လူသားတွေကိုတင် ကျေးဇူး တင်တာ မဟုတ်တော့ဘဲ ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးငှက် သာရကာ တွေ သစ်ပင် တောတောင်တွေကိုလည်း ကျေးဇူးတင်နေမိတတ် ပါတယ်။

မနက်အစော ဆွမ်းခံသွားတဲ့လမ်း လယ်ကွင်းပြင်ကျယ်ကို ကျော်ပြီး မိုးကောင်းကင်ပြင်ကြီးမှာ အရုဏ်တက်လာတဲ့ ရောင်စုံ အလှနှင့် ကမ္ဘာမြေပြင်ရဲ့ မနက်အစော နှိုးထခါစအလှဟာ ဘာနဲ့ မှကို နှိုင်းဆလို့ မရနိုင်လောက်အောင် လှလွန်းပါတယ်။ ဒီလောက် လှတဲ့ ကမ္ဘာကြီးနှင့် မိုးကောင်းကင်ပြင်ကြီးရဲ့အောက်မှာ ငါအသက် ရှင်နေခွင့်ရတာ သိပ်ပြီးတော့မှ အရတော်တာပဲလို့ ယောဂီတစ်ဦး လျှောက်ဖူးပါတယ်။

ကျေးငှက်သာရကာလေးတွေက ဆွမ်းကျန်၊ ဟင်းကျန်တွေ ချကျွေးလိုက်တဲ့အခါ လာစားကြပါတယ်။ သူတို့စားပေးလို့သာ ငါ လှူဒါန်းခွင့် ရနေတာ၊ သူတို့သာ မစားကြရင် ငါ လှူဒါန်းခွင့် ရမှာ မဟုတ်ဘူးနော်၊ ဒါကြောင့် မိမိပတ်ဝန်းကျင်မှာ ကျေးဇူးတင်စရာ မလိုတဲ့အရာဆိုလို့ မရှိပါဘူး၊ အားလုံးဟာ ကျေးဇူးတင်စရာတွေ ပါပဲ။

စိတ်က ငြိမ်းပြီးတော့မှ ကြည်ပြီးတော့မှ ရှင်းပြီးတော့မှ နေလို့ရှိရင် ရှုပ်ထွေးပွေလီနေတဲ့ လောကကြီးကိုလည်း ရှုပ်ထွေး ပွေလီနေတယ်လို့ မခံစားရတော့ပါဘူး။ *လှ့ဘောင် လောကကြီးဟာ*

*အရင်ကလည်း ရှုပ်ထွေးခဲ့ဖူးတယ်၊ ယခုလည်း ရှုပ်ထွေး နေပါတယ်၊ နောင်လည်း ရှုပ်ထွေးနေဦးမှာပါ၊ အဲဒါကိုတော့ ပြင်ဆင်လို့ ပြုပြင်လို့ ပြောင်းလဲလို့ မရနိုင်ကောင်းပါဘူး၊ မိမိရဲ့စိတ်ကိုပဲ ပြုပြင် ပြောင်းလဲရမှာပါ။ မိမိရဲ့စိတ်ကို အရှုပ်တွေထဲကနေ ရှင်းအောင် လေ့ကျင့်ရမှာပါ။ မိမိစိတ်ကို ကိလေသာအပူကနေ ငြိမ်းအေးအောင် လေ့ကျင့်ရမှာပါ။ မိမိ စိတ်မှာ ကိလေသာကင်းအောင် ထားဖို့ပဲ လေ့ကျင့်နိုင်ပါတယ်။ အဲဒီလို ဆောင်ရွက်နေတာ၊ အဲဒီလို ကြိုးစားနေတာကကို တရားအားထုတ်နေတာပါပဲ၊ ဒါကြောင့် ရှုပ်ထွေး ပွေလီနေတဲ့ လူ့ဘောင် လောကကြီးထဲမှာ ကိုယ့်ဟာကိုယ် ရှင်းအောင် နေတတ်ဖို့ကတော့ တကယ်* Great Art *ပါပဲ။ ကြီးကျယ်တဲ့ ပညာရပ် တစ်ခုပါပဲ၊ မြင့်မားတဲ့ ပညာရပ်ပါပဲ။*

ဒီပညာရပ်ကို ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော် ကာလကတည်းက ဒီကမ္ဘာလောကကြီးပေါ်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်က ရှာဖွေဖော်ထုတ်ပြီး ဟောကြား သွန်သင် ဆုံးမခဲ့ပြီးပါပြီ။ ဒီပညာကို လေ့ကျင့်ပြီးတော့ သိရှိနားလည် သဘောပေါက်တော်မူသွားကြတဲ့ သင်္ချာဂဏန်း ချရေတွက်မရနိုင်တဲ့ သူတော်ကောင်း ပုဂ္ဂိုလ်များကလည်း ရှုပ်ထွေးနေတဲ့ လောကကြီးထဲမှာ ရှင်းအောင် နေတော်မူသွားကြပါပြီ။

ဒါယိကာမကြီးလည်းပဲ သူတော်ကောင်းများ နည်းတူ နေနိုင်အောင် လေ့ကျင့်လာခဲ့တာနှင့်အမျှ တဖြည်းဖြည်း ပိုပိုပြီးတော့ နားလည်လာနေတာကို ကိုယ်တိုင် သိလာပါတယ်။ ဒါကြောင့် *ပြင်ပပတ်ဝန်းကျင်ကို ပြင်ရမှာ မဟုတ်ပါဘူး။ မိမိစိတ်ကို ပြင်ရမှာပါ။*

*<u>ပြင်ပပတ်ဝန်းကျင် ပြင်လို့တော့ ဆုံးမှာ မဟုတ်ဘူး။ မိမိစိတ်ကို ပြင်ရင် အဆုံးထိ ရောက်နိုင်ပါတယ်။</u>*

ဗုဒ္ဓတရားတော်က အလွန်ရှင်းတယ်။ အလွန်လည်းရိုးပါတယ်။ မခိုင်ဘူး၊ မမြဲဘူး၊ ဆင်းရဲတယ်။ မတင့်တယ်ဘူး။ အဲဒါကို ဉာဏ်က သိနိုင်တယ်။ ဒါပေမယ့် ဉာဏ်အားနည်းတဲ့ အခါမှာတော့ တစ်သံသရာလုံးက အကျင့်ပါလာတဲ့ ကိလေသာက လက်မခံနိုင်ဘူး။ သူကတော့တင့်တယ်တယ်ပဲ၊ သူကတော့ ချမ်းသာတယ်ပဲ။ သူကတော့ ကောင်းစားတယ်ပဲ။ သူကတော့ ခိုင်တယ်ပဲ ဖြစ်သွားတယ်။ ဉာဏ်အားရှိဖို့ အတော်တော့ လေ့ကျင့်ရပါမယ်။

*<u>ဉာဏ်ခိုင်းတာကို မလုပ်တတ်ကြဘူး။ ကိလေသာခိုင်းတာကိုပဲ လုပ်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တစ်သံသရာ လုံးက အကျင့်ကြီး ပါနေလို့ပါ။</u>* ပမာပြရရင် ခန္ဓာကိုယ်ကြီးက ပင်ပန်းလို့နေပြီ။ တော်တော် နွမ်းနယ်လို့နေပြီ၊ ဉာဏ်ကအိပ်တော့ ခန္ဓာကိုယ် အနားပေးပါတော့ ပြောနေပြီ။ ဒါပေမယ့် တီဗွီကလာ နေတဲ့ ဇာတ်လမ်းက ကောင်းလွန်းလို့ ထိုင်ပြီးကြည့်လိုက်တာ ည ၁၂ နာရီ ထိုးသွားတယ်။ ခန္ဓာကိုယ် အလွန်အကျွံကြီးကို ပင်ပန်း နွမ်းနယ်သွားပြီ။ ကိလေသာက အာရုံနှင့် လှည့်ဖြားပြီး ခန္ဓာကိုယ် ကောင်ကြီးကို နှိပ်စက်လိုက်တာ ပါလားဆိုတာကို ကာယကံရှင်က လုံးဝ လုံးဝကို မသိရှာဘူး။ ငါ ကံကောင်းလို့ TV ဇာတ်လမ်း ကြည့်လိုက်ရတယ်။ တော်သေးတယ် အချိန်မီ အိမ်ရောက်ပေလို့သာ ပဲလို့ တလွဲအမိပ္ပါယ်ဖော်ပြီး ကျေနပ်နေတော့တယ်။

ဉာဏ်က နေရာယူလာရင်တော့ ကောင်းကောင်းကြီး နားလည် သဘောပေါက်နိုင်ပါတယ်။ ရှင်းနေတာကိုး။ အဲဒီလို ဉာဏ်

ပေါ်လာအောင်လို့ ဝိပဿနာတရား လေ့ကျင့်ပေးနေရတာပါ။ တရား အားထုတ်နေရတာပါ။ ဉာဏ်ဆိုတဲ့နေရာမှာ အဆင့်ဆင့် ရှိပါတယ်။ မြတ်စွာဘုရားရှင်က ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဉာဏ်ခုနစ်ဆယ့် သုံးမျိုးထိ ဟောတော်မူထားတာ ရှိပါတယ်။[၁]

*ကိလေသာ အရာကျယ်သလို ဉာဏ်ရဲ့အရာက အနိုင်းအဆမဲ့ ပိုပြီး ကျယ်ဝန်းပါတယ်။* ဒါကြောင့်ပဲ အသိဉာဏ်အား ရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝသံသရာက လွတ်ပြီးတော့မှ နိဗ္ဗာန်ကို မျက်မှောက် ပြုကြတာပါ။ *သင်္ခါရ သဘောတရားကို မမြဲဘူး၊ ဆင်းရဲတယ်ဆိုတာကို ပကတိအသိက လက်မခံနိုင်ပါဘူး။ မခိုင်ခံ့ဘူးဆိုတာလည်း လက်မခံနိုင်ပါဘူး။ မတင့်တယ်ဘူး ဆိုတာလည်း ပကတိအသိက လက်မခံနိုင်ပါဘူး။ ဝိပဿနာ ဉာဏ်က လက်ခံတာပါ။ အရိယာဉာဏ်ကမှ လက်ခံနိုင်တာပါ။*

သင်္ခါရတရားတို့ရဲ့ ခဏမစဲ ပြောင်းလဲ ပြောင်းလဲ ပြောင်းလဲ ပြီးတော့မှ နေတာကို သိလာမှ အဲဒီအသိ ခိုင်လာမှ မမြဲဘူးဆိုတာကို ကိလေသာ ဘေးရှဲပြီး ဉာဏ်က လက်ခံလာနိုင်တာပါ။ မခိုင်ဘူး ဆိုတာကိုလည်း ဉာဏ်လက်ခံနိုင်ပါတယ်။ မတည်တံ့ဘူး ဆိုတာ ကိုလည်း ဉာဏ်လက်ခံနိုင်ပါတယ်။ မတင့်တယ်ဘူး ဆိုတာကိုလည်း ဉာဏ်လက်ခံနိုင်ပါတယ်။ အဲဒီကျတော့မှ ပကတိအသိကပါ လက်ခံလာနိုင်ပါပြီ။ တနည်းပြောရရင် မတည်တံ့ဘူး၊ မခိုင်ခံ့ဘူး ဆိုတာကို ယုံကြည်လာတာပါ။ ဒါဆိုရင်တော့ ဒီအသိက ထိုက်သလောက် အားကိုးလို့ ရပါပြီ။ ဒါပေမယ့် အရိယာမဂ်ဉာဏ်နဲ့မှ ကိလေသာကို

၁။ ဉာဏကထာ ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။

အပြီးတိုင် ပယ်တာ မဟုတ်သေးရင်တော့ ဘဝမခြားဘဲလည်း ဒီဘဝ မှာတင် ဒီအသိက ပျောက်ချင် ပျောက်သွားတတ်ပါတယ်။ ပျက်ပြယ် လည်း ပျက်ပြယ်ပြီး သွားနိုင်တာပါပဲ။

ပမာပြရရင် မြင်တွေ့နေရတဲ့ ဒီခန္ဓာ ကိုယ်ကောင်ကြီးက မကြာတော့တဲ့ ကာလမှာ သေရတော့မယ်၊ အသေကောင်ကို မိဘ ဆွေမျိုး သားချင်းတို့ကပင်လျှင် စက်ဆုပ်ရွံရှာကြပြီး မြို့ပြင် ရွာပြင် သုသာန်ကို ပစ်ပြီး ခွေး ကျီး လင်းတစာ ဖြစ်ပါတော့မယ်။[၁]

ဒါကြောင့် ဒီကိုယ်ကောင်ကြီးဟာ သေတတ်တယ်၊ ပျက်တတ် တယ်ဆိုတာ ပကတိအသိနှင့်ကို သိနေကြတာပဲ၊ လူဝင်စားတွေကို ကြည့်ပြီးတော့မှလည်းပဲ ဘဝတွေဟာ တစ်ခုနှင့်တစ်ခု ဖြစ်ပြီးတော့မှ သွားနေတယ်ဆိုတာ လူတိုင်းလူတိုင်း လက်ခံလို့ ရနေသားပဲ။ သို့ပါ သော်လည်း အခြားသောဘာသာ အယူဝါဒရဲ့ ဆိုဆုံးမမှု တစ်ခုခုကို လက်ခံလိုက်မိတဲ့ တချို့လူများအဖို့ကျတော့ *ဖန်ဆင်းရှင်က ဖန်ဆင်း ပေးလိုက်တယ်ဆိုပြီး အလွန်ရှင်းနေတဲ့ သဘောတရားကြီးကို ရှင်းရှင်းကြီး သိနေရာမှ ဘူးကွယ်ပြီး တစ်မျိုးတစ်ဖုံ ယူလိုက် တော့တယ်။ ဒါ သူ့ရဲ့အယူမှား မိစ္ဆာဒိဋ္ဌိ (Wrong Understood)က သူ့အသိကို ရှုပ်ထွေးအောင် လုပ်လိုက်တာပါ။ ရှင်းနေတဲ့ သဘာဝ သဘောတရားကြီးကနေ ရှုပ်အောင်လုပ်ပြီး စွဲယူလိုက်တဲ့အခါ ကျတော့ သူမထွက်တတ်တော့ဘူး။ တဝဲလည်လည် ဖြစ်သွားပြီး ပြောလည်း လက်မခံတော့ဘူး။ ပကတိ ဉာဏ်အမြင်ပါ ကွယ် ပျောက်သွားတယ်။ သူ့ထက် နက်နဲတဲ့ ဝိပဿနာ ဉာဏ်အမြင် ဆိုတာ သူ့အဖို့ ဘယ်ရတော့မလဲ။* ဘဝသံသရာ ခရီးတစ်ကွေ့

၁။ (၄၆၉-၄၇၀) သုမေဓာထေရီ၊ ထေရီဂါထာပါဠိ။

တစ်ချိန်သောအခါမှာ ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်းနဲ့တွေ့လို့ ထွက်မယ်ဆိုရင်တောင်မှ သူ အဲဒီအယူဝါဒကို လက်ခံ သိမ်းပိုက်ထားမိသမျှ ကာလပတ်လုံး အဲဒီဝါဒ အမှားကြီးကို မစွန့်သမျှ ကာလပတ်လုံး ထွက်လို့မရတော့ပါဘူး။

အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌီတိ အယံ တိဝိဓာ သဂ္ဂါဝရဏာ စေဝ ဟောတိ ----- သက္ကာယဒိဋ္ဌိ နေဝ သဂ္ဂါဝရဏာ န မဂ္ဂါဝရဏာ။[၁]

အဋ္ဌကထာအရ သက္ကာယဒိဋ္ဌိအခြေခံပြီး အကုသိုလ်မပြုရင် သူက နတ်ရွာသုဂတိရော မဂ်ဖိုလ်ကိုပါ မတားပါဘူး။ သဿတဒိဋ္ဌိကတော့ မဂ်ဖိုလ်ကို တားတယ်၊ နတ်ရွာသုဂတိ မတားပါဘူး။ ဒါပေမဲ့ နိယတမိစ္ဆာဒိဋ္ဌိခေါ်တဲ့ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိနှင့် နတ္ထိကဒိဋ္ဌိကတော့ နတ်ရွာသုဂတိလည်းတားတယ်၊ မဂ်ဖိုလ်လည်း တားပါတယ်။

ဘဝသံသရာ အဆက်ဆက်က အလွဲလွဲ အမှားမှား ပါလာခဲ့တဲ့ အသိအမြင်များ ပြေပျောက်ပြီး မှန်ကန်တဲ့အသိကို ရရှိကာ မြင့်မားတဲ့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို ဘဝမခြား မျက်မှောက် ပြုနိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်။

---

၁။(၃၀၄) ဒုတိယဝဂ္ဂဝဏ္ဏနာ၊ ကေကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ(ပထမတွဲ)။

**ဆရာတော်ထံပါး ကြည်ညိုလေးမြတ်စွာ လျှောက်ထား အစီရင်ခံ အပ်ပါသည်ဘုရား။**

ဆရာတော်ဘုရား ထံတော်ပါးမှ စာများကို ဘုရားတပည့်တော်ရဲ့ကွန်ပျူတာမှာ ထည့်သွင်း မှတ်တမ်းတင်ပြီး မကြာခဏ ဖတ်ရှုပါတယ်ဘုရား။ ဖတ်ရှုတိုင်း ဘုရားတပည့်တော် မသိသေးတဲ့ အသိတွေ၊ မတွေးဖူးတဲ့ အတွေးတွေ၊ နားမလည်သေးတဲ့ တရားတွေ ပိုပြီး ပိုပြီး ရှင်းရှင်းလာပါတယ်ဘုရား။ ကျေးဇူး များလှပါတယ် ဘုရား။ *စိတ်မှာ ကိလေသာအညစ်အကြေး တဒင်္ဂချင်း ကင်းလွတ်ဝေးကွာအောင်ပဲ ကြိုးစားပြီး နေနေပါတယ်ဘုရား။*

ပြီးခဲ့တဲ့လက ပင်လယ်ကွေ့မှာ ရေနံတွေ ယိုဖိတ်မှုဖြစ်တဲ့ အကြောင်း သတင်းစာမှာ ဖတ်ရပါတယ်ဘုရား၊ ရေမှာနေကြတဲ့ လိပ်တွေ ငါးတွေ၊ မိချောင်းတွေ၊ ငမန်းတွေနဲ့ ငှက်ကလေးတွေ ဘေးတွေ့ ကြရပါတယ်။ အဲဒါကို တိရစ္ဆာန်ချစ်တဲ့သူတွေ၊ သဘာဝ တရားကို ချစ်တဲ့သူတွေက ကယ်တင်ပြီးတော့မှ အစာကျွေး၊ သန့်စင်တဲ့ရေနဲ့ ရေဆေးပေး၊ ဆေးကုသပေးပြီးတော့မှ အန္တရာယ်ကင်းရာ ပင်လယ်ပြင်မှာ သွားလွှတ်ကြတယ်လို့ ဖတ်ရတော့ အတိုင်းမသိ စိတ်ထဲ ကြည်နူး ဝမ်းမြောက်နေမိပါတယ်ဘုရား။

လူသားတွေ ကိုယ်ကျင့်တရား ပျက်နေကြပါတယ်ဘုရား။ သီလအရာ ယိုယွင်း ပျက်စီးနေကြပါတယ်။ အကျင့်စာရိတ္တတွေ ပျက်ပြားနေပါတယ်။ ကုသမရတဲ့ရောဂါနဲ့ တစ်နှစ်တစ်နှစ် လူတွေ သန်းပေါင်းများစွာ သေနေကြပါတယ်ဘုရား။ စစ်မက်ကြောင့် လူတွေ သေကြရတယ်။ သဘာဝဘေးကြောင့် သေနေကြရှာပါတယ်။ ဒါတွေကို ယဉ်ကျေးလှပြီဆိုတဲ့ ကမ္ဘာကြီးက လက်ပိုက်ကြည့်နေ

ရပါပြီဘုရား။ ခေတ်မှီလှတဲ့ သိပ္ပံပညာကလည်း ခေါင်းခဲ နေရပါပြီ ဘုရား။ သိပ္ပံပညာက ကိုယ်မွေးတဲ့မီး ကိုယ်မနိုင်တော့ပါဘူး။ ကမ္ဘာကြီးက ထွက်ပေါက်ပိတ်ပြီး မွန်းကြပ်နေပါပြီဘုရား။

ယဉ်ကျေးတိုးတက်ပြီး သိပ္ပံပညာရပ်ကြောင့် ခန့်ငြားထည်ဝါ နေတဲ့ ကမ္ဘာကြီးက သူ့ပေါ် မှီတင်းနေထိုင်ကြတဲ့ လူသားတွေကို စစ်မက်ဘေးရန်၊ သဘာဝအန္တရာယ်ဘေးရန် စတဲ့ ဘေးရန်တွေ ကနေ တားဆီးကာကွယ် မပေးစွမ်း နိုင်တော့ပါဘူး။ တန်ဖိုးကြီးမား လွန်းတဲ့ လူ့အသက်ကိုတောင် စောင့်ရှောက် မပေးနိုင်တော့တဲ့ ကမ္ဘာကြီးက တိရစ္ဆာန်တွေရဲ့ အသက်ကိုတော့ ဘယ်ပြောလို့ ရနိုင် ပါတော့မလဲ၊ သတ်ချင်တိုင်းသတ်၊ သေချင်တိုင်း သေနေကြရှာပါ တယ်။

တောထဲမှာ မြက်စားပြီး ဘယ်သူမှ ရန်မမူတတ်ရှာတဲ့ သား သမင် ယုန်သူငယ်တွေကိုလည်း ဘာရန်ငြိုး ရန်စမှမရှိဘဲ အပျော်တမ်း တောကစားကြတယ်ဆိုပြီး သတ်ဖြတ်နေကြတဲ့သူတွေ၊ ရှားပါးတဲ့ တိရစ္ဆာန်တွေရဲ့ အသားအရေတွေနဲ့မှ ချုပ်ထားတဲ့ အဝတ်အထည်တွေကို သုံးဆောင်ဝတ်ချင်ကြတဲ့ သူတွေ၊ တခြား တခြားသော အရောင်းအဝယ်များကို လုပ်နိုင်ပါလျက်နဲ့ ရှားပါး တိရစ္ဆာန်တွေရဲ့ အရေခွံတွေခွါ အစွယ်တွေကို ဖြတ်တောက်ပြီး ရောင်းစားနေကြတဲ့ ကမ္ဘာကြီးမှာ ယခုလို သဘာဝတရားနဲ့ တိရစ္ဆာန် တွေကို ကြင်နာ သနားတတ်သူများရဲ့ ကူညီ ဆောင်ရွက်တာကို ကြားရတဲ့ အခါမှာတော့ ဖော်မပြနိုင်လောက်အောင်ပဲ ပီတိ ဖြစ်မိ ပါတယ်။

တပည့်တော် မေတ္တာကမ္မဋ္ဌာန်းကို ကြိုးစားပြီးတော့မှ ရှုပွား နေပါတယ်ဘုရား။ စိတ်တွေကလည်း ထိုက်သလောက် ငြိမ်းအေး နေပါတယ်ဘုရား။

လွန်ခဲ့တဲ့ နှစ်ရက်က တရားအားထုတ်ကြတဲ့ တပည့်တော်ရဲ့ မိတ်ဆွေများနဲ့ နာရီအတန်ကြာ စကားတွေ ပြောဖြစ်ပါတယ်ဘုရား။ တပည့်တော်ကိုလည်း သူတို့မေးပါတယ်။ *"ကုသိုလ်စိတ်နဲ့ နေချင်လိုက်တာ"တဲ့ "ဘယ်လိုများ နေရမလဲနော်"လို့ မေးခွန်းထုတ်ပြီး တပည့်တော်ကို မေးပါတယ်ဘုရား။ ဘုရားတပည့်တော် ရုတ်တရက် အံ့အားသင့်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့မေးခွန်း မေးလိုက်တဲ့ အချိန်တိုလေးမှာပဲ -*

*May all living being be happy.*

*May all living being be healthy.*

*May all living being be Peace.*

*May all living being be quiet.* *လို့ တပည့်တော် သတ္တဝါတွေအားလုံးကို ချမ်းသာဖို့၊ ကျန်းမာဖို့၊ ငြိမ်းအေးဖို့ မေတ္တာပို့ပြီး သွားပါပြီ။ တပည့်တော်က အဖြေမပေးခင်ပဲ ကုသိုလ်စိတ်နဲ့ နေပြီးသွားပြီ၊ ဗုဒ္ဓတရားတော်ကို နားလည်ရင် နေရာတိုင်း၊ အချိန်တိုင်းမှာ ကုသိုလ်စိတ်နဲ့နေရတာ လွယ်ကူလိုက်တာနော်လို့ တွေးမိပါတယ်ဘုရား။*

ဆက်ပြီးတော့မှ တပည့်တော်ကို သူတို့က မေးပါသေးတယ် ဘုရား။ "အခုလို တရားစကားတွေကို ပြောဆို ဆွေးနွေးတဲ့အခါမှာ စိတ်ထဲမှာ ဘာတွေ ရှိသလဲဆိုတာ သိချင်ပါတယ်"တဲ့။ ဒါကို အရင်က မတွေးမိခဲ့ဘူး။ သူတို့မေးလိုက်တဲ့ အချိန်ကျမှပဲ စိတ်ကို

သတိပြုလိုက်တော့ *စိတ်ထဲမှာ မေတ္တာရယ်၊ ငြိမ်းအေးတာရယ်၊ ကြည်လင် ချမ်းမြေ့နေတာရယ်ပဲ ရှိနေပါတယ်။*

သူတို့က "ကိလေသာစိတ်တွေရော မဖြစ်ဘူးလား" လို့ မေးကြပြန်တယ်ဘုရား။ *တပည့်တော်က အာရုံနဲ့ ဆုံတဲ့အခါမှာ ကိလေသာကတော့ ဖြစ်တတ်သေးတာပဲ။ ဒါပေမယ့် အရင်လို တော့ ဖြစ်ကြော မရှည်တော့ဘူး။ ကြမ်းကြမ်းတမ်းတမ်း ပေါက်ကွဲတဲ့ အထိဖြစ်တာ နည်းပါးသွားတယ် ဖြစ်တိုင်းလည်း သိသိနေသလိုပဲ"* လို့ ပြောမိပါတယ်ဘုရား။

အရှင်ဘုရား သွန်သင်ပေးမှုကြောင့် ဘုရားတပည့်တော် အနေဖြင့် ထေရီထေရာအပဒါန်နဲ့ ထေရီထေရာဂါထာတော်များကို (အဋ္ဌကထာ) Commentary နဲ့ တွဲပြီးတော့မှ ကြည့်ပါတယ်ဘုရား။ ဒီစာကို ကြည့်တော့မှပဲ *"တို့တတွေ အားကျရမှာက သူတို့ရဲ့ ဘဝပါတကား၊ တို့တတွေ အတုယူရမှာက သူတို့ရဲ့ စိတ်ဓါတ် ရင့်ကျက်မှုပါလား"လို့ သိလာရပါတယ်ဘုရား။*

*ဒါကြောင့် တပည့်တော်မ ရဟန္တာထေရီမများရဲ့ ဘဝ ကိုလည်း အားကျပါတယ်ဘုရား။ ထေရာ ရဟန္တာပုဂ္ဂိုလ်များရဲ့ ဘဝကိုလည်း အလွန်ပဲ ကျေနပ် အားရမိပါတယ်ဘုရား။* တစ်ခါ တစ်ရံ ဘဝတာမှာ တစ်ခုခု စွန့်လွှတ်အနစ်နာခံစရာ ကြုံဆုံလာတဲ့ ခဏမှာ "ခေမာမိဖုရား နန်းစည်းစိမ်ကိုတောင် စွန့်လွှတ်နိုင်ခဲ့ သေးတာပဲ။ ငါ စွန့်ရမှာက ဘာမှမဟုတ်တာကို ဘာလို့ တွယ် နေဦးမှာလဲ"။ "ငါမရှိတဲ့အခါမှာ ရသင့်ရထိုက်တဲ့ သူက ယူကြမှာပဲ၊ ရသွားကြမှာပဲ"လို့ တပည့်တော် သူတို့ဘဝအကြောင်း ဖတ်မိရာ ကနေ အသိတစ်ခု တိုးလာပါတယ်ဘုရား။

ဆက်ပြီးတော့မှ သာသနာတော်မှာ ထင်ရှားတော်မူခဲ့ကြတဲ့ မထေရ်ကြီးများ အကြောင်းကို ဖတ်မိတဲ့ အခါမှာလည်း မထေရ်မြတ်များရဲ့ မေတ္တာကရုဏာ ကြီးမားပုံတွေကို အားကျမိပါတယ်ဘုရား။ အဲဒီလို *တွေးနေတုန်းမှာပဲ ထေရီထေရာ မထေရ်မြတ်ကြီးများရဲ့ မေတ္တာ ကရုဏာဓါတ်တွေ တပည့်တော်ထံကို ကူးလာသလိုပဲ ခံစားရပြီး သည်းခံတဲ့ မထေရ်မြတ်များ အကြောင်းကို တွေးမိရင်လည်း သည်းခံတဲ့ဓာတ်တွေ ကူးလာသလိုပဲ ခံစားလာမိပါတယ်ဘုရား။ ဉာဏ်ပညာ ကြီးမားတဲ့ ပုဂ္ဂိုလ်များရဲ့ အကြောင်းကို တွေးမိတဲ့ အခါမှာလည်း ဘုရားတပည့်တော်ထံ အဲဒီဓာတ်တွေ ကူးလာတယ်လို့ ခံစားရပါတယ်ဘုရား။ သူတော် ကောင်းကြီးများ ခွင့်လွှတ် အနစ်နာခံ ခဲ့တာတွေကို တွေးမိရင်လည်း အဲဒီဓာတ်တွေ တပည့်တော်ရင်ထဲ ကူးလာသလို ခံစားရပါတယ်ဘုရား။*

*တပည့်တော် နားလည်လာတာကတော့ တပည့်တော်ရဲ့ စိတ်ထဲမှာ အတိတ်က ပြုခဲ့ဖူးတဲ့ စိတ်ဆင်းရဲစရာ စိတ်မချမ်းသာစရာ စိတ်ပျက်စရာကို တွေးပြီးတော့မှ ပုံဖော်ပြီး စိတ်ကို ဆင်းရဲအောင် လုပ်လို့ရနိုင်ရင် စိတ်ငြိမ်းအေးရာ မေတ္တာကရုဏာ သဒ္ဓါသတိ ဖြစ်ရာတွေ စိတ်ထဲ ဘာလို့မဖြစ်နိုင်ရမလဲလို့ တွေးထင်မိပါတယ်ဘုရား။* ဘုရားတပည့်တော်ရဲ့ အတွေးများမှားရင်လည်း ပြုပြင်ပေးတော်မူပါဘုရား။ အရှင်မြတ်ဘုရား၏ သွန်သင်မှုကို နာခံလိုပါတယ်ဘုရား။

ဆက်လက်ပြီး လျှောက်ထားပါရစေဘုရား။ စိတ်ထဲ သောကဖြစ်စရာကို ဖော်မိလို့ ဝမ်းနည်း ပူဆွေးကြေကွဲကာ မျက်ရည်တွေ ကျခဲ့ဖူးပါတယ်ဘုရား။ အနာရောဂါ နှိပ်စက် ခံရတုန်းကလည်း

မျက်ရည်တွေ ကျခဲ့ဖူးပါတယ်။ ချစ်တဲ့သူနဲ့ ကွေကွင်းရလို့လည်း မျက်ရည်တွေ မစဲနိုင်အောင် ဖြစ်ခဲ့ဖူးပါတယ်ဘုရား။ မချစ်မနှစ်သက်သူတွေနဲ့ အတူတကွ နေခဲ့စဉ်ကလည်း မျက်ရည် ကျခဲ့ဖူးပါပြီဘုရား။ *နေရဦးမယ့် ဘဝတာမှာ နောက်ထပ် မျက်ရည်တွေ မကျလိုတော့ပါဘူးဘုရား။*

မြတ်စွာဘုရားရှင်က သံသရာမှာ လူတစ်ဦးချင်းစီက ကျခဲ့ရတဲ့မျက်ရည်က သမုဒ္ဒရာ လေးစင်းထက်မက များတယ်လို့ ဟောတော်မူထားတာကို ဖတ်ဖူးပါတယ်ဘုရား။[၁] ဒါကို ဘုရားတပည့်တော် မမေ့သေးပါဘုရား။ အခု ဘုရားတပည့်တော် ဒီစာကို ရေးနေစဉ် ကမ္ဘာပေါ်မှာရှိတဲ့ လူသားများစွာဟာ အကြောင်းအမျိုးမျိုးကြောင့်၊ ဘေးဒဏ် အမျိုးမျိုးကြောင့်၊ လောကဓံ အဖုံဖုံကြောင့်၊ စိတ်ပင်ပန်း ဆင်းရဲပြီးတော့မှ သောကမီးအုံပြီးတော့ မျက်ရည်ပူများ ကျဆင်းလျက် ရှိနေကြပါတယ်ဘုရား။ *အငိုတိတ်တဲ့တရား ဒီကမ္ဘာလောကကြီးမှာ ရှိတယ်ဆိုတာကို သက်သေသာဓက အထောက်အထားများနဲ့ ပြသပြီးတော့မှ ဆင်းရဲဒုက္ခရောက်နေတဲ့ ကမ္ဘာ့လူသားထုကို အငို တိတ်စေချင်လှပါတယ်ဘုရား၊ သူတို့ စိတ်ဆင်းရဲ နေကြရတာကို တပည့်တော်မ မလိုလားပါဘူး။ ဒီတရားတော်များ သူတို့သိလို့ရှိရင် သူတို့ စိတ်ကို စောင့်ရှောက်တတ်မှာပဲ။ စိတ်ကို စောင့်ရှောက်တတ်ရင် သူတို့ ချမ်းသာမှာပဲ ဆိုတာကို ဘုရားတပည့်တော် မုချ ပြောရဲပါတယ်ဘုရား။*

---

၁။ (၁၂၆) အဿုသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

သူတို့ တရားအားထုတ်ဖို့ အချိန်ရော ရပ့ါမလား။ သူတို့ တရား အားထုတ်ချင်စိတ်ရော ရှိပ့ါမလား၊ တရားအားထုတ်ခြင်းဟာ စိတ်ကို ငြိမ်းအေးစေတယ်။ ပူလောင်နေတဲ့ မျက်ရည်တွေကို ဒီတရား က ခန်းခြောက်စေဖို့ တာဝန်ယူပါတယ်ဆိုတာ ယုံမှ ယုံပ့ါမလား လို့လည်း တပည့်တော်စိတ်ထဲ ရံခါ တွေးမိ နေပြန်ပါတယ်ဘုရား။

မနေ့က သံယုတ္တနိကာယကို ဖတ်နေမိရာမှ အကြောင်း အရာက ဘုရားတပည့်တော်မ အားထုတ်နေတဲ့ တရားနှင့် သိပ်ကို တိုက်ဆိုင်လွန်းနေတာနဲ့ အချိန်တွေ နာရီတွေ များစွာ ကုန်သွားခဲ့ ပါတယ်။

ခဏနေတော့ မျက်စိကလည်း စာကို ကြည့်နေတယ်။ စိတ် ကလည်း စာကို အငမ်းမရ ဖတ်နေတယ်။ ဒါပေမယ့် တင်ပလ္လင် ခွေထားတဲ့ ခြေထောက်တွေက ကုလားထိုင်ကနေ အောက်ကို ဆင်း သွားပြီ။ စိတ်က အံ့သြပြီး ခြေထောက်ကိုမေးတယ်။ “ဘာလုပ် နေတာလဲ”။ ခြေထောက်က မသိဘူး။ သွားသာ သွားချင်နေတာ ဘယ်သွားပြီး ဘာလုပ်ရမှန်း သူမသိဘူး။ ပကတိစက်ရုပ်ပဲ Oper- ator က စိတ်ပဲဘုရား။ အဲဒီအချိန်မှာ ကျမ်းစာကိုကြည့်နေတဲ့ လုပ်ငန်းကို ရပ်လိုက်ပြီး စိတ်က “ရေသောက်ချင်လို့” ဆိုမှပဲ ခြေထောက်က ကြမ်းပြင်ကို ထောက်ထောက်ပြီး ရေရှိရာကို ခန္ဓာကိုယ်ကောင်ကြီးက ရွှေ့ရွှေ့ သွားပါတယ်ဘုရား။

စိတ်ဝင်စားစရာ ကောင်းတာက ခြေထောက်ရယ်၊ ခန္ဓာ ကိုယ်ရယ် စိတ်ရယ် အလုပ်လုပ်နေတာကို သိတဲ့ Master က တစ်စိတ် သပ်သပ်ပါဘုရား။ “သြော် . . . ခန္ဓာကိုယ်ကောင် အသက် ရှင်နေဖို့ ဒီလိုလုပ်သကိုး” လို့ အသိတစ်ခု သိလိုက်ရပါတယ်ဘုရား။

ဘုရားတပည့်တော် ရုံခါလည်း သတိမရှိဘဲ ဖြစ်နေမိတတ်ပါတယ်ဘုရား။ သတိရှိတာနဲ့ တပြိုင်နက် စိတ်မှာ ကိလေသာ ရှိသလား ကိလေသာ မရှိသလားဆိုတာ အလိုလို Auto စစ်ပြီးနေပါပြီဘုရား။ တပည့်တော်စစ်တာ မဟုတ်ပါ။ သူ့အလိုလို စစ်မိလျက်သား ဖြစ်နေတာပါဘုရား။ စိတ်အေးသလား စစ်ပြီးနေပါပြီဘုရား။ အဲဒါကို သိနေပါတယ်ဘုရား။ သတ္တဝါတွေ ချမ်းသာဖို့ မေတ္တာစိတ်တွေပွားပြီး နေပါပြီဘုရား။ မေတ္တာစိတ် ဖြစ်နေတာကိုလည်း သိနေပါတယ်ဘုရား။ ရုံခါလည်းပဲ မေတ္တာပွားဖို့ အဆင်သင့် Standby အနေအထားမှာ စိတ်က ရှိနေတယ်ဘုရား။ ဒီစိတ်ကိုလည်း တပည့်တော် သိနေပါတယ်ဘုရား။

စာနှင့်ရေးနေရတာ၊ ပြောနေရတာ တပည့်တော် အချိန်တွေ ကြာလွန်းပါတယ်ဘုရား။ စိတ်အလုပ် လုပ်တာဟာ ဘုရားတပည့်တော် ခြေတစ်လှမ်းနဲ့ တစ်လှမ်းကြားရဲ့ အပုံ (၁၀၀)ပုံ တစ်ပုံတောင် ရှိချင်မှ ရှိမယ် ထင်ပါတယ်ဘုရား။ အံ့သြစရာအလွန် ကောင်းပါတယ်။ သူ့အလိုလို လုပ်နေတာကို နောက်က သိသိ နေတာပါဘုရား။ ဘုရားတပည့်တော် သိနေတာ မဟုတ်ဘူးဘုရား။ တပည့်တော်မပါဘူး၊ အတ္တမပါဘူးဆိုတာ ဒါမျိုးများလားလို့ တွေးထင်မိပါတယ်ဘုရား။

ဆက်လက် လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ *မေတ္တာစိတ်ကြောင့် ဖြစ်လာတဲ့ ပီတိကိုလည်း ဝိပဿနာ ရှုမိလျက်သား ဖြစ်နေပါတယ်ဘုရား။ တပည့်တော် မေတ္တာစိတ် ဖြစ်အောင်လည်း မလုပ်မိပါဘုရား။ ဝိပဿနာ ဖြစ်ဖို့လည်း မလုပ်ဖြစ်ပါဘုရား။ ဓမ္မသဘောက သူ့အလိုလို ဖြစ်နေတာကို သိနေပါတယ်ဘုရား။ အဲဒီဖြစ်စဉ်ကို သိနေရာမှာလည်း တပည့်တော် မပါပါဘုရား။*

*တဒင်္ဂ တဒင်္ဂခြင်း ပေါ်လာပြီး ပျောက်နေတဲ့ Process မျှ ပါပဲလား။ ကုသိုလ်တရားစုလည်း ပေါ်ပြီးပျောက်၊ အကုသိုလ် တရားစုကလည်း ပေါ်ပြီး ပျောက်နေတာ မျှပါပဲလားလို့ ပိုပြီး ပိုပြီး သဘောပေါက် လာပါတယ်ဘုရား။* မှားယွင်းတာများ ရှိရင် ခွင့်လွှတ်သည်းခံကာ သွန်သင်ပေးတော်မူပါ အရှင်မြတ်ဘုရား။

ထာဝရရိုသေ ဂါရဝတရားဖြင့်
ဒါယိကာမကြီး
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်

**ဒါယိကာမထံ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမကြီး၏ (၂၅-၁၁-၈၉) ရက်စွဲပါ စာကို ရရှိပါတယ်။ အားထုတ်တယ် ဆိုတာကတော့ သတ္တဝါတိုင်းဟာ အားထုတ်နေကြတာပါပဲ။ ကာယကံနဲ့ အားထုတ်နေကြတယ်။ ဝစီကံနဲ့ အားထုတ်နေကြတယ်။ မနောကံနဲ့လည်း အားထုတ်နေကြပါတယ်။ ဒါပေမယ့် ကုသိုလ်စုကို အားထုတ်နေတာလား၊ အကုသိုလ်စုကို အားထုတ်နေတာလား။ အိပ်ပျော်နေတဲ့အခိုက် ဘဝင်စိတ်ပါ။ ဘဝင်စိတ်မှာတော့ ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူး။ ကျန်တဲ့ အချိန်တိုင်းမှာ သတ္တဝါတွေဟာ ကုသိုလ် ဒါမှမဟုတ် အကုသိုလ် တစ်ခုခုကိုတော့ အားထုတ်နေတာပါပဲ။

အစွဲအလမ်း ကင်းမှသာလျှင် မျက်ရည်စိုနွဲ့ ငိုကြွေးမှု တွေ သက်သာမှာပါ။ ပညာရှင်တစ်ဦးက ပြောခဲ့တဲ့စကား ရှိပါ တယ်။ သမိုင်းဆရာဟာ စာအုပ်ပုံကြားထဲ ရောက်ရင် သူ့ရဲ့လူမျိုး ကို မေ့ပစ်လိုက်ရမယ်တဲ့၊ သမိုင်းဆရာဟာ သူ့ရဲ့လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ ကင်းမှသာလျှင် သမိုင်းဖြစ်ရပ်တွေကို မှန်မှန်ကန်ကန် ကြည့်မြင် သုံးသပ်နိုင်မှာ ဖြစ်သတဲ့။ ဒါမှ သူ့ရဲ့မှတ်တမ်းတွေဟာ အားကိုးလောက်တဲ့ မှတ်တမ်းတွေ ဖြစ်မယ်တဲ့။ အဲဒီအတိုင်းပဲ သိပ္ပံပညာရှင်တွေကလည်းပဲ ပြဿနာ တစ်ခုခုကို စူးစမ်း လေ့လာ တဲ့အခါမှာ မိမိ ခန့်မှန်းယူဆထားတဲ့ Hypothesis ကို အခြေခံ ပြီးတော့မှ လိုအပ်တဲ့ သုတေသနတွေကို ပြုလုပ်ရပါတယ်။ အဲဒီ သုတေသနပြုပြီးတော့မှ ထွက်လာတဲ့ အဖြေဟာ သူထင်ထားတဲ့ အတိုင်း ဖြစ်ချင်လည်း ဖြစ်မယ်။ မဖြစ်ရင်လည်း မဖြစ်ဘူး။ ဒါပေ မယ့် သိပ္ပံပညာရှင်တိုင်းဟာ သုတေသနရဲ့ ရလာဒ်ကို ဘဝင် ကျကျ လက်ခံကြပါတယ်။ ငါယူဆထားတာနဲ့ မတူလို့ဆိုပြီး လက် မခံနိုင်တာ မရှိပါဘူး။

*အဲဒီလိုပဲ အမှန်တရား ရှာဖွေတဲ့ ပုဂ္ဂိုလ်များကလည်းပဲ နည်းလမ်း အသွယ်သွယ်ကို စမ်းသပ် စစ်ဆေးပြီးတော့မှ မှန်ကန် ကြောင်း တွေ့လာလို့ရှိရင်တော့ အဲဒါကို ရဲရဲကြီး လက်ခံရပါ မယ်။ မှန်ကန်တာတော့ သိတယ်။ ဒါပေမယ့် မိမိရဲ့ ယူဆချက်တွေနဲ့ တစ်စုံတစ်ဦးသောသူရဲ့ ဟောကြားချက်နဲ့ တစ်စုံတစ်ခုသော ကျမ်း စာအုပ်ရဲ့ ဖော်ပြချက်နဲ့ မတူလို့မို့ဆိုတဲ့ အစွဲအလမ်းနဲ့ တကယ့် အမှန်တရားကို ဘဝင်မကျဘူး ဆိုရင်တော့ အမှားသံသရာနဲ့ပဲ သူ့ဘဝ လည်ပတ် သွားတော့မှာပါ။*

ဘဝသံသရာမှာ လွတ်မြောက်ရေးအတွက် မဂ္ဂင်ရှစ်ပါး လမ်းမှန်ကြီးပေါ်မှာ လျှောက်လှမ်းနိုင်ဖို့အတွက် နိုးကြားတက်ကြွပြီး စိတ်ဝင်တစား ရှိပြီးတော့မှ နေရုံမျှနဲ့တော့ မိမိကိုယ်ကိုမိမိ အထင်ကြီးတဲ့ မာနမဟုတ်ပါဘူး။ သို့သော် လွတ်မြောက်ရေး လမ်းမှန်ကြီးပေါ် လျှောက်တဲ့အခါမှာ မိမိခွန်အား မိမိစွမ်းပကားနဲ့ ပတ်သက်ပြီးတော့မှ မိမိရဲ့ နိုးကြားတက်ကြွမှုနဲ့ ပတ်သက်ပြီးတော့မှ အထင်ကြီးနေရင်တော့ အဲဒါ မာနပါ။ ပယ်ရမယ့်တရားပါ။ အဲဒီမာနက ကျင့်နေတဲ့ တရားလုပ်ငန်းစဉ်ကို ရှေ့မတိုးအောင် တားမြစ်တတ်ပါတယ်။

*သံသရာလွတ်မြောက်ရေး လမ်းကြောင်းကို သွားတဲ့ အခါမှာ အခြေခံအားဖြင့် သီလဟာ ပဓါနကျပါတယ်။ သီလကို ဘေးဖယ်ထားပြီးတော့မှ ဘဝသံသရာ လွတ်မြောက်ရေး လမ်းကြောင်းဆိုတာ မရှိကောင်းပါဘူး။* အရိယာပုဂ္ဂိုလ်များက သီလ အလိုလိုလုံသွားပါတယ်။ သောတာပန်ဟာ ငါးပါးသီလ ခါးဝတ်ပုဆိုးလိုမြဲသွားတယ်။ သကဒါဂါမ်က ရှစ်ပါးသီလ ခါးဝတ်ပုဆိုးလို မြဲသွားပါတယ်။ အနာဂါမ် ဆယ်ပါးသီလ ခါးဝတ်ပုဆိုးလို မြဲသွားပါတယ်။ ဒါကြောင့် အရုပ်ဆိုးတာ၊ လှတာ အပဓါနပါ။ အဝတ်အစားကောင်းတာ အဝတ်အစား ညံ့တာ အပဓါနပါပဲ။ အိမ်ကောင်းကောင်းနဲ့ နေနိုင်တာ၊ မနေနိုင်တာလည်း ပဓါနမဟုတ်ပါဘူး။ ကားကောင်းကောင်း စီးနိုင်တာ မစီးနိုင်တာ ပဓါနမဟုတ်ပါဘူး။ ငွေတွေအများကြီး သုံးနိုင်တာ၊ မသုံးနိုင်တာဟာလည်း ပဓါနမဟုတ်ပါဘူး။

*သီလ ပြည့်စုံတာသာလျှင် ပဓါနဖြစ်တယ်။ သီလရှိသူ သီလပြည့်စုံသူရဲ့ မျက်နှာဟာ ချစ်စရာကောင်းတယ်။ ကြည်ညို စရာကောင်းတယ်။ မြတ်နိုးစရာကောင်းပါတယ်။ ဒါကြောင့် လူမှာအဝတ် တောင်းမှာအကွပ်ဆိုတဲ့ လောကစကားနဲ့တော့ ဆန့်ကျင်ဘက်ကြီး ဖြစ်နေပါတယ်။*

ရုပ်အလှကို ပြုုတီပါလာမှာ ပြင်ပေးနိုင်သလို အဝတ်အစား တွေကလည်း အတိုင်းအတာ တစ်ခုအထိတော့ ပြင်ပေးနိုင်ပါတယ်။ လက်ဝတ်ရတနာတွေကလည်း အနည်းငယ် ပြင်ဆင်ပေးနိုင်ပါလိမ့် မယ်။ ဟန်ဆောင်ပြီးတော့လည်း လူတစ်ဘက်သားရဲ့ စိတ်ဝင်စားမှု အထင်ကြီးမှုကို လှည့်စားပြီး ရကောင်းရနိုင်ပါလိမ့်မယ်။

ဒါပေမယ့် စိတ်အလှကိုတော့ ဟန်ဆောင်ပြီး ပြုပြင်လို့ မရ ကောင်းပါဘူး။ တရားရိပ်သာတွေဟာ စိတ်အလှကို ပြုပြင်ပေးနိုင် တဲ့ Mind Work Shop တွေပါပဲ။ ဒါကြောင့် စိတ်အလှကို ပြုပြင် ပေးနိုင်ဖို့အတွက် မိမိအနေနဲ့လည်း သီလကို မြတ်နိုးဖို့ လိုပါတယ်။ ဒါပေမယ့် သီလကို ကျင့်စရာလို့ မထင်ကြဘူး။ မြတ်စွာဘုရားက သီလကို ကျင့်စရာသိက္ခာလို့ ဟောတော်မူပါတယ်။ သိက္ခာဆိုတာ ကျင့်စရာပါပဲ။

*တရားအားထုတ်တဲ့ အချို့ယောဂီတွေ ငါးပါးသီလကို လချီ၊ နှစ်ချီ၊ လုံအောင်နေကြတယ်။ အဲဒါကို လောကအမြင်နဲ့က တစ်မျိုးဖြစ်နေပါတယ်။ သီလကို မြတ်နိုးဖို့တာဝန် မိမိတာဝန် ပါပဲ။ သီလကို အသက်နဲ့ လဲဖို့တာဝန် မိမိတာဝန်၊ သီလကို စည်းစိမ်ဥစ္စာနဲ့ လဲဝံ့ဖို့တာဝန် မိမိတာဝန်ပါပဲ။ သူတစ်ပါးရဲ့ ထင်မြင် ယူဆ သုံးသပ်ချက်တွေဟာ သူ့ရှုထောင့်နဲ့ သူပါပဲ။*

လောကမှာ သီလလောက် အားထားရာ ဘာမှမရှိပါဘူး။ သီလမှာတည်တဲ့ သမာဓိက အကျိုးအာနိသင် များပြားလှပါတယ်။ အဲဒီသမာဓိမှာတည်တဲ့ ပညာက အကျိုးအာနိသင် ကြီးကျယ်ပါတယ်။ အဲဒီပညာမှာ တည်တဲ့စိတ်ကသာ အာသဝတရားလေးပါးတို့မှ လွှန်မြောက်နိုင်ပါတယ်။[၁]

လူကအိုရင် ခန္ဓာဟာ ဘာမှမကောင်းတော့ဘူး။ ဆွေးမြေ့ကုန်ပါတယ်။ "သီလံ ယာဝ ဇရာ သာဓု" သီလဟာ အိုသည့်တိုင် ကောင်းတယ်။ ဆွေးမြေ့ ပျက်စီးသွားရိုး မရှိပါဘူး။[၂]

မေတ္တာကမ္မဋ္ဌာန်းကို စနစ်တကျ ရှုပွားလာတဲ့ ယောဂီမှာ အထူး ကြောင့်ကြမစိုက်ရဘဲ သတ္တဝါတွေပေါ် တပြေးညီ မေတ္တာစိတ် ဖြစ်လွယ်ပါတယ်။ ဝိပဿနာကို ကျွမ်းကျင်နေသူအဖို့ မေတ္တာစိတ်ကြောင့် ဖြစ်လာတဲ့ စိတ်ရဲ့ ကြည်လင် သန့်ရှင်း နှစ်သက်မှု ပီတိကို ဝိပဿနာရှုပွားဖို့ အထူး ကြောင့်ကြစိုက်ပြီး လုပ်နေရတာ မဟုတ်တော့ပါဘူး။ သင်္ခါရသဘောတွေကို ဝိပဿနာသင်္ခါရက ရှုပွားတာပါပဲ။ ပုဂ္ဂိုလ်သတ္တဝါ မပါဘူးဆိုတဲ့အမြင် မှန်ပါတယ်။ ကိလေသာ ချုပ်ငြိမ်းတဲ့အထိ အားထုတ်နိုင်ပါစေ။

မေတ္တာဖြင့်

ဆရာတော်

ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်

---

၁။ (၁၈၆) မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။

၂။ (၅၁) ဇရာသုတ္တ၊ ဇရာဝဂ္ဂ၊ သဂါထာဝဂ္ဂ သံယုတ္တပါဠိ။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဘုရားတပည့်တော် အသက်အရွယ် အိုမင်းလာတာနှင့် အမျှ ခန္ဓာကိုယ် ကျန်းမာရေးဟာ အရင်နဲ့ မတူတော့ပါဘူးဘုရား။ *ခန္ဓာကိုယ်က တစ်နေ့တခြား ယိုယွင်း လာနေပါသော်လည်း သီလ တန်ခိုး၊ သမာဓိ ပညာတန်ခိုးကြောင့် ထင်ပါတယ်ဘုရား။ စိတ်ကျန်းမာရေးက တမူထူးခြား ကြည်လင် အေးချမ်း တည်ငြိမ်ပြီး အရာရာမှာ ညီညွတ် မျှတနေတာကို ပိုပိုပြီး သတိပြုမိလာပါတယ်ဘုရား။*

အခုလို အရွယ်အိုမင်းလာတဲ့ အခါမှာ သားသမီးတွေလည်း သူတို့လမ်းနဲ့သူတို့ သွားကြပါပြီဘုရား။ ဒါယကာကြီးလည်း ကွယ်လွန်သွားတာ (၁၈)နှစ် ကျော်လွန် သွားပါပြီဘုရား။ ဘုရားတပည့်တော် ဘဝမှာ အရွယ်အိုမင်းလာရင် တစ်ယောက်တည်း အထီးကျန်မှာကို အရင်က အလွန့် အလွန်ပဲ စိုးရိမ်ခဲ့ဖူးပါတယ်။ *အသက် (၃၀)ကျော် (၄၀)က စိုးရိမ်ခဲ့တဲ့ စိုးရိမ်မှုတွေဟာ ဘုရားတပည့်တော် ဘဝထဲ ယနေ့ ရောက်နေတာတောင်မှ ကြာမြင့်လှပါပကောလို့ တွေးထင် မိပါတယ်ဘုရား။*

သို့သော် ဘုရားတပည့်တော် ကံကောင်းလှပါတယ်ဘုရား။ ဒီအချိန်မှသာလျှင် တပည့်တော်မှာ လူအိုခင်ပွန်းက တစ်ဘက်၊ မြေးတွေက တစ်ဘက်၊ သားတွေက တစ်ဘက်၊ သမီးတွေက တစ်ဘက် ရှိနေမယ်ဆိုရင် သူတို့ရဲ့ အလိုလောဘတွေ၊ သူတို့ရဲ့ မာနတွေ၊ သူတို့ရဲ့ ဒေါသတွေ၊ သူတို့ရဲ့ မစ္ဆရိယတွေ၊ သူတို့ရဲ့ သောကတွေကို တပည့်တော်အနေနဲ့ မျှဝေပြီးတော့မှ ခံစားပေးရမှာ သေချာပါတယ်။

အခုတော့ ဒီအိမ်ခြံကျယ်ကြီးရဲ့ အခန်းလေး တစ်ခန်းမှာ တပည့်တော်ရဲ့ တရားအားထုတ်ရာ အခန်းအဖြစ်နဲ့ရော၊ အိပ်ခန်း အဖြစ်နဲ့ရော၊ စာဖတ်ခန်း အဖြစ်နဲ့ရော၊ လဲလျောင်း နားနေရာ အခန်းအဖြစ်နဲ့ပါ အသုံးပြုပြီးတော့မှ နေပါတယ်ဘုရား။ တစ်အိမ် လုံးကို တံမြက်စည်း လှည်းတာက အိမ်ဖော်က လုပ်ပါတယ်ဘုရား။ တစ်ခြံဝန်းလုံးရဲ့ သန့်ရှင်းရေးကို မာလီတွေက လုပ်ပါတယ်ဘုရား။ တပည့်တော်က ဝါသနာပါတဲ့ တရားတွေကို နာကြားပါတယ်ဘုရား။ တပည့်တော်က ဝါသနာပါတဲ့ တရားစာတွေကို ဖတ်ပါတယ်။ စာအုပ် ဘီဒိုထဲမှာရှိတဲ့ ဗုဒ္ဓစာပေနဲ့ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းတဲ့ အကြောင်း အရာများစွာကို မမောမပန်း မပျင်းမရိ ဖတ်ရှုနေပါတယ်ဘုရား။

*တပည့်တော်ဘဝ ကံကောင်းလိုက်တာလို့ အခုမှ တွေး မိပါတယ်။ ဘဝဟာ လွတ်လပ်လိုက်တာလို့ အခုမှ ခံစားမိ ပါတယ်။* အဝေးမှာရှိတဲ့ သားတွေ မြေးတွေဟာ ရံခါ တယ်လီဖုန်း ဆက်ပြီး သူတို့ရဲ့ အခက်အခဲတွေကို ပြောပြတဲ့ အခါမှာတော့ တပည့်တော်အနေနဲ့ ဖြစ်နိုင်လောက်တဲ့ အကြံဉာဏ်များကို ပေးပါတယ်ဘုရား။ မြေးလေးတွေသာ အနားမှာ ရှိမယ်ဆိုရင် တပည့်တော်ရဲ့ ကိုယ်ပိုင်အချိန်တွေ အများကြီး ဖဲ့ပေးရမှာ သေချာ ပါတယ်။

တပည့်တော်ဘဝရဲ့ ဒီနေ့ ရပ်တည်နေတဲ့ အယူအဆကို တပည့်တော်သူငယ်ချင်း သက်တူရွယ်တူ အငြိမ်းစားအရာရှိကို ပြောပြတော့ "နင့်အတွေးအခေါ်က စိမ်းကားလိုက်တာ နင်လုပ်ပုံ ကိုင်ပုံတွေက ရက်စက်လိုက်တာ"လို့ ဝေဖန် ခံရဖူးပါတယ်။ သူ့ ရှုထောင့်နဲ့ သူပါဘုရား။ *တပည့်တော်ချစ်တဲ့ ခင်တဲ့သူတွေနဲ့*

*အခုကတည်းက ယာယီ ခွဲထားတာပါဘုရား။ တစ်နေ့ကျရင် အပြီးအပိုင် ခွဲခွာရတော့မှာပါ။* တစ်မြန်နှစ်ကလည်း တပည့်တော် မြေးလေးတစ်ယောက် Accident ဖြစ်လို့ အပြီးအပိုင် ခွဲခွာရပြီး ပါပြီ။ *သူအရင်ခွဲရင်ခွဲ သူမခွဲရင် ကိုယ်က ခွဲသွားရမှာ ဆိုတာကို တပည့်တော် ပိုပြီး သဘောကျ နှစ်သက် လက်ခံလာနိုင်ပါပြီ ဘုရား။*

သို့သော် အပေါင်းအဖော် မိတ်ဆွေကိုတော့ ရံခါ သတိရ တယ်ဘုရား။ ဘယ်လိုမိတ်ဆွေလဲဆိုရင် ဘုရားတပည့်တော်ရဲ့ စကားကို နားလည်ပေးနိုင်မယ့် မိတ်ဆွေ၊ ဘုရားတပည့်တော်ကို လေးနက်တဲ့၊ တန်ဖိုးရှိတဲ့ နက်နဲတဲ့ စကားတွေကို ပြောပေးနိုင် စွမ်းမယ့် မိတ်ဆွေကိုတော့ မျှော်လင့်မိပါတယ်ဘုရား။ အဲဒီ မိတ် ဆွေမျိုး ရှိမယ် မထင်မိပါဘုရား။ ဟိုတုန်းက ပြိုင်တူ ကြွားတဲ့ မိတ်ဆွေတွေ ရှိခဲ့ဖူးပါတယ်။ ဟိုတုန်းက သောကဖြစ်တဲ့အခါမှာ မျှဝေခံစားပေးတဲ့ မိတ်ဆွေတွေ ရှိခဲ့ဖူးပါတယ်။ စီးပွားရှာတဲ့အခါ မှာ အကြံဉာဏ်ပေးခဲ့တဲ့ မိတ်ဆွေတွေ ရှိခဲ့ဖူးပါတယ်။ ငွေတွေ လိုတဲ့ အခါမှာ ချေးပေးခဲ့ဖူးတဲ့ မိတ်ဆွေတွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီကနေ့ တပည့်တော် လိုချင်တဲ့ မိတ်ဆွေတွေ ရမှရပါ့မလားလို့ လွန်ခဲ့တဲ့ လေးငါးနှစ်ကတည်းက တွေးထင်ခဲ့ဖူးတာ အခုတော့ အံ့သြစရာပါပဲ။ တူရာတူရာ စုမိ လာကြပါတယ်ဘုရား။

တပည့်တော်နှင့် စိတ်တူကိုယ်တူရှိတဲ့ မိတ်ဆွေတွေ ဒီကမ္ဘာ ပေါ်မှာ ရှိနေသားပဲဆိုတာ သိလာရလို့ အားလည်း တက်မိပါတယ် ဘုရား။ ဒါပေမယ့် အများကြီးတော့ မဟုတ်ပါဘူး။ (၃)ယောက် တည်းပါဘုရား။ အသက်အရွယ်တွေ ကွာခြားလှပါတယ်ဘုရား။

တစ်ယောက်ကတော့ အခုမှ အသက် သုံးဆယ့်ရှစ်နှစ်ပဲ ရှိပါသေးတယ်။ နောက်တစ်ယောက်က ငါးဆယ်ကျော်။ အဲဒီမိတ်ဆွေနဲ့ ရံခါ တွေ့ဆုံပြီးတော့မှ ဓမ္မရေးရာ အကြောင်းအရာတွေကို ပြောဆို ဆွေးနွေးဖြစ်ကြပါတယ်။ အမြင်ချင်း ဖလှယ်ဖြစ်ကြပါတယ်။ *ဘဝကို ဘယ်လို အေးချမ်းအောင် နေရမယ်ဆိုတာကို ဆွေးနွေးဖြစ်ကြပါတယ်။ အသက်ရှင်နေတဲ့ဘဝကို အကျိုးရှိအောင် ဘယ်လို နေထိုင် သွားရမယ်ဆိုတာ တပည့်တော်တို့ အမြင်ချင်း တူညီလာကြပါတယ်ဘုရား။*

ဘဝသံသရာ လွတ်ရေးအတွက် ထားတဲ့ရည်ရွယ်ချက်ချင်း အနည်းငယ် ကွဲပြားသော်လည်း အများစု တူညီပါတယ်။ ဘုရား တပည့်တော် နိဂုံးချုပ်အားဖြင့် လျှောက်ထား ချင်တာကတော့ ကျောင်းသား အရွယ်တုန်းကလည်း ကျောင်းနေဘက် သူငယ်ချင်းတွေ စိတ်တူ ကိုယ်တူရာ စုမိခဲ့ကြတယ်။ အဲဒီ သူငယ်ချင်းတွေ အခု တပည့်တော်အနားမှာ မရှိတော့ပါဘူး။ အားကစားတွေ လုပ်တဲ့အခါ စိတ်ချင်းတူတဲ့ သူငယ်ချင်းတွေနဲ့ တွေ့ခဲ့ဖူးတယ်။ အခု အဲဒီသူငယ်ချင်းတွေ တပည့်တော်နားမှာ မရှိတော့ပါဘူး။ နောက် ဆေးတက္ကသိုလ်ကို ရောက်တဲ့အခါမှာ ဆရာဝန်လောင်း သူငယ်ချင်းတွေ စုမိခဲ့ကြတယ်၊ အဲဒီ သူငယ်ချင်းတွေလည်း ခု မရှိတော့ပါဘူး။ နောက်ပိုင်း အသက်ရွယ် ရလာတဲ့ အခါမှာလည်းပဲ စိတ်တူကိုယ်တူ ဝါသနာတူရာ မိတ်ဆွေ ဆရာဝန်တွေ ပြန်ပြီး စုမိခဲ့ကြဖူးတယ်။ သူတို့လည်း အခု တပည့်တော်နားမှာ မရှိကြတော့ဘူး။

တပည့်တော်ဘဝမှာ ဖြတ်သန်းလာခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ အဆင့်ဆင့် ဆုံလိုက်၊ ကွဲလိုက် ဆုံလိုက်၊ ကွဲလိုက်၊ ကွဲ

လိုက် ဆုံလိုက်၊ ကြုံလိုက်၊ ကွဲလိုက်နဲ့ ခွဲခွာခဲ့တဲ့ မိတ်ဆွေတွေ အများကြီး ပါပဲလားဆိုတာကို သတိ ပြုမိလာပါတယ်ဘုရား။ အခု လည်းပဲ တပည့်တော် တန်ဖိုးထားရာ၊ မြတ်နိုးရာ၊ မှီခိုရာ ဗုဒ္ဓဓမ္မကို ဝါသနာပါတဲ့ စိတ်တူကိုယ်တူ မိတ်ဆွေတွေ တစ်ခါပြန်ပြီး ဆုံဆည်း မိကြပါပြီဘုရား။ ဒီမိတ်ဆွေတွေလည်း တစ်နေ့သောအခါမှာတော့ သူ့လမ်း ကိုယ့်လမ်း ခွဲခွာသွားကြမှာပဲလို့ ခုကတည်းက ကြိုတင် ပြီး မျှော်မှန်း ထားပြီးပါပြီဘုရား။

ဘာဖြစ်လို့လဲဆိုရင် ကျောင်းနေတုန်းက ကျောင်းနေဘက် သူငယ်ချင်းတွေနဲ့ ခွဲခွာရတဲ့အခါမှာ တပည့်တော် ဝမ်းနည်းကြေ ကွဲ မျက်ရည် ကျခဲ့ဖူးပါတယ်။ အားကစားနဲ့ ပတ်သက်တဲ့ မိတ်ဆွေ တွေကို ခွဲခွာခဲ့ရတုန်းကလည်း တပည့်တော် ကြေကွဲခဲ့ရဖူးပါတယ်။ ဆရာဝန် ဖြစ်စမှာလည်း သူငယ်ချင်းတွေနဲ့ ကျောင်းတော်က ကွေ ကွင်းပြီးတော့မှ သူ့တာဝန် ကိုယ့်တာဝန်နဲ့ သွားရတဲ့ အခါမှာ လည်း တပည့်တော် ဝမ်းနည်းခဲ့ဖူးပါတယ်။ အိမ်ထောင်ဘက် ဒါယကာကြီးနဲ့ သေကွဲ ကွဲသွားတဲ့အခါမှာလည်း ဘုရားတပည့်တော် ယူကြုံးမရ ဝမ်းနည်း ကြေကွဲ ပူဆွေးခဲ့ဖူးပါတယ်။ ရှင်မြတ်ဘုရား သင်ကြား ပြသပေးတော်မူခဲ့တဲ့ ဗုဒ္ဓရဲ့ တရားတော်များကို ရင်ထဲ အတန်ငယ် ကိန်းဝပ်လာတဲ့ အခါမှာတော့ ဘုရားတပည့်တော် စိတ်ကူးနဲ့ တန်ဖိုးထားခဲ့တဲ့ မြေးကလေး car accident ဖြစ်ပြီး မမျှော် လင့်ဘဲ သေဆုံးသွားတဲ့ အခါမှာတော့ တပည့်တော် အရင်က လောက် စိတ်မပင်ပန်း ခဲ့ရပါဘူးဘုရား။ ဗုဒ္ဓတရားတော်၏ သတ္တိ ကြောင့်ဆိုတာ ရာနှုန်းပြည့် ယုံကြည်ပါတယ်ဘုရား။ <u>*ဘုရား တပည့်တော်ရင်မှာ ဒီထက်ပိုပြီး တရားအသိ တိုးတက်လာရင်*</u>

*ခုထက် ပိုလွတ်လပ်တော့မယ်ဆိုတာကို တပည့်တော် သေသေချာချာကြီးကို သိနေပါတယ်ဘုရား။ လွတ်ချင်ပါပြီဘုရား။ လွတ်မယ်လို့လည်း သံသယမရှိ အကြွင်းမဲ့ ယုံကြည်ပါတယ်ဘုရား။*

အရှင်မြတ်ဘုရား ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ဘုရား။

ကြည်ညိုလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်

**မေတ္တာဖြင့် သိစေအပ်ပါသည်။**

လောကမှာ စိတ်ချင်း တူရာတူရာ၊ ဓါတ်ချင်း တူရာတူရာ ပေါင်းကြပါတယ်။ မိမိက ဆိုးလို့ရှိရင် ကိုယ့်နားကို ဆိုးတဲ့လူတွေပဲ ရောက်လာပြီးတော့မှ ပေါင်းသင်း ဆက်ဆံကြပါတယ်။ ကိုယ်က စိတ်ထား ယုတ်မာလို့ရှိရင် ယုတ်မာတဲ့ လူတွေပဲ မိမိနဲ့လာပြီးတော့မှ တွဲမိကြပါတယ်။ မိမိက သူတော်ကောင်းဓါတ်ခံ ရှိလို့ရှိရင်လည်း ဓါတ်ခံချင်းတူရာ သူတော်ကောင်းတွေပဲ လာပြီးတော့မှ တွဲမိကြပါတယ်။ ဒါဟာ ဓမ္မတာပါပဲ။

တစ်ခါက မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဉာဏ်ပညာ အမြော်အမြင် ကြီးကျယ်တဲ့ ရဟန်းတော်တွေက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနဲ့ အတူတကွ မြတ်စွာဘုရားနှင့် မလှမ်းမကမ်းမှာ စင်္ကြံ လျှောက်နေကြတယ်။ တန်ခိုးအရာမှာ ကြီးမြတ်မှုကို အလေးထားတဲ့ ပုဂ္ဂိုလ်တွေက အရှင်မောဂ္ဂလာန်ရဲ့ မနီးမဝေးမှာ စင်္ကြံလျှောက်ကြပါတယ်။ အဲသလိုပဲ ဝိနည်းဆောင်ထားကြတဲ့ ရဟန်းတွေကျတော့ အရှင်ဥပါလိနဲ့ အတူတကွ စင်္ကြံ လျှောက်နေကြတယ်။ အကြားအမြင် များပြားတဲ့ ရဟန်းတွေကျတော့ အရှင်အာနန္ဒာနဲ့ အတူတကွ စင်္ကြံ လျှောက်ကြသတဲ့။ ဒေဝဒတ်ကိုချည်း ကပ်ပြီးတော့ စင်္ကြံလျှောက်တဲ့ ရဟန်းတွေလည်း ရှိနေတာပဲတဲ့။

မြတ်စွာဘုရားရှင်က "အဲဒီမှာကြည့် ဒေဝဒတ်နဲ့ စင်္ကြံ လျှောက်တဲ့ ရဟန်းတွေကို တွေ့သလား"တဲ့။ *"အလိုဆိုးရှိတဲ့ ရဟန်းအချင်းချင်း ဒေဝဒတ်နဲ့ သွားပြီးတော့ တွဲမိကြတာ"တဲ့။ ဆက်လက်ပြီး မြတ်စွာဘုရားရှင်က ရဟန်းတို့ သတ္တဝါတွေဟာ ယုတ်ညံ့တဲ့ နှလုံးရှိတဲ့သူက ယုတ်ညံ့တဲ့ နှလုံးရှိသူတွေနဲ့ပဲ အတူတူ ပေါင်းမိကြတယ်။ ကောင်းတဲ့ နှလုံးသွင်းရှိတဲ့ သူတွေကျတော့လည်းပဲ ကောင်းတဲ့ နှလုံးသွင်းရှိတဲ့ သူတွေပဲ အချင်းချင်း ပေါင်းမိကြတယ်။ စိတ်ထား ညံ့လို့ရှိရင် ညံ့တဲ့သူနဲ့ပဲ ပေါင်းမိတယ်။ စိတ်ထား ကောင်းမွန်လို့ရှိရင်လည်း ကောင်းတဲ့လူတွေပဲ မိမိနဲ့ ပေါင်းမိကြတယ်လို့ မိန့်တော်မူပါတယ်။*[1]

---

၁။ (၉၉) စင်္ကမသုတ္တံ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

ဒါကြောင့် တရား အားမထုတ်ခင်တုန်းကလည်း တရား အားမထုတ်တဲ့သူတွေက ကိုယ်နဲ့ စိတ်တူကိုယ်တူရှိကြပြီး ဝါသနာ တူရာတူရာ ပေါင်းမိကြတာပါပဲ။ အခုလို တရားဓမ္မ အားထုတ် လာတဲ့ အခါကျတော့လည်း မိမိ ပေါင်းသင်း ဆက်ဆံရမည့် သူ တွေကော ရှိပါ့မလားလို့ တချို့က စိုးရိမ်ကြပါတယ်။ အပေါင်း အသင်း နည်းသွားတော့မှာပဲလို့လည်း စိုးရိမ်တတ်ကြတယ်။ *အထူး အားဖြင့် သောက်စားတတ်ပြီး နေတတ်ကြတဲ့ ပုဂ္ဂိုလ်များကျတော့ မသောက်မစားတော့ရင် ငါ့မှာ ပေါင်းမည့်သူရော ရှိပါ့မလားလို့ စိုးရိမ်ပြီး အားငယ်နေတတ်ကြတယ်။ ကြောင့်ကြ နေကြတယ်။ တကယ်တမ်းကျတော့ မသောက်တော့တဲ့ အခါမှာလည်းပဲ မသောက်တော့တဲ့ မိတ်ဆွေတွေ အချင်းချင်း ပေါင်းမိကြတာပါပဲ။ လက်တွေ့ မသောက်တော့ဘဲ နေလာတဲ့ ယောဂီတွေအနေနဲ့ ဒါကို ကိုယ်တွေ့ သိလာကြတာပါ။*

ဒါယိကာမကြီးလည်း ကျောင်းနေခဲ့တုန်းက ကျောင်းနေ ဘက် သူငယ်ချင်းတွေနှင့် ပေါင်းမိခဲ့ကြတာပါပဲ။ အားကစားတွေ လုပ်ကြတော့လည်း အားကစားနဲ့ ပတ်သက်တဲ့ သူငယ်ချင်းတွေ ပေါင်းမိကြသလို အခုလို တရားဓမ္မကို ဝါသနာပါတဲ့ အခါကျတော့ လည်း အားကစားနဲ့ ပတ်သက်တဲ့ သူငယ်ချင်းတွေက လာမတွဲတော့ ဘူးပေါ့။ စီးပွားရှာတဲ့ မိတ်ဆွေတွေကလည်း လာပြီး တွဲစရာ မရှိ တော့ဘူးပေါ့။ ယခုကျတော့လည်း ဓါတ်တူရာ တူရာ တရား အားထုတ်တဲ့ မိတ်ဆွေတွေ စုမိကြတာပါပဲ။ ဒါ ဓမ္မတာပါပဲ။

လူသားထုကတော့ သူတို့သွားနေကျ လမ်းရိုးအတိုင်းပဲ သွားနေကြပါတယ်။ *သူတို့လုပ်နေကျ အလုပ်ကို လုပ်ပြီး နေရ*

*တာကိုပဲ ကျေနပ်နေကြပါတယ်။ အားရနေကြပါတယ်။ ငါ ဟုတ်လှပြီလို့လည်း ထင်နေကြတယ်။* မြေးကလေးချီပြီး ချော့သိပ်နေတဲ့ အဘွားကလည်း သူ့မြေး အငိုတိတ်ပြီး အိပ်ပျော်တာကို ကျေနပ်လို့ ငါ့ဘဝ အရတော်လိုက်တာဆိုပြီး ပျော်လို့ ဝမ်းသာလို့။ ဘာပျော်နေမှန်းတောင် မသိအောင်ကို ပျော်နေရှာပါတယ်။ မြေကြီးတူးပြီးတော့မှ ရတဲ့ငွေနဲ့ သားကို တက္ကသိုလ်ပို့ထားတဲ့ ဖခင်ကလည်း သားရဲ့ ဘွဲ့နှင်းသဘင် အခမ်းအနား တက်ရတော့မှာကို ပျော်မဆုံး မော်မဆုံး မြေတူးဖက် သူငယ်ချင်းတွေကို ကြွားလို့မဆုံး ဖြစ်နေရှာပါတယ်။ ဒါကို ကိလေသာမှန်းလည်း မသိရှာဘူး၊ ဒါကို မောဟမှန်းလည်း မသိရှာဘူး။ ဒါကို အာသဝမှန်းလည်း မသိရှာပါဘူး။

*လောကကြီးဟာ အဲသလိုပဲ သူတို့ထင်ရာမြင်ရာ ကောင်းမယ်ထင်တာတွေကို လုပ်နေကြပါပဲ။ တကယ်တမ်း အနှစ်သာရအမှန်ကို သူတို့ မသိရှာပါဘူး။ သိနိုင်စွမ်းလည်း မရှိကြပါဘူး။* အဲဒီလို လုပ်ရပ်တွေပေါ်မှာ လောဘတွေ၊ ဒေါသတွေ မာနတွေ ဣဿာတွေ မစ္ဆရိယတွေ သောကတွေ အများကြီး ဖြစ်ပြီးတော့မှ ညစ်ထေးနေတဲ့ စိတ်ကိုလည်း သူတို့ခမျာ မသိရှာပါဘူး။ ဘယ်တော့ သိမလဲဆိုရင် သိအောင် မကြိုးစားရင်တော့ ဘယ်တော့မှလည်း သိမှာမဟုတ်ပါဘူး။

ပိုက်ကွန် ညွှတ်ကွင်းမှာ မိနေတဲ့ ယုန်ငယ် ကလေးဟာ ကြောက်ရွံ့ တုန်လှုပ်ကာ ပင်ပန်း ဆင်းရဲနေရှာပါတယ်။ ကိလေသာ တဏှာနှင့် ဝိုင်းဝန်းခြံရံပြီး သံယောဇဉ်အစေး ကပ်ငြိနေသူလည်း ညွှတ်ကွင်းမိနေရှာတဲ့ ယုန်ငယ်ကလေးလို စိုးရိမ် ပင်ပန်းနေရှာ

တယ်။ ကိလေသာ တဏှာ ပိုက်ကွန်တွင်းက လွတ်မြောက်မှုသာလျှင် ဆင်းရဲအပေါင်းက လွတ်မြောက်ပေတော့မယ်။[၁]

တရားအားထုတ်တယ်ဆိုတာ၊ တရားအသိဉာဏ် ရတယ်ဆိုတာ၊ တောင်ပေါ်တက်ပြီးတော့ တောင်ထိပ်ကနေ တောင်အောက်ကို မြင်ရသလို ပမာပြုနိုင်ပါတယ်။ အမြင့်ကြီးကနေ ကြည့်လို့ရှိရင် တောင်အောက်မှာ ကျွဲတွေ နွားတွေ လူတွေ ကား ရထားတွေ သွားလာနေတာကို ရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲ မြင်နေရသလိုပါပဲ။ တောင်တက်တာလည်း အပေါ်ကို ရောက်လာလေ၊ ရှုခင်းတွေ မြင်ကွင်းတွေ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် မြင်ရလေ ဖြစ်ပါတယ်။ တရား အားထုတ်ရာမှာလည်း တရားအသိ ပိုပြီးသိလာလေ လောကအပေါ် အမြင်ပြောင်းလဲလေပါပဲ။

*တရားအားမထုတ်ခင်က သူလည်း ကိလေသာ ဒင်းကြမ်းနဲ့ မိမိကလည်း ကိလေသာ ဒင်းကြမ်းနဲ့ဆိုတော့ အမြင် ရှုထောင့်ချင်း တူနေခဲ့တယ်။ အကြိုက်ချင်း၊ လိုချင်မှုချင်း ထပ်တူညီမျှ တူညီခဲ့ပါတယ်။ တရားအားထုတ်ပြီး ကိလေသာတွေ ပါးပါးလာတယ်။ တရားအသိတွေ ကိန်းလာတယ်။ ဒါကို ပမာပြုရရင် တဖြည်းဖြည်း တောင်ရဲ့ အမြင့်ပိုင်းကို ရောက်လာတာပါ။ ဒါကြောင့် အမြင်ရှုထောင့် ပြောင်းတာပါ။*

ရှေးခေတ် လူသားတွေလည်း ဒီလိုပဲ နေခဲ့ကြပါတယ်။ နှောင်းခေတ် လူသားတွေလည်း ဒီလိုပဲ နေကြပါလိမ့်မယ်။ အခုခေတ်လူသားတွေလည်း ဒီလိုပဲ နေနေကြပါတယ်။ *သာသနာတော်ကြီးနှင့် ကြုံသခိုက် မြတ်စွာဘုရားရှင်ရဲ့ တရားတော်ရဲ့ အကူ*

၁။ (၃၄၂-၃၄၃) သုတ္တကရပေါတီကာဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒပါဠိ။

*အညီကို ယူပြီးတော့မှ လေ့လာ ဆည်းပူးရင်တော့ ပါရမီ ဉာဏ်ရှိရင် ရှိသလောက် သဘောပေါက်နိုင်ပါတယ်။ သံသရာ လွတ်ရာ လမ်းကြောင်းကိုလည်း ချဉ်းကပ်မိနိုင်ပါတယ်။*

*ဘဝဟာ လက်ချည်း သက်သက်လာရပြီး လက်ဗလာနဲ့ပဲ သံသရာခရီးကို ဆက်ပြီး သွားကြရမှာပါ။ လူသားတွေ ဘာဖြစ်လို့ ဒါကို အမှန်အတိုင်း မမြင်နိုင်တာလဲ၊ ဘာဖြစ်လို့ ဒီလို ရှုံးသွပ် နေရတာလဲ၊ သူတို့ကိုလည်း ငါသိသလို နဲနဲဖြစ်ဖြစ် မြင်စေချင် လိုက်တာ။ သူတို့ကိုလည်း ငါသိသလို သိစေချင်လိုက်တာဆိုတဲ့ စိတ်မျိုးလည်း တရားအားထုတ်လာတဲ့ ယောဂီတွေမှာ ဖြစ်တတ် တာပါပဲ။*

*တကယ်တမ်းကတော့ အာရုံတွေရဲ့ သဘောအမှန်ကို အမှန်အတိုင်း မသိလို့ပါ။* Spider *ပင့်ကူကောင်ဟာ ပင့်ကူအိမ် မှာပဲ မွေ့လျော် အိပ်စက်သလို ကိလေသာထူပြောတဲ့ သတ္တဝါတို့ ဟာလည်း စွဲလမ်း နှစ်သက်ရာရာ တဏှာကွန်ရက်မှာ ငြိကပ် စွဲလမ်းပြီး ပျော်မွေ့ကုန်တယ်။ အသိပညာဉာဏ် ရင့်ကျက်တဲ့ သူတော်ကောင်းတို့သည်သာ ပင့်ကူအိမ်နှင့်တူတဲ့ တဏှာ ကွန်ရက် ကနေ လွတ်မြောက်အောင် ရုန်းထွက်ကြပါတယ်။*[၁] *ခုလို ဉာဏ် ရှိလာသူဟာ အဲသလိုကြီး မက်ပြီးတော့မှ တွယ်ပြီးတော့မှ စွဲပြီး တော့မှ နေမရပါဘူး။ ဘာဖြစ်လို့ စွဲနေ မက်နေတာလဲဆိုတော့ မသိလို့ပါပဲ။ ဒါဟာ အလွန် နက်နဲပါတယ်။*

ဒီသဘောတရားကို ဥပမာတစ်ခုနဲ့ ရှင်းပြပါမယ်။ ရွာမှာ မျက်လှည့်ဆရာတစ်ယောက် ရောက်လာပြီး မျက်လှည့်ပြပါတယ်။

၁။ (၃၄၇) ခေမာထေရီဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိ။

လက်ဝါးလောက်ရှိတဲ့ ဟင်းရည်သောက်ပန်းကန်လုံး သုံးလေးလုံးကို မျက်လှည့်ဝိုင်းထဲက စားပွဲပေါ်မှာ မှောက်တာမှောက်၊ လှန်တာလှန် ထားပါတယ်။ သူ့တပည့်ကို မျက်လှည့်ဝိုင်းရဲ့ ရှေ့နားကဆိုင်မှာ ကြက်ဥတစ်လုံး ဝယ်ခိုင်းပြီးတော့ ပန်းကန်လုံးထဲ ထည့်လိုက်ပါတယ်။ မျက်လှည့်ကြည့်နေကြတဲ့ ပရိသတ်ကိုလည်း "ဒီကြက်ဥ စစ်သလား၊ မစစ်သလားဆိုတာ စစ်ဆေးပေးကြပါခင်ဗျာ" လို့ အစစ် ဆေးခိုင်းပါသေးတယ်။ ကြက်ဥကို ကိုင်ကြည့်တဲ့ ပရိသတ်က ကြက်ဥစစ်ကြောင်း ပြန်ပြောကြပါတယ်။

မျက်လှည့်ဆရာက ဒီကြက်ဥ တစ်လုံးကို သုံးလုံးဖြစ်လာအောင် လုပ်ပြတော့မယ့် အကြောင်းကို အာဘောင် အာရင်းသန်သန်နဲ့ ဘင်ခရာတွေ တီးမှုတ်ပြီး ပြောပြနေပါတယ်။ ကြက်ဥထည့်ထားတဲ့ ပန်ကန်လုံးကိုတော့ စားပွဲပေါ်မှာ မှောက်ထားတဲ့ ရွယ်တူအဆင်တူ ပန်ကန်လုံးလေးနဲ့ အုပ်လိုက်ပါတယ်။ ပြီးတော့မှ ပိတ်စအနီလေးနဲ့ ထပ်အုပ်ပါတယ်။ အရိုးခေါင်းတွေပါတဲ့ အခြားပြကွက်တွေကို ပြပြီးတဲ့ နောက်မှာတော့ ကြက်ဥလည်း သုံးလုံးဖြစ်နေလောက်ပြီလို့ ပြောပြီး ပိတ်စအနီလေးကို လှပ်လိုက်ပါတယ်။ ပြီးတော့မှ အုပ်ထားတဲ့ ပန်းကန်နှစ်လုံးကို လက်ဝါးနှစ်ဖက်ပေါ်မှာ အသာကလေး ကိုင်ပြီးတော့မှ အထက်အောက် လှန်လိုက်ပါတယ်။ ပြီးရင် ပန်းကန်လုံးကို ဖွင့်ပြီး ပရိသတ်ကို ပြတယ်။ ပန်းကန်လုံးထဲ ကြက်ဥသုံးလုံး ဖြစ်နေပါတယ်။ မျက်လှည့်ကြည့်ပရိသတ်က အမှန်တကယ်ပဲ အလွန်အမင်းကြီး အံ့သြသွားကြပါတယ်။

ပရိသတ်က မျက်လှည့်ပညာနှင့် လှည့်စားနေတယ်ဆိုတာကို မေ့နေကြပါပြီ တစ်ချို့လည်းပဲ "သြော် . . . ဒီကြက်ဥသုံးလုံးလုပ်တဲ့

ပညာများ တတ်ခွင့်ရလို့ရှိရင် အိမ်မှာ ကြက်လည်း မွေးစရာမလို တော့ဘူး။ ကြက်စာလည်း ရှာစရာမလိုတော့ဘူး။ ကြက်ဆေးလည်း ထိုးစရာမလိုတော့ဘူး။ ကြက်ခြံလည်း ဆောက်စရာမလိုတော့ဘူး။ တစ်နေ့ကို ကြက်ဥ အလုံး (၁၀၀)လောက် လုပ်ရောင်းရင် စားဝတ် နေရေး အဆင်ပြေပြီ" လို့ တွေးတဲ့လူလည်း တွေးနေကြပြီ။ တစ်ချို့ ကလည်း "အများကြီးမလိုပါဘူး။ တစ်နေ့ကို ကြက်ဥလေးငါးလုံး လောက် ရရင်ကို ဈေးဝယ် သွားစရာမလိုတော့ဘူး။ ကြက်ဥလေး နဲ့ ပေါင်မုန့်လေးနဲ့ စားလို့ရှိရင် အဆင်ပြေတာပဲ" ဆိုပြီးတော့ စိတ် ကူးယဉ်နေကြပါတယ်။

အဲဒီအချိန်မှာ မျက်လှည့်ဆရာက "ကျွန်တော်သာလျှင် ကြက်ဥတစ်လုံးကို သုံးလုံး တကယ် လုပ်တတ်မယ်ဆိုရင် ခုလို ရွာ ရိုးကိုးပေါက် လမ်းတကာလှည့်ပြီး မျက်လှည့် ပြမစားတော့ပါဘူး ခင်ဗျာ"လို့ ပြောပြီးတော့မှ မျက်လှည့်ဆရာက ကြက်ဥသုံးလုံး ဖြစ် လာရတဲ့ မျက်လှည့်ပြကွက်ရဲ့ လျှို့ဝှက်ချက်ကို ဖေါ်ပေးလိုက်ပါတယ်။

ဒါကတော့ ဘယ်လိုလည်းဆိုရင် စောစောက စားပွဲပေါ်မှာ မှောက်ထားတဲ့ ပန်းကန်သုံးလေးလုံးအနက် တစ်လုံးသော ပန်းကန် ထဲမှာ လျှို့ဝှက်ချက် ပါနေပါတယ်။ ဘယ်လို လျှို့ဝှက်ချက်လည်း ဆိုရင် သူ အိမ်မှာကတည်းက ကြက်ဥထိပ်ကို အပ်ကလေးနဲ့ အပေါက် သေးသေးလေးဖေါက် အနှစ်ကို စုပ်ယူပြီး အနှစ်မပါ အလုံးမပျက် ကြက်ဥအခွံနှစ်လုံးကို ပန်းကန်လုံးထဲထည့် ကော်နဲ့ ကျကျနနကပ်ပြီး မှောက်ထားတာပါပဲ။ သူ့တပည့် ဈေးဆိုင်ကနေ ဝယ်လာတဲ့ ကြက်ဥအစစ်တစ်လုံး ထည့်ထားတဲ့ ပန်းကန်ကို ခုန

ကြက်ဥအခွံကပ်ပြီး မှောက်ထားတဲ့ ပန်းကန်လုံးနှင့် အုပ်ပြီး ထက်အောက်လှန်လိုက်တော့ ကြက်ဥက သုံးလုံး ဖြစ်ပါရောဗျာ။

မျက်လှည့်ဆရာက ဒီလိုပြကွက်ကိုလည်း ပရိသတ်ကို ရှင်းပြလိုက်ရော ပရိသတ်ထဲက အိမ်မှာ ကြက်မမွေးဘဲ ကြက်ဥရတဲ့နည်း၊ ကြက်ဥမဝယ်ဘဲ ကြက်ဥရတဲ့နည်း၊ သိပ်ဟန်ကျတဲ့နည်းဆိုပြီး စိတ်ကူးယဉ်နေတဲ့ လူတွေက မျည်လှည့်ရဲ့ လှည့်စားမှု သဘောအမှန်ကိုလည်း သိသွားရော အလကားပဲ ဒီလုပ်နည်းဟာ အနှစ်သာရဘာမှမရှိဘူး။ သက်သက် ငါတို့ လှည့်စားခံရတာပဲ ဆိုပြီးတော့မှ စိတ်အား တက်ကြွမှုလည်း မရှိတော့ပါဘူး။ စိတ်ဝင်စားမှုလည်း မရှိတော့ပါဘူး။ အနှစ်သာရလည်း မတွေ့တော့ပါဘူး။ စိတ်ထဲမှာ စွဲလမ်း နှစ်သက် သာယာ သဘောကျတာလည်း မရှိတော့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ မျက်လှည့်ရဲ့ သဘောအမှန်ကို အမှန်အတိုင်း သိသွားလို့ပါပဲ။ *လှည့်စားမှုရဲ့ သဘောကို အမှန်အတိုင်း မသိသေးတဲ့ လူအဖို့ကတော့ စွဲမက်နေဦးမှာပါ။ နှစ်သက် သာယာ သဘောကျနေဦးမှာပါ။ လှည့်စားမှု သက်သက်ပဲ ဆိုတာကို သဘောပေါက်သွားတဲ့ သူအဖို့တော့ ဘာမှ စွဲလမ်း နှစ်သက် သဘောကျစရာ မရှိတော့ပါဘူး။*

*ဒီသဘောအတိုင်းပါပဲ။ ခန္ဓာ အာယတန သင်္ခါရ သဘောတရားတို့ရဲ့ သဘောအမှန်ကို မသိသေးတဲ့ လူအဖို့တော့ မက်စရာပါပဲ။ နှစ်သက်စရာပါပဲ။ အံ့သြစရာပါပဲ။ တကယ်တမ်း ခန္ဓာ အာယတန သင်္ခါရ သဘောတရားတို့ရဲ့ သဘောအမှန်ကို သိမြင်သွားတဲ့ လူတစ်ယောက်အဖို့တော့ ဘာများ စွဲလမ်းဦးမလဲ။ ဘာများ*

*နှစ်သက်ဦးမလဲ။ ဘာများ မက်ဦးမလဲ၊ ဘာများ သဘောကျဦးမလဲ၊ ဘာကိုများ မျှော်လင့်ဦးမလဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘာမှ မဟုတ်တာပဲကိုး။*

ကြက်ဥသုံးလုံး ဖြစ်လာတာမှ မဟုတ်ဘဲ၊ သူဝယ်ခိုင်းလိုက်တဲ့ ကြက်ဥတစ်လုံးဟာ တစ်လုံးပဲ။ ဟိုနှစ်လုံးဟာ အတုကြီးပါ။ အဲဒါကို အတုကြီးမှန်း မသိလို့သာလျှင် ကြက်ခြံပိုင်ရှင်တွေက ပါးစပ်ဟာပြီးတော့မှ အံ့ဩပြီးတော့မှ မျက်လှည့်ဆရာ ပြနေတာကို သဘောကျနေကြတာ။ အဲဒီကြက်ဥဟာ အခွံကြီးမှန်းလည်း သိလိုက်ရော သူတို့ ဘာမှ အားကျမနေတော့ပါဘူး၊ အားကျစရာမှ မဟုတ်ဘဲကိုး။[၁]

*တကယ်တမ်း လောကကြီးဟာလည်း ကြက်ဥအခွံနှစ်လုံးကို ပန်းကန်လုံးထဲမှာ ကော်နှင့်ကပ်ထားတဲ့ သဘောတရားအတိုင်းပါပဲ။ ဘာမှ မက်စရာ သဘောကျစရာ၊ နှစ်သက်စရာ၊ စွဲလမ်းစရာ၊ အားကျစရာ မရှိပါဘူး။ ဘာဖြစ်လို့ အားကျနေကြတာလည်းဆိုတော့ မသိလို့ပါ။ ဘာဖြစ်လို့ အားမကျတော့ တာလည်းဆိုတော့ သိလို့ပါ။ ဘာကို မက်နေကြတာလည်း မသိလို့ပါ။ ဘာလို့ မမက်တော့တာလဲ သိလို့ပါ။ ဘာလို့ သဘောကျနေတာလဲ မသိလို့ပါ။ ဘာလို့ သဘောမကျတော့တာလဲ သဘောပေါက်သွားလို့ပါပဲ။*

လောဘက ဟန်ဆောင်ပြနေတာပါ။ ဒေါသက ဟန်ဆောင်ပြနေတာပါ။ မောဟက ဟန်ဆောင်ပြနေတာပါ။ ဒါကို သဘောပေါက်လိုက်ရင် အံ့ဩစရာ မရှိတော့ပါဘူး။ လိုချင်စရာ မရှိတော့

၁။ (ဧ၅) ဖေဏပိဏ္ဍူပမသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

ပါဘူး။ မက်စရာ မရှိတော့ပါဘူး။ ဒါကို တောင်ထိပ်ပေါ်က ကြည့်တယ်လို့ ခေါ်နိုင်ပါတယ်။ အပေါ်ရောက်တဲ့သူတွေသာ မြင်နိုင်ပါတယ်။ အပေါ်မရောက်ဘူးတဲ့သူဟာ မမြင်နိုင်ပါဘူး။ အပြင်ထွက်ရင် မြင်နိုင်ပါတယ်။ အတွင်းမှာတုန်းက ဒါကို မမြင်နိုင်ပါဘူး။

ကာမဂုဏ် စည်းစိမ် ဥစ္စာတို့မှာ အလွန်အမင်း စွဲလမ်းနှစ်သက် တပ်မက်လွန်းသူတွေဟာ ထောင်ချောက် ကျော့ကွင်းကို ထောင်ချောက် ကျော့ကွင်းမှန်း မသိမမြင်ရှာတဲ့ သားသမင်နှင့် တူတယ်လို့ စာမှာပြပါတယ်။ အစာကို တွယ်တာ မက်မောလွန်းတဲ့ သားသမင်ဟာ ထောင်ချောက် ကျော့ကွင်းတွင်းမှာ ပျက်စီးကြရပါတယ်။ ထိုနည်းတူ စည်းစိမ်ဥစ္စာ ကာမဂုဏ်မှာ တွယ်တာ ယစ်မူးနေသူတွေဟာ မကောင်းမှုကို မိမိ လွန်ကျူးနေတာကိုလည်း မသိ၊ သူတစ်ပါးအား ပြစ်မှားမိတာလည်းမသိ မေ့လျော့လို့သာ နေ့ရက်ကုန်တော့တယ်။ သူဟာ ထောင်ချောက်မိတဲ့ သားသမင်ပမာ ခါးသီးစပ်ရှားတဲ့ မကောင်းကျိုးကို ဧကန်မုချ ခံစားရမှာ မလွဲပါဘူး။[၁]

ဒါယိကာမကြီးသည်လည်း တောင်ရဲ့ အမြင့်ဆုံးထိပ်ထိ ရောက်အောင် သီလ၊ သမာဓိ၊ ပညာလမ်းအတိုင်း သွားပြီး ဒီဘဝမှာပဲ အသိအမြင် အဆုံးတိုင်နိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်

---

၁။ (၁၁၇) အပ္ပကသုတ္တ၊ ကောသလသံယုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။

**ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။**

ဆရာတော်ဘုရား ခြေတော်ရင်းကို ရောက်လာရန် ခွင့်တောင်းထားပြီး ဖြစ်ပါသော်လည်း ခရီးသွားနိုင်လောက်တဲ့ထိ ကျန်းမာရေး အဆင်မပြေ ဖြစ်နေတဲ့အတွက် ရက်သတ္တပတ် နောက်ကျပြီးမှ လာခွင့်ပြုပါရန် ထပ်မံ၍ ရိုသေစွာ လျှောက်ထား အပ်ပါတယ်ဘုရား။

တရားလျှောက်ထားရန် အထူးမရှိသေးဘူးလို့ ထင်ပါသော်လည်း ခရီးစဉ် အပြောင်းအရွှေ့ကြောင့် လျှောက်ထားစရာအကြောင်းအရာများ ပေါ်ပေါက်လာပါတယ်ဘုရား။

မရှင်းလင်းလို့ လျှောက်ထားတာတော့ မဟုတ်ပါဘုရား။ သံသယရှိလို့ လျှောက်ထားတာလည်း မဟုတ်ပါဘုရား။ ဆရာတော်ဘုရား၏ တန်ဖိုးရှိတဲ့ အချိန်တွေ ဘုရားတပည့်တော်ရဲ့ စာကြောင့် အနှောင့်အယှက် ဖြစ်မှာကိုတော့ မလိုလားပါဘုရား။ ကြိုတင်တောင်းပန် လျှောက်ထားပါတယ်ဘုရား။

တပည့်တော် အလုပ်ထဲရောက်ပြီး (၅)နှစ်နှင့် (၅)လ ရောက်တဲ့အခါမှာ လူနာတစ်ယောက်က ဆေးကောင်စီကို တိုင်ကြားတဲ့အတွက် စစ်ဆေး မေးမြန်းခံခဲ့ရတုန်းက ငါးရက်နဲ့ ငါးညလောက် အိပ်လို့မပျော် စားလို့မဝင် ဖြစ်ခဲ့ပါတယ်ဘုရား။ အဲဒီအကြောင်းအရာကိုပဲ ထပ်ပြန်တလဲလဲ တွေးပြီး ပူပင်သောက ဖြစ်လိုက်ရတာရင်နှင့်အမျှ ဖော်မပြနိုင်အောင်ပါပဲဘုရား။ နောက် ဒကာကြီး ကွယ်လွန် အနိစ္စရောက်တဲ့ အခါမှာလည်း ဘုရားတပည့်တော် အရူးတစ်ပိုင်း ဖြစ်ခဲ့ဖူးပါတယ်ဘုရား။ ဒကာကြီးသာ မရှိရင် ဘုရားတပည့်တော်ရဲ့ဘဝဟာ အသက်ရှင်နေလို့ မဖြစ်နိုင်တော့ဘူးလို့ကို ထင်ခဲ့မိတာပါဘုရား။

သင်္ဂြိုဟ်ပြီးနောက်ပိုင်း သုသာန်မြေပုံဘေးမှာ ပန်းကလေးတွေ သွားစိုက်ရတာ အကြိမ်ကြိမ်ပါပဲဘုရား၊ တစ်ခေါက်တော့ လက်ဝါးကပ်တိုင်ကို ဖက်တွယ်ထားပြီး ငိုမိတာ ငိုရင်းငိုရင်း မူးပြီးတော့ မေ့သွားပါတယ်ဘုရား။ ဘုရားတပည့်တော် မျက်နှာကို မျက်မှန်ကိုင်းထိပ်နဲ့ ထိုးမိပြီး ယခုထိ ဘယ်ဘက် နားထင်အပေါ်မှာ အမာရွတ် ရှိနေပါသေးတယ်။ *ဘုရားတပည့်တော် အဲဒီလောက်ထိ အပူသောက ကြီးခဲ့သူပါဘုရား။ ရူးခဲ့သူပါဘုရား။*

*နောက်ပိုင်း ဘုရားတပည့်တော်ရဲ့ ချစ်လှစွာသော မြေးငယ်ကလေး လူရမ်းကားရဲ့ လက်ချက်ကြောင့် ရုတ်တရက် ကွယ်လွန်သွားတဲ့ အခါမှာတော့ အားထားရာ ဝိပဿနာတရားရှိနေလို့ ထိုမျှ အပူမကြီးခဲ့တာကို သတိ ပြုခဲ့မိပါတယ်ဘုရား။ မြေးဆုံးတာ လမှ နှစ်သို့တိုင်လာတဲ့ အခါမှာတော့ ရင်ထဲ အပူပို့ပြီးငြိမ်းတာကို ရိပ်စား မိလာပါတယ်ဘုရား။*

*ဘယ်လိုအကြောင်းကြောင့်မှ ဘယ်လိုအာရုံကြောင့်မှ ဘယ်သူ့ကြောင့်မှ ငါ့စိတ်ကို အပူမခံတော့ဘူးလို့ ရဲရဲတင်းတင်း မပြောရဲသေးပါဘုရား။ အကြောင်း မဆုံသေးလို့လည်း မပူတာဖြစ်ချင်ဖြစ်နိုင်တယ်လို့ ဘုရားတပည့်တော် သုံးသပ် နေမိပါတယ်ဘုရား။ အပူငြိမ်းအောင် ဟိုတုန်းကလို အထူးတလည်ကြီး တရားထိုင်နေတာတော့ မဟုတ်တော့ပါဘူးဘုရား။ စင်္ကြံလည်း ဟိုတုန်းကလိုတော့ မလျှောက်နိုင်တော့ပါဘုရား။ သင့်တင့်တဲ့ ဣရိယာပုထ်နှင့် ခန္ဓာကိုယ် ချမ်းသာအောင်ထားပြီး သတိဉာဏ်နှင့်ပဲ နေနေပါတယ်ဘုရား။*

*သို့သော် ဣရိယာပုထ်ကို စွဲစွဲမြဲမြဲ ကျင့်သုံး မနေပေမယ့် သတိဉာဏ်တော့ စွဲစွဲမြဲမြဲ ရှိလာပါတယ်ဘုရား။ သတိဉာဏ်*

*ရှိဖို့ကလည်း အရင်တုန်းကလို ကျားကုတ်ကျားခဲကြီး ဗျာပါရ စိုက်ပြီး လုပ်နေရတာ မဟုတ်ပါဘုရား။*

ရံခါ ပူပင်သောကဖြစ်စရာလေး ကြုံလိုက်လို့ရှိရင် ပူပင်သောကကိစ္စကို ကြားလိုက်ရလို့ရှိရင် ပူတော့ ပူသေးတယ်ဘုရား၊ *မပူဘဲတော့ မနေတတ်သေးဘူးဘုရား။ တဒင်္ဂခဏလေးတော့ ပူလိုက်သေးတယ်။ ဉာဏ်က ကြာကြာ အပူမခံပါဘူးဘုရား။ ဉာဏ်ကဝင်ပြီး တားပေးပါတယ်ဘုရား။ ဟိုတုန်းကလို မျက်ရည်ကျလောက်အောင် မူးမေ့လောက်အောင် မဖြစ်တော့ဘူးလို့ လျှောက်ထားလိုပါတယ်ဘုရား။ ဘုရားတပည့်တော် လုံးလုံး အပူငြိမ်းပါပြီ ဘုရားလို့တော့ မလျှောက်ဝံ့သေးပါဘုရား။ သို့သော် အလွန့်အလွန်ကို အပူငြိမ်းနေတာကတော့ သေချာပါတယ်ဘုရား။ အပူသောကဝင်ဖို့လည်း တပည့်တော် မခေါ်မိပါဘုရား။ သတိဉာဏ်ဝင်ဖို့လည်း တပည့်တော်ခေါ်တာ မဟုတ်ပါဘုရား။ သူ့အလုပ်သူ လုပ်နေကြပါတယ်။ တပည့်တော် မဟုတ်ပါဘူးဘုရား။ ဟိုတုန်းကတော့ သောကဖြစ်အောင် တမင် တွေးခဲ့ဖူးပါတယ်ဘုရား။ အသိဉာဏ်ဖြစ်အောင်လည်း ဘုရားတပည့်တော် အတင်းပဲ ကြိုးစားခဲ့ဖူးပါတယ်ဘုရား။ အခုနဲ့တော့ အခြားနားကြီး ခြားနားသွားပါပြီဘုရား။*

သိသာ ထင်ရှားတာကတော့ အသိဉာဏ် ရောက်လိုက်တာနဲ့ သောကဟာ ပိန်းကြာရွက်ပေါ် ရေကျလိုက်တာနဲ့ တပြိုင်နက် လွင့်စင် ကွယ်ပျောက်သွားသလို ရေကြောင့် ပိန်းကြာရွက်လေးတွေ မစိုစွတ်သလို ဘုရားတပည့်တော် စိတ်ထဲမှာလည်း ခံစားမှု ဘာမှ မကျန်ရစ် ခဲ့တော့ပါဘူးဘုရား။

*သောကဖြစ်တာရယ် အသိဉာဏ်ရောက်လာတာရယ်*

*ဒီနှစ်ခုကို သိနေတာက တစ်ဦးရှိပါသေးတယ်ဘုရား။ သောက ဖြစ်တာကို သိတာကတစ်ဦး သတိဉာဏ်ဖြစ်လာတာကို သိတာက တစ်ဦး၊ သတိဉာဏ်ဝင်လာပြီး သောက ပျောက်သွားတာကို သိနေတာကတစ်ဦး အဲဒီဖြစ်နေတဲ့ ဖြစ်စဉ် process ကို ပြန်ပြီး သိနေပါသေးတယ်ဘုရား။ သိတာကို ပြန်သိနေတာပါဘုရား။ ဒါပေမယ့် သူတို့လည်းပဲ မခိုင်ခံ့ပါဘူး။ သူတို့လည်းပဲ မတည်တံ့ ပါဘူး။ သူတို့လည်းပဲ ပေါ်ပြီး ပျောက်နေပါတယ်။ ဖြစ်ပြီး ပျက်နေပါတယ်။ ပြောင်းလဲပြီးတော့မှနေတဲ့ သဘာဝပါလား။ ဘယ်ဟာ ဘာမှ တည်တံ့ခိုင်ခံ့တာ မရှိပါလားဆိုတာ ပိုပြီး ပေါ်လွင် ထင်ရှားလာပါတယ်ဘုရား။*

ဝိပဿနာ တရားလမ်းကြောင်းဟာ အရင်အားထုတ်စ တုန်းက ကြားဖူးနားဝ သိခဲ့ရတာတွေ တွေးတောကြံဆ သိခဲ့ရတာ နဲ့တော့ အကွာကြီး ကွာဝေးလာပါပြီဘုရား။ ခရီးလည်း ရှေ့သို့ ရှေ့သို့ ရောက်နေတယ်လို့ ခံစားသိရှိပါတယ်ဘုရား။ *ဒီခန္ဓာက လမ်းဆုံးရောက်တဲ့ထိ ခံပါ့မလားလို့ ရံခါ တွေးထင်မိတာ တောင်မှ အပူသောက ဝင်မလာပါဘူးဘုရား။ လမ်းဆုံး မရောက်လည်း ရောက်သလောက် သွားပြီးတော့ ဒုတိယဘဝမှာ ရောက်တဲ့ နေရာကနေ ဆက်လုပ်ဖို့ကို ဆုံးဖြတ်ထားပြီး ပါပြီဘုရား။*

ဆရာတော်၏ သွန်သင်ဆုံးမမှုကို ရလိုပါသည်ဘုရား။ တပည့်တော်မသည် သွန်သင်ဆုံးမ လွယ်ကူသူ ဖြစ်ရပါလို၏ဘုရား။

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်

**ဒါယိကာမရဲ့ (၆-၁၂-၈၉) ရက်စွဲပါစာကို ပြန်ကြား အသိပေးအပ်ပါတယ်။**

အားထုတ်ရာလမ်းစဉ် မှန်ကန် တည့်မတ်နေပါတယ်။ ကိလေသာပယ်တဲ့ အကြောင်းအရာကို ခွဲခြားပြီးတော့မှ ပြပေးပါဦးမယ်။

ချစ်ခင် စုံမက်တဲ့ ဆွေမျိုးဉာတိအပါဝင် သက်ရှိသက်မဲ့ စည်းစိမ် ဥစ္စာပစ္စည်းတွေ အကြောင်းကြောင်းကြောင့် ပျက်ဆီးဆုံးရှုံးတဲ့ အခါမျိုးမှာ စိတ်ထဲတင်မက ကာယဝစီထိ ပွင့်အံကာ မျက်ရည် ထွေထွေကျပြီး ရင်ဘတ်စည်တီး ငိုကြွေး မြည်တမ်းပြီးတော့မှ နေတတ်ကြတယ်။ ဒီအခြေအနေကို လုံးဝ လက်မခံနိုင်ဘူး။ ကြုံလည်း မကြုံချင်ဘူး။ "ငါ့မှာမှ ဖြစ်ရလေခြင်း သူတို့တတွေမှာတော့ မဖြစ်ကြဘူး၊ ငါ့ပဲဖြစ်နေတယ်" ဆိုပြီးတော့မှ ကြေကွဲဝမ်းနည်းနေလိုက်တာ တစ်ရက်လည်း မပြီးနိုင်ဘူး၊ နှစ်ရက်လည်း မပြီးနိုင်ဘူး၊ သုံးရက်လည်း မပြီးနိုင်တော့ပါဘူး။

တရားအားထုတ်နေတဲ့ ယောဂီက သူတော်ကောင်းတရားနှင့် ဝေးကွာလွန်းတဲ့ သူတွေလို ဉာတိ၊ ဘောဂ၊ ရောဂ၊ ဗျသနတရားလို့ ခေါ်တဲ့ စီးပွားဆွေမျိုး စသည်ပျက်စီးမှု ဆုံးရှုံးမှု လောကဓံနှင့် ကြုံဆုံတဲ့အခါမှာ ငိုကြွေး မြည်တမ်းပြီး ကူပါ၊ ကယ်ပါ တစာစာ ဖြစ်နေရင်တော့ တရားသမား ယောဂီလည်းပဲ သူတော်ကောင်းတရားနှင့် ဝေးတဲ့ သာမန်ပုဂ္ဂိုလ်များနှင့် တစ်တန်းထဲ ဖြစ်သွားပါပြီဗျာ။

ဒီမှာ သတိထား ဆင်ခြင်ဖို့ လိုလာပါပြီ။ မိမိ နာကြားဖတ်ရှု လေ့လာ အားထုတ်ထားတဲ့ တရားတွေက ဒီအခြေအနေမှာ မိမိအတွက် ဘာမှ အကူအညီ မရတော့ပါဘူး၊ ကြားဖူးနားဝ

သုတအသိပင် ဖြစ်စေကာမူ အခုလို အခြေအနေမှာ အားကိုး လောက်ရင် သိပ်ပြီးကောင်းတာပဲ။

နောက်ပုဂ္ဂိုလ် တစ်ဦးကတော့ ပျက်စီးဆုံးရှုံးမှု စတဲ့ လောကဓံဆိုးနှင့် ဆုံပြီး သေကွဲ ရှင်ကွဲ ဖြစ်ရပြီ။ သူက ပွင့်အံ တဲ့အထိတော့ အဖြစ်မခံဘူး။ လမ်းလွှဲပြီးတော့မှ ဖြေရှင်း ပစ်လိုက် တယ်။ ပမာအားဖြင့် သောကအင်အား ကြီးလွန်းလာတဲ့ အခါမှာ တရားနာတာဖြစ်ဖြစ် ဓမ္မမိတ်ဆွေ အပေါင်းအဖော် တစ်ဦးဦးနှင့် တရားဓမ္မများကို ဆွေးနွေးတာဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင် ပြင်ပ ဘုရားဖူးစတဲ့ အလည်အပတ် သွားလိုက်တာကြောင့် ကာယဝစီထိ မပွင့်ပေမယ့် စိတ်ထဲက ဒီအခြေအနေကို လက်ခံဖို့ ငြင်းဆန် နေပါတယ်။ Reject လုပ်နေပါတယ်။

"ဘဝမှာ ဒီလိုလည်း ဖြစ်တတ်တာပဲ" ဆိုပြီး လက်မခံနိုင်ဘူး။ သတိအားနည်းရင် နည်းသလို "ငါ့မှာမှ ဖြစ်ရလေခြင်းကွာ" လို့ မကြာ မကြာ ဝင်ဝင်ပြီးတော့ စိတ်ကို ဒုက္ခပေးနေတတ်တယ်။ အားထုတ်ထားတဲ့ တရားတွေ နာကြားထားတဲ့ တရားတွေ ဝင်ပြီးတော့ အလုပ် လုပ်မပေးနိုင်တာကို သတိထားစေချင်ပါ တယ်။ သူလမ်းလွှဲတဲ့အချိန် အခိုက်အတန့်ကလေးပဲ သက်သာပြီး ကျန်တဲ့အချိန် နဂိုအတိုင်း စိတ်က သောက ဗလပွနဲ့ ဖြစ်တော့ တာပဲ၊ ပထမပုဂ္ဂိုလ်ထက်တော့ သာနေပါတယ်။ ဘာကြောင့်လဲ ဆိုရင် သူက ထွက်ပေါက်ရှာတတ်တယ်၊ လမ်းလွှဲတဲ့နည်း Diver- stion ကို သုံးတတ်တယ်။

တတိယပုဂ္ဂိုလ်ကတော့ ကြုံဆုံလာတဲ့ လောကဓံကို အသင့် တင့် နှလုံးသွင်းဖို့ ကြိုးစားတယ်၊ "ဒါမျိုး ဖြစ်တတ်တာပါပဲ" လို့ လက်ခံဖို့လည်း ကြိုးစားတယ်၊ ဒါပေမယ့် စိတ်က ရံခါလည်း

Accept လုပ်ပေးနိုင်တယ်၊ ရံခါလည်းပဲ Accept မလုပ်ပေးနိုင်ပါဘူး၊ စိတ်ထဲမှာ ဝင်ဝင်နေတယ်၊ ပမာအားဖြင့် ဆုံးရှုံးမှုတွေကို သတိရနေတယ်၊ ဝမ်းနည်းကြေကွဲ ပူဆွေး ငိုကြွေးနေမိတယ်၊ ဒါပေမယ့် ဖြစ်တတ်တယ်လို့တော့ နှလုံးသွင်းကြည့်တယ်။ ရံခါ ရတယ်၊ ရံခါ မရပါဘူး၊ ပထမဦးဆုံးပုဂ္ဂိုလ်နဲ့ ယှဉ်ရင် ဒီတတိယပုဂ္ဂိုလ်က တိုးတက်နေပါပြီ။

စတုတ္ထပုဂ္ဂိုလ်ကတော့ သတိဆက်နိုင်အောင်ကိုပဲ အတင်းကြိုးစားပြီးတော့ ပယ်နေတယ်၊ ဝိပဿနာ ယောဂီအများစုဒါကို လုပ်တတ်ကြပါတယ်၊ ကိုယ် အားထုတ်တတ်တဲ့ တရားနဲ့ ဖိပြီးတော့မှ ရှုမှတ်မှုတွေ ဆက်အောင် ကြိုးစားတယ်။ တစ်ခါတစ်ခါလည်း နိုင်တယ်၊ တစ်ခါတစ်ခါလည်း မနိုင်ပါဘူး၊ နာထားတဲ့တရားတွေ သဘောပေါက်ထားတဲ့ တရားတွေကို Remember လုပ်တယ် Recall လုပ်တယ်၊ လက်ခံဖို့ ကြိုးစားတယ်။ စိတ်က ရံခါလက်ခံတယ်။ ရံခါတော့ လက်မခံဘူး၊ ငါ့မှာမှ ဖြစ်ရတယ်။ "Why me?" လို့တော့ မညည်းတွားဘူး။ ဒါပေမယ့် စိတ်က လက်ခံဖို့အားနည်းနေတယ်၊ သတိရှိသခိုက်လောက်ပဲ နိုင်တယ်။ သတိမရှိတော့ရင် ဒုံရင်းပါပဲ။ ဒါက စတုတ္ထပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ပုံပါပဲ။

နောက်ဆုံး ပဉ္စမပုဂ္ဂိုလ်ကတော့ ဆွေမျိုး၊ ဉာတိ ပျက်စီးမှုတွေ၊ စည်းစိမ် ဉစ္စာဆုံးရှုံးမှုတွေ ရောဂါဘယ နှိပ်စက်မှုတွေ ကဲ့ရဲ့ပြစ်တင် စွပ်စွဲခံရမှုတွေ အသီးသီးသော အဆိုးလောကဓံတွေနဲ့ ကြုံရတဲ့ အခါမှာ "ဒါဖြစ်တတ်တာပဲ"၊ "ဖြစ်ဖို့အကြောင်းဆုံလို့ ဖြစ်လာတာပဲ"၊ "ဒီခန္ဓာကိုယ် ရှိနေသေးရင် ဒါ့ထက် မကတာတောင်ကြုံနိုင်သေးတာပဲ"ဆိုပြီး ဉာဏ်က ရှင်းရှင်း ပယ်ပေးလိုက်တယ်၊

တွေးနေတာ မဟုတ်ဘူး။ ဉာဏ်ကဝင်လာပြီး ပိုင်းဖြတ်ပေးလိုက်တာ။ ဘယ်လိုလုပ် အပူ ဝင်လို့ရတော့မလဲ။ အဲဒီပုဂ္ဂိုလ်မှာ အပူငြိမ်းပြီ ပေါ့။ သောက ကင်းပြီပေါ့။

*ဒါက လမ်းလွှဲတာလည်း မဟုတ်ဘူး၊ သတိနဲ့ ဖိပြီးပယ်တာလည်း မဟုတ်ဘူး၊ ဉာဏ်က နေရာယူပြီး ဖယ်ရှားပေးလိုက်တာ။ "ဘာမှာမှ မဟုတ်တာ အရင် ငါဟုတ်တယ်ထင်လို့သာ ပင်ပန်းခဲ့တာ"လို့ သေချာသိလာတယ်။*

ဒါယိကာမကြီးအနေနဲ့ ဖြစ်ပေါ်လာတဲ့ သောကကို ဉာဏ်နဲ့ ပယ်လာနိုင်တယ်ဆိုတာ ကောင်းမွန်ပါတယ်။ *ဒါပေမယ့် မိမိကိုယ်ကိုမိမိ အထင်မကြီးဖို့နဲ့ ကိလေသာကို အထင်မသေးဖို့တော့ အမြဲတမ်း သတိပေးနေရပါတယ်။* ဘာဖြစ်လို့လည်းဆိုရင် ဒီစာကို ဖတ်ရှုနေရသူအဖို့ သေခြင်းဆိုတဲ့ လောကဓံ ဆိုးကြီးကလည်း ကျန်နေသေးတယ်။ ဒီဘဝနိဂုံး သေခြင်းလောကဓံကို မကြုံဆုံခင် လည်းပဲ နောက်ထပ် နောက်ထပ် မမျှော်မှန်းနိုင်တဲ့ လောကဓံကြီးတွေလည်း ကြုံဆုံနိုင်ပါသေးတယ်။ *ဒါကြောင့် စိတ်ကို အေးအောင်၊ စိတ်ကိုငြိမ်းအောင် စိတ်မှာ ကိလေသာမခိုအောင် ကြိုးစားနေဖို့ပဲ အရေးကြီးပါတယ်။*

*လူကသာ အိပ်ချိန်ရှိတယ်၊ စားချိန်ရှိတယ်၊ နားချိန်ရှိတယ်၊ လည်ပတ်ချိန်ရှိတယ်၊ ကိလေသာက မအိပ်ဘူး၊ ကိလေသာက မအိပ်ဘဲ လူကို ဖျက်ဆီးနေတယ်၊ ကိလေသာက မနားဘူး၊ ကိလေသာက မလည်ပတ်ဘူး၊ မနားတမ်း လူကို ဖျက်ဆီးနေတယ်။ ဒါကြောင့် ကိလေသာအားလုံး အမြစ်ပြတ် မပယ်နိုင်သေးသမျှ ကာလပတ်လုံး မိမိအားထုတ်ထားတဲ့ တရားက အထင်ကြီးစရာ ဘာမှမရှိပါဘူး။*

အရိယာ ပုဂ္ဂိုလ်မှာတော့ ဖြစ်ပေါ်လာတဲ့ လောကဓံဆိုး အတွက် ဘယ်သူ့ကိုမှ အပြစ်တင်လေ့ မရှိပါဘူး။ သာဓက ပြရရင် သာဝတ္ထိမြို့က ပန်းတိမ်ဆရာရဲ့အိမ်ကို တိဿမထေရ်မြတ်ကြီးက အမြဲတမ်း ဆွမ်းခံ ကြွတော်မူလေ့ရှိပါတယ်။ တစ်နေ့ ကောသလ မင်းကြီး နန်းတော်ကနေ ပန်းတိမ်ဆရာထံကို ပတ္တမြားတစ်လုံး အလုပ် လာအပ်နှံတယ်။ အဲဒီ အချိန်မှာ တိဿမထေရ်မြတ်ကြီးက အိမ်ဦးခန်းမှာ ဆွမ်းအလို့ငှာ သီတင်းသုံးနေတော်မူပါတယ်၊ ပန်း တိမ်ဆရာကလည်း အမဲသားငါး ချက်ပြုတ်ဖို့ ခုတ်ထစ် ပိုင်းဖြတ်ရင်း တန်းလန်း သွေးစွန်းနေတဲ့ လက်နဲ့ပဲ မင်းမှုထမ်းယောက်ျား လက် ထဲက ပတ္တမြားကို လက်ခံပြီး သူ့ရဲ့ အလုပ် စားပွဲလေးပေါ်မှာ တင်ထားပြီးတော့ မီးဖိုထဲကို ဝင်သွားပါတယ်။ ပန်းတိမ်ဆရာ အိမ်မှာမွေးထားတဲ့ ကြိုးကြာက ရဲရဲနီပြီး အမဲသား ငါးနံ့လည်း ရနေတဲ့ စားပွဲပေါ်က ပတ္တမြားကို သွေးခဲပဲ ထင်ရော့သလား မသိဘူး။ နှုတ်သီးနှင့် ကောက်ပြီး မျိုချလိုက်တော့တယ်။ ဒါကို ရဟန္တာ မထေရ်မြတ်ကြီး အစအဆုံး မြင်တော်မူပါတယ်။

ပန်းတိမ်ဆရာက မီးဖိုထဲက လုပ်ငန်းပြီးလို့ ပတ္တမြားသိမ်း ဖို့အတွက် လက်ဆေးပြီး ထွက်လာတဲ့အခါမှာတော့ ပတ္တမြားမရှိ တော့ပါဘူး။ သူထိတ်လန့်ပြီး ပြာယာခတ်သွားတယ်။ ရဟန္တာ မထေရ်မြတ်ကို "စားပွဲပေါ်ကပတ္တမြား အရှင်ဘုရား ယူသလား"လို့ တိုက်ရိုက်ပဲ မေးတယ်၊ မထေရ်မြတ်ကြီးက "ငါမယူဘူး" လို့ မိန့်တော်မူပါတယ်၊ ဒါနဲ့ ပန်းတိမ်ဆရာက ဒီဘုန်းကြီးမှမယူ ဘယ် သူမှ ယူမယ့်သူ မရှိဘူးဆိုပြီး ရဟန္တာမထေရ်မြတ်ကြီးကို ခေါင်း မှာ ကြိုးတုပ်ပြီး "ကျုပ်ပတ္တမြား ပေးကိုယ်တော်" ဆိုပြီး ရိုက်နှက် ပါတော့တယ်။

မထေရ်မြတ်ကြီးခမျာ နှာခေါင်းထဲကရော ပါးစပ်ထဲကပါ သွေးတွေထွက်ပြီး လဲကျတော်မူတယ်။ သွေးတွေကြမ်းပြင်ပေါ် စီးဆင်းလာတော့ စောစောက ကြိုးကြာက သွေးကိုလာသောက် ပါတယ်။ ပန်းတိမ်ဆရာကြီးရဲ့စိတ်က ဒေါသ မိုးမွှန်နေတော့ သူ ကြည်ညိုတဲ့ ဘုန်းကြီးကို ကြိုးတုပ် ရိုက်နေရုံမက သူကိုယ်တိုင် မြတ်မြတ်နိုးနိုး မွေးထားတဲ့ ကြိုးကြာကိုလည်း ပိတ်ကန်လိုက်တာ တစ်ချက်တည်း ပိတ်ကန်ရုံနဲ့ ကြိုးကြာ သေသွားရှာပါတယ်။

ဒီမြင်ကွင်းကို မြင်တော်မူတဲ့ မထေရ်မြတ်ကြီးက "ဒကာကြီး ကြိုးကြာသေပြီလား"လို့ မေးတော်မူတဲ့အခါမှာတော့ ပန်းတိမ် ဆရာက "ကျုပ်ပတ္တမြားပေး မပေးရင် ကိုယ်တော့်ကိုလည်း အဲဒီ ကြိုးကြာသေသလို အသေသတ်မှာ" လို့ ပြောလိုက်တယ်။ အဲဒီ အချိန်မှာ မထေရ်မြတ်ကြီးက "ဒကာကြီးရဲ့ပတ္တမြား အဲဒီကြိုးကြာ ရဲ့ ဗိုက်ထဲမှာ ရှိတယ်လို့" မိန့်တော်မူလိုက်တယ်။

ဒီနေရာမှာ သတိထားစရာတွေ အများကြီးပါပဲ။ အစော ကသာ မိန့်တော်မူလိုက်ရင် မထေရ်မြတ်ကြီး အရိုက်မခံရမှာ တော့ သေချာပါတယ်။ ဒါပေမယ့် မထေရ်မြတ်ကြီးရဲ့ ဝစီကြောင့် ကြိုးကြာ သေရမှာကို မထေရ်မြတ်ကြီး လိုလားတော်မမူပါဘူး။ မထေရ်မြတ်ကြီးဟာ <u>*ရဟန်းသီလကို အရိုက်ခံပြီးတော့ သွေး အိုင်ထဲ လဲကျတော်မူတဲ့ထိ စောင့်ထိန်းတော် မူသွားပါတယ်။ အကယ်၍ ကြိုးကြာသာ မသေရင် မထေရ်မြတ်ကြီး သီလကို အသက်နဲ့ လဲတော်မူမှာပါ။ တရားရှိတဲ့ ပုဂ္ဂိုလ်ဟာ သီလနဲ့ အသက်ကို လဲဖို့ကြုံလာရင် အသက်သာ အသေခံမယ် သီလတော့ အပျက်မခံဘူးဆိုတဲ့ အတုယူ အားကျစရာ သာဓက တစ်ခုပါပဲ။*</u>

ပန်းတိမ်ဆရာက အလောတကြီးပဲ ကြိုးကြာရဲ့ ဗိုက်ကို ခွဲလိုက်တော့ ပတ္တမြား တွေ့ပါပြီ။ လက်လွှန်သွားပါပြီ၊ ပန်းတိမ် ဆရာက သွေးအိုင်ထဲ လဲကျတော်မူနေရှာတဲ့ မထေရ်မြတ်ကြီးကို ပွေ့ထူကာ ပြုစုပြီး သူ့ကို ခွင့်လွှတ်ပေးသနားဖို့ အပြစ်ကို တောင်းပန် ရှာတယ်၊ ဖွတ်ဖွတ်ကြေအောင် ရိုက်နှက်ခဲ့တဲ့ ပန်းတိမ်ဆရာကို မထေရ်မြတ်ကြီး မိန့်တော်မူခဲ့တဲ့စကားက *“ဒါယကာမှာ အပြစ် မရှိပါဘူး၊ ဒီခန္ဓာကို ရစေတဲ့ သံသရာဝဋ်ကသာ အပြစ်ပါ၊ သင့်ကို ငါသည်းခံ ခွင့်လွှတ်တယ်”* လို့ မိန့်တော်မူပါတယ်။[၁]

ဘဝမှာ ကြီးမားတဲ့ အဆိုးလောကဓံတစ်ခု ကြုံဆုံရတဲ့အခါမှာ အခုလို ပြောပြနိုင်ဖို့ ဘယ်လောက်များ ဓမ္မသတ္တိအားတွေ စုဆောင်း ထားရှိဖို့လိုမလဲ၊ ဘယ်လောက်များ စိတ်ငြိမ်းအေးဖို့ လိုမလဲ၊ မထေရ် မြတ်ကြီးက ရဟန္တာကိုးလို့ ပြောလိုက ပြောလို့ရနိုင်ပါသော်လည်း မိမိတို့လည်း အရိယာဖြစ်အောင် ကျင့်နေတာပဲ မဟုတ်ဘူးလား။ အဲသလို လောကဓံကို ကြုံတဲ့အခါမှာ ရှေးက သူတော်ကောင်းကြီး တွေ အခုလို စံနမူနာပြသွားကြရင် မိမိတို့လည်းပဲ အဲဒီ စံနမူနာ အတိုင်းပဲ ကျင့်သုံးကြရမှာပါ။

ဒီနေရာမှာ လူမိုက်နှင့် လူလိမ္မာပညာရှိရဲ့ ကွာဟချက်ကို အသိ ပေးလိုပါသေးတယ်။ ကောင်းကင်နှင့် မြေကြီးဟာ ဝေးကွာလှပါ တယ်။ သမုဒ္ဒရာရဲ့ ဒီမှာဘက်ကမ်းနှင့် ဟိုမှာဘက်ကမ်းလည်း ဝေးလှ ပါတယ်။ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်လည်း ဝေးလှပါတယ်။ သူတော်ကောင်းနှင့် သူယုတ်မာဆိုတာလည်း အလွန့်အလွန် ဝေးလှ ပါတယ်။ သူတော်ကောင်းတို့နှင့် အပေါင်းအသင်းပြုတာမှာ မပျက်

၁။ (၁၀) မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၊ ပါပဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ(ဒု)

စီးတဲ့ သဘောရှိပြီး သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်းက လျှင်စွာ ပျက်စီး စေနိုင်ပါတယ်။ ဒါကြောင့် သူတော်ကောင်းတို့ရဲ့ တရားဟာ သူယုတ်မာတို့နှင့် ဝေးကွာလွန်းလှပါတယ်။[၁]

ဆက်ပြီး သိစေလိုတာကတော့ သိကြားမင်းက အကိတ္တိရသေ့ကို ကြည်ညိုလှတဲ့အတွက် ဆုပေးတဲ့အခါ အကိတ္တိရသေ့က "လူမိုက်ကို မမြင်ရပါလို၏။ လူမိုက်နှင့် စကားမပြောဆိုရပါလို၏၊ လူမိုက်ကို မနှစ်သက်ရပါလို၏" လို့ ဆုတောင်းပါတယ်။ ဒီတော့ သိကြားမင်းက အကိတ္တိရှင်ရသေ့ကို "လူမိုက်က အရှင်ရသေ့ကို ဘာလုပ်လို့လဲ?" "ဘာကြောင့် လူမိုက်ကို မတွေ့ချင်ရတာလဲ?" လို့ မေးပါတယ်။

"လူမိုက်တွေဆိုတာဟာ နည်းမမှန် လမ်းမကျတဲ့ အကျင့်တွေကို နည်းမှန် လမ်းမှန်လို့ ယူဆတတ်ပါတယ်။ ကျင့်လဲကျင့်တတ်ပါတယ်။ မလုပ်သင့်တဲ့ အလုပ်တွေမှာ တိုက်တွန်းတတ်ပါတယ်။ မကောင်းတဲ့ နည်းလမ်းတွေဟာ လူမိုက်အတွက် အကောင်းဖြစ်နေပါတယ်။ အကျိုးသင့်၊ အကြောင်းသင့် ပြောလို့ရှိရင် စိတ်ဆိုးတတ်ပါတယ်။ ယဉ်ကျေးမှု ကျင့်ဝတ်တွေကို နားလည်းမလည်ဘူး၊ ကျင့်လည်းမကျင့်ဘူး၊ ဒါကြောင့် လူမိုက်ကို မတွေ့လိုပါ၊ မမြင်လိုပါ" လို့ မိန့်ပါတယ်။ ဒါနှင့် သိကြားမင်းက တစ်ခါဆုပေးတဲ့အတွက် အကိတ္တိရှင်ရသေ့က ဆုတောင်းပြန်ပါတယ်။ "ပညာရှိကို မြင်လိုပါတယ်"။ "တွေ့လိုပါတယ်"။ "ကြားလိုပါတယ်"။ "ပညာရှိနှင့် ပေါင်းသင်းလိုပါတယ်"။ "ပညာရှိနှင့် စကားပြောလိုပါတယ်"။ "ပညာရှိကို နှစ်သက်လိုပါတယ်တဲ့"။ ဒီစကားကို ကြားရတော့ သိကြားမင်းက အကိတ္တိရှင်ရသေ့ကို မေးလျှောက်ပြန်ပါတယ်။

---

၁။ (၄၇) သုဝိဒူရသုတ္တ၊ ရောဟိတဿဝဂ္ဂ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ပညာရှိက အရှင်ရသေ့ကို ဘာလုပ်ပါသလဲ? ဘာကြောင့် ပညာရှိကို တွေ့လိုပါသလဲ? ဆိုတော့ ရှင်ရသေ့က "ပညာရှိဆိုတာ ဟာ နည်းမှန် လမ်းမှန်အကျင့်ကို နည်းမှန် လမ်းမှန်လို့ ယူတတ်ပါ တယ်။ မလုပ်သင့်တဲ့ တာဝန်မှာ မတိုက်တွန်းတတ်ပါ။ ကောင်းတဲ့ နည်းလမ်းတွေကသာ သူ့အတွက် အကောင်းဖြစ်ပါတယ်။ အကျိုး သင့် အကြောင်းသင့်ပြောရင် စိတ်မဆိုးတတ်ဘူး။ ယဉ်ကျေးမှု ကျင့် ဝတ်ကိုလည်း နားလည်တယ်။ ဒါကြောင့် ပညာရှိနှင့် ပေါင်းသင်း ရတာဟာ ကောင်းလှပါတယ်။"[၁]

ဒီအကိတ္တိရှင်ရသေ့ရဲ့ စကားကပဲ လူမိုက်ရဲ့ သဘောနဲ့ လူ မိုက်ကို ရှောင်ကြဉ်ရခြင်းအကျိုး ပညာရှိရဲ့သဘောနဲ့ ပညာရှိကို ပေါင်းသင်းရခြင်းရဲ့ အကျိုးတွေကို ဖော်ညွှန်းပြီး ဖြစ်နေပါတော့တယ်။

ထိုနည်းတူပဲ သတ္တဝါအားလုံး အလွန်ကြောက်လန့်တဲ့ မရဏ သေဘေးဆိုးကြီးနဲ့ ကြုံဆုံရတဲ့အခါမှာ မိထွေးတော် ပဇာပတိ ဂေါတမီဟာ ငိုကြွေးပူဆွေးနေတဲ့ သူ့ရဲ့ တပည့်ပရိသတ်တွေကို "ချစ်သား၊ ချစ်သမီးတို့ ဒီအချိန်ဟာ ငိုကြွေးရမယ့်အချိန် မဟုတ်ဘူး၊ ဒီအချိန်ဟာ အောင်ပွဲခံရမယ့်အချိန်၊ ဘဝအဆက်ဆက်က တောင်း ခဲ့တဲ့ဆုတောင်း ပြည့်သွားပြီဖြစ်လို့ ဒီအချိန်မှာ ငိုကြွေးမယ့်အစား အောင်စည်အောင်မောင်း တီးကြပါတော့" လို့ မိန့်ကြားခဲ့ပါတယ်။[၂]

*<u>သူတော်ကောင်းကြီးတွေဟာ လူတွေကဆိုးတယ်လို့ သတ်မှတ် ထားတဲ့ လောကဓံကို ရဲရဲတင်းတင်းကြီးပဲ ငြိမ်းအေးပြီး မြင့်မားတဲ့ စိတ်ထားနဲ့ ရင်ဆိုင်ကြတာကို အတုယူအားကျရမှာ ဖြစ်ပါတယ်။</u>*

---

၁။ (၄၈၀) အကိတ္တိဇာတကဝဏ္ဏနာ၊ ဇာတကဋ္ဌကထာ(စတုတ္ထတွဲ)။

၂။ (၉၇-၂၈၈) မဟာပဇာပတိဂေါတမီထေရီအပဒါနပါဠိ။

ဆက်လက်ပြီး အသိပေးလိုတာကတော့ *ဘဝလွတ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းနေကြတဲ့ သူတော်ကောင်းတို့ရဲ့ဘဝဟာ ရေဆန်ကို တက်နေရတဲ့ဘဝပါ၊ ဒါကြောင့် စုန်ဆင်းနေကြတဲ့ ပတ်ဝန်းကျင် လူသားတွေက မိမိတို့ကို နားလည်ဖို့ ခက်ခဲတတ်ပါတယ်။ ဒါကြောင့် သူတို့နဲ့ သဘောထားတိုက်ဆိုင်ဖို့ မလွယ်ကူပါဘူး။* ဒါပေမယ့် မိမိက မေတ္တာရှေ့ထားပြီး သတ္တဝါတွေကို နားလည်ပေးဖို့ လိုပါတယ်။

သူတို့မှာ မိမိကြောင့် အကုသိုလ် မတိုးသွားစေဖို့လည်း စောင့်ရှောက်ပေးဖို့ လိုပါသေးတယ်။ ဒါတွေလည်းပဲ တရားသမား ယောဂီတစ်ယောက်ရဲ့ တာဝန်တွေပါပဲ။ ဒါတွေက သီးခြားလုပ်နေရတာမျိုးတော့ မဟုတ်ပါဘူး။ တရားအချိုးကျပြီး တိုးတက်လာရင် သူ့အလိုလိုပဲ နားလည် သဘောပေါက်လာတာသာ ဖြစ်ပါတယ်။

မိမိစိတ်သဘောထားတွေ မြင့်မြတ်လာတယ်။ သဘောထားတွေ နူးညံ့ပျော့ပြောင်းလာတယ်၊ စိတ်သဘောထား ရင့်ကျက်လာတာနှင့်အမျှ ဒါတွေဟာ အထူးတလည်ကြီး လုပ်နေရတော့တာ မဟုတ်တော့ပါဘူး။

ဒါယိကာမကြီးအား အနည်းငယ် သိစေလိုတာကတော့ လူသားတွေဟာ ဉာဏ်မျက်စိမဖွင့်ဘဲ တစ်ဖက်သတ်အမြင်နဲ့ပဲ ဘဝလမ်းခရီးကို သွားနေကြရှာပါတယ်။ ကာမဂုဏ်ဘက်ကို သူမြင်တဲ့မျက်လုံး တစ်ဖက်ထဲနဲ့ပဲ ဘဝလမ်းခရီး သွားနေတဲ့ လူသားဟာ ကာမဂုဏ်လမ်းစဉ်မှာ အနှစ်သာရ မရှိဘူးဆိုတာကို မမြင်နိုင်စွမ်းပါဘူး။ သူ့အမြင် သူ့အသိမှာတော့ အနှစ်သာရရှိတယ်လို့ပဲ မြင်နေသိနေပါတယ်။ တကယ်သိတာ မဟုတ်ပါဘူး။

ဉာဏ်ပညာ မျက်စိရှိလာတဲ့ ဘုရားရှင်ရဲ့ တပည့်သာဝက ကတော့ ဘဝခရီးကို လျှောက်လှမ်းမယ့် နောက်ထပ် လမ်းကြောင်း အသစ်တစ်ခုကို တွေ့လိုက်ပါပြီ။ သူ့အဖို့ လမ်းနှစ်သွယ်ကို နှိုင်းယှဉ် တဲ့အခါမှာ မူလသွားခဲ့တဲ့လမ်းဟာ မှန်ကန်တယ်၊ မမှန်ကန်ဘူး ဆိုတာကို Refer လုပ်နိုင်ပါပြီ။

*တစ်လမ်းတည်းကိုပဲ မျက်စိတစ်ဖက်ထဲနှင့် ဘဝခရီးကို သွားနေတဲ့ လူသားအဖို့တော့ နှိုင်းယှဉ်စရာ Refer လုပ်စရာ ဘာမှ မရှိရှာပါဘူး။ ဒီလမ်းဟာ အမှန်မြတ်ပဲ၊ ဒီလမ်းဟာ အန္တိမပဲ၊ ဒီလမ်းဟာ အဆုံးစွန်ပဲလို့ ခံယူတယ်၊ ကျင့်သုံးတယ်၊ လိုက်နာတယ်၊ ဘဝကို အဲဒီသီအိုရီနဲ့ပဲ နေပါတော့တယ်။*

လူသားတိုင်း ဉာဏ်မျက်စိ ပွင့်ထွန်းနိုင်တဲ့ အခွင့်အရေး ရှိပါ တယ်။ သို့သော် အဲဒီဉာဏ်မျက်စိ ပွင့်ထွန်းလာဖို့အတွက် သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားရဲ့ အဆုံးအမ လိုပါတယ်။ မြတ်စွာဘုရားရှင် ရဲ့အဆုံးအမကို ရရှိမှသာလျှင် ဉာဏ်မျက်စိ ပွင့်ထွန်းနိုင်တဲ့ အခွင့် အရေးကို ရနိုင်ပါတယ်။ ဉာဏ်မျက်စိ ပွင့်ထွန်းလာတဲ့သူရဲ့ အမြင် ကျတော့ ကာမဂုဏ်ခံစားပြီးနေရတဲ့ လောကကြီးဟာ မျက်လှည့် ဝိုင်းတစ်ခုပါပဲ။ မျက်လှည့်ဝိုင်းတောင်မှ ဘင်ခရာတွေ တဒုံးဒုံး တီးပြီး တော့မှ လှည့်စားနေတဲ့ မျက်လှည့်ဝိုင်းတစ်ခု မဟုတ်ပါဘူး။ မျက် လှည့်ဆရာက သူ့ပြကွက်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြီး ပြသတဲ့ မျက်လှည့်ဝိုင်းပါ။

အဲဒီလျှို့ဝှက်ချက်ကို သိသွားတဲ့ လူသားအဖို့ ဒီမျက်လှည့် ဝိုင်းက သူ့စိတ်ကို မဖမ်းစားနိုင်တော့ပါဘူး။ *ဒါကြောင့် လောကရဲ့ လျှို့ဝှက်ချက်ကို သိသူအဖို့ လောကကနေ နောက်ထပ် ဘာများ ရှာဦးမလဲ။ မရှာတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူရစရာ ဘာမှ*

*မရှိတော့ဘူးဆိုတာ နားလည်သွားလို့ပါပဲ။* ဒါကို Right understood လို့ ခေါ်ပါတယ်။

ကြက်ဥနှစ်လုံးဟာ အခွံဗလာကြီး ဘာမှမရှိ ကော်နဲ့ကပ်ထားတာပါ။ ခုနကြက်ဥတစ်လုံးကလည်း ဈေးထဲကဝယ်လာတဲ့ ကြက်ဥတစ်လုံး။ သူဖန်တီးထားတာ၊ သူတီထွင်လိုက်တာ၊ ဘာမှမရှိဘူးလို့ အမှန်ကို အမှန်တိုင်း သဘောပေါက်သွားပြီ။ အမှန်ကို အမှန်တိုင်း သိသွားပြီ။ တစ်ခါသိထားရင် အယောနိသောဖြစ်ဖို့ အခွင့်အရေး မရှိတော့ဘူး။ မသိသေးလို့သာလျှင် အယောနိသော မနသိကာရ ဖြစ်ပြီးတော့ ဒီအပေါ်မှာ မက်နေကြတာပါ။ ဒါကို အံ့သြနေကြတာပါ။[၁]

လောကမှာ လေ့လာသင်ကြားစရာ ပညာရပ်တွေ အမျိုးမျိုး ရှိပါတယ်။ ဒေါသကြီးတဲ့သူကို ဒေါသနည်းပါးဖို့ရာ သင်ကြားရန် သိပ်ပြီးတော့မှ ခက်ခဲလှပါတယ်။ မာနကြီးတဲ့သူကို မာနလျော့ပါးဖို့ရာ သင်ကြားဖို့လည်း အလွန်ပဲ ခက်ခဲပါတယ်။ မနာလိုဝန်တို စိတ် အားကြီးတဲ့ သူကိုလည်းပဲ မုဒိတာတရားတွေ ရင်ထဲကိန်းဖို့ သင်ရတာ သိပ်ကို ခက်ခဲပါတယ်။ မောဟကြီးတဲ့သူကို ဉာဏ်ပညာကြီးမားဖို့ သင်ရတာ ခက်ခဲလှပါတယ်။ ဒါကြောင့် ခက်ခဲနက်နဲလှတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဓမ္မဒေသနာတော်များကို စိတ်ဝင်စားပြီးတော့မှ နေတာဟာ ကိုယ့်ရဲ့ ဘဝနောက်ခံပါရမီကို အများကြီး စဉ်းစားဖို့ ကောင်းပါတယ်။ ပါရမီ ဓာတ်ခံကောင်းခဲ့ပြီး ဘုန်းကံပါရမီ အလွန်ကြီးကျယ်တဲ့ သူတွေသာလျှင် အခုလို မြတ်ဗုဒ္ဓရဲ့ ဘဝလွတ်မြောက်ရာ နည်းလမ်းတွေကို စိတ်ဝင်စား နိုင်စွမ်းပါတယ်။[၂]

၁။ (၁၁-၁၂) သာရိပုတ္တတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ။
၂။ (၅) ဗလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ဘုန်းကြီးတို့ရဲ့တာဝန်က *ဒေါသကြီးတဲ့သူကို ဒေါသနည်းအောင် ကြိုးစားပြီး သင်ကြားပေးနေရတာပါပဲ။ မာနကြီးတဲ့ သူကို မာနလျော့အောင် သင်ကြားပေးနေရတာပါပဲ။ မနောလို ဝန်တိုစိတ်အားကြီးတာကိုလည်း မုဒိတာတရားတွေ ရင်ထဲကိန်းဖို့ ကြိုးစားပြီး သင်ပေးနေရတာပါပဲ။ မောဟကြီးသူကိုလည်းပဲ အသိပညာတွေ တိုးပွားလာရန်အတွက် ခက်ခဲသော်ငြားလည်းပဲ သင်ပေး နေရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒါဟာ လောကမှာ အမြင့်မြတ်ဆုံးအလုပ် ဖြစ်လို့ပါပဲ။ ဒါထက် မြင့်မြတ်တဲ့အလုပ် လောကမှာ မရှိတော့ပါဘူး။*

ကိုယ်ကိုယ်တိုင်လည်း လောဘ၊ ဒေါသတွေ၊ မောဟတွေ၊ မာနတွေ ကင်းအောင် ဝေးအောင် လေ့ကျင့်ကြရပါတယ်။ ဒါဟာ မြင့်မြတ်သောအလုပ် ဖြစ်လို့ပါပဲ။ ဒီ့ထက် မြင့်မြတ်သောအလုပ် မရှိတော့ပါဘူး။ သူတစ်ပါးရဲ့ ရင်ထဲမှာလည်းပဲ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မာနတွေကင်းအောင် သင်ပေးနေတယ်။ အနှစ်သာရရှိတဲ့ အလုပ်ဟာ ဒီတစ်ခုပဲ ရှိပါတယ်။ ကျန်တာအားလုံးကတော့ အနှစ်သာရမဲ့တဲ့ မျက်လှည့်ဝိုင်းကြီးတစ်ခုလို အတုတွေချည်းပါပဲဆိုတာ သိသာနိုင်တဲ့ လမ်းကြောင်းဟာ ဒီတစ်လမ်းထဲပဲ ရှိပါတယ်။

ဒါယိကာမကြီးအနေနဲ့ လောကကြီးတစ်ခုလုံးဟာ မျက်လှည့်ဝိုင်းပမာ လှည့်စားခံထားရတာပဲ ဆိုတာကို သေသေချာချာ ဂဃနဏ သိရှိ နားလည်နိုင်ပါစေ။

မေတ္တာဖြင့်<br>ဆရာတော်<br>ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်

**ရှိသေစွာလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

(၁၁-၁၂-၈၉) စာကို ရရှိပါတယ်ဘုရား၊ ဘုရားတပည့်တော် ကျန်းမာသကဲ့သို့ ဆရာတော်ဘုရားလည်း ကျန်းမာစွာဖြင့် သာသနာ့ တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာ မေတ္တာပို့သအပ်ပါ သည်ဘုရား။

အံ့မခန်း သိပ္ပံပညာရပ်များ တိုးတက် ထွန်းကားလာနေတဲ့ အတွက် ကမ္ဘာကြီးဟာ လိုတရနေသလို ဖြစ်နေပါတယ်ဘုရား။ *သို့သော် လူသားရဲ့ လိုသမျှ လိုသမျှကို သိပ္ပံနှင့် နည်းပညာရပ် တွေက ဖြည့်စွမ်း ပေးနေပါသော်လည်း လူသားထုရဲ့ အလို ဆန္ဒက မပြည့်နိုင်ဘဲ ဖြစ်နေရပါတယ်ဘုရား။ ဘာဖြစ်လို့လဲ ဆိုရင် လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးလိုက်တဲ့ နည်းပညာတစ်ခုက လိုအပ်ချက်များစွာကို ပေါက်ဖွားပေးလိုက်ပါတယ်။ တနည်းအားဖြင့် ရောဂါတစ်ခုကို ကုသပေးလိုက်တဲ့ ဆေးဝါးက အဲဒီလူမမာရဲ့ ခန္ဓာကိုယ်မှာ အခြား ဘေးထွက် ဆိုးကျိုးများစွာကို ပေးလိုက်သလို ဖြစ်နေပါတယ်ဘုရား။ ဒါကြောင့် ယနေ့ ကမ္ဘာကြီးဟာ ဆာလောင် မွတ်သိပ်ခြင်း ဝေဒနာကို အပြင်းအထန် ခံစားနေရတဲ့ ရောဂါသည် ကြီး တစ်ဦးနှင့် တူနေပါပြီဘုရား။*

ရုပ်၊ ဝတ္ထုပစ္စည်းဘက်မှာ လိုအပ်ချက် မရှိနိုင်လောက်အောင် ကို ပြည့်စုံနေပြီလို့ ပြောနိုင်ပါပြီ။ ရှေးယခင်က ဘယ်လိုမှ စိတ်ကူးလို့ မရနိုင်ခဲ့တဲ့ အကြောင်းအရာတွေဟာ ယနေ့ မျက်မြင်ဒိဋ္ဌဖြစ်ရုံ မက လက်ဝယ် ရောက်ရှိနေပါပြီ။

တစ်ဦးနဲ့တစ်ဦး မိုင်ပေါင်း ထောင်ချီဝေးတဲ့ဆီက တယ်လီဖုန်း ပြောရင် မျက်နှာချင်းဆိုင်ပြီး စကားပြောလို့ရတဲ့ ခေတ်ကြီး ရောက်နေပါပြီ။ အရင်က စိတ်တောင်မကူးဝံ့ခဲ့တဲ့ ကိစ္စပါဘုရား။ ထို့အတူပဲ ရုပ်ဝတ္ထုဆိုင်ရာ အပါအဝင် ဆေးပညာပိုင်းမှာလည်း အံ့ဩဘွယ်ရာ အထူးပဲ တိုးတက်ထွန်းကားလို့ လာပါတယ်ဘုရား။

ကမ္ဘာကျော် Pop ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သီချင်းခွေတတ် ပြားတွေ ရောင်းအားကို ယှဉ်နိုင်သူ ယနေ့အချိန်ထိ ကမ္ဘာပေါ်မှာ မပေါ်ပေါက်သေးဘူးလို့ ဆိုကြပါတယ်။ မိုက်ကယ်ဂျက်ဆင်ဟာ ဆံပင်တွေ ကောက်ကွေး တွန့်လိမ်နေတဲ့ ကပ္ပလီတို့ရဲ့ ရုပ်ပုံစံအတိုင်း နှာခေါင်းဟာ ပွယောင်းယောင်းဖြစ်ပြီး ပြားချပ်နေပါတယ်။ အသား ရောင်ကလည်း ကျောက်မီးသွေးတမျှ မဲပါတယ်။

ဒါပေမယ့် မိုက်ကယ်ဂျက်ဆင်ဟာ ငွေကြေးများစွာ အကုန် အကျခံပြီးတော့ ကောက်ကွေးတွန့်လိမ်နေတဲ့ သူ့ဆံပင်ကို ရှည် လျှားဖြောင့်စင်းတဲ့ ဆံပင်အဖြစ်ကို နည်းပညာ အကူအညီနှင့် ပြောင်း လဲပစ် လိုက်ပါတယ်။ ပွယောင်းယောင်း ဖြစ်နေတဲ့ နှာခေါင်းကို လည်းပဲ ဖြောင့်စင်းတဲ့ နှာတံအဖြစ် ခွဲစိတ်ပြုပြင် အစားထိုးလိုက် ပါတယ်။ မီးသွေးတမျှမဲနေတဲ့ အသားရောင်ကိုလည်းပဲ တိုးတက် နေတဲ့ ဆေးပညာ အကူအညီနှင့် ပြောင်းလိုက်ပါတယ်။ အခြား အခြား ကိုယ်အင်္ဂါ အစိတ်အပိုင်း များစွာကိုလည်းပဲ ပြုပြင် ပြောင်း လဲလိုက်ပါသေးတယ်။ ဝင်ငွေက အလျှံပယ်ကောင်းသလောက် ဖြုန်း ငွေကလည်း မနည်းလှဘူး။

သူ့မှာ သားသမီးသုံးယောက် ကျန်ခဲ့ပါတယ်။ ဒါပေမယ့် အငယ်ဆုံးရင်သွေးရဲ့ မိခင်ကိုတော့ ဘယ်သူမှ မသိရပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုရင် မ မျိုးဥခိုးယူပြီး သူ့သုတ်သွေးနဲ့ ပေါင်းစပ်ပြီး အငှားကိုယ်ဝန်ဆောင်နှင့် မွေးဖွားစေခဲ့တယ်လို့ ဆိုပါတယ်ဘုရား။ နည်းပညာတိုးတက်မှုရဲ့ နောက်ဆက်တွဲဟာ အလွန်ပဲ ရှုပ်ထွေးလှပါတယ်ဘုရား။

အဲဒီလို ဆောင်ရွက်လိုက်ရရင် စိတ်ချမ်းသာမယ်ထင်လို့ပဲ ဆောင်ရွက်ခဲ့ကြတာပါဘုရား။ သို့သော် ဒီနေ့ *တိုးတက်ဖွံ့ဖြိုးလာတဲ့ ကမ္ဘာကြီးနဲ့ တိုးတက် ဖွံ့ဖြိုးလာတဲ့ နည်းပညာတွေဟာ လူသားတွေရဲ့စိတ်ကို ချမ်းသာဖို့အတွက် တခဏ တဒင်္ဂလောက်ပဲ ပေးနိုင်တော့တာကို ဝန်ခံနေကြရပါပြီဘုရား။* အလှပြင်ဆိုင်များက မလှတဲ့ ရုပ်ရည်ကို တဒင်္ဂ အမြင်လှအောင် ဆောင်ရွက် ပေးနိုင်ပါတယ်။ ဒါပေမယ့် *စိတ်လှအောင် မလုပ်ပေးနိုင်ပါဘူး။ ညစ်နေတဲ့စိတ်ကို ဖြူစင်အောင် မလုပ်ပေးနိုင်ဘူး။ ဆင်းရဲနေတဲ့စိတ်ကို ချမ်းသာအောင်၊ ပူလောင် ပင်ပန်းနေတဲ့ စိတ်ကို ငြိမ်းအေးအောင်တော့ Beauty parlour က ဆောင်ရွက် မပေးနိုင်ပါဘူးဘုရား။ ယခင်ကလည်း မဆောင်ရွက် ပေးနိုင်ခဲ့ပါဘူး။ ယခုလည်း မဆောင်ရွက်နိုင်ပါဘူး။ နောင်လည်း ဆောင်ရွက်ပေးနိုင်မယ်လို့ တပည့်တော်ဘဝအတွေ့အကြုံအရ မမျှော်လင့်ပါဘူးဘုရား။*

ကိုယ့်ခန္ဓာမှာရှိတဲ့ မိမိသဘောမကျတဲ့ အစိတ်အပိုင်း တစ်ခုခုကို ပြုပြင် ပြောင်းလဲနိုင်လိုက်ရင်တော့ စိတ်ချမ်းသာရလိမ့်မယ်ဆိုတာ အရင်ကတော့ ဟုတ်နိုးနိုး ထင်ခဲ့သော်လည်း ယခုတော့

လုံးဝ မထင်ရဲတော့ပါဘူးဘုရား။ ကောက်နေတဲ့ ဆံပင်ကို ဖြောင့်လိုက်ရင် ခဏလေးတော့ စိတ်ကျေနပ်သွားမှာပါ။ တော်တော်ကြာတော့ ဒုံရင်း ရောက်သွားတာပါပဲ။ ပြားနေတဲ့ နှာခေါင်းကို ချွန်လိုက်လို့ ခဏတာလေး စိတ်ကျေနပ်သွားမှာပါ။ တော်တော်ကြာတော့လည်း ဒုံရင်းပါပဲ။ ပြူးနေတဲ့မျက်လုံးကို ကျဉ်းလိုက်လို့ တခဏလေး ကျေနပ်မှု ရနိုင်ပေမယ့် တော်ကြာတော့ ဒုံရင်းပါပဲ။ မဲနေတဲ့အသား ဖြူသွားလို့ တသက်တာ စိတ်ချမ်းသာသွားမှာ မဟုတ်ပါဘူး။ ဒါဆို မွေးရာပါ အသားဖြူ နှာခေါင်းချွန်ပြီး၊ ဆံပင်ဖြောင့်တဲ့သူတွေ ဘာလို့ စိတ်ဆင်းရဲနေရတာလဲ? လူတွေ မစဉ်းစားကြဘူးဘုရား။

တိုးတက်လာတဲ့ နည်းပညာနှင့် ကြံကြံဖန်ဖန် အငှားကိုယ်ဝန်ဆောင်ပြီး သား၊ သမီးမွေးဖွားတယ်ဆိုတာ စိတ်ကူးယဉ်စရာတစ်ခုပါပဲ၊ ဒါပေမယ့် ဒီလိုလုပ်လိုက်ရလို့ ဘယ်လောက်များ စိတ်ချမ်းသာလာမလဲဘုရား။ စိတ်ရဲ့ငြိမ်းအေးမှုကို မရနိုင်ပါဘူးဘုရား။ "ငါဘယ်သူမှ မလုပ်နိုင်တဲ့အရာကို လုပ်နိုင်တယ်" ဆိုတဲ့ သဘောမျိုးပဲရှိမှာပါဘုရား။ သို့သော် ကမ္ဘာပေါ်မှာ အဲသလို ထူးထူးဆန်းဆန်းလုပ်ပြီးတော့မှ စိတ်ချမ်းသာမယ်ထင်ကြတာ အတော်ပဲများပါတယ်ဘုရား။

ဝေရက်တောင်ထိပ်ကို တက်တဲ့သူတွေ၊ အတ္တလန်တိတ်သမုဒ္ဒရာကို တစ်ကိုယ်တော် ဖြတ်ကူးတဲ့သူတွေ၊ အန္တာတိကတိုက်ကို တစ်ကိုယ်တော်ဖြတ်သန်းပြီး အဝေးဆုံးကို ခြေလျှင် ခရီးကြမ်း

လမ်းလျှောက်ခဲ့တဲ့ ဂျပန်လူမျိုး မစ်ဂုဂိုအိဗာလို ပုဂ္ဂိုလ်မျိုးတွေဟာ အသက်စွန့်ပြီး စိတ်ချမ်းသာမယ်ထင်တာကို လုပ်ကြတာပါဘုရား။

ကမ္ဘာကို မီးပုံးပျံစီးပြီးတော့မှ ပျံသန်းမှု စံချိန်တင်ကြတာ ရှိပါသေးတယ်။ ရေကြောင်းခရီးနဲ့ ကမ္ဘာကိုပတ်ခဲ့တဲ့ အမျိုးသမီး သူရဲကောင်း အယ်လင်မစ်ဟာတာတို့၊ ဘယ်သူရဲ့ အကူအညီမှ မယူဘဲ ပစိဖိတ်သမုဒ္ဒရာကို ကျော်ဖြတ်သွားနိုင်တာတို့ အန္တာတိကတိုက်ကို ဖြတ်သန်းခဲ့တဲ့ နော်ဝေလူမန်တို့ရဲ့ အကြောင်းကို ဖတ်ရ၊ ကြားရတော့ တပည့်တော်တို့လည်း ဟိုတုန်းက ဒါမျိုးကို တော်တော် အားကျခဲ့ ဖူးတယ်ဘုရား။ တော်တော်စွမ်းဆောင်နိုင်တာပဲ။ ဘယ်သူမှ မလုပ်နိုင်တာကို လုပ်နိုင်ကြတယ်ဆိုပြီး အားပေးခဲ့ဖူးတယ်။

ဒါပေမယ့် ဒီနေ့ သိရှိခွင့်ရလာတဲ့ ဗုဒ္ဓတရားတော်ရဲ့ အသိနဲ့တော့ <u>*အသက်ကိုရင်းပြီး လုပ်သွားကြတာ အန္တရာယ်များလွန်းတယ်။ အဆင်မသင့်ရင် ဒီ့ထက်အရေးကြီးတဲ့ အလုပ်ကို မလုပ်လိုက်ရပဲ ဘဝတစ်ခု နိဂုံး သတ်သွားနိုင်တယ်လို့ နားလည်လာပါပြီဘုရား။ ဘုရားတပည့်တော်မှာ ဒါတွေထက် အနှိုင်းအဆမဲ့ အရေးကြီးတဲ့ အလုပ် ရှိနေပါပြီဘုရား။*</u> သူတို့ လုပ်တာကိုတော့ တပည့်တော် မရှုတ်ချပါဘူး။ မကဲ့ရဲ့ပါဘူးဘုရား။ ငါလည်း မသိခင်တုန်းက အားပေးခဲ့ဖူးတယ်။ အားကျခဲ့ဖူးတယ်။ ခုသိပြီ။ အားကျစရာက ဗုဒ္ဓခေတ် သာသနာ့ဝင် ထေရီထေရာ ရဟန္တာအရှင်မြတ်တွေ၊ သီဟိုဠ်ခေတ် ရဟန္တာမထေရ်မြတ်တွေ၊ ယခုခေတ် သူတော်ကောင်းကြီးတွေဟာ ဘုရားတပည့်တော်အတွက် စံပြ အားကျရမယ့် ပုဂ္ဂိုလ်များပါဘုရား။

ဒါကြောင့် နိဂုံးချုပ် လျှောက်ထားချင်တာက *ပိန်းရွက်ကြာရွက်ပေါ်ကို မိုးရေတင်ရုံတင်ပြီး မစိုစွတ်သလို ဘုရားတပည့်တော်လည်း အာရုံများကို သုံးဆောင်ရုံ သုံးဆောင်ပြီး အသက်ရှင်ဖို့ အထောက်အပံ့ဖြစ်ရုံ၊ ဘဝသံသရာ လွတ်ရေးဆိုင်ရာ အလုပ်လုပ်နိုင်ရုံလောက်ကိုသာ သုံးဆောင်ခံစားကာ စိတ်ကို ကိလေသာမိုး မစိုစွတ်ဘဲ နေတတ်ဖို့ကို ကြိုးစားလေ့ ကျင့်နေပါတယ်ဘုရား။*

အသက်အရွယ် အိုမင်းလှပြီ ဖြစ်သော်လည်း ဒီခန္ဓာအိုကြီးကို ကုသိုလ်ပြုနိုင်ရုံ၊ သွားနိုင်၊ လာနိုင်အောင်လောက်တော့ စောင့်ရှောက်လို့ ရနေပါသေးတယ်ဘုရား။ မကြာတော့တဲ့ တစ်နေ့မှာတော့ သုံးမရတော့တဲ့ ခန္ဓာကိုယ်ကို အပြီးတိုင် ပစ်ချထားခဲ့ ရတော့မှာပါဘုရား။ ဆရာတော်ဘုရား ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းပါတယ်ဘုရား။

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်

(၁၂. ၁၂. ၁၉၈၉)
ရက်စွဲဖြင့်
လျှောက်ထားလာသည့်
ဒါယိကာမ၏ စာအတွက်
ဆရာတော်မှ
ပြန်ကြားစာ မရှိပါသဖြင့်
ဉာဏ်ပညာကြီးစွာဖြင့်
စာဖတ်သူမှပင် ဖြည့်စွက်၍
ဆက်စပ်ကာ
နားလည်ပေးရပေတော့မည်။

**ရှိသေစွာသျှောက်ထားအပ်ပါတယ်ဘုရား။**

ဘုရားတပည့်တော်ရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ခင်ပွန်းရဲ့ ညီဟာ အခြားဘာသာတစ်ခုရဲ့ တရားဟောဆရာ ဖြစ်ပါတယ်ဘုရား။ သူ့ဘာသာရေး ဂိုဏ်းမှာတော့ သူဟာ အလွန်ထင်ရှားပြီး ဩဇာအာဏာကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ မကြာခဏ အိမ်ကိုလာရောက်ပြီး ဘာသာတရားနဲ့ ပတ်သက်တဲ့ အကြောင်းအရာများစွာကို ဆွေးနွေးသွန်သင် ပြောဆိုလေ့ ရှိသော်လည်း ဒကာကြီးမရှိတော့တဲ့နောက်ပိုင်း သူ အလာကြဲသွားပါတယ်ဘုရား။

ပြီးခဲ့တဲ့ (၃)လကျော်က လွှတ်တော်အမတ် တစ်ယောက်နဲ့အတူ ဘာသာရေးကိစ္စရပ်များကို ဆက်နွှယ်ဆောင်ရွက်ရင်း ဘုရားတပည့်တော်တို့မြို့ကို ရောက်တဲ့အခါမှာ သတိတရ အိမ်ကို ဝင်လာခဲ့ပါသေးတယ်ဘုရား။

အရင်က ဘာသာမဲ့အဖြစ်နဲ့ တပည့်တော် နေခဲ့တုန်းက တပည့် တော်ကို အပြစ်နည်းနည်းလောက်ပဲ ပြောခဲ့ဖူးပါတယ်။ အခု ဗုဒ္ဓဘာသာကို လေးလေးနက်နက် သက်ဝင်ယုံကြည်တာကို သိလိုက်တော့ တပည့်တော်ကို အပြစ်တွေအများကြီး တင်လာပါတယ်ဘုရား။ ဘုရားတပည့်တော် အပြစ်တင်ခံရတာ သုံးကြိမ်ရှိပါပြီဘုရား။

ဒီလထဲမှာတစ်ခါ တပည့်တော်အိမ်ကို လာမယ်လို့ အကြောင်းကြားလာပါတယ်၊ တပည့်တော်လည်း ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ ဧည့်ဝတ်တွေကို ကြိုတင်ဆောင်ရွက်ထားပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်အိမ်ထဲကိုဝင်လိုက်ရင် ဧည့်ခန်းကစပြီးတော့ ဗုဒ္ဓဘာသာအထိမ်းအမှတ်တွေကို မမြင်ချင်အဆုံး မြင်ရတော့မှာပါဘုရား။ ပထမဦးဆုံး ဗုဒ္ဓဘုရားရှင်ရဲ့ ရုပ်ပွားတော်ကို မြင်ရမှာပါဘုရား။ ပန်းအိုးတွေ ဆွမ်းတော်တင်ထားတာတွေကိုပါ မြင်ရဦးမှာ

ပါဘုရား။ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားဟော ကျမ်းစာအုပ်များ အပါ အဝင် ဗုဒ္ဓစာပေဆိုင်ရာ အဘိဓာန်ကျမ်းများကိုလည်း တွေ့သွား တော့မှာပါဘုရား။

ဒီအသွင်အပြင် အမူအယာတွေဟာ ဘုရားတပည့်တော် ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း သက်သေခံနေတာပဲ ဖြစ်ပါတော့တယ်။ ဘုရားတပည့်တော် ဒါတွေကို ဖုံးကွယ်ဖို့ မကြိုးစားလိုတော့ပါဘူး ဘုရား။ အဲသလို ဖုံးကွယ်ဖို့ ကြိုးစားရင် တပည့်တော် ပင်ပန်းပါ တော့မယ်ဘုရား။

အိမ်ကို အရင်တစ်ခေါက် ရောက်တုန်းကလည်း မနှစ်မြို့တဲ့ အမူအယာကို ပြသခဲ့တဲ့အပြင် လှောက်ရည်သောက်ပြီး ခဏလေးနှင့် တန်းပြန်ထွက်သွားလိုက်ပါတယ်။ အခုတစ်ခေါက် လာမယ်ဆိုပြန် တော့ ဘုရားတပည့်တော်မ အိမ်ကို အရင်လို ဘာသာမဲ့တစ်ဦးရဲ့ အိမ်သွင်ပြင် ဟန်ပန်ပေါ်အောင် ပြင်ထားရမှာလား၊ လက်ရှိ ဗုဒ္ဓ ဘာသာ အသွင်အပြင်အတိုင်းပဲ ထားရမှာလားဆိုတဲ့ မေးခွန်း စိတ်ထဲ ပေါ်လာ ပြန်ပါတယ်။

တပည့်တော် ဟန်မဆောင်ချင်တော့ပါဘူးဘုရား။ ဖုံးဖိပြီး တော့မှလည်း မထားချင်တော့ပါဘူးဘုရား၊ လက်ရှိ ပကတိ သွင်ပြင် အနေအထားအတိုင်းပဲ ကြိုဆိုဧည့်ခံဖို့ တပည့်တော် ဆုံးဖြတ်လိုက် ပါတယ်။ သို့သော် ညနေမှာတော့ သူ့ဆီက တယ်လီဖုန်းသတင်း ရပါတယ်။ တပည့်တော်တို့မြို့ကနေ ကီလိုမီတာ (၁၀၀၀)လောက် ဝေးတဲ့မြို့မှာ အသင်းတော်ဆိုင်ရာ အရေးတကြီး ဆောင်ရွက်စရာ ကိစ္စတစ်ခု မပြီးပြတ်တဲ့အပြင် ကျမ်းစာသင်ကျောင်းရဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားတစ်ခုလည်း ကြုံကြိုက်နေလို့ (၁၄)နာရီ နောက်ကျ ပြီးတော့မှပဲ ရောက်လာမယ်လို့ သိရပါတယ်။

ဘုရားတပည့်တော်ကို အပြစ်တင်ခဲ့တဲ့ မနှစ်မြို့တဲ့ ဟန်အမူအယာကို ပြသခဲ့တဲ့မတ်ဟာ ဒီတစ်ခါလည်း ငါ့ကို ဘာများ အပြစ်တင်လေဦးမလဲဆိုတဲ့ ကိစ္စကပဲ တပည့်တော်စိတ်အိမ်ကို နေရာယူထားပါတယ်ဘုရား။ စကြံ့ လျှောက်နေပါတယ်ဘုရား၊ စိတ်ငြိမ်းအေးမှု မရပါဘုရား၊ အခန်းထဲဝင်ပြီး ဘုရားဖူးတော့လည်း တပည့်တော်စိတ်က အရင်လို မငြိမ်းချမ်းတော့ပါဘူးဘုရား။

ဘုရားစင်ကိုကြည့်ပြီး သူက ဘာများ အပြစ်တင်မလဲဆိုတဲ့ စိတ်ပဲ တွေးနေမိပါတယ်။ စကြံ့ကို နောက်လှည့်ပြီး လျှောက်တော့ ဘယ်ဘက်မှာရှိတဲ့ စာအုပ်ဘီဒိုထဲက ကျမ်းစာအုပ်တွေကို မြင်ရပြန်တော့လည်း ဖတ်ပြီးသား ဖတ်လက်စ စာအုပ်တွေကို သတိရပြီး ခါတိုင်းလို ဝမ်းမြောက်တဲ့စိတ် ဖြစ်မလာတော့ဘဲ သူက ဒါတွေကြည့်ပြီး ဘာများ အပြစ်တင်လာဦးမလဲလို့ တွေးမိပြန်ပါတယ်။

စကြံ့လမ်းဆုံး ရောက်တဲ့အခါ ဆရာတော်ဘုရားကြီး၏ ပုံတော်နဲ့ ဆုံးမစာများကို ဖတ်ရပြန်ပါတယ်။ ဒါကိုဖတ်ရင် အမြဲတမ်း အင်အားတွေ ဖြစ်ခဲ့ပါသော်လည်း ဒီနေ့တော့ ငါ့ကို ဘာများ အပြစ်တင်လေမလဲလို့ စိတ်က ဖြစ်လာပြန်ပါတယ်ဘုရား။

*တပည့်တော်မှာ လမ်းလျှောက်လည်း ဒီစိတ်၊ ထိုင်လည်း ဒီစိတ်၊ စာဖတ်လည်း ဒီစိတ်၊ တရားနာလည်း ဒီစိတ်ကပဲ လွှမ်းမိုးနှိပ်စက်ထားပါတယ်ဘုရား။ တပည့်တော် ခုလို စိတ် မလွတ်မလပ် မဖြစ်တာ၊ မတင်းကြပ်တာ ကြာလှပါပြီဘုရား။*

တပည့်တော်အတွက် အဲဒီ(၁၄)နာရီတာ ကာလဟာ နာရီပေါင်း (၁၄၀၀)မက ရှည်လျားပြီး ပူလောင်ပင်ပန်းလှပါတယ်ဘုရား။ တပည့်တော် ဒီပူလောင်မှုကနေ ဘယ်လိုများ ရုန်းထွက်ရမလဲဆိုတဲ့ နည်းလမ်းကို ရှာလို့မရသေးတဲ့အပြင် သူရှိနေရင် ငါဘုရားဘယ်လို

ရှိခိုးရမလဲ၊ စကြံ့ ဘယ်လိုလျှောက်ရမလဲ၊ တရားနာတာကော ကြိုက်ပါ့မလား၊ တရားစာအုပ် ဖတ်နေရင်လည်း ဘာစာအုပ်ဖတ်နေသလဲဆိုတာ ကြည့်ပြီးတော့ ပြင်းပြင်းထန်ထန် အပြစ်များ တင်လေရော့မလား *စိတ်က စိုးရိမ်လွန်ပြီး ပြင်ပမှာများ တစ်ခုခု အားကိုးရာ ရှိလေမလားလို့ အားကိုး ရှာချင်လာမိတဲ့ထိ ဖြစ်လာပါတယ်ဘုရား။*

*အဲဒီအခါမှ တပည့်တော်စိတ်ရဲ့ အခြေအနေဟာ အလွန်ပဲ နိမ့်ကျသွားပြီဆိုတာကို နားလည်လိုက်ပါတယ်။* ငါ့ရဲ့စိတ် ဒီလောက် အဆင့်အတန်းမနိမ့်တာ တော်တော်ကြီး ကြာခဲ့ပြီ။ အခုတော့ စိုးရိမ်စိတ်တွေနဲ့ သောကတွေ အမျိုးမျိုးဖြစ်ပြီးတော့မှ ပင်ပန်းနေလိုက်တာ ဘယ်လောက်ထိ ဆိုးသွားသလဲဆိုရင် တပည့်တော်ရဲ့ စိတ်ထဲမှာ သူ့ကို အိမ်ရောက်အောင် ခေါ်ထားပြီးပြီ၊ ဧည့်ခန်းဆောင်ထဲမှာ ထိုင်ခိုင်းထားပြီးပြီ၊ သူ တိတ်တိတ်ကလေး နေတာကို ခိုးကြည့်ပြီး ငါ့ကို မကျေနပ်လို့နဲ့တူတယ်လို့ တပည့်တော်စိတ်ထဲမှာ ပုံဖော်ပြီးတော့ ကြည့်ပြီးပြီ၊ သူတစ်ခုခုပြောရင်လည်း ငါ့ကိုတော့ အပြစ် ပြောတော့မယ်နဲ့တူတယ်လို့ စိတ်က ပုံဖော်ထားပြီးပြီ။ ငါ့ကိုတော့ ဖြေလို့ခက်တဲ့ မေးခွန်း မေးတော့မယ်နဲ့ တူတယ်လို့ တွေးပြီး စိတ်ဆင်းရဲ နေမိပြန်တယ်။

*ဘုရားတပည့်တော် ဒီပူပန်မှုကနေ အမြန်ဆုံး ရုန်းထွက်မှ ဖြစ်တော့မယ် ဆိုတာကို ဆုံးဖြတ်လိုက်ပါတယ်။* ဒါပေမဲ့ နောက်စိတ် တစ်ခုကလည်း မြန်မြန်လာရင်ကောင်းတယ်။ သူ့ကို ရင်ဆိုင်လိုက်ရင်လည်း ပြီးတာပဲလို့ တွေးနေပြန်တယ်။ *ဒါပေမဲ့ ဘုရားတပည့်တော် မြန်မြန် လာစေချင်တိုင်းလည်း သူလာမှာ မဟုတ်ပါဘူးဘုရား။ တပည့်တော် မလာစေချင်လည်း သူ ရောက်ချင် ရောက်*

*လာမှာပါဘုရား။ ဘုရားတပည့်တော်ရဲ့ စိတ်ပင်ပန်းမှုဟာ သူ့အပေါ် တာဝန်မရှိဘူး။ တပည့်တော် ပေါ်မှာပဲ တာဝန်ရှိပါတယ်။ တပည့်တော် စိတ်မထားတတ် သေးပါလားဆိုတာ ခု သေသေချာချာ သိလိုက်ရပါတယ်ဘုရား။*

နောက်ဆုံးမှာတော့ အခြားအရေးပေါ် ကိစ္စတစ်ခု ပေါ် ပေါက်လာတဲ့အတွက်ကြောင့် သူခရီးစဉ် ဖျက်ပြီးတော့မှ ဒီမြို့ မှာတော့ သူကိုယ်စား အခြားပုဂ္ဂိုလ်လာမှာမို့ သူအိမ်ကို မလာ ဖြစ်တော့ပါဘုရား။

တပည့်တော် နှမျောလိုက်တာဘုရား၊ စိတ်တွေပင်ပန်းခဲ့ တာပဲ အဖတ်တင်ခဲ့တယ်။ *စိတ်ဓာတ် ရေးရာမှာရော၊ Energy စွမ်းအင်တွေပါ အများကြီး ဆုံးရှုံးသွားပြီဆိုတာကို ကိုယ့်ကိုကိုယ် သင်ခန်းစာ ရမိပါတယ်ဘုရား။ ဘုရားတပည့်တော် အခုလို စိတ်ထဲ ပူပန်မှု မဖြစ်ခဲ့တာ ကာလကြာပြီ ဖြစ်တဲ့အတွက်ကြောင့် အခု အကြောင်းအရာအတွက် ဖြစ်ရတဲ့ ပူလောင်မှုဟာ တပည့်တော်ရဲ့ စိတ်ကို ဆောက်တည်ရာ မရအောင်ထိကို ကြီးကြီးကျယ်ကျယ်ကြီး လှုပ်ခါ စေခဲ့ပါတယ်ဘုရား။*

*ဘုရားတပည့်တော် တရားတိုးတက်မှု အများကြီး လိုနေ ပါသေးတယ်ဘုရား။ သွန်သင် ဆုံးမ ပေးတော်မူပါ အရှင်မြတ်ဘုရား။*

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်

**ဒါယိကာမသို့ အသိပေးအပ်ပါတယ် (၁၄.၁၂.၈၉) ရက်စွဲပါစာကို ရရှိပါတယ်။**

စိတ်ထဲ ထင်ချင်ရာထင်ပြီး တစ်ခုခုကို စိုးရိမ်ပြီး မျှော်လင့်နေရတာ စိတ်တွေ အလွန်ပဲ ညစ်ထေးပါတယ်။ ထင်ချင်ရာထင်ပြီး Bias တစ်ခုဖြစ်နေရင် အဲဒီ Bias ကို အမြန်ဆုံး ပယ်ဖျောက်သင့်တယ်၊ ဘယ်လို ပယ်ဖျောက်မလဲ သူ့ရဲ့ရပ်တည်ချက်ကို ပြောင်းခိုင်းမလား? ကိုယ့်ရဲ့ ရပ်တည်ချက်ကို ပြောင်းမလား? သူ့အပြုအမူကတော့ သူ့ အပြုအမူပဲ ကိုယ်ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ဘက်ပဲ ပြင်ရမှာ ကိုယ့်ရဲ့ စိတ်ကိုပဲ ပြင်ရမှာပါ။

ဒါကြောင့် ကာယကံရှင်နဲ့ တွေ့ဆုံ ဆွေးနွေးပြီး မိမိရဲ့ ရပ်တည်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုရပါမယ်၊ ကိုယ့်ရဲ့ ရပ်တည်ချက်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်ရင်လည်း ဒါဟာ ပြေလည်နိုင်တာပါပဲ။

နောက်တစ်ချက်ကတော့ ရှုမှတ်မှုနဲ့လည်း ပယ်ဖျောက်နိုင်ပါတယ်။ နောက်တစ်ချက် ယောနိသော မနသိကာရနဲ့ ပယ်ဖျောက်ရင်လည်း ရနိုင်ပါသေးတယ်။ ဥပမာအားဖြင့် ငါထင်တာ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ငါက အထင်နဲ့သာ စိုးရိမ် ပူပန်ပြီးနေရတာ၊ ထင်တာဟာ အမှန်မှ မဟုတ်ဘဲလို့ ဆင်ခြင်မိရင်လည်း ရနိုင်ပါတယ်။ နောက်ထပ်တစ်ခုက ထင်ထားတာပဲ ထင်မယ့် ထင်ရင်လည်း ကောင်းတာပဲ ထင်လိုက်ပါလား၊ ဘာလို့ မကောင်းတာ ထင်နေရတာလည်း၊ ငါမကောင်းတာတွေ တွေးထင်နေရင် ငါစိတ်မချမ်းသာ ဖြစ်ရတယ်၊ ကောင်းတာတွေ တွေးထင်လိုက်နိုင်ရင် စိတ်မဆင်းရဲရဘူးလို့ ဆင်ခြင်နိုင်သေးတယ်။

*ထင်တာချင်းအတူတူ ကောင်းတာ ထင်ပေးတာဟာ စိတ်ကို သက်သာရာ ရစေတယ်နော်။* ခုန တွေးနေတာတွေကော ထင်တာတွေ မဟုတ်ဘူးလား? သူလာရင် ဘယ်လိုများ ပြောမလဲ။ သူလာရင် ဘယ်လိုများ အပြစ်တင်မလဲ။ ဗုဒ္ဓရုပ်ပွားတော် မြင်ရင် သူဆူနေမလား။ ဝေဖန် အပြစ်တင်မလားဆိုတာတွေ အားလုံးဟာ ဖြစ်မှမဖြစ်သေးတာ။ မဖြစ်သေးတာကို တွေးပြီး တော့မှ ထင်နေတာပါ။ *ဒါကြောင့် အဆိုးထင်မယ့်အစား အကောင်းကို ပြောင်းပြီး ထင်လိုက်ရင်လည်း ရနိုင်တာပါပဲ။* အလေ့အကျင့် လုပ်ပေးရင် ရပါတယ်။

*သို့သော် လူသားတွေဟာ သာမန်အားဖြင့် စိတ်ရဲ့ပူလောင်ပင်ပန်းမှုကိုပဲ ရှာဖွေတတ်ကြပြီး၊ စိတ်ရဲ့ ငြိမ်းအေးမှုကိုတော့ မရှာတတ်ကြပါဘူး၊* စိတ်ကို ပူလောင်စေတဲ့ အကြောင်းအရာကိုပဲ တွေးတွေးပြီး အထင်နဲ့ပဲ အပူလောင်ခံနေကြပါတယ်။ စိတ်ကို သက်သာစေမဲ့ အကြောင်းအရာကို ရှာပြီး မနေတတ်ကြပါဘူး။

လောကမှာ အနာရောဂါ နှိပ်စက် ခံနေရတဲ့သူဟာ ဆေးကောင်းကောင်း ကုသပေးနိုင်တဲ့ ဆေးဆရာ ရှိနေပါလျက် အဲဒီဆေးဆရာနှင့် မကုစားရင် ရောဂါ မပျောက်ဘဲ တိုးပွားဖို့ပဲရှိပါတယ်။

ကိလေသာ အနာရောဂါ ဖိစီးနှိပ်စက် ခံနေရသူကလည်း ကိလေသာငြိမ်းအေးကြောင်း မဂ္ဂင်တရားကို ရှုပွားပြီး ပြုပြင်မှု မရှိရင်တော့ ကိလေသာ ငြိမ်းပျောက်မသွားဘဲ ဘဝသံသရာခရီးမှာ နာတာရှည် ရောဂါသည် ဖြစ်ဖို့ပဲ ရှိပါတော့တယ်။[၁]

တစ်ခုခုအဆင်မပြေမှု သေးသေးကလေး အနည်းငယ်မျှ

၁။ (၁၂-၁၆) သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသပါဠိ။

ရှိရင်ကို ချဲ့ကားပြီးတော့မှ စိတ်ကို နွမ်းနယ်စေမယ့် အကြောင်းတွေကိုပဲ တွေးတတ်တဲ့ သာဓကတစ်ခု ပြပါဦးမယ်။ အသက်ကြီးတဲ့ ကပ္ပိယကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ သူက ကင်ဆာဖြစ်မှာကို စိုးရိမ်လို့တဲ့၊ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီဥတွေကို အများကြီး စားလေ့ရှိတယ်၊ ဘာဖြစ်လို့ ဒီလောက်ကြီးစားတာလဲလို့ မေးတော့ "ကြက်သွန်နီနှင့် ကြက်သွန်အဖြူက ကင်ဆာရောဂါ ကာကွယ်ပေးတယ် ပြောကြလို့ပါဘုရား" လျှောက်ထားတယ်။ "ကင်ဆာက ဘယ်မှာ ဖြစ်နေလို့လဲ" မေးတော့ "မဖြစ်သေးပါဘူး၊ ဖြစ်ခဲ့ရင် ပေါ့ဘုရား" တဲ့။

အမြဲတမ်း သူ့ကို အဲဒီအတွေးက ခြောက်လှန့်နေဟန် တူပါတယ်။ ခန္ဓာကိုယ်ကို မကြာခဏ ဟိုစမ်း ဒီစမ်း စမ်းနေတတ်တယ်။ "ဘာစမ်းနေတာတုန်းလို့" မေးရင် "ကင်ဆာဖြစ်ရင် အကြိတ်ထွက်တယ်ပြောလို့ စမ်းကြည့်တာ" တဲ့။ ဒါပေမဲ့ တကယ့်တကယ် အဲဒီ ကပ္ပိယကြီးက ဦးနှောက်သွေးကြော ပြတ်ပြီး ဖြုန်းကနဲ သေသွားရှာတယ်။ ကင်ဆာဖြစ်မယ်လို့ထင်ပြီး ကာလရှည်ကြာ စိတ်ပူလောင် ပင်ပန်းခဲ့တဲ့အတွေးဟာ သူ့အဖို့ အလကား ဖြစ်သွားတယ်။ သူ့ခမျာ မသေခင် စိတ်ပူစရာတွေတွေးပြီး အကြာကြီး ပင်ပန်းသွားရှာတယ်၊ ကိုယ်ဘာနဲ့ သေမယ်ပြောလို့မှ မရတာ၊ အထင်နဲ့ ပူလောင်တာပဲ အဖတ်တင်ရှာတော့တယ်။

ဆက်လက် သိစေလိုတာက တကယ်တမ်း ယောဂီဟာ အသိဉာဏ်ပညာ ပြည့်စုံမယ်ဆိုလို့ရှိရင် ဘေးငါးမျိုးတို့ကို လွန်မြောက်သူ ဖြစ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

၁။ အသက်မွေးမှုဘေး၊

၂။ ကျော်ဇောကင်းမဲ့တဲ့ဘေး၊
၃။ ပရိသတ်ကြောက်ရွံ့မှုဘေး၊
၄။ သေခြင်းဘေး၊
၅။ မကောင်းရာသို့ကျရောက်မှု ဒုဂ္ဂတိဘေးတဲ့။

အဲဒီဘေးငါးမျိုး လွတ်တဲ့သူဟာ စိတ်ကြည်လင်ပါတယ်။ စိတ်အေးချမ်းပါတယ်။ အသက်မွေးမှုနဲ့ ပတ်သက်လို့လည်း ကြောင့်ကြ ဗျာပါဒမရှိဘူး။ အကျော်ဇော ကင်းမဲ့မှာကိုလည်းပဲ စိတ်ထဲမှာ ပူပင်သောက မရှိဘူး။ ပရိသတ်ကို ကြောက်ရွံ့မှုလည်း မရှိဘူး၊ ရဲရဲတင်းတင်း ရှိတယ်။ တစ်နေ့သော အခါမှာ သေခြင်းတရားကို သေသေချာချာ ရင်ဆိုင်ရမယ် ဆိုတာကိုလည်း ခိုင်ခိုင်မာမာ လက်ခံထားတယ်။ သေပြီးလို့ရှိရင်လည်း ဒုဂ္ဂတိဘုံဌာနကို မရောက်ဘူး ဆိုတာကိုလည်း သူ သေသေချာချာ နားလည်ထားတဲ့သူအဖို့ ဘာလို့ကြောက်ရွံ့ပြီးတော့မှ နေရမှာလဲ။ သူဟာ ကြောက်ရွံ့မှုတွေကို လွန်မြောက်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ဟာ အမြဲတမ်း ကြည်လင် အေးချမ်းပါတယ်။[၁]

*ဉာဏ်မရှိလို့ ကိလေသာတွေ ဖြစ်တာပါ။ စိတ်မငြိမ်းအေးတာလည်း ဉာဏ်နည်းလို့ပါပဲ။ ဉာဏ်ရှိရင် ကိလေသာ မဖြစ်တော့ပါဘူး။ ဉာဏ်ရှိရင် စိတ်လည်း ငြိမ်းအေးပါပြီ။ ငြိမ်းအေးတဲ့စိတ်နဲ့ပဲ နေနိုင်အောင် ကြိုးစားဖို့ လိုပါတယ်။ စိတ်က အပူနဲ့နေတာ ကြာလာရင် အပူနဲ့ပဲ နေတတ်တော့တယ်၊ ငြိမ်းအေးမှုနှင့် သူ မနေတတ်တော့ဘူး။*

*စိတ်က ငြိမ်းအေးတာနဲ့ အနေ ကြာလာရင်လည်းပဲ*

---

၁။ (၅) ဗလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။

*ကိလေသာကင်းစင်ပြီး ငြိမ်းအေးတာနဲ့ပဲ နေတတ်လာပါတယ်။ အဲဒါက လေ့ကျင့်ပေးရတာပါ။ အလေ့အကျင့်များရင် များသလို အားသန်ရာ သန်ရာကို စိတ်က သွားပါတယ်။ အေးတဲ့ဘက်ကို ညွှတ်ထားတဲ့ စိတ်က အေးတဲ့ဘက်ကိုပဲ သွားပါတယ်။ ခုဘဝ လည်း အေးတဲ့ဘက်ကို သွားပါတယ်။ နောင်ဘဝတစ်ခု ကူးပြောင်း မယ် ဆိုရင်လည်းပဲ အဲဒီစိတ်နှင့် တန်တဲ့ဘဝကို ရပါတယ်။*

ဒါယိကာမကြီးအနေနဲ့ သန့်ရှင်းကြည်လင်ပြီး ငြိမ်းအေး တဲ့ စိတ်နဲ့ပဲ ဘဝတစ်သက်တာ နေသွားနိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အရှင်မြတ်ဘုရား။**

(၂၀-၁၂-၈၉) ရက်စွဲပါစာကို ရရှိလို့ အတိုင်းမသိ ဝမ်းမြောက် ပါတယ်ဘုရား။ ဘုရားတပည့်တော် ခန္ဓာကိုယ်ဟာ အိုမင်းမစွမ်း ဖြစ်ပြီး အင်အားများ နည်းပါးနေပါသော်လည်း တပည့်တော်ရဲ့ စိတ်မှာ ငြိမ်းလျက် ရှိပါတယ်ဘုရား။ ဘုရားတပည့်တော် စိတ်မှာ အေးလျက် ရှိပါတယ်ဘုရား။ ဒါကြောင့် ဘုရားတပည့်တော်ကို "အသက်နှင့်မမျှအောင် အလုပ်တွေ လုပ်နေနိုင်ပါပကော" လို့

တပည့်များနှင့် မိတ်ဆွေများက ရံခါ ဝေဖန်ဆန်းစစ်တတ်ကြပါတယ်ဘုရား။

"တရားအားထုတ်ရင် အသိအမြင် ပြောင်းလဲမယ်" လို့ အရှင်မြတ်ဘုရား၏ ဆိုဆုံးမမှုကို ဘုရားတပည့်တော် ယခုရက်ပိုင်း အထူးအားဖြင့် ပိုပြီးတော့ သတိထား နေမိပါတယ်ဘုရား။ အသိအမြင် ပြောင်းလဲတာနဲ့ ပတ်သက်ပြီး ကမ္ဘာကျော် ပညာရှင်တစ်ယောက်က "ကမ္ဘာ့ဒဿန ပညာရှင်များဟာ ကမ္ဘာလောကကို ဒဿနအမျိုးမျိုး ရှင်းပြခဲ့ကြတယ်။ ကမ္ဘာလောကကြီးကို အဲဒီလို ရှင်းပြဖို့ထက် အရေးကြီးတာက ပြောင်းလဲပစ်ဖို့သာ လိုရင်းဖြစ်တယ်"လို့ ဆိုခဲ့ဖူးပါတယ်ဘုရား။ ဘုရားတပည့်တော် တွေးထင်မိတာက ကမ္ဘာလောကကြီး တစ်ခုလုံးကို ပြောင်းလဲပစ်ဖို့ထက် တစ်ဦးချင်း တစ်ဦးချင်းရဲ့ စိတ်နေစိတ်ထားကို ပြောင်းလဲပစ်ဖို့သာ အရေးကြီးပါတယ်။ အဲဒီလို ပြောင်းလဲနိုင်ရင် ကမ္ဘာလောကကြီးဟာ အလိုလိုပဲ ပြောင်းလဲသွားတော့မှာလို့ သဘောပေါက်လာပါတယ်ဘုရား။

*ဘုရားတပည့်တော် ဒီကမ္ဘာကြီးကိုတော့ မပြင်နိုင်ပါဘူးဘုရား။ တိုင်းပြည်ကိုလည်း ကောင်းမွန်လာအောင် မပြင်နိုင်စွမ်းပါဘူး။ တပည့်တော်နေထိုင်တဲ့ မြို့၊ ရပ်ကွက်ကိုလည်း မပြင်နိုင်ပါဘူးဘုရား။ ဒါပေမယ့် ဘုရားတပည့်တော်ရဲ့ စိတ်ကိုတော့ ဘုရားတပည့်တော် ပြင်ဖို့ လေ့ကျင့်နေပါတယ်ဘုရား။ ပြင်လို့လည်း ရနေပါတယ်။*

*လူတစ်ယောက် စိတ်ကောင်း မရှိလိုက်တာနဲ့ လူရာပေါင်း၊ ထောင်ပေါင်းများစွာ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ရောက်ကြတာကို ပတ်ဝန်း*

*ကျင်မှာ မြင်နေရပါတယ်ဘုရား။*[၁] *လူတစ်ယောက် ဉာဏ်ပညာ အမြော်အမြင် ကြီးမားပြီး စိတ် သဘောထား မြင့်မြတ်ရင်လည်းပဲ ပတ်ဝန်းကျင် စိတ်ချမ်း မြေ့ပြီး ပျော်ရွှင်စရာကောင်းတဲ့ လူ့ဘောင် လောက ကလေး တစ်ခု ဖြစ်တည် လာတတ်စမြဲပါလားဆိုတာ လက်တွေ့ကျကျ သိမြင် နိုင်လာပါပြီဘုရား။*

ဒါကြောင့် ဘုရားတပည့်တော်ရဲ့ စကားကို နားထောင်ပြီး ယုံကြည်တဲ့ လူသားတစ်ယောက်၊ နှစ်ယောက်ကိုတော့ စိတ်ကောင်းရှိဖို့ စွမ်းနိုင်သမျှ ပဲ့ပြင် သွန်သင် ပေးနေပါတယ်ဘုရား။ ဘာကြောင့်လဲဆိုရင် တပည့်တော် စွမ်းနိုင်သလောက် လက်လှမ်းမှီရာ လူ့ဘောင်လောက ချမ်းမြေ့ပြီး သာယာစိုပြေ လှပအောင် ဆောင်ရွက်တာပါဘုရား။

သို့သော် ဒဿနဆရာများကတော့ လောကနဲ့ ပတ်သက်ပြီး အမြင်ရှုထောင့် အမျိုးမျိုး ရှိကြပါတယ်ဘုရား။ ဥရောပနဲ့ အနောက်နိုင်ငံပညာရှင်များက ဒဿနရဲ့အစကို ဂရိနိုင်ငံကို ညွှန်ပြကြပါတယ်ဘုရား။ ဂရိနိုင်ငံမှာ သေးလက်(စ်)၊ ဆိုကရေးတီး၊ ပလေးတိုး၊ အရစ္စတိုတယ်တို့ဟာ ဒဿနပညာရဲ့ ဖခင်ကြီးများ ဖြစ်တယ်လို့ ဂုဏ်ယူကြပါတယ်ဘုရား။ သို့သော် အရှေ့တိုင်းဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နိုင်ငံတွေမှာလည်းပဲ အဲဒီ အနောက်တိုင်းမှာ ပညာရှင်တွေ ပေါ်ပေါက်လာတဲ့ အချိန်ကာလနဲ့ မရှေးမနှောင်းမှာပဲ ဗုဒ္ဓ၊ မဟာဝီရ၊ ကွန်ဖြူးရှပ်၊ လောင်ဇူးတို့ ပေါ်ပေါက်ခဲ့ပါတယ်၊ သူတို့အနေနဲ့ အရှေ့တိုင်းနိုင်ငံရဲ့ လောကဆိုင်ရာ အသိအမြင်များကို ပြသ ပေးခဲ့ကြပါတယ်ဘုရား။

---

၁။ (၁၂၄) ဗဟုဓာတုကသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ။

သို့သော် *လူ့ဘဝနဲ့ အံဝင်ခွင်ကျမဖြစ်တဲ့ ဒဿနတွေဟာ ဘုရားတပည့်တော်တို့ရဲ့ ဘဝမှာ ဘာမှ အသုံးမဝင်ပါဘူးဘုရား။* အတွေးအခေါ် အယူအဆ သက်သက်သာဖြစ်ပြီး ဒီအယူ အဆကို ငြင်းကြခုံကြ ပြောကြဆိုကြနဲ့ပဲ ဒီအယူအဆဟာ လူ့ဘဝကနေ ပျောက်ကွယ်သွားတာ များလှပါပြီဘုရား။

ဆက်လက် လျှောက်ထားပါရစေဘုရား။ သင်္ဘောအစီး ပေါင်း ငါးရာပြည့်ဖို့ တစ်စီးအလို (၄၉၉)စီး ပိုင်ဆိုင်တဲ့ သူဌေးကြီး တစ်ဦးကို ပြီးခဲ့တဲ့အပတ်က ဆုံတွေ့ဖြစ်ခဲ့ပါတယ်ဘုရား။ တဆက် တည်း သူ့ရဲ့ မိတ်ဆက်ပေးမှုကြောင့် ရွှေတွေ၊ ငွေတွေ ထားစရာ မရှိလောက်အောင် ချမ်းသာတဲ့ လေယာဉ်ပျံ ထုတ်လုပ်တဲ့ ကုမ္ပဏီ တစ်ခုရဲ့ပိုင်ရှင် သူဌေးကြီးကိုလည်း ဆုံခဲ့ရပါသေးတယ်ဘုရား။ သူတို့နှစ်ဦးစလုံး အသက်ငယ်ကြပါတယ်။ ကျန်းမာကြတယ်။ ဒါပေမယ့် သူတို့ရဲ့စိတ်တွေ ပူလောင်ပင်ပန်းပြီး မျက်နှာပါ ညစ်နွမ်း နေတာကို သတိပြုမိပါတယ်။ *ဘုရားတပည့်တော်မ သူတို့ဘဝ၊ သူတို့ပိုင်ဆိုင်မှု၊ သူတို့စည်းစိမ်ကို အံ့သြစိတ် မဖြစ်မိပါ။ အား ကျစိတ်လည်း မဖြစ်ခဲ့ပါ။ အံ့သြစိတ်၊ အားကျစိတ် လုံးဝ မဖြစ် ဘူးလို့ တပည့်တော် လျှောက်ထားဝံ့ပါတယ်ဘုရား။ သူတို့ ငြိမ်း အေးအောင် မနေတတ်တာကိုတော့ သနားမိပါတယ်။ တပည့်တော် သူတို့လို ပိုင်ဆိုင်ပစ္စည်းတွေ၊ ဘဏ်စာရင်းတွေ၊ ဇိမ်ခံပစ္စည်းတွေ မရှိပါဘုရား။ သူတို့လို အရွယ်လည်း မနုပျိုပါ၊ သူတို့လိုလည်း မကျန်းမာပါ၊ ဒါပေမယ့် သူတို့ထက် အဆပေါင်းများစွာ တပည့်တော် စိတ်ချမ်းသာပါတယ်ဘုရား။*

အရှင်မြတ်ဘုရား ထံတော်ပါးကို ရောက်ရှိစဉ် ခုတင်ဆောင်နေတဲ့ ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရစဉ်မှာ ဘုရားတပည့်တော် စိတ်ငြိမ်းအေး ခဲ့ရပါတယ်ဘုရား။ အရှင်ဘုရားက သူ့ဖိနပ် ဖာထေးထားတာကို ကြည့်ပြီး ဖိနပ်အသစ်ကလေးတစ်ရံ လှူလိုက်ချိန်မှာ "တပည့်တော်မှာ ဒါလေးစီးနေကျမို့ အသား ကျနေပါတယ်ဘုရား။ တပည့်တော် ဖိနပ်အသစ်ကို လက်မခံပါရစေနဲ့ဘုရား" လို့ ငြင်းခဲ့တာရယ်၊ ရဟန်းတော်များ လိုက်နာရမယ့် ဝိနည်းအကြောင်းအရာ ရေးသားထားတဲ့ စာအုပ်ငါးအုပ်ကို လှူလိုက်တဲ့ အခါမှာလည်း ရဟန်းတော်ငယ်က "ဘုရားတပည့်တော်အတွက် တစ်အုပ်ဆိုရင် လုံလောက်ပါပြီဘုရား တစ်အုပ်ပဲ ယူပါရစေ" လို့ဆိုပြီး စာအုပ်လေးအုပ်နဲ့ ဖိနပ်တစ်ရံကို ပြန်ပေးထားခဲ့တာ မျက်စိထဲမြင်ပြီး အလွန်ကျေနပ်မိ ပါတယ်ဘုရား။ အရွယ်လေးက ဘုရားတပည့်တော်မရဲ့ မြေးအငယ်ဆုံးထက်တောင် ငယ်မလားမသိပါဘုရား။

သို့သော် _သူ့ရဲ့ အလိုလောဘ နည်းမှု၊ သူ့ရဲ့ ဘဝကို အေးချမ်းအောင် နေတတ်မှုကို တပည့်တော် အားကျမိပါတယ်။ အဲဒီတုန်းက ရဟန်းတော်ငယ်ကို ဖူးတွေ့ရပြီး အားကျစိတ် အံ့သြစိတ် ဖြစ်ခဲ့မိတာ အမှန်ပါပဲဘုရား။ ပစ္စည်းရှိလို့ ဘဝပြည့်စုံတာ မဟုတ်ဘဲ ရောင့်ရဲပြီး အသက်မွေး လွယ်ကူမှုကြောင့်လည်း ဘဝဟာ ပြည့်စုံနိုင်တယ်ဆိုတဲ့ သင်ခန်းစာကို ခုတင်ဆောင် ရဟန်းကို ဖူးမြင်ရာမှ သင်ခန်းစာကို လက်တွေ့ မျက်မြင် ရရှိခဲ့ပါတယ်ဘုရား။ မရှိချမ်းသာကိုလည်း အရင်ထက် နည်းနည်းပိုပြီး နားလည် လာပါပြီဘုရား။_

တပည့်တော် လျှောက်ထားလိုရင်းမှာ ဘုရားတပည့်တော်၏ ဘဝအမြင် ပြောင်းလဲမှုကို လျှောက်ထားလိုရင်း ဖြစ်ပါတယ်ဘုရား။ အမှားအယွင်း ပါရင်လည်း ခွင့်လွှတ်ပေးပါရန် ရိုသေစွာ တောင်းပန်ပါတယ်ဘုရား။

လိုချင်တာလေးတစ်ခု ရှိနေရင်ကို စိတ်မှာ ပူပန် နေရပါပြီဘုရား။ ဖြစ်မှဖြစ်ပါ့မလားလို့ တွေးနေရတာလည်း ပူပန်လှပါပြီဘုရား။ ရမှရပါ့မလားလို့ စိတ်မှာ ဖြစ်နေရတာလည်း ပူလှပါတယ်ဘုရား။ စိတ်ရဲ့ တည်ငြိမ် အေးချမ်းမှုကို ဖျက်ဆီး ခံနေရပြီဘုရား။ ငြိမ်းအေးတဲ့ စိတ်ရဲ့ Quality နဲ့ နှိုင်းယှဉ်မှပဲ ဒါကို ပူလောင်မှန်း ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သေသေချာချာ သိရပါတော့တယ်ဘုရား။ သာမန်သိဖို့ဆိုတာ မဖြစ်ကောင်းပါဘုရား။ ဒါမှပဲ ဒီပူလောင်တာက လောဘပဲ အကုသိုလ်တရားပဲ ဆိုတာကလည်း ပေါ်လွင်လှပါတယ်ဘုရား။

ဘုရားတပည့်တော် အရင်ကလည်း လောဘအကြောင်းကို သိခဲ့ဖူးပါတယ်ဘုရား။ အရင်သိတာထက် ယခုပိုပြီး နက်နဲသွားပါတယ်။ နောက်တစ်ခါ သိရရင်လည်း အရင်ထက် ပိုပြီး နက်နဲလိမ့်မယ်လို့ ဘုရားတပည့်တော် မှန်းဆ မိလာပါတယ်ဘုရား။ တပည့်တော်မရဲ့ လိုချင်မှုလေးဟာ ဇိမ်ခံကားလည်း မဟုတ်ပါဘူးဘုရား။ နောက်ဆုံးပေါ် ကွန်ပျူတာလည်း မဟုတ်ပါဘူးဘုရား။ ဘုရားတပည့်တော် လိုချင်တာလေးက တရားအားထုတ်တဲ့အခါ ထိုင်ဖို့ သမင်သားရေကို မှာထားတာ ချိန်းတဲ့ရက် လွန်လာပြီဖြစ်သော်လည်းပဲ မရောက်လာလို့ အဲဒီအပေါ်မှာ စိတ်က ရောက်ရောက်နေပြီး “ရပ့ါမလား၊ ဖြစ်ပါ့မလား၊ ဟိုလိုဖြစ်ရင်

တော့ဒုက္ခ၊ ဒီလိုဖြစ်ရင်တော့ အဆင်ပြေမယ် မထင်ဘူး” ဆိုပြီး တွေးတော ပူလောင်ခဲ့တာကို ဘုရားတပည့်တော် လျှောက်ထား အပ်ပါတယ်ဘုရား။ *ဘုရားတပည့်တော် ဘယ်အကြောင်းအရာကိုမှ အပူလောင်ခံပြီးတော့ နောက်နောင် မတောင့်တလိုတော့ပါဘူးဘုရား။*

ဆရာတော်ဘုရားရဲ့ ကျေးဇူး ကြီးမားလှပါတယ်ဘုရား။ မျက်စိလည် လမ်းမှားပြီးတော့မှ တောကြီးမျက်မည်းထဲ စမ်းတ၀ါး၀ါး ဖြစ်နေတဲ့သူကို လက်တွဲပြီး လမ်းမှန် ကမ်းမှန်ရောက်အောင် ခေါ်ဆောင်ပေးသလို ဖော်မပြနိုင်အောင်ကို ကျေးဇူး ကြီးမားလှပါတယ်ဘုရား။

ဆက်လက် လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ တပည့်တော်မစိတ်ထဲ ရံခါလည်း လောဘဖြစ်ပြီး စိတ်ပူပန် တတ်ပါသေးတယ်ဘုရား။ *ကြီးကျယ်တဲ့ သောကဖြစ်စရာ ကြုံလို့လည်းပဲ ငြိမ်းအေးမှုနဲ့ အပူက ဘုရားတပည့်တော်ရင်ထဲမှာ ဘတစ်ပြန်ကျားတစ်ပြန်၊ ပူတလှည့် အေးတလှည့် ဖြစ်တတ်ပါသေးတယ်ဘုရား။ သို့သော် ရှေးရှေးတုန်းကလို ဖြစ်ကြောရှည်ပြီး မပြီးနိုင်မဆုံးနိုင်၊ ဟိုလူမကောင်းလို့ ဒီလူမကောင်းလို့ ဟိုဟာကြောင့် ဒီဟာကြောင့်လို့တော့ စိတ်ထဲမဖြစ်တာ ကြာပါပြီဘုရား။*

ဘ၀ရဲ့ ဖြစ်သမျှအကြောင်း ဘုရားတပည့်တော် ကံကြောင့်ပဲဆိုတာကို ပိုပြီး လက်ခံ လာနိုင်ပါပြီဘုရား။ ဘုရားတပည့်တော် အရှင်မြတ်၏ သွန်သင် ဆုံးမမှုကြောင့် *ဖြစ်သမျှ အားလုံးသော အကြောင်းအရာတွေဟာ တစ်နေ့ ကွဲကွာရမှာချည်းပဲ ကြုံဆုံသမျှ*

*အားလုံးဟာလည်း တစ်နေ့ ခွဲခွာရမှာချည်းပဲ၊ ရှိသမျှ အားလုံးဟာလည်းပဲ တစ်နေ့ ကုန်ကြရမှာချည်းပဲ ဆိုတာကို တပည့်တော် ထဲထဲဝင်ဝင် လက်ခံ လာနိုင်ပါပြီဘုရား။ အရင် လက်ခံတာနှင့်တော့ မတူတော့ပါဘူးဘုရား၊ ပိုပြီး နက်ရှိုင်း လာပါတယ်။*

*လောကကြီးကို ဟုတ်တယ် ထင်တုန်းကသာ ပျော်ခဲ့ပါတယ်ဘုရား။ မော်ခဲ့ပါတယ်ဘုရား၊ ကြွားခဲ့ ပါတယ်ဘုရား၊ အခု ဘာမှမဟုတ်မှန်း ပိုပိုပြီး သိလာတော့ မော်ကြွားဝင့်ဝါ ပျော်ပါးပြီး နေမရတော့ပါဘူး ဘုရား။ မနေချင်တာ မဟုတ်ပါ ဘုရား၊ နေလို့မရတော့တာပါဘုရား။* ဝင့်ဝါ မော်ကြွားတတ်တဲ့ မကောင်းတဲ့စိတ်ရဲ့ အမူအကျင့်တွေကို တန်ဖိုး မထားတော့တာလည်း ပါမယ် ထင်ပါတယ်ဘုရား။ စိတ်က အလိုလို ပြောရမလောက်ကို ကောင်းနေပါတယ်ဘုရားလို့ လျှောက်ထားပါရစေ၊ သို့သော် အမြဲတမ်းတော့ မဟုတ်ပါဘုရား။

*စိတ်ကငြိမ်းပြီး အေးနေတဲ့ အကြောင်းအရာတွေလည်း များစွာ ရှိနေမယ်လို့ ထင်ပါတယ်ဘုရား။ သို့သော် ဘယ်အရာမှ ဘာမှမ မဟုတ်တာဆိုတဲ့ အသိရဲ့ နက်ရှိုင်းမှုကြောင့်လည်း ဘုရားတပည့်တော် စိတ်ငြိမ်းအေးနေတာတော့ သေချာပါတယ်ဘုရား။*

ဘုရားတပည့်တော် အခုလို လျှောက်ထားဝံ့တာကတော့ ရာထူးဌာနန္တရ၊ ငွေကြေးဥစ္စာ၊ စီးပွား ဂုဏ်နေ၊ သားသမီး မိသားစု စတာတွေကို ဟုတ်တယ် ထင်တုန်းကသာ ပူပန်ခဲ့ရတာပါဘုရား။ ဘာမှ မဟုတ်တာပဲဆိုတာကို ထဲထဲဝင်ဝင် သိလာရတော့ ဘုရားတပည့်တော် မပူပန် တတ်တော့ပါဘုရား။ မပူပန်ချင်တာ မဟုတ်ပါဘုရား။ ပူပန်လို့ မရတော့တာပါဘုရား။

လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ *ဟုတ်တယ် ထင်တုန်းကသာ ဂုဏ်ကြီးချင်ခဲ့ဖူးတာဘုရား၊ ဘာမှ မှ မဟုတ်တာကို သိလာတော့ ဂုဏ်ကြီးချင်စရာမှ မရှိတော့တာပဲဘုရား။ ဟုတ်တယ်ထင်တုန်းကသာ တုန့်ပြန်ခြင်းပြီးတော့မှ ပြိုင်ဆိုင်ကာ မာနတွေကြီးခဲ့ပါတယ်ဘုရား။ ဘာမှ မှ မဟုတ်တာလို့ သိလာတော့ ပြိုင်ချင်စိတ် မရှိတော့ပါဘုရား။ ပြိုင်လို့လည်း မရတော့ဘူးဘုရား။ ဘုရားတပည့်တော် ရိုသေစွာ လျှောက်ထား ပါရစေဘုရား။ အဲဒီအသိဟာ ခိုင်တလှည့် မခိုင်တလှည့် ဖြစ်ဖြစ်နေပါတယ်ဘုရား။* ဒါကြောင့် ဘုရားတပည့်တော်မ ရင်ထဲ အပူကင်းပါပြီဘုရား။ ဘုရားတပည့်တော် ငြိမ်းအေးပါပြီဘုရား။ ဘုရားတပည့်တော် ရင်ထဲမှာ ကိလေသာအားလုံး အန်ထုတ်လိုက်ပါပြီဘုရားလို့တော့ မလျှောက်ဝံ့သေးပါဘုရား။ စိတ်က ပကတိ သန့်ရှင်း ကြည်လင်သွားပါပြီဘုရားလို့လည်း ဘုရားတပည့်တော် မလျှောက်ဝံ့သေးပါဘုရား။

ဘုရားတပည့်တော်စိတ်မှာ ကိလေသာတွေ၊ နီဝရဏတွေ မဝင်အောင်တော့ ဝိပဿနာနဲ့လည်း ဖယ်ရှားနေပါတယ်ဘုရား။ မေတ္တာကမ္မဋ္ဌာန်းနဲ့လည်း ဖယ်ရှားနေပါတယ်ဘုရား။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် ထုံမွမ်းထားဖို့လည်း တပည့်တော် လေ့ကျင့်နေပါတယ်ဘုရား။ *ကူးနေတုန်းတော့ မမြုပ်ပါဘူးဘုရား။ ခြေ လက် မလှုပ် နိုင်တော့ရင် ရေထဲမြုပ်သွားသလို ဘုရားတပည့်တော်လည်း အမြဲတမ်း ဘာဝနာတစ်ခုခုကို နှလုံးသွင်း နေရပါတယ်ဘုရား။ ဘာဝနာလွတ်တာနှင့် ကိလေသာ ဝဲသြဃထဲကို နစ်မြုပ် သွားပါတော့တယ်ဘုရား။*

မောဟကြောင့် ရှုံးသွပ်မိုက်မဲပြီးတော့မှ လောဘမီး ဟုန်းဟုန်းတောက်ပြီး ဒေါသရဲ့ ဖမ်းဆီးခြင်း ခံနေရတဲ့ လောကကြီးနဲ့ ဆက်ဆံပြီး နေထိုင်ရတာ အန္တရာယ် များလွန်းလှပါတယ်ဘုရား။

*ဒါကြောင့် ခိုက်ရန်ဖြစ်တဲ့ လောကကြီးနဲ့ ဘုရားတပည့်တော် ခိုက်ရန်မဖြစ်ဘဲ နေကျင့်ပါတော့မယ်ဘုရား။ ငြင်းခုန်နေတဲ့ လောကကြီးမှာ ဘုရားတပည့်တော် မငြင်းခုန်ဘဲ နေပါတော့မယ် ဘုရား။ ပူပင်သောက များနေတဲ့ လောကကြီးမှာ ဘုရားတပည့်တော် အပူအပင်ကင်းအောင် နေတတ်ဖို့ ကြိုးစားပါ့မယ်ဘုရား။ ပူလောင် ရှုပ်ထွေး ရှုံးသွပ်နေတဲ့ လောက ကြီးကို Bye Bye လို့ နှုတ်ဆက်ပြီး အေးအောင် ရှင်းအောင် နေဖို့ကိုပဲ အမြဲလေ့ကျင့်နေပါတယ် အရှင်မြတ်ဘုရား။*

*ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေကြောင်း မေတ္တာပို့ ဆုတောင်းပါတယ်ဘုရား။*

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ၌
ရေးသားသည့်
ဆရာတော်၏ စာတို့သည်
ဒါယိကာမ၏ လျှောက်ထား
မေးမြန်းလာသည့် စာ၏ ပြန်စာသာ
ဖြစ်သင့်သော်လည်း
ထိုစာ၌ ရက်စွဲမပါရှိသဖြင့်
စာဖတ်သူမှပင် ဖြည့်စွက်ကာ
နားလည်ပေးပါရန်။

**ဒါယိကာမ၏ (၂၄.၁၂.၈၉) ရက်စွဲပါစာကို လက်ခံရရှိလို့ ပြန်ကြား အသိပေးလိုက်ပါတယ်။**

မိမိတို့ တရားအားထုတ်တဲ့ ပဋိပတ် မဂ္ဂင်လမ်းက ဖြောင့်တန်း မှန်ကန်နေတဲ့အတွက်ကြောင့် ဘုရားဟော ပရိယတ်အမြင်နဲ့ တသွေ မတိမ်း ကိုက်ညီနေတာပါ။ ဒါကြောင့် ပရိယတ်၊ ပဋိပတ် စွယ်စုံ နှံ့စပ်တော်မူကြတဲ့ ဆရာတော်ဘုရားကြီးများရဲ့ ဟောကြား ဆုံးမမှုက လည်းပဲ မိမိတို့ ဒီနေ့ အားထုတ်နေတဲ့ ရှုကွက်ထဲမှာ ပါနေတာပါ။

ဒါ အလွန် အားရစရာကောင်းပါတယ်။ အလွန် ကျေနပ်စရာ ကောင်းပါတယ်။ ဒါပေမယ့် ပရိယတ်ဘောင်ကို ကျော်ကာ စိတ် အထင်နဲ့ အားထုတ်နည်းကို ဟောပြော သွန်သင် ပြသပေးနေကြတဲ့ တရားလမ်းကြောင်းတွေက ဘုရားဟော ပရိယတ်ဘောင်ထဲကို ဝင်အောင် ညှိလို့မရဘဲ ဖြစ်တတ်ပါတယ်။ ပရိယတ်ဘောင်အပြင် ထွက်လို့ကတော့ ဘုရားသာသနာနဲ့ လွဲပါပြီ။

*ဆက်လက်ပြီး အသိပေးလိုတာက ဉာဏ်ချမ်းသာကို ပိုသိလေ ကိလေသာဆင်းရဲက ပေါ်လွင်လာလေပါပဲ။ တစ်ဖက် ကလည်း ကိလေသာဆင်းရဲ ပေါ်လွင်လာလေ ဉာဏ်ချမ်းသာကို သိလာလေပါပဲ။ တစ်သံသရာလုံး ဉာဏ်မရှိလို့ တို့တတွေ ဆင်းရဲ ခဲ့တာ ပါလားဆိုတာကိုလည်း ပိုပြီးတော့ နားလည် လာနိုင်ပါတယ်။ ပမာပြုရရင် လက်သမားအိုကြီးတစ်ယောက် ပဲခွပ်တစ်လက်နှင့် သစ်သားကို ခုတ်လေ့ရှိတယ်။ ကာလကြာတော့ ပဲခွပ်ရိုးမှာ ပွန်းပြီး လက်မနှင့် လက်ချောင်းရာ ထင်လာပါတယ်။*

လက်သမားက "ဒီနေ့ ငါ့ပဲခွပ်ရိုးမှာ ဒီမျှလောက်တော့ ပွန်းပြီ၊ လက်ရာ ဒီမျှထင်လာပါတယ်" လို့တော့မသိဘူး။ ကာလ ရှည်ကြာ သုံးပြီးဖြစ်လို့သာ ပဲခွပ်ရိုးမှာ လက်ရာထင်တာပဲ သိသာနိုင်ပါတယ်။

ဒီအတိုင်းပဲ ဘာဝနာတရား ပွားတဲ့သူမှာလည်း "ငါ့ သန္တာန်မှာ ဒီနေ့ ကိလေသာ အညစ်အကြေး ဒီမျှ ကုန်စင် သွားပြီ" လို့တော့ မြင်ခဲ သိခဲပါတယ်။ ကိလေသာ ကင်းစင်လာတာကိုတော့ ယောဂီ ပုဂ္ဂိုလ်က သေသေချာချာကြီးကို သိနိုင်ပါတယ်။[၁]

ကိလေသာဟာ သိမ်မွေ့လွန်းလှပါတယ်။ ပရိယာယ် ကြွယ်လွန်းလှပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဆုံးမမှုသာ မရရင် သာမန်လူများ ဘယ်လိုနည်းနဲ့မှ မသိနိုင်ပါဘူး။ သိဖို့ထက် စိတ်ကူး နှင့် မှန်းဆမိဖို့တောင် မဖြစ်နိုင်ကောင်းပါဘူး။

ဘုန်းကံပါရမီ ကြီးမားကြတဲ့ ပုဂ္ဂိုလ်များအဖို့ အခုလို သာသနာတော်နဲ့ ကြုံကြိုက်ရတာ ကျေးဇူး များလွန်းလှပါတယ်။ ဘဝက မြင့်မြတ်သည်ထက် မြင့်မြတ်၊ ကြီးကျယ်သည်ထက် ကြီးကျယ်ပြီး ဘဝ လွတ်မြောက်တဲ့အထိကို လိုတရသွားနိုင်ပါတယ်။

ဘုန်းကံပါရမီ ပါးရှားသူတွေ အဖို့ကျတော့ ယခုလို သာသနာနဲ့ ကြုံကြိုက်ရတာကို ကျေးဇူးနည်းလိုက်တာ ယုတ်နိမ့်သည်ထက် ယုတ်နိမ့်၊ နိမ့်ကျသည်ထက် နိမ့်ကျသွားလိုက်တာ အပါယ်သက်တမ်း ကြာသည်ထက် ကြာအောင်ပဲ ဖြစ်ပါတော့တယ်။

သာသနာ့အဆုံးအမကို ကြုံကြိုက်ပြီး သာသနာအသိ ရင်ထဲ ကိန်းဝပ်လာတဲ့သူဟာ အရင်လို မတွေးတော့ဘူး။ အရင်လို မပြော

၁။ (၇၁) ဘာဝနာသုတ္တ၊ မဟာဝဂ္ဂ၊ သတ္တကနိပါတ၊ အင်္ဂုတ္တရပါဠိ။

*တော့ပါဘူး။ အရင်လို မလုပ်တော့ဘူး။ အရင်လို လုပ်နေရင် တောင်မှ အရင်စိတ်နဲ့ မဟုတ်တော့ပါဘူး။ ဒါဟာ ဝိပဿနာ တရား သမားရဲ့ စိတ်နေစိတ်ထားပါ။* ဥပမာ တရားအသိ ရှိတဲ့သူရဲ့ အိမ်မှာ ဖြစ်စေ၊ တရားအသိ မရှိတဲ့သူရဲ့ အိမ်မှာဖြစ်စေ အိပ်ခန်းထဲကို ကင်းခြေများ တစ်ကောင်ဝင်လာရင် နှစ်ဦးစလုံးက ဒီကင်းခြေများကို အိပ်ခန်းအပြင်ဘက် ထုတ်မှာသေချာပါတယ်။ အိပ်ခန်း ကုတင်ပေါ် မှာ ကင်းခြေများ နဲ့တော့ အတူတူအိပ်မှာ မဟုတ်ပါဘူး။

သို့သော် *တရားအသိရှိတဲ့သူက ကင်းခြေများကို အပြင်ရောက်ရုံ ဆောင်ရွက်ပြီး လွှတ်လိုက်မှာပါ။ သေအောင် လုပ်မှာ မဟုတ်ပါဘူး။ တရားအသိမရှိတဲ့ သူကတော့ ကင်းခြေများကို သေအောင် ရိုက်သတ်ပြီးမှ အပြင်ကို ထုတ်မှာ သေချာပါတယ်။ ဒါကြောင့် ကင်းခြေများကို အိမ်အပြင် ထုတ်တာခြင်း တူသော်လည်းပဲ စိတ်နေစိတ်ထား ကွာတဲ့အတွက် တစ်ယောက်က ကင်းခြေများ အရှင်ကို ထုတ်တယ်။ နောက်တစ်ယောက်ကတော့ ကင်းခြေများ အသေကို အိမ်ပြင်ထုတ်ပါတယ်။ စိတ်ဓာတ်အခံ ကွာနေလို့ပါ။*

*သူတော်ကောင်းဆိုတာ ကောင်းတဲ့အမှုကို ပြုလွယ်ပြီး သူယုတ်မာက ကောင်းတဲ့အမှုကို ပြုနိုင်ခဲတယ်။ သူယုတ် မာက မကောင်းတဲ့အမှုကို ပြုလွယ်ပြီး သူတော်ကောင်းတို့ ကျတော့ မကောင်းတဲ့အမှုကို ပြုဖို့ရာ ခဲယဉ်းလှတယ်လို့ မြတ်စွာဘုရား မိန့်တော်မူပါတယ်။*[၁]

ဘဝမှာ ရောင့်ရဲတင်းတိမ်ပြီး အေးချမ်းစွာ နေတတ်တာဟာ

---

၁။ (၄၈) သံဃဘေဒသုတ္တ၊ သောဏဝဂ္ဂ၊ ဥဒါနပါဠိ။

Great art ပါပဲ။ ဒါလုပ်ရင် ကိလေသာတိုးမယ်ဆိုရင် အဲဒါကို မလုပ်သင့်ဘူး။ ဒီလိုတွေးရင် ကိလေသာတိုးမယ်ဆို ဒီလိုမတွေး သင့်ပါဘူး။ သို့သော် လောကနဲ့တော့ ဆန့်ကျင်ဘက်ပါပဲ။ ဘယ်လောက် အားခွန်ဗလ ကြီးမားတဲ့ ယောကျ်ား သူရဲကောင်းဖြစ်စေကာမူ မိန်းမဆိုတဲ့ အာရုံနဲ့ကျရင် ဒူးထောက်လက်မြှောက် အရှုံး ပေးသွားကြရတာပါပဲ။ ဘယ်လောက် လှပကြော့ရှင်း ဂုဏ်တင့်တဲ့ မိန်းမဖြစ်စေကာမူ ပုရိသဆိုတဲ့ ယောကျ်ားအာရုံနှင့်ကျရင် မျက်ရည်မျက်ခွက် ဒုက္ခပင်လယ်ဝေကြတာပါပဲ။

*ဘဝဆက်တိုင်း ဆက်တိုင်း ဒုက္ခပေးခဲ့တဲ့ အာရုံဖြစ်ပေမယ့် မှတ်ကိုမမှတ်ကြဘူး။ သိကိုမသိကြဘူး။ ဒီအာရုံနှင့် ဝေးရင် ချမ်းသာမယ်ဆိုတာ တွေးတောင် မတွေးဝံ့ကြပါဘူး။*

ပိုးဖလံမျိုး မီးကိုတိုးသလို သတ္တဝါတွေ တိုးပြီးရင်း တိုးရင်း ဘဝတွေ ကုန်ဆုံးစေတာ အံ့သြစရာပါပဲ။ ဒါ ချမ်းသာအစစ် မဟုတ်ဘူး။ ချမ်းသာအစစ်ရရာ လမ်းကြောင်းလည်း မဟုတ်ပါဘူး။

*တကယ့်ချမ်းသာ အစစ်ကို သွားရာလမ်းရဲ့ ဆန့်ကျင်ဘက်ကို သွားတဲ့လမ်းပဲဆိုတာ လောကကြီးကို ဘယ်လို စကားလုံးနှင့် ရှင်းပြရရင် လက်ခံကြမလဲ? သာသနာနဲ့ကြုံတဲ့ ဘဝရဲ့ လိုရင်းကတော့ ဘယ်ဟာမှ ဘာမှမဟုတ်ဘူးဆိုတာကို သဘော ပေါက်ဖို့ လိုရင်းပါပဲ။ ဘယ်ဟာမှ ဘာမှ မှ မဟုတ်ဘူးဆိုတာ ပိုပြီးသိလေ ပိုပြီး လွတ်လပ်လေပါပဲ။ ဒါ့ကြောင့် ဘယ်ဟာမှ ဘာမှမဟုတ်ဘူးဆိုတာ နည်းနည်းလေးသိရင် နည်းနည်းလေး လွတ်လပ်ပါတယ်။ အပြည့်အစုံသိရင်တော့ ပြည့်ပြည့်စုံစုံ လွတ်လပ်လာပါပြီ။*

တရားအားထုတ်တဲ့ ယောဂီတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို

စစ်ကြည့်သင့်တယ်။ တချို့ကိစ္စတွေကိုတော့ ဘာမှမဟုတ်ဘူးလို့ လက်ခံနိုင်ပြီး တချို့ကိစ္စတွေကိုတော့ လက်ခံလို့ မရသေးတာကို သတိပြုမိပါလိမ့်မယ်။ ကြိုးစားအားထုတ်သွားပါ။ ကြိုးစားအားထုတ်သွားတာနဲ့အမျှ ဘဝနဲ့ပတ်သက်လို့ လောကနဲ့ပတ်သက်လို့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာနိုင်မှာပါ။ လမ်းကြောင်းက ဒီလမ်းကြောင်းပါပဲ။ တရားဟာ အခြားမရှိပါဘူး။ ဒါပါပဲ။ ဒါဟာ Right Choice မှန်ကန်တဲ့ ရွေးချယ်မှုပါပဲ။ *မဂ္ဂင်ရှစ်ပါးမှအပ လွတ်မြောက်မှုကိုသွားစရာလမ်း ဒီကမ္ဘာလောကမှာ တခြားမရှိပါဘူး။*[၁]

*လူက ကိလေသာကို ပယ်လို့ မရကောင်းပါဘူး။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကသာ ကိလေသာ အပြီးပယ်တာပါ။ ဆိုင်ရာဆိုင်ရာ မဂ်က ဆိုင်ရာဆိုင်ရာ ကိလေသာပယ်ပြီး နောက်တော့ အဲဒီ ကိလေသာက သန္တာန်မှာ နောင်ဘယ်တော့မှ ပြန်ဖြစ်ရိုး ထုံးစံ မရှိတော့ပါဘူး။*[၂]

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ကိလေသာကို အပြီးတိုင်ပယ်ကာ ဘဝလွတ်မြောက်မှုဆီသို့ တက်လှမ်းနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (    )ရက်

---

၁။ (၃၃) ဓမ္မဒါယာဒသုတ္တ၊ မူလပဏ္ဏာသပါဠိ။
၂။ (၁၄၆) ခဂ္ဂဝိသာဏသုတ္တနိဒ္ဒေသ၊ စူဠနိဒ္ဒေသပါဠိ။

**ဒါယိကာမသို့ အသိပေးပြန်ကြားလိုက်ပါတယ်။**

အာရုံရှုပ်ထွေးလို့ စိတ်ရှုပ်ထွေးနေတာတော့ မဟုတ်ပါဘူး။ စိတ်ရှုပ်ထွေးလို့ကို အာရုံတွေက ရှုပ်ကုန်တာပါ။ ဒါကို ဥပမာတစ်ခုနဲ့ တင်စားပြီးတော့မှ ဖော်ပြပေးပါမယ်။

တစ်ခါက တောအုပ်တစ်ခုမှာ ခွေးအတစ်ကောင် ရှိသတဲ့၊ သူ့ခမျာ သန်းတွေ ကိုက်တာရယ် ဝဲနာလည်း ရှိရှာတော့ ယားတတ်တယ်၊ ယားတော့ ငြိမ်ငြိမ်မနေနိုင်ဘူး။ ပြေးတယ်။ ပြေးတာ မသက်သာပြန်ဘူး။ ရပ်လိုက်တယ်၊ ရပ်နေလည်း မသက်သာဘူး၊ ဒါကြောင့် လှဲအိပ်လိုက်တယ်။ လှဲအိပ်ပြန်တော့လည်း မသက်သာတော့ ပြန်ပြီး ထခုန်လိုက်တယ်။ ထခုန်လို့ မသက်သာတော့ ခြုံထဲကို ပြေးဝင်လိုက်၊ ခြုံထဲကို ဝင်ပြေးလို့ မသက်သာပြန်တော့ သစ်ခေါင်းထဲ ဝင်ပြေး၊ သစ်ခေါင်းထဲ ဝင်ပြေးတော့လည်း မသက်သာဘူး၊ ဂူထဲကို ပြေးသွားရှာတယ်။ သူ့ခမျာ ငြိမ်ငြိမ်နေရတယ်ကို မရှိရှာဘူး။

မထေရ်မြတ်တစ်ပါးက "နေ့ခင်းက ခွေးအကို မြင်ကြသလားတဲ့၊ ရပ်လည်းဒုက္ခ၊ ပြေးလည်းဒုက္ခ၊ ထိုင်လည်းဒုက္ခ၊ ရပ်နေရတာ မသက်သာရှာလို့ ထိုင်ရပြန်တယ်။ ထိုင်တော့လည်း အဆင်မပြေပြန်ဘူး၊ ပြေးနေပြန်တယ်။ ပြေးတော့လည်းပဲ အဆင်မပြေတော့ လှဲအိပ်နေပြန်တယ်။ အဲဒီတော့ သစ်ခေါင်းက အပြစ်လား၊ ခြုံပုတ်က အပြစ်လား၊ တောကအပြစ်လား၊ ဂူကအပြစ်လား၊ ပြဿနာက အဲဒါတွေမဟုတ်ဘူး။ ပြဿနာအရင်းခံက ဝဲနာ ယားနာတွေပဲတဲ့"။

<u>*လူတွေမှာလည်း အဲဒီလိုပဲ ကိလေသာတွေကြောင့် အာရုံပေါ်မှာ ထိန်းချုပ်မှုမရှိဘူး။ ကိုယ့်ဒုက္ခကို ပြင်ပကိစ္စတွေ လွှဲချတယ်။ ဒီနေရာမှာ နေရတာကို မကျေနပ်ဘူး၊ ဟိုနေရာကို သွားချင်တယ်၊*</u>

*ဟိုနေရာမှာ နေရတာကို အဆင်မပြေဘူးလို့ ယူဆတယ်။ ဒီနေရာကို သွားတယ်။ ဒါလုပ်ရတာကို အဆင်မပြေဘူးလို့ ဆိုပြီး ဟိုဟာ လုပ်ပြန်တယ်၊ ဟိုဟာလုပ်ရတာ အဆင်မပြေဘူးဆိုပြီး တစ်ခါ ဒီဟာလုပ်ပြန်တယ်။ တစ်သက်တာလုံး အဲဒီလိုပဲ မကျေမနပ်နဲ့ဘဲ ဘဝ ကုန်ဆုံးနေကြရတယ်။ ခွေးအမှာ ဝဲနာသာမရှိတော့ရင် ဘယ်သွားသွား ချမ်းချမ်းသာသာ နေနိုင်သလို လူမှာလည်းပဲ ကိလေသာတွေကိုသာ ဖယ်ရှားလိုက်နိုင်မယ်ဆိုရင် ဘယ်သွားသွား ကျေနပ်ရောင့်ရဲပြီး နေနိုင်မှာ အမှန်ပါပဲ။* ဒါကြောင့် ပြဿနာက အပြင်မှာ မဟုတ်ပါဘူး။ ပြဿနာက အတွင်းမှာပါ ကိုယ့်ရဲ့စိတ်ကို ရှင်းဖို့ ကိုယ့်စိတ်မှာ ကိလေသာတွေ ကင်းဖို့သာလျှင် ပဓာန ကျပါတယ်။

စိတ်မှာ ကိလေသာတွေ ကင်းနေပါစေ။ အဲဒါ ကုသိုလ်နဲ့ နေတာပါပဲ။ ကုသိုလ်နဲ့နေလိုက်ရင် အကုသိုလ် အလိုလို ပယ်ခွာပြီး သွားပါ။ ကုသိုလ်နဲ့နေတဲ့ အလေ့အကျင့် များများလုပ်ပေးဖို့ လိုပါ တယ်။ ကုသိုလ်နဲ့ နေတာကြာလာရင် ဉာဏ်က ကုသိုလ်နဲ့ပဲ နေ တော့တယ်။ အကုသိုလ်နဲ့ မနေချင်တော့ဘူး။ အခု ဘာလို့ အကုသိုလ်နဲ့ နေချင်တာလဲဆိုရင် အကုသိုလ်နဲ့ နေလာခဲ့တာ အကျင့်ပါနေလို့ပါ။ ဒါကြောင့် သတ္တဝါတွေက အကုသိုလ်နဲ့ပဲ နေချင်ကြတာပါ။ ကုသိုလ်နဲ့နေတာ အကျင့် ပါသွားလို့ရှိရင်လည်းပဲ ကုသိုလ်နဲ့ပဲ နေချင်တော့တယ်။ အလေ့အကျင့်ပါပဲ။

*စိတ်ကို ငြိမ်းအေးအောင် နေတတ်လာတဲ့ ယောဂီမှာ ရံခါ အကြောင်းကြောင်းကြောင့် စိတ်က ပူလောင်လာရင် ဉာဏ်က စိတ် အေးအောင် တရားနာပါတော့လား၊ စိတ်အေးအောင် စကြ်ံ*

*လျှောက်ပါလား။ စိတ်အေးအောင် တရားအားထုတ်ပါဦးလား၊ စိတ်အေးစရာကိုပဲ ဉာဏ်က ရှာခိုင်းနေတော့တယ်။ အပူကို သူမလိုလားပါဘူး။*

*ဒါပေမယ့် စိတ်အေးတဲ့ အခါမှာတော့ အေးလှပါပြီ။ စိတ်ထဲမှာ ပူစရာလေးကိုလည်း ရှာပေးပါဦးလားလို့ ဉာဏ်က မတောင်းဆိုပါဘူး။ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲနေပါ။ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲ ဒါန ပြုပါ။ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲ တစ်နေ့တာဘဝကို ရပ်တည်ပါ။*

သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊
ဒေဝါ အာဘဿရာ ယထာ။[၁]

ရာဂ (ဒေါသ၊ မာန) ကြောင့်ကြမရှိဘဲ ချမ်းချမ်းသာသာ အသက်ရှင်သူအဖို့ ပြဟ္မာမင်းများလို ပီတိကပင် (အစာအာဟာရ) ဖြစ်တော့တယ်။

ဒါကြောင့် ငြိမ်းအေးတဲ့ စိတ်နဲ့ပဲ ဒီဘဝရဲ့ နောက်ဆုံးအချိန်ကို ရင်ဆိုင်ဖို့ပါပဲ။

တကယ်တမ်း ငြိမ်းအေးတဲ့စိတ်နဲ့ နေတတ်လာရင် တော်ရုံတန်ရုံအပူ တွေ့တာတောင်မှ စိတ်က မပူသေးဘူး။ အေးနေသေးတယ်။ အဲဒီလိုပဲ ကိလေသာအပူနဲ့ နေကျင့်များထားတဲ့ စိတ်မှာလည်းပဲ တော်ရုံ တန်ရုံ ကြည်လင်အေးချမ်းစရာ အာရုံကို ကြုံတာတောင်မှ မငြိမ်းအေးနိုင်ဘူး။ ပူနေသေးတယ်။ ဘာဖြစ်လို့လဲ၊ မီးများမီးနိုင်၊ ရေများရေနိုင် ဆိုသလိုပါပဲ။ အပူအားကြီးရင်လည်း အပူက နိုင်တာပါပဲ။ အအေး အားကြီးရင်လည်းပဲ အအေးက

၁။ (၁၅၄) ပိဏ္ဍသုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။

နိုင်တာပါပဲ။

သစ်ပင်တစ်ပင်ဟာ မြစ်ကမ်းတစ်ခုရဲ့ နဖူးမှာပေါက်ပြီး မြစ်ဘက်ကို ယိုင်နေရင် အဲဒီသစ်ပင်ဟာ တစ်နေ့သော အခါကာလ လဲတဲ့အခါမှာ ဧကန်မုချ မြစ်ဘက်ကိုပဲ လဲမှာပါ။ ကုန်းဘက်ကို မလဲနိုင်ပါဘူး။ ဘာဖြစ်လို့ မြစ်ဘက်ကို လဲတာလည်းဆိုရင် မြစ်ဘက်ကို ယိုင်နေလို့ပါပဲ။ ဘာဖြစ်လို့ ကုန်းဘက်ကို မလဲတာလည်း ဆိုရင် ကုန်းဘက်ကို မယိုင်လို့ပါပဲ။ အခုလည်း စိတ်တွေကို ကိလေသာ အညစ်အကြေးတွေကနေ ကင်းဝေးအောင် လေ့ကျင့်ပြီးတော့မှ ငြိမ်းအေးမှုနဲ့ပဲ နေတဲ့ အလေ့အကျင့်ကောင်းရထားလို့ရှိရင် နောက်ဆုံး လဲမယ့်လဲရင် ငြိမ်းအေးတဲ့ဘက်ကိုပဲလဲပါတယ်။

ယမုံနာ၊ ဂင်္ဂါ၊ အစိရဝတီစတဲ့မြစ်တွေဟာ သမုဒ္ဒရာဘက်ကိုပဲ ညွတ်၊ ကိုင်း၊ ရှိုင်းသလိုပဲ အင်္ဂါ ရှစ်ပါးရှိတဲ့ အရိယာမဂ်ကို ပွားတဲ့ပုဂ္ဂိုလ်ဟာလည်း နိဗ္ဗာန်ကိုပဲ ကိုင်းရှိုင်းညွတ်ပါတယ်။[၁]

“အကြင်ပုဂ္ဂိုလ်တို့သည် ငြိမ်းအေးသောစိတ် ရင့်ကျက်သော ပညာသတိ ရှိကုန်လျက်သာလျှင် သမထ ဝိပဿနာ နှစ်ပါးဖြင့် ရှုလေ့ရှိကုန်ပြီး ကာမတို့၌ ငဲ့ကွက်ခြင်း ကင်းကုန်သည်ဖြစ်၍ ခန္ဓာငါးပါးတရားကို အသင့်အားဖြင့် ရှုကုန်၏”။

“မမေ့မလျော့မှု အပ္ပမာဒတရား၌ မွေ့လျော်ကုန်သော မေ့လျော့မှု ပမာဒတရား၌ ဘေးဟုရှုကုန်သော သူတော်ကောင်းတို့သည် ဆုတ်ယုတ်ခြင်းငှာ မထိုက်ကုန် နိဗ္ဗာန်နှင့်သာလျှင် နီးကုန်၏” လို့ မြတ်ဘုရား မိန့်တော်မူပါတယ်။[၂]

မြတ်စွာဘုရားရှင် လက်ထက်တော်အခါ ပုဏ္ဏားရဲ့သား

၁။ (၁၀၉) ပထမသမုဒ္ဒနိန္နသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။
၂။ (၄၅) ပဋိသလ္လာနသုတ္တ၊ ဒုတိယဝဂ္ဂ၊ ဣတိဝုတ္တကပါဠိ။

မဋ္ဌကုဏ္ဍလီကလေးဟာ ရောဂါကြီးဖြစ်ပြီး ဆေးဝါးကုသမှု မပြည့် စုံလို့ အရွယ်ငယ်ငယ်လေးမှာပဲ သေဆုံးရှာတယ်။ စုတိစိတ် ကျခါနီး အချိန်လေးမှာ မြတ်စွာဘုရားကို ဖူးမြင်ခွင့် ရလိုက်တယ်။ သူ့အနေနဲ့ မြတ်စွာဘုရားထံတော်ပါးကနေ တရားလည်း မနာခဲ့ရဘူး။ သီလ လည်း ခံယူ ဆောက်တည်မှု မရှိခဲ့ရှာပါဘူး။ ထံတော်ပါးကိုလည်း တစ်စုံတစ်ရာမှ လှူဒါန်းခဲ့ခြင်းလည်း မရှိပါဘူး။

ဒီကလေးလေး စိတ်ပူ စိတ်ရှုပ်နဲ့သေလို့ရှိရင် သေချာပေါက် အပါယ်ကျမှာ။ ဒါကြောင့် မြတ်စွာဘုရားက မဋ္ဌကုဏ္ဍလီသတို့သား လေးနေတဲ့ရွာကို ကြွလာပြီးတော့ မဋ္ဌကုဏ္ဍလီ သတို့သားလေး လဲလျောင်းပြီးတော့မှ နေတဲ့ဆီကို ဘုရားရှင်ရဲ့ အလွန် ကြည်ညို စရာကောင်းတဲ့ ရောင်ခြည်တော် (၆)သွယ်ကို တန်ခိုးတော်နဲ့ လွှတ် တော်မူပါတယ်။ အဲဒီအချိန်မှာ ကလေးလေးဟာ အံ့အားသင့်ပြီး တော့မှ "ဩော် လှလိုက်တဲ့အရောင်၊ သိပ်ပြီး သဘာဝကျတဲ့ အရောင်ပဲ၊ ဘယ်လို အရောင်မျိုးပါလဲ၊ ဘယ်ကများ လာတဲ့ အရောင် ပါလဲလို့ မျက်လုံးကို အားယူပြီးတော့မှ ကြည့်လိုက်တဲ့အခါကျတော့ မြတ်စွာဘုရားရှင်ရဲ့ အလွန်ပဲ တင့်တယ်လှတဲ့ အသားရေတော်ကြီးကို မြင်လိုက်ရတဲ့အခါမှာ စိတ်ကလေးဟာ ကြည်လင်ပြီးတော့မှ သွားတယ်။ စိတ်ကလေးဟာ ရှင်းပြီးတော့မှ သွားတယ်။ စိတ် ကလေးဟာ အားတက်ပြီးတော့မှ သွားတယ်။ အဲဒီလို သန့်ရှင်း ကြည် လင်တဲ့ စိတ်ကလေး ဖြစ်နေသခိုက်မှာ မဋ္ဌကုဏ္ဍလီသတို့သား လေးဟာ စုတိစိတ် ကျသွားတယ်။ သူ့ရဲ့ လားရာဂတိက နတ်ပြည်ကို ရောက်ရှိပါတယ်။ မဋ္ဌကုဏ္ဍလီ နတ်သားဆိုပြီးတော့မှ ယနေ့ချိန်

ထိအောင် နတ်ပြည်မှာ ရှိလျက်ပါပဲ။ သူ့ရဲ့ သေခါနီး (Quality of mind) ကပဲ ကောင်းမွန်တဲ့ ဘဝတစ်ခုကို ပေးပို့ လိုက်တာပါပဲ။ ဒါဟာ အလွန်ကောင်းတဲ့ သက်သေသာဓက တစ်ခုပါပဲ။[၁]

ဒါကြောင့် အကုသိုလ် လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ သောကဖြစ်စရာကို ထပ်ပြန်တလဲလဲ၊ ထပ်ပြန်တလဲလဲ၊ ကြိမ်ဖန်များစွာ တွေးနေရင် အဲဒီ ဒေါသသော်လည်းကောင်း၊ သောကသော်လည်းကောင်း၊ စွမ်းအားတွေ ကြီးလာသလို ကုသိုလ်ဖြစ်စရာတွေကိုလည်း ထပ်ပြန်တလဲလဲ ထပ်ပြန်တလဲလဲ တွေးနေရင် ကုသိုလ်ဘက်မှာ စွမ်းအားတွေ ကြီးလာပါတယ်။ ပမာအားဖြင့် *မေတ္တာကမ္မဋ္ဌာန်းမှာပဲ စိတ်ကို ထပ်ပြန်တလဲလဲ ကျက်စားပေးလို့ ရှိရင် မေတ္တာစွမ်းအားတွေ ကြီးလာတယ်။ ငြိမ်းအေးမှုမှာလည်းပဲ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲနေ ငြိမ်းအေးတဲ့ စိတ်နဲ့ပဲနေ ငြိမ်းအေးတဲ့ စိတ်မှာပဲ ထပ်ပြန်တလဲလဲ ကျက်စားလို့ ရှိရင်လည်းပဲ ငြိမ်းအေးတဲ့ စွမ်းအားတွေ ကြီးလာပါတယ်။*

မသေရသေးတဲ့ ဘဝတာ ကာလတိုလေးမှာ လောကရေးရာ ပြဿနာတွေကို ရှင်းဖို့ထက် ကိုယ့်စိတ်ရှင်းဖို့ ကြိုးစားသင့်တယ်။ *စိတ်ရှင်းရင် ပြဿနာ ရှင်းပြီ။ ရှင်းနည်းသိပြီ။ ရှင်းရင် ကုသိုလ်နဲ့ နေတတ်ပြီ။ စိတ်တွေ ပူလောင်နေတယ်။ စိတ်တွေ ပင်ပန်းနေတယ်။ စိတ်တွေ ပြာယာခတ်နေတာ ဘာဖြစ်လို့လဲ။ အကုသိုလ်နဲ့ နေနေရလို့ပါ။ အကုသိုလ်ကြောင့် စိတ်တွေ ပူလောင် ပင်ပန်းနေတာပါ။*

မြေးကလေးကို မူကြိုကျောင်း ပို့ပြီးတော့မှ စာသင်စာပြ ပေးနေတဲ့အဘိုး၊ သူ့မြေးကလေး မူကြိုကျောင်း အပြေးပြိုင်ပွဲမှာ

၁။ မဇ္ဈိမပဏ္ဏာသဋ္ဌကထာ၊ ယမကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ)

ပထမရတော့ ပျော်မဆုံး ဖြစ်နေရှာပါတယ်။ တူကလေး ငိုနေတာကို အိပ်ပျော်အောင် ချော့သိပ်နိုင်တဲ့ အဒေါ်က သူ့တူက သူ့လက်ကိုပဲ ကြိုက်တယ်တဲ့။ *"ဩော် . . . သူတို့မှာ ကိလေသာဖြစ်တာ မသိရှာဘူး။ အမြင့်တက်ကြည့်မှပဲ သိနိုင်ပါတယ်။ အဲဒီထဲကနေ ထွက်ကြည့်မှပဲ ဒါကို မြင်နိုင်တော့မယ်။ နို့မို့ရင်တော့ ကိလေသာကို မြင်မှာ မဟုတ်ဘူး။ တရားအားထုတ်ရင် သိနိုင်ပါတယ်။ ကိလေသာ ထဲကနေ ကိလေသာကို မမြင်နိုင်ဘူး။ ဉာဏ်ဖြစ်မှသာလျှင် နှစ်ဘက်စလုံးရဲ့ (point of view) ကို မြင်နိုင်ပါတယ်။*

*ကာမဂုဏ်အမှု ကာမဂုဏ်ကိစ္စ မှန်သမျှ အားလုံးဟာ ဆင်းရဲဖို့ချည်းပဲ ဒုက္ခရောက်ဖို့ချည်းပဲ။ ဘယ်လိုနည်းနဲ့မှ ချမ်းသာတဲ့ လမ်းစဉ် မဟုတ်ဘူး။* ဘယ်လိုနည်းနဲ့မှ ချမ်းသာအောင် လုပ်လို့ရတဲ့ အကြောင်းအရာ မဟုတ်ဘူး။ ဒါပေမဲ့ ပရမတ်ဉာဏ် မရသူအဖို့ သိဖို့ဝေးစွ ရိပ်မိဖို့တောင် မလွယ်ပါဘူး။ ဒါကြောင့် *လူသားတွေခမျာ မသိလေ လုပ်လေ ပိုပြီး နစ်မွန်းလေ ပိုပြီး တိုးလုပ်လေ ပိုပြီး သံသရာမှာ နစ်မွန်းလေ ဒုက္ခရောက်လေ၊ ပိုပြီးတော့မှ ကြိုးစားလုပ်လေ ဘဝသံသရာမှာ ဒုက္ခရောက်လေ ဒီလိုပဲ ဖြစ်နေပါတော့တယ်။* ဒါကြောင့်လည်း တို့ကမ္ဘာလောကကြီး စည်ကား သိုက်မြိုက်လှပါတယ်။ တို့ကမ္ဘာ လောကကြီး အလွန်ပြည့်စုံ ကြွယ်ဝလှပါတယ်လို့ ဘယ်လောက်ပဲ ပြောစေကာမူ၊ ဘယ်လောက်ပဲ ကြွေးကြော်စေကာမူ၊ ဘဝသံသရာမှာ မနစ်မွန်းအောင် ဒုက္ခတွင်းကနေပြီးတော့ လွတ် မြောက်အောင် ရုပ်ဝတ္ထုပစ္စည်းက ဘာမှ မတတ်စွမ်းနိုင်ပါဘူး။ ဒါဟာ ဉာဏ်ရဲ့အရာပါ။ ဒါဟာ ဉာဏ်ရဲ့အလုပ်ပါ။ ဉာဏ်ကသာလျှင် တတ်နိုင်ပါတယ်။

ဒါယိကာမကြီးအနေဖြင့် ဘဝသံသရာကနေ လွတ်မြောက်

နိုင်တဲ့အထိ အသိဉာဏ်များ ဖွံ့ဖြိုး တိုးတက်နိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ( )ရက်

**ဒါယိကာမကြီးအား အသိပေး ပြန်ကြားအပ်ပါတယ်။**

ဗုဒ္ဓဟာ ယှံမှားနိုင်ဖွယ် မရှိတဲ့ ဇွဲ၊ လုံ့လ ဝီရိယတွေနဲ့ ဘဝများစွာ ပါရမီတွေ ဖြည့်ကျင့်ပြီးတော့ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုကို ရရှိခဲ့တယ်။ အဲဒီလို ပြောင်းလဲတိုးတက်မှုကပဲ *ဗုဒ္ဓကို လူသားတွေနဲ့ ခြားနားစေခဲ့ပါတယ်။*

*မြတ်စွာဘုရားရှင်ရဲ့ စွန့်လွှတ်မှု အနစ်နာခံမှုတွေဟာ စိတ်ကူးလို့တောင် မရနိုင်အောင် ကြီးကျယ် မြင့်မားလှပါတယ်။ ပြည့်ပြည့်စုံစုံ ထင်ထင်ရှားရှား ဖော်ပြလို့ မဖြစ်နိုင်လောက်အောင်ကို အံ့မခန်း ကြီးကျယ်လှပါတယ်။* မြတ်စွာဘုရားရဲ့ တရားတော်များဟာ ဆင်းရဲဒုက္ခကိုသာ ထောက်ပြတာ မဟုတ်ဘဲ ဆင်းရဲဒုက္ခမှ လွတ်ရာလွတ်ကြောင်း ထွက်မြောက်ရာ လမ်းကိုလည်းပဲ ပြည့်ပြည့်စုံစုံ လေးလေးနက်နက် ဖော်ပြထားပါတယ်။ ဒါကို သေသေချာချာ မလေ့လာမိတဲ့ ပုဂ္ဂိုလ်များနဲ့ကျော်ပြီး လေ့လာတဲ့ ပုဂ္ဂိုလ်များ အဖို့တော့ သိရှိနိုင်ဖို့ အလားအလာ ဘယ်တော့မှလည်း ရှိမှာ မဟုတ်တော့ပါဘူး။

သီရိလင်္ကာနိုင်ငံနေ ဗြိတိန်နိုင်ငံသား (Sir Fredrick John

Dickson) ကတော့ "ဗုဒ္ဓဘာသာဟာ ဘာသာတရားကိုင်းရှိုင်းပြီး ရိုးသား ဖြောင့်စင်းသူတို့ရဲ့ နှလုံးသားမှာ မြင့်မြတ်စွာ စံပယ်ကာ နေပါတယ်"လို့ ဖော်ပြတာ ဖတ်ဖူးပါတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမကြောင့် ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝမှာ ပေးကမ်း စွန့်ကြဲမှုတွေနဲ့ ပြည့်စုံပြီးတော့မှ နောက်ဆုံး သေလွန်တဲ့အခါမှာလည်း အနောက်တိုင်း နိုင်ငံသားတွေ အားကျ လောက်တဲ့ သေခြင်းမျိုးနဲ့ သေကြပါတယ်။

*မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတာဟာ နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်းပဲ မြတ်စွာဘုရားရဲ့ဂုဏ်ဟာ နောက်မှ ပေါ်ပေါက်လာတဲ့ ဘာသာရေး ခေါင်းဆောင်များစွာရဲ့ ဂုဏ်ထက် ပိုမို ထင်ရှားပြီးတော့မှ နေတာကလည်းပဲ ဗုဒ္ဓရဲ့ သီလ သမာဓိ ပညာဂုဏ်ကို ထင်ထင်ရှားရှား သက်သေ ခံလျက် ရှိပါတယ်။*[၁]

မဇ္ဈိမဒေသရဲ့ဝါဒ သမိုင်းတွေမှာ မြောက်မြားလှစွာသော ဘာသာရေး ခေါင်းဆောင်တွေ ပေါ်ပေါက်လာခဲ့သော်လည်းပဲ *ဗုဒ္ဓ မြတ်စွာဘုရားရဲ့ ဂုဏ်ကို မမှီခဲ့ပါဘူး။ ယခင်ကလည်း မမှီခဲ့ဘူး။ အခုလည်း မှီတဲ့ပုဂ္ဂိုလ် မရှိသေးပါဘူး။*

အင်္ဂလိပ်ပညာရှင် ဆာဗာရေဒေတိဟာ ဗုဒ္ဓဘာသာကိုတော့ လက်မခံဘူး။ ဒါပေမယ့် "*အာရှတိုက်မှာ ပေါ်ထွက် လာခဲ့တဲ့ ဘာသာ ရေးခေါင်းဆောင်များအနက် ကြည်ညိုဖွယ် အကောင်း ဆုံးပုဂ္ဂိုလ်ဟာ ဗုဒ္ဓပါပဲ*" လို့ ရေးသားခဲ့ဖူးပါတယ်။[၂]

"*ဗုဒ္ဓရဲ့ ဘဝဖြစ်စဉ်က အပြစ်အနာအဆာ ကင်းတယ်။ ဗုဒ္ဓရဲ့ အာဇာနည်စိတ်ဓာတ်ရှိမှု၊ ကိုယ်ကျိုး မငဲ့ကွက်မှု၊ မေတ္တာ*

---

၁။ B. Saint-Hilaire, The Buddha and his Religion (Page-11)

၂။ C. Eliot, Hinduism and Buddhism. Vol. I (page -131)

ခေတ် ကြီးမားမှုနှင့် စိတ်နှလုံး နူးညံ့သိမ်မွေ့မှုမှာ စံပြပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါပေတယ်”လို့ ပြင်သစ်ပညာရှင် ဗာသီလီက ဖော်ပြပါတယ်။[၁]

ဗုဒ္ဓရဲ့လမ်းစဉ် ပန်းတိုင်ဟာ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မသေမီမှာပဲ မျက်မှောက်ပြုနိုင်တဲ့ တရားတော်တွေ ဖြစ်ပါတယ်။ ဗုဒ္ဓဝါဒဟာ ဘဝကို အရှုံးမပေးဘဲ ဒုက္ခမှ လွတ်မြောက်နိုင်အောင် အစွမ်းကုန် ကြိုးပမ်းမှုကို အားပေးပါတယ်။ အနောက်တိုင်း နိုင်ငံသားများရဲ့ မပြည့်စုံတဲ့ လေ့လာမှုမှာ ဖော်ပြသလို ဗုဒ္ဓရဲ့တရားတော်ဟာ ဒုက္ခဝါဒတော့ မဟုတ်ပါဘူး။

သေတာရဲ့နောက်မှသာလျှင် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းတယ်ဆိုတဲ့သဘောမျိုးကို ဗုဒ္ဓဝါဒက လက်မခံပါဘူး။ ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးဟာ သူတစ်ပါးကို သတ်သေချင်စိတ် ဖြစ်ပေါ်လာအောင် အားပေး လှုံ့ဆော်မိရင်တောင်မှ ကြီးလေးတဲ့ ပါရာဇိကအပြစ်ကျပါတယ်။

အဲဒီလို သတ်သေပြီးတော့မှ ဖြေရှင်းတဲ့ဝါဒမျိုးဟာ ဗုဒ္ဓဝါဒနဲ့ မပတ်သက်ပါဘူး။ ဒုက္ခကို ပုံကြီးချဲ့တဲ့ ဝါဒလည်း မဟုတ်ပါဘူး။ နဂိုရှိပြီးသားဘဝရဲ့ ဆင်းရဲသဘောတရားကို သေသေချာချာ ကွက်ကွက်ကွင်းကွင်း ထိုးထိုးထွင်းထွင်း မြင်နိုင်အောင် ပြသပေးနိုင်စွမ်းတဲ့ ဝါဒသာဖြစ်ပါတယ်။

ဒုက္ခကို ပိုင်းပိုင်းခြားခြား သိဖို့ရာ အတွက်သာ အကျင့်မြတ်ကို ကျင့်ရတာပါ။[၂] မြတ်စွာဘုရားရှင်က ချစ်သားတို့ ဆင်းရဲကို ကြောက်ကြရင် ဆင်းရဲကို မနှစ်သက်ရင် မျက်မှောက် မှာဖြစ်စေ၊

---

၁။ A.B Keith, Buddhist Philosophy (Page-147)

၂။ (ဧ၁) သမ္ဗဟုလဘိက္ခုသုတ္တ၊ ဂိလာနဝဂ္ဂ၊ သဠာယတနဝဂ္ဂသံယုတ္တ။

*မျက်ကွယ်မှာ ဖြစ်စေ မကောင်းမှုကို မပြုကြပါနဲ့”လို့ မိန့်ကြားတော်မူပါတယ်။*[1]

ဒါယိကာမကြီး ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်ပါစေ။

မေတ္တာဖြင့်
ဆရာတော်
ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၀)ရက်

**ဆရာတော်ထံပါး ရှိသေလေးမြတ်စွာ လျှောက်ထား အပ်ပါတယ်ဘုရား။**

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ဘုရား။

ဘုရားတပည့်တော်ကို ဆရာတော်ဘုရား သွန်သင် ညွှန်ကြားထားတော်မူတဲ့ တရားနှင့်ပဲ ဆည်းဆာချိန်ရောက်ပြီး ကျန်ရှိနေသေးတဲ့ ဘဝတာခရီးကို စိတ်ငြိမ်းအေးစွာ ဖြတ်သန်းနေပါတယ်ဘုရား။ တရားအားထုတ်ရာမှာလည်း အရင်ကလို အထူးတလည်ကြီးလုပ်ရတာ မဟုတ်တော့ပါဘူး *တရားအားထုတ်နေပါတယ်လို့တောင် ပြောလို့ မရတော့ပါဘုရား။ တရားနဲ့နေတယ်လို့ ပြောရင်*

၁။ (၄၄) ကုမာရကသုတ္တ၊ သောဏဝဂ္ဂဥဒါနပါဠိ။

*ပိုပြီး ပြည့်စုံမယ် ထင်ပါတယ်ဘုရား။* အခုလို လမ်းစဉ်မှန်ကို ကျင့်သုံးနိုင်မှပဲ အရင်လမ်းစဉ် မှားခဲ့တာကို ရုံခါ သတိရနေမိ ပါတယ်ဘုရား။ *ခန္ဓာရဲ့ သဘောအမှန်ဟာ ပေါ်ပြီးပျောက်နေတဲ့ သဘာဝတရားပါလား။ ဖြစ်ပေါ်လာပြီး ချုပ်ပျောက်နေတဲ့ သဘာဝ တရားပါလားဆိုတာ သံသယ မရှိတော့ပါဘုရား။ တစ်နေ့တခြား ပိုပိုပြီး ဉာဏ်မြင် ရှင်းရှင်းလာနေပါတယ်ဘုရား။*

အရင်က ခုလို ဉာဏ်မြင် မရှင်းခဲ့ဘူးပါဘုရား။ စင်္ကြံလျှောက် တဲ့အခါမှာ ညာခြေလှမ်းတယ်၊ ပြီးတော့ ဘယ်ဘက်ခြေလှမ်း လှမ်းတယ်။ ပြီးတော့ ညာဘက် ခြေလှမ်း လှမ်းတယ်။ ရပ်တယ်။ နောက်ကို ပြန်ကွေ့တယ်။ နောက်ကို ကွေ့လိုက်တဲ့အခါမှာ ကွေ့ချင် စိတ်လေး ပေါ်လာတယ်။ သိလိုက်တယ်။ ကွေ့ချင်စိတ်လေး မရှိ တော့ဘူး။ အဲဒီကွေ့ချင်စိတ်လေး ပေါ်လာပြီး မရှိတော့တာကို တပည့်တော် သိခဲ့ပါတယ်ဘုရား။

အဲဒီတုန်းက အသိဉာဏ်နဲ့လည်း ဟုတ်တော့ ဟုတ်နေ ခဲ့တာပါပဲဘုရား။ *အခုတော့ ဘုရားတပည့်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ဉာဏ်စိုက်ထားပြီး အလိုက်သင့် လေးသိ၊ သိနေပြီးတော့ ခန္ဓာကိုယ်ကို သက်သာသလိုပဲ ရှိနေ စေပါတယ်။ စိတ်မှာ ကိလေသာနီဝရဏတွေ ရုံခါ ဖြတ်သန်း နေပါတယ်။ သိလိုက်ပါတယ်။ ရုံခါ စိတ်မှာ ကိလေသာ နီဝရဏတွေ ကင်းနေပါတယ်။ သိလိုက်ပါတယ်။ အသိ သတိက ကြောင့်ကြ မစိုက်ရဘဲ ဆက်စပ်နေပါတယ်ဘုရား။ ဒါကိုလည်း သိနေပါတယ် ဘုရား။ ထင်ရှားရာ၊ ထင်ရှားရာကို အလိုက်သင့် အလိုက်သင့်ပဲ*

*သိသိပြီး နေပါတယ်ဘုရား။*

*မျက်စိကလည်း တစ်ခါ တစ်ခါ မြင်ချင်လို့ ကြည့်လိုက် တယ်။ အဲဒါကိုလည်း သတိမလွတ်ဘဲ သိပေးနေပါတယ်ဘုရား။ နားကလည်း ရံခါ ကြားချင်လို့ နားထောင်ပြန်တယ်။ ဒါကို လည်း သတိမလွတ်ဘဲ သိပေးလိုက်ပါတယ်ဘုရား။ စိတ်က နေသားတကျ ရှိနေပါတယ်။ စိတ်က ငြိမ်းအေးနေတယ်။ ကိုယ်ရော စိတ်ပါ ရှင်းနေတယ်။ ချမ်းသာနေတယ်။ ကြည်လင်နေတယ်။ အဲဒါကိုလည်း ဉာဏ်က ငြိမ်းအေးနေတယ်။ ချမ်းသာနေတယ်။ ရှင်းနေတယ်။ ကြည်လင် နေတယ်ဆိုတာ သိနေပါတယ်ဘုရား။ အလိုက်သင့်လေး သိသိ သိသိပြီးတော့မှ နေတတ်လာပါပြီ။ နေတတ်ပါပြီဘုရား။ ကျေးဇူး တင် ဝမ်းမြောက် လှပါတယ်ဘုရား။*

*ခုလိုကျတော့ သဘာဝတရားကြီးက သူ့ အလိုလိုပဲ ပေါ်ပြီး ပျောက်နေတာ သူ့အလိုလိုပဲ ဖြစ်ပြီး ပျက်နေတာပါလား အရင်က ခုလိုမသိခဲ့လို့ လူကဖော်ပြီး ရှာကြံကြည့်ခဲ့ မိတာကို နားလည်လာ ပါပြီဘုရား။* အခုလို မှန်ကန်တဲ့လမ်းစဉ်ကို သွန်သင် ပြသပေးတော် မူခဲ့တဲ့ ဆရာတော်ဘုရားအား အထူး ကျေးဇူး တင်မဆုံးပါဘုရား။ အားရကျေနပ်ပါတယ်ဘုရား။ *လမ်းဟာ ဒီတစ်လမ်းပဲ One way, only ဆိုတာ ရှင်းပါပြီဘုရား။ တပည့်တော်သွားရမယ့် လမ်းကို တခြားမှာ ရှာစရာ မရှိတော့ဘူးဆိုတာ ပို၍ ပို၍ ရှင်းသထက် ရှင်းလာပါပြီ ဘုရား။*

ဘုရားတပည့်တော်မ တရားလျှောက်ထားရန် အထူးတလည် များစွာ မရှိပါသော်လည်း ဆရာတော်ဘုရား ထံတော်ပါးမှ တစ်စုံ တစ်ခုသော ဆုံးမဩဝါဒစကားကို ရိုသေစွာနာခံပြီး ကြားနာ

မှတ်သားလိုတဲ့အတွက် ခုလို စာရေးလျှောက်ထားခြင်းသာလျှင် ဖြစ်ပါတယ်ဘုရား။

အကြောင်းအရာ တစ်ခုကိုတော့ လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ တပည့်တော်တို့မြို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ မြို့ကြီး တစ်ခုမှာ ဗုဒ္ဓဘာသာ ဝိပဿနာ တရားပြ ဆရာတစ်ယောက်က တရား လာပြပါတယ်ဘုရား။ တပည့်တော် တရားဝါသနာပါတာကို သိတဲ့ မိတ်ဆွေတွေက အတင်းခေါ်လို့ တရားပြဆရာထံပါး ရောက်ခဲ့ပါတယ်။ တရားစကားတွေလည်း အတန်ကြာ ပြောဖြစ်ခဲ့ပါတယ်။

ဒါပေမယ့် ဘုရားတပည့်တော်စိတ်ထဲမှာ တစ်ခုခုတော့ မှားနေသလားထင်မိလို့ လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ နုနယ်သေးတဲ့ ဉာဏ်ကလေးနဲ့ ဆုံးဖြတ်မိရင် မှားမှာ စိုးရိမ်လို့ပါဘုရား။ ဘုရားတပည့်တော်၏ မေးခွန်းကြောင့်ဖြစ်စေ။ ဘုရားတပည့်တော် လျှောက်ထားမှုကြောင့်ဖြစ်စေ၊ ဆရာတော်ဘုရား စိတ်အနှောင့် အယှက်ဖြစ်ရင်လည်း ခွင့်လွှတ် ပေးတော်မူပါရန် ကြိုတင်၍ တောင်းပန် လျှောက်ထားအပ်ပါတယ် အရှင်မြတ်ဘုရား။

တရားပြသနေတဲ့ ဆရာကြီးကို ဘုရားတပည့်တော်က "တရားတွေ အများကြီး သိထားနေပြီပဲ၊ ရဟန်းဝတ်ရင် ကောင်းတာပေါ့" လို့ အကြံပြု ပြောမိပါတယ်ဘုရား။ အဲဒီဆရာကြီးက "ရဟန်းဘဝဆိုတာ ဝိနည်းတွေက များပြားလွန်းတယ်။ စည်းကမ်းတွေက တင်းကြပ်လွန်းပါတယ်။ ရဟန်းဝတ်ရင် ခုလို ပွင့်ပွင့် လင်းလင်းပြောခွင့်လည်း မရှိတော့လို့ ရဟန်း မဝတ်တာပါ" လို့ ပြောပါတယ်ဘုရား။ ဆက်ပြီးတော့မှ "သူအခု အနာဂါမ်ဖြစ်နေပြီ ရဟန်းဝတ်လိုက်ရင် သူ့ရဲ့ တရားအဆင့်အတန်းကို လူကြားထဲ ခုလို

ပွင့်ပွင့် လင်းလင်း ပြောခွင့်မရှိတော့ပါဘူး” လို့ ပြောပြန်ပါ သေး တယ်ဘုရား။

သူ့ထံ နည်းခံအားထုတ်နေတဲ့ တပည့်များကိုလည်း သူက “အခုမှ ဖလသမာပတ် ဝင်စားပြီး ထလာတာ ဒီနေ့ သမာပတ်က အချိန်နည်းနည်း ပိုကြာသွားတယ်။ ဒါကြောင့် စောင့်နေတဲ့ပရိသတ် ကို Sorry ပါ” လို့ လက်ဟန်ပြပြီး တောင်းပန်ပြန်တယ်ဘုရား။ ဒီနေရာမှာ တစ်ခုခုများ မှားနေရော့သလားလို့ ထင်မိပါတယ်ဘုရား။

တပည့်တော်နဲ့ အတူတူသွားတဲ့ မိတ်ဆွေကတော့ အဲဒီ ဆရာကို သိပ်အားရနေပါတယ်။ အနာဂါမ်တောင် ဖြစ်နေပြီ။ ဖလသမာပတ် ဝင်စားနိုင်တယ်ဆိုတော့ သူ့ဆီ တပည့်ခံ နည်းယူ လိုက်ရင် သူ့လိုပဲ ဖလသမာပတ်တွေ ဝင်စားနိုင်မယ်ဆိုပြီး အားကျ နေပါတယ်ဘုရား။ ဘုရားတပည့်တော် လျှောက်ထားချက် မှားရင် ခွင့်လွှတ်ပေးသနားရန် တပည့်တော် ရိုသေစွာ ထပ်မံလျှောက်ထား တောင်းပန်အပ်ပါသည်ဘုရား။

ဆရာတော်ဘုရား ကျန်းမာ ချမ်းသာစွာဖြင့် သာသနာ့ တာဝန်များ ထမ်းဆောင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ် ဘုရား။

ရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်။

**ဒါယိကာမသို့ အသိပေး ပြန်ကြားအပ်ပါသည်။**

ဒါယိကာမလျှောက်ထားတဲ့ တရားတော်များဟာ မှန်ကန်ပါတယ်။ တစ်ခုသောကာလမှာ မြတ်စွာဘုရားကို အခုလို မေးလျှောက်ခဲ့တာ ရှိခဲ့ဖူးပါတယ်။ "မြတ်စွာဘုရားရဲ့ တပည့်သား ရဟန်းတွေဟာ ဘာကြောင့် ဤမျှ အသားအရေတွေ ကြည်လင် လန်းဆန်း ကြကုန်ပါသလဲ"လို့ မေးလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက *"သူတို့ဟာ အတိတ်ကိုလည်း ပြန်လှန်ပြီးတော့ ပူပင် သောကမရောက်ကြဘူး။ အနာဂတ်အတွက်လည်း မပူပင် ကြဘူး ပစ္စုပ္ပန် မျက်မှောက်တွင်သာ နေထိုင်ကြပါတယ်တဲ့။ ဒါကြောင့် သူတို့ ရုပ်ရည်တွေဟာ ကြည်လင် ရွှင်လန်းနေပါတယ်" တဲ့။*

*"မိုက်မဲတွေဝေတဲ့ သူတွေကျတော့ ပြီးခဲ့တဲ့ အတိတ် ကိုလည်း ပြန်လှန်ပြီးတော့ နောင်တ ဖြစ်တတ်တယ်။ မရောက်သေးတဲ့ အနာဂတ်ကိုလည်း မျှော်မှန်းပြီး ပူပင်တတ်ကြတယ်။ ဒါကြောင့် နေပူဒဏ် ထိခံထားရတဲ့ ကျူရိုးစိမ်းလို ခြောက်သွေ့ ကြုံလှီ နေကြရတယ်"လို့ မိန့်တော်မူဖူးပါတယ်။* ဒါယိကာမ အနေနဲ့ ယခုလို ပစ္စုပ္ပန်တည့်တည့်မှာ နေတတ်လာတာကကို တရားနည်းလမ်း မှန်နေပါပြီ။ ဒီတရား နည်းလမ်းအတိုင်း အားထုတ်ဖို့ပဲ ရှိပါတယ်။ *ထင်သလောက် မခက်ခဲဘူး။ ဒါပေမယ့် အဲဒီလောက်ကြီးတော့ မလွယ်ဘူးပေါ့။* Neither easy nor difficult.

ပစ္စုပ္ပန်တည့်တည့် စိတ်မှာဖြစ်စေ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အသီးသီးသော ဒွါရမှာ ပေါ်ရာပေါ်ရာကို အလိုက်သင့်လေး သိနေနိုင်ဖို့သည်သာလျှင် လိုရင်းပါပဲ။ သို့သော် အများကြီးတော့ လေ့ကျင့်ပေးဖို့ လိုပါတယ်။ ပြောလောက်အောင်ကြီး

တော့လည်း မခက်လှပါဘူး။ *ဒါယိကာမအနေနဲ့ အားထုတ်ထားတဲ့ကာလ ကြာတဲ့အတွက်ကြောင့်မို့ ယခုလို တဖြည်းဖြည်း နားလည်လာခဲ့တာပါ။ နောက်ထပ်လည်း နားလည်စရာတွေ အများကြီး အများကြီး ကျန်နေပါသေးတယ်။*

ယခုစာထဲမှာ ရေးလျှောက်ထားသလို အရင်ကလည်း ပေါ်ပြီး ပျောက်တာကို နားလည်ခဲ့တာပဲ။ ယခုလည်း ပေါ်ပြီး ပျောက်တာကိုပဲ နားလည်လာတာပါ။ ဘာကွာသလဲဆိုတော့ သူ့ရဲ့ သိပ်သည်းမှု၊ သူ့ရဲ့ နက်နဲမှု၊ သူ့ရဲ့ကျစ်လစ်မှု၊ သူ့ရဲ့ အဓိပ္ပါယ် နားလည်မှုကတော့ အများကြီး ပြောင်းလဲသွားပါပြီ။ အများကြီး ကွာဟသွားပါပြီ။ ဒါကို ကာယကံရှင်ကိုယ်တိုင်က ကောင်းကောင်း သိနိုင်ပါတယ်။

အရိယာလမ်းစဉ်မှာ အဓိဂမအပိစ္ဆ သဘောတရားပဲ ပေါ်လွင်လေ့ရှိပါတယ်။ သောတာပန်ပုဂ္ဂိုလ်သည်ပင်လျှင် မိမိနှင့် သီတင်းသုံးဖော် ရဟန်းတော်များကို မိမိရထားတဲ့ လောကုတ္တရာတရား ပြောကြားဖို့ ဝန်လေးတတ်ပါတယ်။ အလိုမရှိပါဘူး။ ဒါသည်ပင် မိမိအရိယာဖြစ်ကြောင်းကို ရဟန်းအချင်းချင်းပင်လျှင် အသိမပေး လိုတဲ့ သဘောပါပဲ။ ဒါကို သိုသိပ်တဲ့သဘော အဓိဂမအပိစ္ဆလို့ ခေါ်ရပါတယ်။[၁] ဒါဟာ အရိယာရဲ့ စိတ်နေသဘောပါပဲ လွဲမှားစရာ မရှိပါဘူး။

ဆက်ပြီးတော့ အပိစ္ဆဂုဏ်ကို ပေါ်လွင်စေတဲ့ အနာဂါမ် ဒါယိကာမကြီး တစ်ဦးရဲ့အကြောင်း သိစေချင်ပါသေးတယ်။ ရဟန်း တော်မြတ်တစ်ပါး မြတ်စွာဘုရားရှင် ထံတော်ပါးကနေ ကမ္မဋ္ဌာန်း ယူပြီးတော့ မာတိကရွာကို တရားအားထုတ်ဖို့ ကြွလာပါတယ်။

---

၁။ (မ၃) ဝီရိယာရမ္ဘာဒိဝဂ္ဂဝဏ္ဏနာ၊ ဧကကနိပါတ၊ အင်္ဂုတ္တရဋ္ဌကထာ။

မာတိကမာတာဟာ သူတစ်ပါးရဲ့ စိတ်အကြံကို သိတယ်လို့ ရဟန်းတော်က သိထားတယ်။ ဒါကြောင့် တောကျောင်းကို ရောက်တာနဲ့ "ကျောင်းကို သုတ်သင် ရှင်းလင်းပေးမည့်သူကို မာတိကမာတာ လွှတ်ပေးရင် ကောင်းမှာပဲ" လို့ ရဟန်းတော်က ကြံစည်စိတ်ကူးလိုက်တာကို မာတိကမာတာ သိလိုက်တဲ့အတွက် လူတစ်ယောက်ကို လွှတ်ပြီးတော့မှ ကမ္မဋ္ဌာန်းကျောင်းကို သုတ်သင် ရှင်းလင်းခိုင်းလိုက်ပါတယ်။

ညနေပိုင်းရောက်တော့ ရဟန်းတော်က "လူလွှတ်ပြီး ဖျော်ရည်လှူလိုက်ရင် ကောင်းမှာပဲ"လို့ တောင့်တလိုက်ပြန်တော့ ဒါယိကာမကြီးက သကာဖျော်ရည်ကို မွှန်မွှန်မြတ်မြတ် စီစဉ်ပြီးတော့မှ လူလွှတ်ပြီး လှူခိုင်းလိုက်ပြန်တယ်။ နောက်နေ့မနက် အစောမှာတော့ "မာတိကမာတာ ယာဂုနဲ့ဟင်းလျာ စီစဉ်ပြီး ကျောင်းကိုပို့ရင် ကောင်းမှာ"လို့ ကြံစည်လိုက်တာ မာတိကမာတာလည်း ရဟန်းတော်မြတ် အလိုရှိတဲ့အတိုင်း ယာဂုနဲ့ဟင်းလျာကို လူလွှတ်ပြီးတော့မှ လှူဒါန်းလိုက်ပြန်ပါတယ်။

ဆက်ပြီးတော့မှ ရဟန်းတော်မြတ်က "မာတိကမာတာ ငါ့ကို နေ့ဆွမ်းအတွက် ခဲဖွယ် ဘောဇဉ် စီစဉ်ပြီး ပို့ခိုင်းရင် ကောင်းမှာပဲ" လို့ တောင့်တပြန်တယ်။ မာတိကမာတာလည်း ရဟန်းတော်မြတ် တောင့်တတဲ့အတိုင်း ခဲဖွယ်ဘောဇဉ်ကို စီစဉ်ပြီး ကျောင်းကို လူလွှတ်ပြီး ကပ်စေလိုက်တယ်။

မာတိကမာတာက ငါ့တောင့်တတိုင်း တောင့်တတိုင်း၊ ကြံစည်တိုင်း ကြံစည်တိုင်း လူလွှတ်ပြီး ပေးပို့ လှူဒါန်းခဲ့တယ်။ ဒါပေမယ့် မာတိကမာတာကို ငါ မတွေ့ရသေးဘူး။ "ဒီတစ်ခါတော့ မာတိက

မာတာ ကိုယ်တိုင်လာပြီး ဆွမ်းကပ်ရင် ကောင်းမှာပဲ" လို့ တောင့်တ ပြန်တယ်။ ရဟန်းတော်ရဲ့ ဆန္ဒအတိုင်း ဒါယိကာမကြီး ဆွမ်းလာ ကပ်ပါတယ်။ ဆွမ်းဘုဉ်းပေးပြီးနောက် "မာတိကမာတာဆိုတာ ဒါယိကာမကြီးလား" လို့ မေးမြန်းတော်မူတယ်။ ဒါယိကာမကြီး ကလည်း "ဟုတ်မှန်ကြောင်း" ရိုသေစွာ ပြန်လည်လျှောက်ထား ပါတယ်။ "ဒါယိကာမကြီးက သူတစ်ပါးရဲ့ စိတ်အကြံကို သိပါ သလား" လို့ တဲ့တဲ့ပဲ မေးလိုက်တယ်။ မာတိကမာတာက "ဘာဖြစ်လို့ ဒီလိုမေးရပါသလဲဘုရား" လို့ လျှောက်ထားပါတယ်။

မာတိကမာတာဟာ အနာဂါမိမဂ်ကိုရပြီး ပဋိသမ္ဘိဒါ လေးပါး အပြင် အဘိညာဉ်ခြောက်ပါးကိုပါ ပိုင်နိုင်တဲ့ အရိယာပုဂ္ဂိုလ် ဖြစ်ပါ တယ်။ ဒါကြောင့် ရဟန်းတော်မြတ်ရဲ့ စိတ်ထဲမှာ ကြံစည်တိုင်း ကြံစည်တိုင်း အားလုံးကို သိသိနေခြင်း ဖြစ်ပါတယ်။ ရဟန်းတော် မြတ်က သူ့အနေနဲ့ စိတ်ထဲမှာ ဘာကိုပဲ တောင့်တ တောင့်တ ဒါယိ ကာမကြီး ဆောင်ရွက်ပေးခဲ့တာချည်းဖြစ်လို့ ခုလို ပွင့်ပွင့်လင်းလင်း ကြီး မေးလိုက်တာပါ။ မာတိကမာတာက "အရှင်ဘုရား သူတစ်ပါး ရဲ့ စိတ်အကြံကို သိနိုင်တဲ့သူတွေ ဒီလောကမှာ များစွာ ရှိပါတယ် ဘုရား"လို့ လျှောက်ထားပါတယ်။ အဲဒီအခါ ရဟန်းတော်မြတ်က "ဒါယိကာမကြီး လောကမှာ ရှိကြတဲ့ သူတစ်ပါးကို မေးတာမဟုတ် ဘူး။ ဒါယိကာမကြီးကိုသာလျှင် မေးခြင်းဖြစ်တယ်"လို့ပဲ ခပ်တင်းတင်း မိန့်ပါတော့တယ်။

အဲဒီအချိန်မှာ အဘိညာဉ်တန်ခိုးရတဲ့ အနာဂါမ် အရိယာ ဒါယိကာမကြီးက "တပည့်တော် အနာဂါမ်ပါဘုရား၊ အဘိညာဉ် တန်ခိုးရထားလို့ တစ်ပါးသူ စိတ်အကြံကို သိနိုင်စွမ်းပါတယ်ဘုရား"

လို့ လုံးဝ မလျှောက်ထားဘဲ "သူတစ်ပါးရဲ့ စိတ်အကြံကို သိတတ်တဲ့ သူများဟာ ဒီလိုပဲ ပြုတတ်ပါတယ်ဘုရား"[၁] လို့ပဲ သွယ်ဝိုက်ပြီး ဖြေကြားပါတယ်။ အရိယာ သူတော်ကောင်းစစ်စစ်ဟာ မိမိရဲ့ ဂုဏ်ကို ထုတ်ဖော်ပြောလေ့ မရှိပါဘူး။ လောကနီတိ ဆရာတွေ ကလည်း "အတ္တဂုဏံ ပကာသန္တံ နာမ ဟီနလက္ခဏံ" ကိုယ့်ရဲ့ဂုဏ်ကို ထုတ်ဖော် ပြောဆိုတာဟာ သူယုတ်မာတို့ရဲ့ လက္ခဏာသာ ဖြစ်တယ် လို့ ဖွင့်ဆိုကြပါတယ်။ ဉာဏ်ယှဉ်ပြီး ချင့်ချိန် ဝေဖန်နိုင်ဖို့တော့လိုပါမယ်။

ဒါယိကာမကြီး မေးလျှောက်သလို လူဝတ်ကြောင်ဆရာက ဖလသမာပတ်ဝင်စားပြီး ထလာတယ်။ သူအနာဂါမ် ဖြစ်နေပြီလို့ ပရိသတ်ရှေ့မှာ ပြောပြဖို့ လိုအပ်တယ်၊ မလိုအပ်ဘူး ဆိုတာကိုတော့ ဒီဝတ္ထုကို ထောက်ဆပြီး ကိုယ်တိုင်ပဲ ဝေဖန် ဆုံးဖြတ်နိုင်လောက်ပါပြီ။

လောဘ၊ ဒေါသ၊ မောဟ ကင်းပြီးတဲ့ပုဂ္ဂိုလ်အဖို့ သားမြီးဖျား ပမာဏလောက် မကောင်းမှုကပင်လျှင် မိုးကောင်းကင်က တိမ်တိုက်ကြီးလောက် ထင်ရတယ်[၂] လို့ သူတော်ကောင်းများက မိန့်ကြားတော်မူကြပါတယ်။

ဆက်လက်ပြီး သိစေချင်တာက *မိမိရဲ့ ယနေ့ဆောင်ရွက်ချက်တွေက နောင်လာနောင်သားတို့အတွက် good example ဖြစ်ဖို့ လိုအပ်ပါတယ်။ လောကမှာ တစ်ဦးတစ်ယောက်ကို အားကျမိရင် အဲဒီ အားကျမိတဲ့ သူရဲ့ကောင်း လုပ်ရပ်တွေ အားလုံးကို ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အတုယူပြီးတော့မှ လုပ်မိတတ်ကြပါတယ်။ တစ်စုံတစ်ဦးရဲ့ ဘဝကို သဘောကျလို့ဖြစ်စေ*

---

၁။ အညတရဘိက္ခုဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (ပ)။
၂။ (၁၀၀၀) သာရိပုတ္တတ္ထေရဂါထာ၊ တိံသနိပါတ၊ ထေရဂါထာပါဠိ။

*သူ့အပြောကို အထင်ကြီးလို့ ဖြစ်စေ၊ လုပ်ရပ် ဆောင်ရွက် ချက်တွေကို အားကျမိရင် သူ့ရဲ့ အမှားလုပ်ရပ်တွေကိုပါ အတုခိုးပြီး လုပ်မိတတ်ကြပါတယ်။*

လောကကြီးမှာ လူအမျိုးမျိုး ရှိပါတယ်။ အတုယူ အားကျမယ့် အားကျရင်တော့ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ရဟန္တာများကို အားကျသင့်တယ်၊ အတုယူသင့်တယ်။ သူတို့ ဘဝကို ဘယ်လို နေခဲ့သလဲ၊ သူတို့ ဘဝပြဿနာကို ဘယ်လို ဖြေရှင်းခဲ့သလဲ၊ သူတို့ ဘာတွေကို ဘယ်လိုပြောခဲ့သလဲ၊ ရဟန်းဘဝကိုရော သူတို့ ဘယ်လို ကူးပြောင်းလာခဲ့သလဲ၊ အရိယာဖြစ်တဲ့ထိ တရားကို ဘယ်လို ကျင့်သုံးခဲ့သလဲ၊ သူတို့ရဲ့ ဘဝနိဂုံးကို ဘယ်လို ဖြည့်ကျင့် သွားသလဲ ဆိုတာကို အတုယူ အားကျတာဟာ မရိုးနိုင်အောင် မမှားနိုင်အောင် ပါပဲ။ အဲဒီပုဂ္ဂိုလ်တွေက မိမိတို့ ဘဝအတွက် အလွန်ကောင်းတဲ့ Example တွေပါ ဒီလို ပြုမူ နေထိုင် ကျင့်သုံးမှသာလျှင် မိမိလည်း အနာဂတ် လူသားများအတွက် good example အဖြစ် ကျန်ခဲ့မှာပါ။ မိမိကို အားကျတဲ့ နောင်းလူသားများလည်းပဲ မှန်ကန်တဲ့ လမ်းကို ရွေးချယ်မိကြမှာပါ။

ဒ့ါကြောင့် *ပြုပြုသမျှ ကာယကံမှုဟာ ဘဝ လွတ်မြောက်ရေး အတွက်ပဲ ဖြစ်သင့်တယ်။ ဒါကို အားလည်း ကျသင့်တယ်။ လုပ်လည်း လုပ်သင့်တယ်။ ပြောပြောသမျှ ဝစီကံမှုတွေကလည်း ဘဝလွတ် မြောက်ရေး အတွက်ပဲ ဖြစ်သင့်တယ်။ ဒါကို အားကျသင့်တယ်။ လုပ်လည်းလုပ်သင့်တယ်။ တွေးတွေးသမျှ မနောကံမှုတို့ဟာလည်း ဘဝလွတ်မြောက်ရေးအတွက်ပဲ ဖြစ်သင့်တယ်။ ဒါကို အားကျ သင့်တယ်။ လုပ်လည်း လုပ်သင့်တယ်။ ဘဝလွတ်မြောက်တဲ့အထိ*

_စိတ်ကို ညွှတ်ကာ ကိုင်းကာ ဘဝရဲ့ နောက်ဆုံး အချိန်တွေကို ရင်ဆိုင်သင့်ပါတယ်။ တကယ်လို့ အကြောင်းကြောင်းကြောင့် အကြောင်းမပြည့်စုံလို့ နောင် ဘဝ ရလာဦးမယ် ဆိုလို့ရှိရင်လည်း မပြီးဆုံးသေးတဲ့ ဘဝ လွတ်မြောက်ရေး လုပ်ငန်းကိုလုပ်ဖို့ ရတဲ့ဘဝသာလျှင် ဖြစ်သင့်ပါတယ်။ ဘဝလိုချင်လို့ ရတဲ့ဘဝမျိုးတော့ မဖြစ်သင့်ပါဘူး။ ကိုယ့်ရဲ့ လုပ်ငန်း မပြီးစီးလို့ ရတဲ့ဘဝကတော့ ရဦးမှာပါ။ ဘဝဖြစ်ဖို့ အကြောင်းပြည့်စုံရင်လည်း ဘဝဖြစ်ဦးမှာပါ။_

ဆက်လက်ပြီး အသိပေးလိုတာကတော့ အပ္ပမာဒ သတိတရားရှိတဲ့ သူတွေက မိမိသူတစ်ပါး အကျိုးနှစ်ဖြာကို မြင်နိုင်စွမ်းတဲ့သူတွေ ဖြစ်ပါတယ်။ အပ္ပမာဒသတိတရား မရှိတဲ့သူကတော့ မိမိအကျိုးကိုလည်း မသိမမြင်နိုင်ရှာဘူး။ သူတစ်ပါး အကျိုးစီးပွားကိုလည်းပဲ မသိမမြင်နိုင်ရှာတဲ့ အတွက်ကြောင့် မိမိအကျိုးကိုလည်း ပျက်စီးစေတတ်တယ်။ သူတစ်ပါး အကျိုးစီးပွားကိုလည်း ပျက်စီးစေတတ်ပါတယ်။ သူဟာ မိမိရဲ့ အကျိုးစီးပွားကိုတောင် မသိမမြင်နိုင်မှတော့ သူတစ်ပါး အများရဲ့အကျိုးစီးပွား သူ့ကြောင့်ပျက်စီးတာကို ဘယ်လိုလုပ် သိနိုင်တော့မလဲ။

ဒါကြောင့် အမှားအယွင်းများတဲ့ လောက၊ ရှုပ်ထွေးပြီးနေတဲ့ လောကကြီးထဲကနေ ဒါယိကာမကြီးရဲ့ မဂ်ဖိုလ်နိဗ္ဗာန်ခရီး ရှင်းလင်းဖြောင့်ဖြူးနိုင်ပါစေ။

မေတ္တာဖြင့်

ဆရာတော်

ရက်စွဲ၊ ၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်

**ရှိသေစွာလျှောက်ထားပါသည်ဘုရား။**

ဆရာတော်ဘုရား ထံတော်ပါးမှ (၆-၁-၉၀) ရက်စွဲပါစာကို ဖတ်ခွင့်ရတဲ့အတွက် ကျေးဇူး တင်ရှိပါသည်ဘုရား။ ယခုလို တန်ဖိုး ဖြတ်မရတဲ့ အဆုံးအမတွေကို ဘုရားတပည့်တော် ဘဝမှာ တခြား နေရာဌာနတွေကနေ ရရှိနိုင်ခွင့် မရှိပါဘုရား။ ကျေးဇူးရှင် ဖြစ် တော်မူသော ဆရာတော်ဘုရား ထံပါးမှသာလျှင် ဒီအဆုံးအမတွေကို ရရှိနေတာဟာ ဘုရားတပည့်တော်မ အရတော်လှပါတယ် ဘုရား။ မြတ်စွာ ဘုရားရှင်၏ တပည့်သား ရဟန်းတော်တစ်ပါးထံက အဆုံး အမတွေကို ခံယူခွင့်ရတဲ့ဘဝဟာ ကံကောင်းလှပါတယ်ဘုရား။ တန်ဖိုး ရှိလှပါတယ်ဘုရား။ ဗုဒ္ဓမြတ်စွာဘုရားရှင် သာသနာတော်မှာ သက်ဝင် ယုံကြည်ခွင့်ရတာလည်းပဲ အနှိုင်းမဲ့ ကျေးဇူးများလှပါပြီ ဘုရား။

ဆရာတော်ဘုရား ထံပါးမှ စာကို ဖတ်ရှုရတဲ့ အခါမှပဲ တပည့် တော် မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်မိပါတယ်ဘုရား။ ဘုရားတပည့် တော်ဟာ အသက်ကြီးရင့်ပါပြီဘုရား။ ဇရာပိုင်းကို အလွန်အကျွံပဲ ရောက်ရှိနေပါပြီဘုရား။ အသက်ကြီးသူတွေရဲ့ သဘာဝအားလျော်စွာ ခန္ဓာကိုယ်အင်္ဂါတွေ ယိမ်းယိုင်လာမှုကြောင့် အရွယ်ကောင်းတုန်းက မမျှော်လင့်ထားတဲ့ အခက်အခဲတွေ အများကြီးကို အခု လက်တွေ့ ရင်ဆိုင် နေရပါတယ်ဘုရား။ သို့သော်လည်းပဲ *သဘာဝမွေ့ဖြစ်တဲ့ အိုခြင်းသဘောကို တပည့်တော် ကောင်းကောင်း လက်ခံထားပါတယ်၊ ဒါကြောင့် ထူးထူးခြားခြား တုန်လှုပ် ချောက်ခြားမှုတော့ မရှိပါဘုရား။ ဒီအပေါ်မှာ မှုတည်ပြီး စိတ်ဆိုး စိတ်ပျက်လည်း မရှိအောင် ဉာဏ်ယှဉ်ပြီး နေပါတယ်ဘုရား။* တပည့်တော် လျှောက်ထားတာ မှားရင် သည်းခံ ခွင့်လွှတ်တော်မူပါ ဘုရား။ ဆုံးမ သွန်သင်ပေးတော်

မူပါဘုရား။ တလောတုန်းက သားက ပြောပါတယ်။ "အမေလည်း အိုပြီ၊ ကားလည်း အိုပြီ။ မော်ဒယ်(လ်)မြင့်တဲ့ ကားအသစ်လေး လဲလိုက်ရင် မကောင်းဘူးလား" လို့ ပြောပါတယ်။ "ဒီကားလေးလဲ ဖြစ်သေးတာပဲ သားရယ် အမေနှင့်လည်း နေသားကျနေပါတယ်" လို့ ပြောလိုက်တော့ သားက မျက်လုံးပင့်ပြီး မျက်နှာကို သေချာကြည့်တယ်။ လုပ်လို့ မဖြစ်တာလည်း မဟုတ်ပေမယ့် တပည့်တော် လက်ခံနိုင်တာကို သားက အံ့သြနေတာ သူ့မျက်နှာမှာ ပေါ်လွင်နေပါတယ်။

တပည့်လေးတွေကလည်း ပြောကြတယ်။ အဖွားကြည့်ရတာ အေးချမ်းတယ်။ ဒေါက်တာကို ကြည့်ရတာ ငြိမ်းအေးတယ်။ *ကျွန်တော်တို့ ဘဝမှာတော့ ပူလောင်ပြီး ပျာယာခတ်နေပါတယ်။ အဖွားက ဘယ်အချိန်ပဲကြည့်ကြည့် ကြည်ကြည်လင်လင် အေးအေးချမ်းချမ်း ရှိတယ်လို့ ပြောကြပါတယ်။* တပည့်တစ်ယောက်ကလည်း အိမ်ရဲ့ အပြင်ပိုင်း သုတ်ထားတဲ့ ဆေးအရောင်က နေရောင်စားသွားလို့ နည်းနည်း မှိန်နေတာလေးကို ပြုပြင်ပြီး သုတ်ပေးမယ်လို့ ပြောပါတယ်။ ဖြစ်ပါသေးတယ်၊ ရပါပြီကွယ်လို့ တားလိုက်တယ်။ အဝတ်အစားတွေလည်း ဒီလိုပဲ သုံးဆောင်လာတော့ တင်းတိမ်ရောင့်ရဲမှု ပိုပြီး ပေါ်လွင်လာပါတယ်ဘုရား။

ရောဂါဘယတွေ ပေါ်မှာလည်း သည်းခံမှု ပိုပြီးရှိတာ သတိပြုမိလာပါတယ်ဘုရား။ အိမ်မှာ ထမင်းချက်ပေးတဲ့ ကလေးမလေးက သားကိုပြောတယ်တဲ့။ "အဖွားက ဒီရက်ပိုင်းမှာ အစားအသောက်နဲ့ ပတ်သက်လို့ ဘာမှ သိပ်မပြောတော့ဘူး။ ကောင်းတယ် ဆိုးတယ် ဘာစားချင်တယ် ဘာကြိုက်တယ် မကြိုက်ဘူးလို့ ပြောသံ မကြားရဘူး" လို့ပြောတယ်တဲ့။ သားက အမေ အဆင်ပြေရဲ့လားလို့ မေး

လာပြန်ပါတယ်။ "အားလုံး အစစအရာရာ အဆင်ပြေပါတယ်သား" လို့ ပြောလိုက်တော့ သားက ဒုတိယအကြိမ် အံ့သြပြန်တယ်။

ဆက်လက်ပြီး လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ အမေရိကန်နိုင်ငံမှာ ယနေ့ ဆေးရုံ တက်ပြီးတော့မှ ကုသနေကြတဲ့ လူနာတွေရဲ့ သုံးပုံနှစ်ပုံဟာ စိတ်ရောဂါ ခံစားနေရသူတွေ ဖြစ်ပါတယ်လို့ ကျန်းမာရေးဌာန စာရင်းဇယားက ပြပါတယ်ဘုရား။ အမေရိကန်လူမျိုး (၁၀)ယောက်မှာ (၁)ယောက်ကျော်ဟာ စိတ်ရောဂါ ဆရာဝန်နှင့် ဆက်ဆံနေရတယ်ဘုရား။ တက္ကသိုလ်ကျောင်းသား (၁၀)ဦးမှာ (၁)ဦးဟာ ပညာဆုံးခန်းတိုင်အောင် သင်နိုင်လောက်အောင် စိတ်ကျန်းမာရေး မပြည့်စုံဘူးလို့ ဆိုပါတယ်ဘုရား။

ဒါကြောင့် တပည့်တော် ဒီနေရာမှာ တွေးမိတာက အမေရိကန်နိုင်ငံလိုမျိုး စီးပွားရေးအရာမှာ ရှေ့တန်းရောက်နေတဲ့ နိုင်ငံကြီးမှာတောင်မှ အခုလို စိတ်နဲ့ပတ်သက်တဲ့ ပြဿနာတွေ အများကြီး ဖြစ်နေပြီ ဆိုလို့ရှိရင် စီးပွားရေးအရ နောက်ကျကျန်ခဲ့တဲ့ အာရှ၊ အာဖရိကနိုင်ငံများရဲ့ ပြည်သူတွေက စိတ်ငြိမ်းချမ်းမှုကို မရနိုင်ဘဲများ ဖြစ်နေရော့သလားဆိုတာကို စဉ်းစားစရာ ဖြစ်သွားပါတယ်ဘုရား။

သို့သော် စီးပွားရေးဟာ စိတ်ချမ်းသာမှုနဲ့ တိုက်ရိုက်ကြီး သက်ဆိုင်တဲ့ကိစ္စတော့ မဟုတ်တန်ရာဘူးလို့ ယနေ့ပညာရှင်များ သုံးသပ်နေကြပါပြီဘုရား။ *အခြေခံကျတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခြားသော ကိစ္စများထက် လူရဲ့ အတွင်းစိတ်ပိုင်းဆိုင်ရာ ကိစ္စသာ အရေးကြီးဆုံး ဖြစ်ရမယ်ဆိုတာ ပိုပြီးပေါ်လွင်လာပါတယ်ဘုရား။*

ဘုရားတပည့်တော် အရှင်ဘုရားထံတော်ပါးမှ ဆုံးမမှုကို ရတဲ့အခါမှပဲ *လောကကြီးမှာ မိမိ နေထိုင်ပြုမူ လုပ်ကိုင်ပုံဟာ နှောင်းလူသားတွေအတွက် good example ဖြစ်ဖို့ အရေးကြီးတယ် ဆိုတာကို တပည့်တော် ကောင်းကောင်း ခံယူမိပါပြီဘုရား။* တပည့်တော်ကို လူငယ်တွေက စောင့်ကြည့်နေကြပါတယ်။ တပည့်တော်က စောင့်ကြည့်ခံရတဲ့ အရွယ်ရောက်ပြီလို့ ဆုံးဖြတ်ပါပြီဘုရား။ ဒါကြောင့် သူတို့တွေ တပည့်တော် နေတာထိုင်တာ ပြောဆို လုပ်ကိုင်တာကို အတုယူပြီးတော့မှ စံနမူနာ ထားကြတော့မယ်။ တပည့်တော်ရဲ့ နေထိုင် ပြောဆိုမှုတွေမှာ အမှားအယွင်းရှိရင် သူတို့ တစ်တွေလည်း အမှားအယွင်း ပုံသဏ္ဍာန်အတိုင်းပဲ အတုယူမှားပြီး ဘဝကို တည်ဆောက်ကြရင် တပည့်တော်မ လောကကြီးအတွက် တာဝန်မကျေပွန်သူတစ်ဦး ဖြစ်တော့မယ်လို့ ခံယူမိပါတယ်ဘုရား။

*တပည့်တော်ဟာ လောကအတွက် တာဝန်ကျေဖို့ ကြိုးစားနေပါတယ်။ လောကအတွက် တပည့်တော် good example ဖြစ်အောင် နေလိုက်တာနဲ့ပဲ တပည့်တော်က တာဝန် ကျေပွန်သူတစ်ယောက် ဖြစ်ပြီလို့ ဆရာတော်ဘုရား၏ သွန်သင်မှုကြောင့် နားလည်လာပါတယ်ဘုရား။*

ဒါပေမယ့် ဒီဘက်နှစ်ပိုင်းမှာတော့ တပည့်တော် အေးချမ်းအောင်နေတာကို ကြည့်ပြီး တပည့်တွေကလည်းပဲ ဘဝကို အေးချမ်းအောင်နေတဲ့ နည်းပညာမျိုးကို တတ်ချင် သိချင်လာကြပါတယ်။ ဒါကြောင့် သူတို့ကို တရားအားထုတ်ဖို့ တိုက်တွန်းပါတယ်ဘုရား။ ဒါနတွေပြုဖို့လည်း တိုက်တွန်းပါတယ်ဘုရား။ အထူးအားဖြင့် သီလကို စောင့်ထိန်းဖို့ တိုက်တွန်းပါတယ်ဘုရား။

ငယ်ရွယ်သူရော အသက်အရွယ် အလတ်ရှိသူရော ကြီးသူပါ သီလစောင့်ထိန်းဖို့ စိတ်ဝင်စားမှု အလွန်ပဲ နည်းနေကြပါတယ်။ သီလစောင့်ထိန်းခြင်းရဲ့ အကျိုးကျေးဇူးကို သူတို့ မသိလို့ဘဲ ဖြစ်ပါလိမ့်မယ်။ တချို့တော့ ဒါနပြုဖို့ကိုတောင် ပစ္စည်းပစ္စယမရှိဘူးလို့ ပြောကြပါတယ်။ သူတို့အနေနဲ့ ပစ္စည်းပစ္စယ အများကြီးရှိမှပဲ ဒါနပြုလို့ ရမယ်လို့ ခံယူထားကြဟန် တူပါတယ်။ တပည့်တော်လည်း အရင်က အဲဒီလိုပဲ တွေးထင်ခဲ့ဖူးပါတယ်ဘုရား။ ဘုရားတပည့်တော် ကျန်ရှိနေသေးတဲ့ ဘဝအသက်ပိုင်းကိုတော့ မိမိအတွက် good example ဖြစ်အောင်နေရင်း လောကကြီးအတွက်လည်း good example ဖြစ်ဖို့ ဆုံးဖြတ်ထားပါပြီဘုရား။

ဆရာတော်ဘုရား ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း ပို့သလျက်။

ကြည်ညိုလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ။ ၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်

**ဒါယိကာမစာကို ပြန်ကြားအသိပေးအပ်ပါတယ်။**

လောကမှာ ပေးကမ်းလှူဒါန်းမှု မှန်သမျှထဲမှာ ဓမ္မကို ပေးကမ်းတာဟာ အမွန်မြတ်ဆုံး ဖြစ်ပါတယ်။ နှစ်သက်စဖွယ် ပြောဆိုမှုမှာလည်းပဲ နားထောင်လို သူကို ထပ်ခါထပ်ခါ တရားဟောကြားပေးမှုသည်သာ အမြတ်ဆုံးပါပဲ၊ သဒ္ဓါတရား မရှိသူကို သဒ္ဓါတရား ပြည့်စုံစေဖို့၊ သီလမရှိသူကို သီလနဲ့ပြည့်စုံစေဖို့၊ နှမြောဝန်တိုသူကို စွန့်ကြဲမှု စာဂနဲ့ပြည့်စုံလာစေဖို့၊ ပညာမရှိသူကို ပညာရှိစေဖို့ ဆောင်ရွက်တာဟာ လောကကြီးမှာ အမြင့်မြတ်ဆုံး ဆောင်ရွက်မှုတွေပါပဲလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။[၁]

အခုလို အသက်အရွယ် ကြီးရင့်သော်လည်းပဲ ဘဝမှာ လုပ်စရာအလုပ်တွေ ရှိနေတာကကို မိမိဘဝ အတွက်လည်း ကျေနပ်စရာကောင်းပါတယ်၊ ပတ်ဝန်းကျင် လူ့လောကကြီး အတွက်လည်း တာဝန် ကျေပွန်ပါတယ်။ ဘဝမှာ ရည်ရွယ်ချက်မဲ့သူရဲ့ ဘဝဟာ အတော်ပဲ စိတ်ပျက် ငြီးငွေ့စရာ ကောင်းလှပါတယ်။ ဒါကြောင့် ဒါယိကာမကြီးအနေနဲ့ လောကကြီးအတွက် good example ဖြစ်အောင်နေတာဟာ အထူးတလည် နေပြရတာတော့ မဟုတ်တော့ပါဘူး။ *ဓမ္မလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတာကိုက လောကကြီးအတွက် good example ဖြစ်သွားပါပြီ။ လူ့လောကကြီးအတွက် တာဝန် ကျေပွန်ပါပြီ။*

“မိမိလက်ထဲမှာ စွန့်ကြဲ ပေးကမ်း လှူဒါန်းစရာ ပစ္စည်းအပိုဘာမှကို မရှိပါလား။ ငါသုံးဖို့တောင် မပြည့်မစုံပါပဲ”လို့ စိတ်မှာ မကြာမကြာ တွေးထင်နေတတ်ရင် လောဘ အားကြီးလိုက်တာလို့

၁။ (၁)ဗလသုတ္တ၊ သမ္မောဓိဝဂ္ဂ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။

သိရပါမယ်။ ဝိပဿနာ တရားအားထုတ်တတ်လာတဲ့ ယောဂီစိတ်မှာ အမောဟ၊ အလောဘ၊ အဒေါသဓါတ်တွေ ကိန်းလာပြီ ဆိုလို့ရှိရင် ဘီဒိုဖွင့်ကြည့်လိုက်ရင်ကို "ဒီလောက်များတဲ့ ပစ္စည်းပစ္စယ အဝတ်အစားတွေ ဘယ်သူ့ကို ပေးရကောင်းမလဲ"လို့ သူ့အလိုလို အမြင်ပြောင်းပြီး မြင်တတ်လာပါတယ်။ သေတ္တာ ဖွင့်ကြည့်လိုက်ရင် ဒီလောက်များတဲ့ ပစ္စည်းတွေ ဘယ်လိုများ လှူဒါန်းရရင် ကောင်းမလဲလို့ စိတ်မှာ ဖြစ်လာတတ်ပါတယ်။ အခန်းထဲမှာ ကြည့်လိုက်တော့လည်း "ပစ္စည်းပစ္စယတွေ ရှိသင့်တာထက်ကို ဒီအိမ်မှာ ပိုလျှံနေတယ်နော်"လို့ သိလာတာက တရားတိုးလာတဲ့ သူတော်ကောင်းရဲ့ စိတ်ဓာတ်ပါပဲ။

"ငါ့မှာလိုနေတယ်" "ငါ့မှာလိုနေတယ်"လို့တော့ လူတိုင်းဖြစ်တတ်ပါတယ်။ ခုလို ဖြစ်ဖို့အတွက် ဘာမှ အထူးတလည် လေ့ကျင့်စရာမရှိပါဘူး။ လိုနေတာကတော့ လောကကြီးရဲ့ ဓမ္မတာပါပဲ။ အမှန်တကယ်အားဖြင့် လောကကလိုနေတာ မဟုတ်ပါဘူး။ လောဘကသာ လိုနေတာပါ။ ဘီဒိုထဲ၊ သေတ္တာထဲ၊ အိပ်ခန်းထဲ ပစ္စည်းတွေ ပိုလာတာ မဟုတ်ပါဘူး။ အလောဘကြောင့် ပိုလာတာပါ။ ဉာဏ်ရှိလာလို့ ပိုတာပါ။ <u>*လူက ပိုလို့လည်း မရပါဘူး၊ လိုလို့လည်း မရပါဘူး။*</u>

ဉာဏ်ရှိရင် လှူဖွယ်ပစ္စည်း မရှိလို့ စိတ်ပင်ပန်းရတာမျိုး ဆိုတာ မရှိပါဘူး။ မြတ်စွာဘုရား အလောင်းတော် ယုန်မင်းဘဝတုန်းက အလှူခံ ပုဏ္ဏားအိုတစ်ယောက် ရောက်လာပါတယ်။ ပုဏ္ဏားက "ကနေ့ ဥပုသ်နေ့ ဖြစ်ပါတယ်တဲ့။ တစ်ခုခုစားပြီးတော့မှ ဥပုသ်သီလ စောင့်သုံးချင်ပါတယ်"လို့ပြောတော့ ဘုရားလောင်း ယုန်မင်းက လှူဒါန်းစရာပစ္စည်း သူ့မှာမှမရှိတာ ဒီတော့ ယုန်မင်းက

စဉ်းစားတယ်။ ဒီနေ့ ဥပုသ်နေ့ ငါလှူဒါန်းချင်လိုက်တာ။ ဘာလှူဒါန်းရရင် ကောင်းမလဲလို့ စဉ်းစားပြီး ရှာလိုက်တာ နောက်ဆုံးမှာတော့ သူ့ခန္ဓာကိုယ်ကိုပဲ လှူဒါန်းဖို့ ဆုံးဖြတ်လိုက်တော့တယ်။ ကျွန်ုပ်ရဲ့ခန္ဓာကိုယ်ကို သတ်စားပြီးတော့မှ ဥပုသ်စောင့်ပါလို့ ပြောလိုသော်လည်း ပုဏ္ဏားဟာ သူတစ်ပါးရဲ့ အသက်ကို သတ်ဖြတ်ဖို့ရာမှာ ပါဏာတိပါတကံ လွန်ကျူးမည့်ပုံ မပေါ်ဘူးတဲ့။

ဒါကြောင့် "ပုဏ္ဏားကြီးတောထဲက ထင်းလေးတွေ ရှာဖွေစုဆောင်းပြီးတော့မှ မီးဖိုပေးပါ"လို့ ပြောတော့ ပုဏ္ဏားကြီးကလည်း တောထဲဝင်သွားပြီး ထင်းတွေရှာပြီး မီးဖိုပါတယ်။ မီးဖိုကြီးကို ယုန်မင်းက ကြည့်နေရှာတယ်။ မီးပုံထဲ မီးကျီးခဲတွေ တက်လာမှ မီးကျီးခဲပြည့်နေတဲ့ မီးပုံထဲကို ခုန်ဆင်းပြီး သူ့ရဲ့အသားကို ကင်ပြီးတော့ ပုဏ္ဏားကို လှူဒါန်းမှာပါ။[၁]

ဘုရားလောင်း ယုန်မင်းရဲ့ စိတ်ဓါတ်မျိုးကိုသာ အားကျမယ်ဆိုရင် မိမိတို့မှာ လှူဒါန်းစရာပစ္စည်း မရှိဘူးဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ ကိုယ့်ရဲ့ စိတ်စေတနာ အသိဉာဏ်ပညာ ထက်သန်နေဖို့သာလျှင် ပဓာနပါပဲ။

ဆက်ပြီး သိစေချင်တာကတော့ ဝိပဿနာ တရားအားထုတ်တဲ့ ယောဂီရဲ့သန္တာန်မှာ လောဘရှားသွားရင်၊ ခေါင်းပါးသွားရင် လမ်းစဉ် မှန်ပါတယ်။ တရားအားထုတ်တဲ့ ယောဂီရဲ့သန္တာန်မှာ သောက ခေါင်းပါးသွားရင် လမ်းစဉ် မှန်နေပါတယ်။ တရား အားထုတ်တဲ့ ယောဂီရဲ့သန္တာန်မှာ ဒေါသ ခေါင်းပါးသွားရင် လမ်းစဉ် မှန်နေပါတယ်။ တရားအားထုတ်သူရဲ့ သန္တာန်မှာ သူတစ်ပါးရဲ့ ပစ္စည်း

၁။ (၃၁၆) သသပဏ္ဍိတဇာတက၊ ပုစိမန္ဒဝဂ္ဂ၊ ဇာတကဋ္ဌကထာ(တ)။

ဥစ္စာကို ရယူလိုလားတဲ့ အဘိဇ္ဈာ ခေါင်းပါးသွားတာလည်း တရား လမ်းစဉ် မှန်ကန်ပါတယ်။

တစ်စုံတစ်ခုသော လောကဓံဆိုးတွေနှင့် ကြုံတွေ့ရတဲ့အခါ မိမိစိတ်တွေ မတုန်မလှုပ်ဘဲ ရင်ဆိုင်လာနိုင်ရင်လည်းပဲ တရား လမ်းစဉ် မှန်ကန်နေပါတယ်။ အရင်နဲ့စာရင် သီလကို ပိုပြီး မြတ်နိုး လာရင်လည်းပဲ တရားလမ်းစဉ် မှန်ကန်ပါတယ်။ တရားအားထုတ် သူရဲ့သန္တာန်မှာ မာယာပရိယာယ်တွေ နည်းပါးလာရင်လည်း တရား လမ်းစဉ် မှန်ကန်ပါတယ်၊ တရား တိုးတက်နေပါတယ်။

တစ်နည်းပြောရရင် ပကတိ ရိုးသားလာရင်လည်းပဲ တရား လမ်းစဉ် မှန်ကန်ပါတယ်။ စိတ်တွေ ယဉ်ကျေးလာရင် တရားလမ်းစဉ် မှန်ကန်ပါတယ်၊ သောကပရိဒေဝတွေ များလွန်းရာကနေ တရားနှင့် စိတ်ငြိမ်းအေးအောင် နေတတ်လာရင်လည်းပဲ တရားလမ်းစဉ် မှန်ကန်နေပါတယ်၊ ငါ့အမျိုးသာလျှင် မြတ်တယ်၊ သူ့အမျိုးက ယုတ်ညံ့တယ်လို့ ပြိုင်ချင်တဲ့ မာနတွေ နည်းလာရင် (ဝါ) တပြေးညီ မြင်လာနိုင်ရင်လည်းပဲ တရားလမ်းစဉ် တိုးတက်မှု ရှိနေပါတယ်။

အရင်ကလည်း အထင်ကြီးခံချင်ခဲ့တယ်။ ခုလည်း အထင်ကြီး ခံချင်နေတုန်းပဲဆိုရင်တော့ တရား တိုးတက်မှု မရှိသေးပါဘူး။ သီလဆောက်တည်နေတာ လူကဲ့ရဲ့မှာ စိုးရိမ်လို့၊ မကောင်းတတ် လို့ဆိုရင်လည်း တိုးတက်မှု မရှိသေးပါဘူး။ တရားနာရတာ ဝတ္တရားအရ နာနေသေးတယ် ဆိုရင်လည်းပဲ တရားတိုးတက်မှု မရှိသေးပါဘူး။ ရောက်တတ်ရာရာ ထွေရာလေးပါးတွေ ပြောပြီး အများနဲ့ အချိန်ဖြုန်းချင်နေပြီး တစ်ယောက်ထဲ စိတ်ငြိမ်းအေး အောင် မနေတတ်သေးဘူးဆိုရင် တရား မတိုးတက်သေးပါဘူး။ ပစ္စည်းဥစ္စာ ရာထူးဌာနန္တရတွေ ကြီးကျယ် များပြားတာကို ကံကောင်း

တယ်လို့ ယူတုန်းပဲ ဆိုရင်လည်း တရားမတိုးတက်သေးပါဘူး။ ကိုယ်အားထုတ်တဲ့တရားနဲ့ ဘဝရဲ့ပြဿနာကို တည်တည် ငြိမ်ငြိမ် ရင်ဆိုင်ပြီး မရှင်းတတ်သေးရင်လည်း တရား မတိုးတက်သေးပါဘူး။

ရံခါ စိတ်ထဲမှာ ဒီအတွေးမျိုးတွေ မတွေးတာ တောင်ကြာပြီပဲ၊ ဒီစကားမျိုး မပြောတာတောင် ကြာပြီပဲ၊ ဒီအလုပ် မလုပ်တာ တော်တော်ကြာပြီလို့ သတိပြုမိရင် တရား တိုးတက်နေပါတယ်။ သေဖို့အကြောင်းပြည့်စုံရင် သေတာပဲ၊ စီးပွားဖြစ်ဖို့အကြောင်း ပြည့်စုံလို့ စီးပွားဖြစ်နေတာ ပျက်ဖို့အကြောင်းပြည့်စုံရင် ပျက်တတ်တယ် ဆိုတာကို သေသေချာချာ လက်ခံ ယုံကြည်နိုင်ရင်လည်း တရား တိုးတက်မှု ရှိပါတယ်။

ငယ်ငယ်ရွယ်ရွယ် မသေသင့်ဘဲ သေသွားရှာတယ်။ မပျက်သင့်ဘဲ ပျက်သွားရှာတယ်။ သူတို့ကြောင့် ဒါပျက်သွားရတာလို့ မြင်နေသေးရင်တော့ ကံကို ယုံကြည်တဲ့ဉာဏ် နည်းပါးသေးတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ် ဆိုတာလောက်ကိုမှ မယုံသေးရင် အဲဒါ ဉာဏ်မရှိတာပါပဲ။ အမှန်ကို အမှန်အတိုင်း မသိနိုင်စွမ်းဘူးလို့ ပြောရပါတယ်။ အခုလောက် အခြေခံဉာဏ်မှ မရှိရင် နိဗ္ဗာန်နဲ့ ဝေးပါတယ်။ တရားတိုးဖို့ဆိုတာ ဝေလာဝေးပါပဲ။

ဘဝမှာ နိုင်ချင်လို့ ပြိုင်ခဲ့ဖူးတယ်။ လူအထင်ကြီးစေချင်လို့ ဝါကြွားခဲ့ဖူးတယ်။ ရှုံးနိမ့်ခဲ့လို့လည်း ဝမ်းနည်းခဲ့ဖူးတယ်။ အဲဒီလို ပြိုင်ခဲ့တာတွေ ဆိုင်ခဲ့တာတွေ ရှုံးနိမ့်လို့ ဝမ်းနည်းခဲ့ရတာတွေဟာ ဘာမှ မဟုတ်ပါလားလို့ နားလည်လာရင် တရား တိုးတက်နေပါပြီ။

စိတ်မှာ ကိလေသာမကိန်းပဲ သတိ၊ ဝီရိယ၊ ဉာဏ်နေရာယူပြီး စိတ်ရှင်းနေရင် တရားအားထုတ် နေတာပါပဲ။ တရားနာတာပဲဖြစ်ဖြစ်၊

ဝေယျာဝစ္စ လုပ်တာပဲဖြစ်စေ၊ တရားတွေ ဆွေးနွေးလို့ပဲဖြစ်ဖြစ် ကိလေသာမတိုးဘူး၊ သတိ၊ ဝီရိယ၊ ဉာဏ်တွေ တိုးပြီးတော့မှ စိတ်မှာ သဒ္ဓါတွေ၊ ပီတိတွေ၊ ပဿဒ္ဓိတွေ၊ သမာဓိတွေ၊ ဥပေက္ခာတွေ နေရာယူလို့ရှိရင် ဒါ တရားအားထုတ်နေတာပဲ၊ တိုးတက်မှု ရှိနေတာပါပဲ၊ ဒါ နိဗ္ဗာန်ကိုသွားနေတဲ့ လမ်းခုလတ်တွေပါပဲ၊ တရားကျင့်နေတာပါ။

ဒါပေမယ့် ကိလေသာက အရာကျယ်ပါတယ်။ ဒီမှာ သတိပြုစရာတွေ ရှိပါသေးတယ်။ ပထမအနေနှင့်က မိမိဂုဏ်သိက္ခာ မထိပါးသေးသမျှ ကိလေသာက ငြိမ်နေတတ်ပါတယ်။ ဝပ်နေပါတယ်။ ဘာဝနာအစွမ်းသတ္တိက အသာစီးရနေပါတယ်။ ဒုတိယက မိမိအကျိုးစီးပွား မထိပါးသေးသမျှ ကိလေသာက ငြိမ်ဝပ်နေပါတယ်။ ဘာဝနာသတ္တိကပဲ စိတ်ကို စောင့်ရှောက်ထားပါတယ်။ ယောဂီရဲ့ စိတ်က ရံခါ တကယ့်အရိယာစိတ် ပမာပါပဲ။

ဒါပေမဲ့ မိမိအကျိုးစီးပွားနှင့် ဂုဏ်သိက္ခာလည်း ထိပါးလာရော မပေါ်တာကြာပြီဖြစ်တဲ့ မာနလည်း ထလာပြီ၊ မဖြစ်တာကြာလို့ မရှိတော့ဘူးလို့တောင် ထင်စရာဖြစ်နေတဲ့ ဒေါသလည်း လာပါပြီ။ စိတ်မှာ ဖြစ်တောင် မဖြစ်လာတော့တဲ့ ဣဿာတွေ၊ မစ္ဆရိယတွေ၊ မာယာသာဌေယျ၊ မက္ခထမ္ဘပါ တပြုံလုံး အင်အားအပြည့်နဲ့ကို လာကြပါပြီ။ ယောဂီ တရားစစ် ခံနေရပါပြီ။

အားလုံး အရာရာ အဆင်ပြေနေတဲ့အခါ လောဘ၊ ဒေါသ၊ မာနတွေ ပါးနေတာလည်း ကောင်းတာပါပဲ။ ဒါပေမယ့် မိမိ အကျိုးစီးပွား ဂုဏ်သိက္ခာတွေနဲ့ အပြိုင်အဆိုင်ဖြစ်ပြီး ကိုယ့်အရေးနိမ့်ပြီး စွပ်စွဲပြောဆို စော်ကားခံရတဲ့အခါမှာ ဒေါသ၊ သောက၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေ မပေါ်တော့မှသာ ယောဂီရဲ့ တရားလမ်းကြောင်း စိတ်ချရပါတယ်။

အဲသလို ကျဉ်းထဲ ကြပ်ထဲရောက်တော့မှ ကိုယ့်ကမ္မဋ္ဌာန်း အခြေအနေ သုံးသပ်ဖို့ အခွင့်အရေး ရတတ်တာပါ။ ဒါကြောင့် သံသရာအဆက်ဆက် ဒုက္ခပေးလာခဲ့တဲ့ ကိလေသာကို အထင် မသေးသင့်ပါဘူး။ မိမိ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းကို အထင်မကြီး သင့်ပါဘူး။

အကျဉ်းချုပ်ကတော့ *ကာမအမှု၊ ကာမကိစ္စ မှန်သမျှ ဆင်းရဲဖို့ပဲ၊ ဒုက္ခရောက်ဖို့ပဲဆိုတာ သာမန်အားဖြင့် သိဖို့ဝေးစွ ရိပ်စားမိဖို့တောင် မလွယ်ပါဘူး။* အဲဒီလိုကာမအမှု၊ ကာမကိစ္စ တွေကို မသိဘဲလုပ်လေ၊ ပိုပြီးနစ်မွန်းလေ၊ ပိုပြီးတိုးလုပ်လေ၊ သံသရာမှာ ပိုနစ်မွန်းလေ၊ ဒုက္ခရောက်လေပါပဲ။ သတ္တဝါတွေဟာ အဲဒီလိုပဲ သံသရာမှာ နစ်မွန်းပြီးတော့မှ လည်နေကြပါတယ်။ အမှားအမှန်ကို သူတို့ ဘယ်တော့သိမလဲ၊ သိဖို့ အခြေအနေပေးတဲ့ ဘဝမျိုးကိုမှ မရောက်ရှာရင်တော့ ဘယ်လိုလုပ်ပြီး သိနိုင်ပါတော့မလဲ။

မုဆိုးရဲ့ ထောင်ချောက်ထဲ မိပြီးမှ လွတ်သွားတဲ့ ငှက်က နည်းပါးသလို အလွန်ကြီးကျယ်တဲ့ သံသရာဒုက္ခမှာ နစ်မွန်းနေတဲ့ သတ္တဝါတွေ၊ ထွက်ပေါက်ပိတ်နေတဲ့ သတ္တဝါတွေသာများပြီး၊ ဘဝ သံသရာကနေ လွတ်မြောက်တဲ့သတ္တဝါက နည်းပါးလွန်းပါတယ်။[၁]

ဒါယိကာမကြီး ဘဝသံသရာမှ လွတ်မြောက်နိုင်ပါစေ။

မေတ္တာဖြင့်

ဆရာတော်

ရက်စွဲ။ ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်

---

၁။ (၁၇၄) ပေသကာရမိတာဝတ္ထု၊ လောကဝဂ္ဂ၊ ဓမ္မပဒပါဠိ။

**ဤကောင်းမှုကုသိုလ်ကြောင့်**

**ကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓ သာသနာတော်**

**အစွန့်ရှည်ကြာ တည်တံ့၍**

**ကမ္ဘာသူ ကမ္ဘာသားများ**

**ဝိမုတ္တိသုခကို**

**ရရှိခံစားနိုင်ကြပါစေသော(ဝ်)**

အရှင်ခေမာနန္ဒ
ရန်ကင်းတောရ၊ သပြေပင်

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁ | သဗ္ဗံ သရီရသဉ္စာတံ . . . . ။<br>**ကျမ်းညွှန်း-** (၂၁၀) နန္ဒာထေရီအပဒါန၊ အပဒါနပါဠိ။ | ၅ |
| ၂ | ဘယ်ကမ္ဘာ့ဒဿနနှင့်လုံးသွင်းသလဲဆိုတာ ကာယကံရှင်ပဲ သိတယ်။<br>**ကျမ်းညွှန်း-** A Still Forest Pool by Ajahn Ccha (1985)USA | ၇ |
| ၃ | အစွန်းနှစ်ပါးရှောင်ဖို့ရန် မြတ်စွာဘုရား သတိပေးတော်မူ<br>**ကျမ်းညွှန်း-**ဓမ္မစက္ကပ္ပဝတ္တနသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၈ |
| ၄ | ငြိမ်းချမ်းမှုရှာရမှာက နားမှာမဟုတ်ဘူး၊ စိတ်မှာ<br>**ကျမ်းညွှန်း-** A Tree in a forest : A collection of Ven, Ajahn Ccha's Similes. | ၉ |
| ၅ | အာဝါသော ဂေါစရော ဘဿံ . . . ။<br>**ကျမ်းညွှန်း-** (၅၉) သတ္တသပ္ပါယ ဝိသုဒ္ဓိမဂ္ဂဒုပထာ (ပထမ) (၁၈၉) သုညတဝဂ္ဂ၊ ဥပရိပဏ္ဏာသဋ္ဌကထာ။ | ၁၀ |
| ၆ | ရေချိုးလို့သာအကုသိုလ်စင်ကြယ်ရင် ငါး၊ ငါးမန်း၊ မိကျောင်းတွေ အားလုံးအကုသိုလ်စင်ပြီပေါ့။<br>**ကျမ်းညွှန်း-** (၂၃၆-၂၅၁) ပုဏ္ဏာထေရီဂါထာ၊ သောဠသနိပါတ၊ ထေရ ထေရီဂါထာပါဠိ။ | ၁၄ |
| ၇ | တရားမသိသူအဖို့ သံသရာရှည်<br>**ကျမ်းညွှန်း-** (၆၀) ဗာလဝဂ္ဂ၊ ဓမ္မပဒပါဠိ။ | ၁၅ |
| ၈ | ရေကြောင့်မစင်ကြယ်နိုင်<br>**ကျမ်းညွှန်း-** (၉) ဇဋိလသုတ္တ၊ ဥဒါနပါဠိ။ | ၁၅ |

## ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၉ | ကုလားထိုင်ရဲ့ အသေးငယ်ဆုံး အစိတ်အပိုင်းသည်ပင်<br>တစ်စက္ကန့်ရဲ့တစ်သိန်းစိတ်ကာလအတွင်းပြောင်းနေတယ်<br>**ကျမ်းညွှန်း**-BERTRAND RUSSELL "PORTRAITS<br>FROM MEMORY etc.. (P-145-146) | ၁၇ |
| ၁၀ | မိမိချမ်းသာဖို့ တစ်ပါးသတ္တဝါ မနှိပ်စက်ရဘူး<br>**ကျမ်းညွှန်း**- (၁၃) ဒဏ္ဍသုတ္တ၊ ဥဒါနပါဠိ။ | ၂၇ |
| ၁၁ | လွတ်မြောက်ကြောင်းတရားငါးပါး<br>**ကျမ်းညွှန်း**-(၂၆) ဝိမုတ္တာယတနသုတ္တ၊<br>အင်္ဂုတ္တရပါဠိ (ဒုတိယတွဲ)။ | ၂၈ |
| ၁၂ | ကာမဂုဏ်ဟာ အိပ်မက်နှင့်တူတယ်<br>**ကျမ်းညွှန်း**- (၇၆) ဒုတိယယောဓာဇီဝသုတ္တ၊<br>အင်္ဂုတ္တရပါဠိ (ဒုတိယတွဲ)။ | ၄၀ |
| ၁၃ | ကိလေသာငြိမ်းရာ နိဗ္ဗာန်ရောက်၏<br>**ကျမ်းညွှန်း**-(၈၆) ဓမ္မာနုဓမ္မပဋိပန္နသုတ္တ၊ ဣတိဝုတ္တကပါဠိ။ | ၄၄ |
| ၁၄ | မဟာနာမော နာမ . . . . .<br>**ကျမ်းညွှန်း**- (၃၀၃) မဟာနာမသိက္ခာပဒဝဏ္ဏနာ၊<br>ပါစိတျာဒိအဋ္ဌကထာ | ၄၄ |
| ၁၅ | မဟာနာမောတိ အနုရုဒ္ဓတ္ထေရဿ . . . . .<br>**ကျမ်းညွှန်း**- (၁၇၅) စူဠဒုက္ခက္ခန္ဓသုတ္တဝဏ္ဏနာ၊<br>မူလပဏ္ဏာသအဋ္ဌကထာ။ | ၄၅ |
| ၁၆ | ကိံ တဿ ပစ္စဝေက္ခဏာ . . . . .<br>**ကျမ်းညွှန်း**- (၁၇၅) စူဠဒုက္ခက္ခန္ဓသုတ္တဝဏ္ဏနာ၊<br>မူလပဏ္ဏာသအဋ္ဌကထာ။ | ၄၅ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁၇ | မေတ္တာအကျိုး<br>**ကျမ်းညွှန်း**- (၁၅) မေတ္တာသုတ္တ၊ ဧကာဒသကနိပါတ၊<br>အင်္ဂုတ္တရပါဠိ(တတိယတွဲ) | ၄၉ |
| ၁၈ | နို့တညှစ်စာမျှမေတ္တာပွား . . . . .<br>**ကျမ်းညွှန်း**- (၂၂၃-၂၂၇) ဩပမ္မသံယုတ္တ၊<br>နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၅၀ |
| ၁၉ | မေတ္တာစိတ်ယှဉ်သူအဖို့ ဘေးရန်မကျရောက်<br>**ကျမ်းညွှန်း**- (၂၇) မေတ္တာဘာဝနာသုတ္တ၊ ဣတိဝုတ္တကပါဠိ | ၅၁ |
| ၂၀ | မေတ္တာပွားပြီး ဆွမ်းခံသူ ပြည်သူ့အကျိုးပြုသူ<br>**ကျမ်းညွှန်း**-(၅၃) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကကနိပါတ်၊<br>အင်္ဂုတ္တရပါဠိ။ | ၅၁ |
| ၂၁ | မေတ္တာသုတ်<br>**ကျမ်းညွှန်း**- (၉) မေတ္တာသုတ္တ၊ ခုဒ္ဒကပါဌပါဠိ။ | ၅၂ |
| ၂၂ | ပစာနအင်္ဂါငါးပါး<br>**ကျမ်းညွှန်း**- (၃၂၇) ဗောဓိရာဇကုမာရသုတ္တ၊<br>မဇ္ဈိမပဏ္ဏာသပါဠိ။ | ၅၃ |
| ၂၃ | ယထာဘူတံ ဉာဏဒဿနံ ယသတ္တာ ပရိယေသိတဗ္ဗော။<br>**ကျမ်းညွှန်း**- (၇၃) သတ္ထုသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၅၄ |
| ၂၄ | ဥစ္စာ၊ ဓန၊ ဇာတိမာန် ယစ်သူ ကိုယ့်ကိုယ်ကိုဖျက်ဆီးရ<br>**ကျမ်းညွှန်း**- (၁၀၄) ပရာဘဝသုတ္တ၊ သုတ္တနိပါတ္တပါဠိ။ | ၅၆ |
| ၂၅ | ထိုင်းသံဃာမဟာထေရ် ကိုရင်လေးနှင့်လွတ်လပ်တော့တယ်<br>**ကျမ်းညွှန်း**- Right view by VEN. Ajan ccha. (Page-62) | ၆၀ |

## ကျမ်းညွှန်း



| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၂၆ | သတိမတော သဒါ ဘဒ္ဒံ<br>**ကျမ်းညွှန်း-** (၁၂၄) ပဌမနာနာကရဏသုတ္တဝဏ္ဏနာ၊ အင်္ဂုတ္တရအဌကထာ(ဒုတိယတွဲ) | ၆၂ |
| ၂၇ | သတိရှိရုံနှင့် ရန်ကမလွတ်၊ မေတ္တာရှိမှသာလွတ်မည်<br>**ကျမ်းညွှန်း-** (၂၃၈) မဏိဘဒ္ဒသုတ္တ၊ သဂါထာဝဂ္ဂ သံယုတ္တပါဠိ။ | ၆၂ |
| ၂၈ | ဘဝအဓိပ္ပါယ်<br>**ကျမ်းညွှန်း-** The meaning of life. | ၇၃ |
| ၂၉ | ဒုက္ခရောက်မှာကြောက်ရင် မကောင်းမှုမပြုရဘူး။<br>**ကျမ်းညွှန်း-** (၄၄) ကုမာရကသုတ္တ၊ ဥဒါနပါဠိ။ | ၇၅ |
| ၃၀ | ရေသဖန်းပွင့်ကိုရှာသူပမာ<br>**ကျမ်းညွှန်း-** (၅) ဥရဂသုတ္တ၊ သုတ္တနိပါတ်ပါဠိတော် | ၇၅ |
| ၃၁ | ဘယ်ဘဝကိုမှ ငါဘုရားမချီးမွမ်းဘူး<br>**ကျမ်းညွှန်း-**(၃၂၁)ဧကမ္မ၊ အင်္ဂုတ္တရပါဠိ(ပထမတွဲ) | ၇၆ |
| ၃၂ | ဉာဏ် (၇၃)မျိုး<br>**ကျမ်းညွှန်း-** ဉာဏကထာ ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။ | ၈၀ |
| ၃၃ | ဒီခန္ဓာကိုယ်မကြာခင်သေပြီး ခွေး၊ ကျီး၊ လင်းတစာဖြစ်မယ်<br>**ကျမ်းညွှန်း-**(၄၆၉-၄၇၀)သုမေဓာထေရီ၊ ထေရီဂါထာပါဠိ | ၈၁ |
| ၃၄ | အပေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ . . . .<br>**ကျမ်းညွှန်း-** (၃၀၄)ဒုတိယဝဂ္ဂဝဏ္ဏနာ၊ ဧကကနိပါတ အင်္ဂုတ္တရအဌကထာ(ပထမတွဲ) | ၈၂ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၃၅ | သံသရာမှာ ကျခဲ့တဲ့မျက်ရည် သမုဒ္ဒရာလေးစင်းမက။<br>**ကျမ်းညွှန်း**- (၁၂၆) အဿုသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၈၈ |
| ၃၆ | သီလမှာတည်တဲ့ သမာဓိက အကျိုးအာနိသင်ကြီးတယ်။<br>**ကျမ်းညွှန်း**- (၁၈၆) မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ | ၉၅ |
| ၃၇ | သီလံ ယာဝ ဇရာ သာဓု။<br>**ကျမ်းညွှန်း**- (၅၁) ဇရာသုတ္တ၊ ဇရာဝဂ္ဂ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။ | ၉၅ |
| ၃၈ | စိတ်နှလုံး တူရာတူရာ ပေါင်းစည်းကြ။<br>**ကျမ်းညွှန်း**- (၉၉) စင်္ကမသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၁၀၂ |
| ၃၉ | ကိလေသာ ပိုက်ကွန်တွင်းက လွတ်မှပဲ ဆင်းရဲကနေ လွတ်ပါတယ်<br>**ကျမ်းညွှန်း**- (၃၄၂-၃၄၃) သူကရပေါတိကာဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒပါဠိ။ | ၁၀၅ |
| ၄၀ | ကိလေသာ ထူပြောတဲ့သူ တဏှာကွန်ယက်မှာ ငြိတယ်။<br>**ကျမ်းညွှန်း**- (၃၄၇) ခေမာထေရီဝတ္ထု၊ တဏှာဝဂ္ဂ၊ ဓမ္မပဒပါဠိ။ | ၁၀၆ |
| ၄၁ | အခွံမှန်း မသိလို့ အားကျနေတာ<br>**ကျမ်းညွှန်း**- (၉၅) ဖေဏပိဏ္ဍူပမသုတ္တ၊ ခန္ဓသံယုတ်ပါဠိ။ | ၁၁၀ |
| ၄၂ | ကာမဂုဏ်မှာ ယစ်မူးတဲ့သူ ဘာလုပ်မိမှန်း မသိရှာ။<br>**ကျမ်းညွှန်း**- (၁၁၇) အပ္ပကသုတ္တ၊ ကောသလသံယုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။ | ၁၁၁ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၄၃ | ပန်းထိမ်ဆရာ ရိုက်တဲ့ ရဟန္တာထေရ်<br>**ကျမ်းညွှန်း**- (၁၀) မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၊ ပါပဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ(ဒု)။ | ၁၂၂ |
| ၄၄ | သူတော်ကောင်း သူယုတ်မာ ခြားနားချက်။<br>**ကျမ်းညွှန်း**- (၄၇) သုဝိဒူရသုတ္တ၊ ရောဟိတဿဝဂ္ဂ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၂၃ |
| ၄၅ | အကိတ္တိရှင်ရသေ့ ဆုတောင်း<br>**ကျမ်းညွှန်း**- (၄၈၀) အကိတ္တိဇာတကဝဏ္ဏနာ၊ ဇာတကဋ္ဌကထာ(စတုတ္ထတွဲ)။ | ၁၂၄ |
| ၄၆ | မိထွေးတော် ဂေါတမီ၏ ပရိနိဗ္ဗာန်ကာလ<br>**ကျမ်းညွှန်း**- (၉၇-၂၈၈) မဟာပဇာပတိဂေါတမီ ထေရီအပဒါနပါဠိ။ | ၁၂၄ |
| ၄၇ | မသိလို့ အယောနိသော ဖြစ်တာ။<br>**ကျမ်းညွှန်း**- (၁၁-၁၂) သာရိပုတ္တတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ။ | ၁၂၇ |
| ၄၈ | ဒေါသကြီးသူ ဒေါသနည်းဖို့ သင်ရခက်။<br>**ကျမ်းညွှန်း**- (၅) ဗလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၂၇ |
| ၄၉ | ကိလေသာငြိမ်းကြောင်း မဂ္ဂင်ဆေးမှီဝဲမှ နာတာရှည် ရောဂါငြိမ်းမယ်။<br>**ကျမ်းညွှန်း**- (၁၂-၁၆) သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသပါဠိ။ | ၁၄၂ |
| ၅၀ | ဘေးငါးမျိုး<br>**ကျမ်းညွှန်း**- (၅) ဗလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၄၄ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၅၁ | လူတစ်ယောက် စိတ်မကောင်းရှိတာနှင့် လူများစွာဘေးကြုံရ<br>**ကျမ်းညွှန်း**- (၁၂၄) ဗဟုဓာတုကသုတ္တ၊ အနုပဒဝဂ္ဂ၊<br>ဥပရိပဏ္ဏာသပါဠိ။ | ၁၄၇ |
| ၅၂ | လက်သမား ပဲခွက်ရိုး ဥပမာ<br>**ကျမ်းညွှန်း**- (၇၁) ဘာဝနာသုတ္တ၊ မဟာဝဂ္ဂ၊<br>သတ္တကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၅၇ |
| ၅၃ | သူတော်ကောင်း မကောင်းတာ လုပ်ဖို့ခက်၊<br>သူယုတ်မာ မကောင်းတာ လုပ်ဖို့လွယ်ကူ<br>**ကျမ်းညွှန်း**- (၄၈) သံဃဘေဒသုတ္တ၊ သောဏဝဂ္ဂ၊<br>ဥဒါနပါဠိ။ | ၁၅၈ |
| ၅၄ | မဂ္ဂင်ရှစ်ပါးမှအပ လွတ်မြောက်မှု သွားရာလမ်း မရှိ<br>**ကျမ်းညွှန်း**- (၃၃) ဓမ္မဒါယာဒသုတ္တ၊ မူလပဏ္ဏာသပါဠိ။ | ၁၆၀ |
| ၅၅ | လူက ကိလေသာ မပယ်၊ မင်္ဂကသာ<br>ကိလေသာ ပယ်တာ။<br>**ကျမ်းညွှန်း**- (၁၄၆) ခဂ္ဂဝိသာဏသုတ္တနိဒ္ဒေသ၊<br>စူဠနိဒ္ဒေသပါဠိ။ | ၁၆၀ |
| ၅၆ | (၁၅၄) ပိဏ္ဍသုတ္တ၊ မာရသံယုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။ | ၁၆၃ |
| ၅၇ | အပ္ပမာဒနှင့် နေသူသည် နိဗ္ဗာန်နှင့် နီးကုန်၏။<br>**ကျမ်းညွှန်း**- (၄၅) ပဋိသလ္လာနသုတ္တ၊ ဒုတိယဝဂ္ဂ၊<br>ဣတိဝုတ္တကပါဠိ။ | ၁၆၄ |
| ၅၈ | ဂင်္ဂါ ယမုံနာ စတဲ့မြစ်တွေ သမုဒ္ဒရာကိုပဲ ကိုင်းရှိုင်း<br>**ကျမ်းညွှန်း**- (၁၀၉) ပဌမသမုဒ္ဒနိန္နသုတ္တ၊<br>မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၁၆၄ |

**ကျမ်းညွှန်း**

| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၅၉ | မဇ္ဈကုဏ္ဍလီ သတို့သားဝတ္ထု<br>**ကျမ်းညွှန်း**- (၂) မဇ္ဈကုဏ္ဍလီဝတ္ထု၊ ယမကဝဂ္ဂ၊<br>ဓမ္မပဒဋ္ဌကထာ (ပ) | ၁၆၆ |
| ၆၀ | ဗုဒ္ဓရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်က သက်သေခံလျှက်ရှိ<br>**ကျမ်းညွှန်း**- C. Eliot, Hinduism and Buddhism.<br>Vol .I (page - 131) | ၁၆၉ |
| ၆၁ | ဗုဒ္ဓရဲ့ အာဇာနည်စိတ်ဓာတ်<br>**ကျမ်းညွှန်း**- B.Saint Hilaire, The Buddha and<br>his Religion (Page - 11) | ၁၆၉ |
| ၆၂ | အာရှခေါင်းဆောင်ထဲမှ ဗုဒ္ဓ ကြည်ညိုစရာကောင်းတဲ့ပုဂ္ဂိုလ်<br>**ကျမ်းညွှန်း**- A.B Keith, Buddhist Philosophy (page-147) | ၁၇၀ |
| ၆၃ | ဒုက္ခကို ပိုင်းပိုင်းခြားခြားသိဖို့ရာ အကျင့်မြတ် ကျင့်ရတာပါ<br>**ကျမ်းညွှန်း**- (၈၁) သမ္ဗဟုလဘိက္ခုသုတ္တ၊ ဂိလာနဝဂ္ဂ၊<br>သဠာယတနဝဂ္ဂ သံယုတ္တပါဠိ။ | ၁၇၀ |
| ၆၄ | ချစ်သားတို့ ဆင်းရဲကို ကြောက်ကြရင်<br>ဆင်းရဲကို မနှစ်သက်ရင်<br>**ကျမ်းညွှန်း**- (၄၄) ကုမာရကသုတ္တ၊ သောဏဝဂ္ဂဥဒါနပါဠိ။ | ၁၇၁ |
| ၆၅ | အပိစ္ဆဂုဏ်သာ အရိယာလမ်းစဉ်၌ ပေါ်လွင်<br>**ကျမ်းညွှန်း**- (၆၃) ဝီရိယာရမ္ဘာဒိဝဂ္ဂဝဏ္ဏနာ၊<br>ဧကကနိပါတ အင်္ဂုတ္တရဋ္ဌကထာ။ | ၁၇၇ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့်ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၆၆ | မာတိကာမာတာ | ၁၈၀ |
| | **ကျမ်းညွှန်း**- (၃၅) အညတရဘိက္ခုဝတ္ထု၊ စိတ္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (ပ)။ | |
| ၆၇ | သားမြီးဖျားပမာဏ မကောင်းမှုကို တိမ်တိုက်ထင်။ | ၁၈၀ |
| | **ကျမ်းညွှန်း**- (၁၀၀၀) သာရိပုတ္တတ္ထေရဂါထာ၊ တိံသနိပါတ၊ ထေရဂါထာပါဠိ။ | |
| ၆၈ | ဓမ္မကို လေးစားတာ အကောင်းဆုံး | ၁၈၈ |
| | **ကျမ်းညွှန်း**- (၅) ဗလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | |
| ၆၉ | ယုန်မင်းဇာတ် | ၁၉၀ |
| | **ကျမ်းညွှန်း**- (၃၁၆) သသပဏ္ဍိတဇာတက ဝဏ္ဏနာ၊ ဇာတကဋ္ဌကထာ (တ)။ | |
| ၇၀ | မုဆိုးထောင်ချောက်ကနေ လွတ်တဲ့ ငှက်ကနည်းသလို၊ သံသရာကလွတ်တဲ့ သတ္တဝါနည်း | ၁၉၃ |
| | **ကျမ်းညွှန်း**- (၁၇၄) ပေသကာရဓီတာဝတ္ထု၊ လောကဝဂ္ဂ၊ ဓမ္မပဒပါဠိ | |